www.burmeseclassic.com

တက္ကသိုလ်

# ဘုန်းနိုင်

## တန်ခူးလေနှင့်လျော့တော့သည်



BURMESE CLASSIC .com

# ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။
တိုင်းရင်းသားအချင်းချင်း လေးစားပါ၊ ချစ်ခင်ပါ၊
တန်းတူရည်တူဆက်ဆံပါ။
လွတ်လပ်ရေးကို ကာကွယ်ပါ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၂၂ / ၂၀၀၀ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၂ / ၂၀၀၀ (၅)

☐

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - (၂၀၀၀၊ ဇွန်လ)

အုပ်ရေ - (၁၀၀၀)

☐

မျက်နှာဖုံးပန်းချီ - မမွေး

☐

**မျက်နှာဖုံးပုံနှိပ်**

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်အော့(ဖ်)ဆက်
၉၆(ခ)၊ ၁၁-လမ်း၊ ရန်ကုန်။

☐

**ပုံနှိပ်သူ**

ဦးသန်းလွင်(၀၅၅၈၇)၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်။

☐

**ထုတ်ဝေသူ**

ဒေါ်ရွှေအိမ်(၀၁၂၉၉)၊ တိုင်းလင်းစာပေ
၈/၆၅၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်။

☐

**တန်ဖိုး ကျပ် - ၂၅၀**

BURMESE CLASSIC .com

www.burmeseclassic.com

စကားသစ္စာ
မှန်သောအခါဝယ်
ကြံအလေးနက်
ပေါ် ဆီတက်၍
နှယ်မြက်သစ်ပင်
ဆေးပက်ဝင်၏

ရှင်မဟာသီလဝံသ

ကံ့ကော်ဝတ်ရည်စာပေ၊ ၅၁၊ ရေကျော်လမ်းမ
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တပိုဒ်တလေ၊
တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

BURMESE CLASSIC .com

# တက္ကသိုလ်ဘုန်းနိုင်
# တန်ခူးလေရှင့်လျှောတော့သည်

# ပိတောက်ချင်းတော့ မတူပါလေ

(၁)

**"တစ်နှစ်တွင် သည်တစ်လပေပ**
**တစ်လတွင် တစ်ရက်ထဲ**
**ခက်ခဲတဲ့ ရက်ဗုဒ္ဓါ**
**ပွင့်ရှာကြ စုံမြိုင်တွင်း"**

**ဦးကြော့**

(၂)

ရာသီပန်းဖြစ်သဖြင့် ဆန်းသစ်သည့်ဂုဏ်ကို မြတ်နိုးမိရာမှ တန်ဖိုး ထားခဲ့မိလေသလား မသိ။

ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း စသော နှလုံးသားနှင့်သာ ဆိုင်သည်ဟု အနုပညာရှင်တို့ ဖွဲ့နွဲ့လေ့ရှိသည့် စိတ်ဝေဒနာသဘောတို့မှာ ကြောင်းကျိုးဆက်သွယ် တွေးခေါ်မှုမှထက် ပုဂ္ဂလိက အတွေ့အကြုံဝယ် မူတည်ပေါ်ပေါက်လာသည် ဟူသော အယူအဆမှာ မှန်ကောင်းမှန်ပေလိမ့်မည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပိတောက်ကို ချစ်မိရသည့် အကြောင်းကို မရှာလိုပါ။ ပိတောက်ပင်ရိပ်၌ ဆုံတွေ့ခဲ့ရသည့် ပိတောက်ကို မချစ်သော မိမိ၏ အယူအဆနိုင်ငံတွင် 'တစ်ပြည်သူ' သက်သက်သာ ဖြစ်နေသည့် ချစ်လှစွာသော ထားတစ်ယောက်အား မုန်းသင့်သည့် အထောက် အထား၊ မေ့ထိုက်သောအကြောင်းချက် တွေ့ရှိလျက်နှင့် မမုန်းရက်၊ မမေ့နိုင်သော မိမိကိုယ်ကိုလည်း အပြစ်မတင်လို့ . . ။

မင်သော ပိတောက်ကို မြင်လေတိုင်း မကြင်သော တစ်ယောက်ကို ထင်ယောင်မိသဖြင့် မချိလှသောရင်မှာ မသက်သာသော်လည်း သည်ဝေဒနာ၏ သံသရာကိုသာ တစ်နှစ်တစ်ခါ ထပ်ကာလည်စေမိသော ကိုယ့်ကိုယ်သာ အံ့သြရမည်ထင်ပါ၏။

ပိတောက်ပွင့်လျှင်မူ ပင့်သက်ကိုရှူရင်း ပင်မြင့်ကိုမျှော်မိစမြဲဖြစ်သည်။

မြင်မိလျှင် မြင်လေတိုင်း မလှုပ်ရှားသော်လည်း အသည်းပြင်၏ နက်ရှိုင်းသော တစ်နေရာဝယ် မြည့်မြည့်နှင့် ငွေ့ငွေ့ကျန်လေသေးသည့် ဝေဒနာကို လှုံ့ဆွလေသော သည်ပန်းကိုမှ 'သည်ပန်းမှမြတ်ပန်းတော်' ဖြစ်နေမိသည့် ကိုယ့်ကိုယ်ကို နားမလည်မိ။

ရာသီပန်းဖြစ်သဖြင့် ဆန်းသစ်သည့်ဂုဏ်ကို မြတ်နိုးမိရာမှ တန်ဖိုးထားခဲ့မိလေသလား မသိ။

(၃)

လ,တန်ခူးဖြစ်သဖြင့် ခရီးကျူးစမိုးသားတိမ်လွှာတို့ အံ့ကာဆိုင်း၍ မှိုင်းပျပျရှိသော တာသကြီန် ကာလတည်း။



BURMESE CLASSIC .com

www.burmeseclassic.com

**ပိတောက်ချင်းတော့မတူပါလေ**

'မိုးနဲ့၊ ရေနဲ့၊ ပိတောက်နံ့တို့မှာ မြေသင်းနံ့နဲ့ ရောလျက် သင်းပျံ့ ကြိုင်နှံ့နေ၏။

ညောင်ဝိုင်းရွာ၏ ကျစဒီရေနှင့် ပြည့်ဖြိုးလျက်ရှိသေးသော ချောင်းရေစပ် ပိတောက်ပင်အောက်ဝယ် တစ်ယောက်တည်း အေးအေးလူလူ ထိုင်နေမိသည်။

ခပ်လှမ်းလှမ်း အာရှလူငယ်ဥက္ကဋ္ဌ ကိုသိန်းမောင်၏ အိမ်ဝင်း အတွင်းရှိ မုန့်လုံးရေပေါ်ဝိုင်းမှာ ကျွန်တော့်ပတ်ဝန်းကျင်၌ အစီအရီ ဝိုင်းပေါက်နေသော ခနိပင်များ ကာကွယ်နေသဖြင့် မမြင်ရသော်လည်းထိုမှ အသံများကို ကောင်းစွာကြားနေရ၏။

'ဥက္ကလာပ. . . ဟမ္ဗသောက. . .'

ညောင်ဝိုင်းရွာ၏ မိန်းမကြမ်းကြီးဒေါ်ပု၏ မျောက်ဆရာ သီချင်းသံနှင့် မြေပြင်ကို ကြိမ်နှင့် တဖျတ်ဖျတ်ရိုက်သံသည် ပေါ်ထွက်လာသည်။ လူကြီး။ လူငယ်၊ မိန်းမ၊ ယောကျ်ားများ၏ ဝါးကနဲ ပွဲကျသံမှာလည်း ပေါ်လာ၏။

ဗိုလ်ကြီးရေ. . ဟောဒီမှာ ကယ်ပါဦး၊ လူစင်စစ်က အမြီးနောက်ပေါက်ပြီး မျောက်ဖြစ်နေပြီ၊ အဟီး'

ကျွန်တော့်တပည့်ကျော် ရဲဘော်သန်းထွတ်ကြီး၏ ဟန်လုပ်ထားသော ရွှတ်ပြက်ပြက် ငိုသံကြီးက နောက်မှ ဆက်ထွက်ပေါ်လာသည်။

'အံမာ. . နင့်ဗိုလ်ကြီးများအားကိုးလို့ ကဲ. . . က,မှာက၊ မကရင် ရှေ့ကအမြီးပါ ဆွဲနှုတ်လိုက်ရမလား. . .'

'အံမာလေး. . လေး. . ဒါလေး တစ်ခုတော့ ချမ်းသာပေးပါ၊ က, ဆိုရင်လည်း က,ပါမယ်၊ ဟယ်. . တတ်နိုင်ဘူး မင်းပဘာ၊ မင့်အတွက်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြေဖျော်ရမယ်ဆိုရင်တော့ မောင်ကြီးကုသမျောက်ဘဝနဲ့ လှုလှုကြီး က,ပါမယ်. . . အဲဟယ်. . . '

သန်းထွတ်ကြီးမှာလည်းမခေါ မင်းသားဟဲ, ဟဲ၍ ဒေါ်ပုအားခွပ်လိုက်သည်။ ပရိသတ်မှာ ပွဲကျသွားပြန်သည်။

'အံမယ်-အံမယ် သေနာက ငါ့ကိုပဘာ၊ သူ့ကိုကုသတဲ့၊ ကဲ-ကဲ. . . '

ကျောပြင်ကို တအုန်းအုန်းထုသံ ထွက်လာသည်။

ညောင်ဝိုင်းရွာတွင် ခေတ္တစခန်းလာချနေသော ကျွန်တော်တို့ ဗမာ့တပ်မတော် တော်လှန်ရေးတပ်စုလေးမှ အရွှတ်ဆုံး၊ အနောက်ဆုံး, မျက်နှာ အပြောင်ဆုံး တပ်သားကျော်သန်းထွတ်ကြီးနှင့် ညောင်ဝိုင်းရွာ 'အပျိုခေါင်း' ဒေါ်ပုကြီးတို့၏ နှစ်ပါးသွားမှာ ဤသို့လျှင် စိုစိုပြည်ပြည်နှင့် မြိုင်ဆိုင်လှချေ၏။

သင်္ကြန်မှာ ပျော်တတ်သူတို့အတွက် ဘက်မရှိအောင် ရွှင်ဖွယ်ကောင်းသော မြန်မာ့ပွဲတော် တစ်ခုမှန်ပါ၏။ အပေါင်းအသင်းနှင့် စည်စည်ကားကား ပျော်ရသည်ထက် ကိုယ့်အတွေးနှင့်ကိုယ် နှစ်သိမ့်ကြည်နူးရသည်ကို ပိုမက်မောသော ကျွန်တော်ကသာ ချောင်းရေစပ်၌ အေးအေးလူလူ လာထိုင်နေမိသည်။

ကျဆင်းလျက်ရှိသော ချောင်းရေတိုးသဖြင့် ငိုက်ညွှတ်ကျလျက်ရှိသော ဓနိပင်၏ အရိပ်တို့မှာ တငြိမ်ငြိမ့်နှင့်လှုပ်ယမ်းနေသည်။ နောက်ကျိသော ချောင်းရေပြင်တွင် အခွေခွေလည်ရွေ့လျက်ရှိသည့် ဝဲဂယက်တို့နှင့်အတူ ဗေဒါပင်နှင့် လမုသီးများမှာလည်း တလှုပ်လှုပ်မျောပါနေ၏။

ပိတောက်ပွင့်လွှာကလေးများမှာ အသာအယာမြေဆီသို့ ကြွေဆင်း

လျက်ရှိသည်။ မြေပြင်နှင့်ဝဲလည်လျက်ရှိသော ရေစပ်ဝယ် ရွှေဝါပွင့်ချပ်တို့ ခပ်ကျဲကျဲပြန့်နှံ့လျက်ရှိ၏။

တော်လှန်ရေးကာလ၏ လွမ်းဖွယ်သည့် ဤတစ်ခုသော သင်္ကြန်ဝယ် မတူလေသော ပိတောက်နှစ်ခိုင်တို့ တိုက်ဆိုင်ပွင့်မိကြခြင်းဖြစ်ပါ၏။ အတွေး၌နစ်မြော၍ စိတ်မှာ ဗေဒါနှင့်အတူ ချောင်းရေအလိုက်ဘယ်အထိ မျှောပါနေမိသည်မသိ၊ ဗွမ်းကနဲ သွန်လောင်းချလိုက်သောရေသံနှင့်အတူ တစ်ကိုယ်လုံးရွဲစိုသွားကာမှ အလန့်တကြားနောက်သို့လှည့်ကြည့်မိသည်။ သာယာသော နှစ်နှစ်ခြိုက်ခြိုက် ရယ်မောသံကိုလည်း တစ်ပြိုင်နက် ကြားလိုက်ရသည်။

ထား. . .။

ထားသည် ကျွန်တော့်လိုသင်္ကြန်အခါတွင် တစ်ကိုယ်တော်ကျင့်သုံး၍ အပုန်းကောင်းသူကိုမှ မိအောင်ရှာဖွေရေလောင်းရသည်ကို ကျေနပ် ဝမ်းမြောက်လှသည့်အလား လှိုက်လှိုက်လှဲလှဲ ရယ်မောနေပါ၏။ ရှည်သွယ်သမျှ ကော့ပျံသော ပိတုန်းရောင်မျက်တောင်တို့ ဝန်းရံအပ်သည့် မျက်လုံးပြာ၂-စုံဝယ် ရွှင်မြူးခြင်း၏ မျက်ရည်ကြည်များမှာပြည့်လျှမ်း ဝင်းလဲ့နေ၏။

ရုတ်တရက်တော့ စကားမဆိုမိ၊ ရွှေဝါရောင်နုအသားနှင့် မျက်လုံးပြာရှင် ထား၏ရယ်မောစဉ် လျှပ်လက်ပြေးသည့် သန့်စင်ဖြူဖွေးသော သွားညီညီလေးများကိုသာ အငေးသားကြည့်နေမိသည်။

'ဘယ့်နှယ်လဲ ကိုမြင့်ခိုင်၊ ပိတောက်ပင်အောက်မှာ တိတ်တိတ်လေးကျိတ်ဆွေးနေတာ လူမိလို့ အံ့အားသင့်နေပလား. . .'

ကျွန်တော့်လို သုံးလိုင်းကြယ်တစ်ပွင့် ဗိုလ်လေးတစ်ဦးအားတစ်ရွာလုံးက ဗိုလ်ကြီးဟု လေးလေးစားစား ခေါ်ကြသော်လည်း

www.burmeseclassic.com



ထား ကမူ နာမည်ကိုသာ ရင်းရင်းနှီးနှီး ခေါ်သည်။ ခေါ်ထိုက်သည့် အကြောင်း လည်းရှိသည်။

စစ်မဖြစ်မီ တက္ကသိုလ်၌ ထားနှင့် ကျွန်တော်တို့အတူပညာ ဆည်းပူးခဲ့ကြဖူးသည်။ ထိုစဉ်တုန်းကမူ ကုလားနှင့် ကပြားများသာ အယူများသော သတ္တဗေဒကို မိန်းကလေးဖြစ်လျက်လိုက်နေသော ထားအား ကျွန်တော်မသိသကဲ့သို့၊ ဇီလိုဆိုဇီဌာန တက္ကဗေဒစာအုပ်များအကြား ၌သာ အချိန်ကုန်တတ်သော ကျွန်တော့်အားလည်း ထားကမသိ၊ မြင်ဖူး တွေ့ဖူးကြယုံမျှဖြစ်သည်။ စစ်အတွင်း တပ်မတော်တွင် အမှုထမ်းရင်း အာရှလူငယ်ဌာနချုပ်သို့ မကြာခဏအလည်ရောက်မိမှ အမျိုးသမီးဌာနတွင် ထာဝရတွေ့ရသောထားနှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ အကြောင်းဆုံပြန်၍ ထားတို့ အိမ်သားများက ညောင်ပိုင်းရွာသို့ စစ်ပြေးအလာ ကျွန်တော်ကလည်း တာဝန်နှင့် အဆိုက်ဖြစ်သဖြင့် အလိုက်သင့်ပိုမို အကျွမ်းဝင်ခဲ့ကြခြင်း ဖြစ်ပါ၏။

တက္ကသိုလ်မှ ဝေးကတည်းက တက္ကသိုလ် 'မီလျှူး' ပတ်ဝန်းကျင်မှ အပြင်လူအတွက် အတန်စိမ်းသော တက္ကသိုလ် 'လင်ဂို' သီးခြား ဘာသာ စကားမျိုးနှင့်ကင်းခဲ့သော ကျွန်တော်တို့ ၂ ဦး အတွက် အချိန်အားလပ်တိုင်း စကားပြောမဆုံးနိုင်အောင် ရှိရသည်မှာလည်း မဆန်းဟု ထင်သည်။

'အံ့အားသင့်သွားတာတော့ မှန်ပါတယ်၊ ကျိတ်ဆွေးစရာကတော့ လွမ်းဖို့သခင် မရှိသေးပါဘူးထား. . . '

'တယ်ဆိုလိုက်တဲ့ စာပါလား. . . '

ထားသည် ခပ်ရွှင်ရွှင်နောက်လိုက်ရင်းပိတောက်ပင်ရင်း ကျွန်တော့် ဘေးတွင် ဝင်ထိုင်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

**ပိတောက်ချင်းတော့မတူပါလေ**

'မသိပါဘူး၊ ထားက ရှင်တို့စစ်သားတွေ ဆိုလေ့ရှိတဲ့ လှရာရာ . . . ရွေးလို့ ဆင်မပေးရဆံမြည့်ဘာကေ. . . ဆိုတဲ့ သီချင်းသဘောလိုမျိုး ပိတောက်ပွင့်တာလေးရင်း ဆွေးနေသလားလို့ပါ. . .'

ထားသည်ပေါင်ပေါ်တွင် မှောက်တင်ထားသော ဖလားအောက်ခံပေါ်၌ ပိတောက်ပွင့်ကလေးများအား ကောက်ယူ စီဆော့ကစားရင်း ခပ်အေးအေးနှင့် ဆက်နောက်နေသည်။

ကျွန်တော်ကမူ အသာပြုံးရင်း ပင်ထက်မှာ လျှံဝင်းသော ပန်းမင်းရွှေငုံတို့အားသာ မော့ငေးကြည့်နေမိသည်။

'ကျွန်တော်က ပိတောက်ပန်းကို သိပ်ချစ်တယ်၊ ဒီလိုချစ်တဲ့ ပိတောက်နဲ့ ထားပြောသလို လွမ်းစရာဇာတ်ကြောင်းများ မတော်တဆ လာဆက်သွယ်မိမှာကို . . . တစ်ခါတစ်လေ တွေးကြောက်မိသေးတယ်'

'ဟော. . . ရှင်စိတ်ကူးယဉ်လာပြန်ပြီ. . .'

ထားသည် ကျွန်တော့်စကား ဘယ်နေရာမှ ဟာသတွေ့သွားသည် မသိ၊ တခစ်ခစ်နှင့် ရယ်နေသည်။ အရယ်ရပ်သော် ဆက်လက်၍များပင် ဝေဖန်မှတ်ချက် ချနေပြန်ပါ၏။

'ရှင်တို့ စိတ်ကူးယဉ်သမားတွေ၊ စာရေးဆရာတွေ၊ ကဗျာဆရာတွေ အားလုံးပေါ့လေ၊ တော်တော်ရယ်ဖို့ကောင်းတယ်၊ သူ့သဘာဝပွင့်ချင်လို့ ပွင့်နေတဲ့ ပိတောက်လည်းမနေရ၊ စံပယ်လည်း မလွတ်၊ သဇင်လည်း ချမ်းသာမပေး၊ နှင်းဆီလည်းမကျန်ဘူး၊ လျှောက်ဖွဲ့နွဲ့ပြီး မျက်ရည်နဲ့ လိမ်းပေးချင်ကြတယ်'

'ဒါကတော့ ဒီလိုရှိပါတယ်ထား၊ ကဗျာဆရာ့ လုပ်ငန်းကိုက တိကျတဲ့ အကြောင်းအရာတစ်ခုကို ယေဘုယျ သဘောပေါ်အောင်

www.burmeseclassic.com



ဖွဲ့နွဲ့ဖန်တီးရခြင်းပေကိုး၊ ဥပမာ ပန်းရဲ့ပွင့်ခြင်း ကြွေခြင်းဆိုတဲ့ နယ်ကျဉ်း တိကျတဲ့ အကြောင်းတစ်ရပ်ကို ဖွဲ့နွဲ့နေသယောင်ဖြစ်ပေမယ့် ကဗျာဆရာတွေဟာ လောကသဘာဝတစ်ခုခုရဲ့ဖြစ်ခြင်း၊ ပျက်ခြင်း၊ မတည်မြဲခြင်းဆိုတဲ့ ယေဘုယျအနက်သဘောကို ဖတ်သူရဲ့ ဉာဏ်အမြင်မှာထင်လာအောင် သီကုံးကြရတာကလား။ ပန်းရဲ့အကြောင်း ဖော်ရာမှာ လူရဲ့ဝေဒနာ၊ စေတနာသဘောတွေကို သိမ်သိမ်မွေ့မွေ့ တင်ပြခဲ့တဲ့ ဆရာဇော်ဂျီတို့၊ ဆရာမြကေတုတို့ရဲ့ ကဗျာတွေနဲ့ ပတ်သက်ပြီး တစ်ခါက ဒီသဘောမျိုး ကျွန်တော် ရှင်းပြခဲ့ဖူးတယ် ထင်တယ်. . .'

'ရှင်ပြောနေတုန်းတော့ နားလည်သလိုလိုပါပဲ။ နောက်တော့ သာ ဘာမှမရေရာတာ ရှင်တို့အနုပညာဆိုတာကဒီလိုပဲ ဝေ့လယ်လယ် ထင်ပါရဲ့။ ဒါထက်နေပါဦး ရှင်ကကော ကဗျာဆရာ မဟုတ်ပေမယ့် ပိတောက်ပန်းကို ဘယ်လိုများမြင်ထားသလဲ. . .'

ကျွန်တော်က ပြုံးလိုက်မိသည်။ ဖြေလိုက်လျှင် ထားဆီမှအဘယ်သို့သော ဝေဖန်ချက်လာမည်ကို သိနှင့်သဖြင့်ပင်ပြုံးလိုက်ရသည်။

'ကျွန်တော်ကတော့ ပိတောက်ရိုမန်းတစ်လပ်ဖ် စိတ်ကူးယဉ် အချစ်အဖြစ်နဲ့ပဲမြင်မိတယ်. . .'

ထားသည် မျက်လုံးလေးပြူးကာ ကျွန်တော်အားလှည့်ကြည့် လိုက်သည်။

'ထားအတွက် ရယ်စရာကောင်းသွားသလား. . .'

'ဒီနေရာမှာတော့ ထားအမြင်နဲ့ ရှင့်အမြင် တူလွန်းလို့ အံ့အား သင့်သွားတာပါ. . .'

ကျွန်တော့်မှာလည်း အံ့ဩသွားသည်။



BURMESE CLASSIC .com

**ဗိုလ်တောက်ချင်းတော့မတူပါလေ**

'ဒီလိုပါလေ. . .၊ အဲဒီ စိတ်ကူးယဉ် ချစ် ဆိုတာကို ကဗျာဆရာတွေကအမြတ်တနိုးထားပြီး ဖွဲ့နွဲ့နေတာကိုက ရယ်စရာမကောင်းဘူးလား၊ ဒီလောက်တန်ဖိုးထားနေကြတဲ့ စိတ်ကူးယဉ်ချစ်ဆိုတဲ့ အပေါ်ယံသကြားလွှာကို ခွာလိုက်ရင် ဆေးလုံးရဲ့ အထဲမှာဘာတွေ့မလဲ. . .'

ကျွန်တော်ကမဖြေမိဘဲ ထားကိုသာပြုံးရင်း ငေးကြည့်နေမိသည်။

'ချစ်ခြင်း၊ မုန်းခြင်း၊ ဒေါသထွက်ခြင်း၊ ကြည်နူးခြင်းဆိုတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ သတ္တဝါရဲ့ရှင်သန်ရေး၊ စိတ်ကူးယဉ်ချစ်နဲ့ မျိုးဆက်ပြန့်ပွားရေးဟာ ဘယ်လိုဆက်သွယ်နေတယ်ဆိုတာ သတ္တဗေဒပညာရှင်တွေဟာ တော်တော်တိတိကျကျ ရှင်းပြနိုင်ကြတယ်'

'ဒါတွေနဲ့ ပတ်သက်တဲ့ ချား(စ်)ဒါဝင်တို့ရဲ့ အယူအဆတွေကို ကျွန်တော်လည်းဖတ်ဖူးပါတယ်. . .'

'ဒီလိုဆို ရှင်လည်းအတော်သဘောပေါက်မိမှာပေါ့၊ စင်စစ်တော့ စိတ်ကူးယဉ် ချစ်ဆိုတာဟာ လောကလူမှု ကျင့်ဝတ်တရားတွေက သိမ်မွေ့အောင် မွမ်းမံပြုပြင်ထားတဲ့ လိင်စိတ်တွေပဲ'

'ဒါကိုတော့ ကျွန်တော်ငြင်းရလိမ့်မယ်ထား'

'ပြီးတော့ ငြင်းတာပေါ့လေ၊ ထားပြောပါရစေဦး။ ရှင်လည်းဖတ်ဖူးလိမ့်မယ်ထင်တယ်၊ စမိုးဝါးကျွန်းက လူမျိုးတွေအလယ်မှာ စိတ်ကူးယဉ်ချစ်ဆိုတာ မရှိဘူး၊ လက်တွေ့ လိင်ကိစ္စသဘောပဲရှိတယ်၊ စိတ်ကူးယဉ်ချစ် ရှိတဲ့လူကို စိတ်မနှံ့တဲ့လူလို့တောင် အမှတ်ပြုကြသတဲ့. . .'

ထားသည်ပြုံးရင်း ကျွန်တော့် မေးခွန်းထုတ်ဟန် မျက်နှာပေး နှင့် ငဲ့ကြည့်လိုက်သည်။

www.burmeseclassic.com



'ဒါတွေကိုမှားတယ်လို့ ကျွန်တော်မပြောင်းပါဘူး၊ ဒါပေမယ့် ချွင်းချက်မရှိမှန်တယ်လို့လဲ မယူစေချင်ဘူး၊ အရာတစ်ခုရဲ့သဘာဝကိုနားလည်အောင် လေ့လာရာမှာ မူလအခြေအမြစ်ကို လေ့လာခြင်းလည်းရှိတယ်၊ လက်ရှိဖြစ်ပေါ်တည်တံ့နေတဲ့သဘာဝကို ရှိနေတဲ့အတိုင်းလေ့လာခြင်းလည်းရှိတယ်၊ မူလအခြေအမြစ်ကို သိရှိနားလည်တိုင်းလက်ငင်းသဘာဝကို မသိနိုင်ပါဘူး'

'ဘာကြောင့်'

'ဥပမာ တိုက်တစ်တိုက်ရဲ့ အခြေအမြစ်ကို လိုက်ကြည့်ရင် ဒီတိုက်ဟာ အုတ်ဘဝက စလာရတာကိုမြင်မယ်၊ ဒါပေမယ့် တိုက်ဆိုတာဟာ အုတ်ပုံ အစုဝေးထက် ပိုထူးခြားတယ်။ ဒီဥပမာဟာ သိပ်မဆီလျော်သေးဘူး၊ ပိုနီးစပ်တဲ့ ဥပမာတစ်ခုကို ယူကြဦးစို့။ တေးသွားတစ်ခုရဲ့ အခြေအမြစ်ကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် သံမှန် ခုနစ်ပေါက်၊ ခြောက်ပေါက်၊ ငါးပေါက်၊ လေးပေါက်စသည်ဖြင့် အသံတစ်ခုစီကိုတွေ့ရမယ်။ ဒါပေမယ့် တေးသွားတစ်ခုဟာ အသံတစ်ခုစီ သာမန်စုပေါင်းထားတာထက်ပိုတယ်။ ဒီလိုပဲ စိတ်ကူးယဉ်ချစ်ဟာ လိင်စိတ်မှာ အစတည်ကောင်း တည်မယ် ဖြစ်ပေမယ့် လိင်စိတ်တော့ မဟုတ်ဘူး၊ ခြားနားတယ်'

ထားသည် စကားမပြန်၊ ဖလားပေါ်မှ ပိတောက်ပွင့်လေးများကိုသာ လက်ညှိုးလေးဖြင့် ကျားကွက် ရွှေ့သကဲ့သို့ ရွှေ့ကစားနေသည်။

'ဒါတွေထားပါတော့လေ ခုနင်က စကားကို ဆက်ပါဦး။ ထားက ဘာလို့ ပိတောက်ပွင့်ကို စိတ်ကူးယဉ်အချစ်အဖြစ် မြင်ရတာလဲ. . .'

ထားသည် အသာပြုံးရင်း ပင်ယံထက်မှ ပိတောက်ပွင့်များကို



BURMESE CLASSIC .com

www.burmeseclassic.com

**ပိတောက်ချင်းတော့မတူပါလေ**

မော့်ကြည့်လိုက်သည်။

‘သူ့ရာသီရောက်ရင် ပိတောက်က ပွင့်စမြဲမဟုတ်လား။ အမှန်က ပင်မရဲ့ မျိုးဆက်ပြန့်ပွားဖို့အတွက် အစေ့ပေးမယ့်အသီးရဖို့ အပွင့်ဟာ ယာယီပွင့်ရတာပါ။ အချိန်စေ့ရင် ကြွေနွမ်း ပျောက်လွင့်ရတာပါပဲ။ ဒီထက်ထူးပြီး သူ့မှာ ဘာအဓိပ္ပာယ်မှမရှိဘူး. . .’

ထား၏အသံမှာ တည်ငြိမ်လှ၍ သူပြောသည်ကို သူအမှန်ယုံသော သဏ္ဍာန်ပေါ်နေသည်။

‘အချစ်ဆိုတာဟာလည်း ဒီလိုပါပဲလေ၊ အချိန်တန် အရွယ်ရောက်လို့ သွေးသားပြည့်ဝတဲ့အခါမှာ လူ့မျိုးဆက် ရှည်ရေးအတွက် ဓမ္မတာအလျောက်ပေါ်ပေါက်ရတာပါပဲ၊ သူ့တာဝန်ပြီးရင် ပြယ်ပျောက်စမြဲပဲ၊ အချစ်ဟာ ပိတောက်ပန်းလိုပဲ။ ခဏသာတည်မြဲတဲ့. . . ယာယီပန်းပါ၊ မပျက်သုဉ်းသော သစ္စာတရားတစ်ရပ် မဟုတ်ပါဘူး. . .’

ထားက အသာရယ်မောရင်း စကားကို အဆုံးသတ်လိုက်သည်။

‘ပိတောက်ပန်းပွင့်တွေမှာ အသက်သာရှိရင် ထားကိုများ ကျိန်ဆဲနေကြမလား မသိဘူး ကိုမြင့်ခိုင်. . .’

ကျွန်တော်ကမူ နုနယ်ဝင်းပသော ထား၏ မျက်နှာသွယ်သွယ်လေးအားငေးကြည့်ရင်း သက်ပြင်းတစ်ချက်ကို အမှတ်မထင်ပင် ရှိုက်လိုက်မိသည်။

‘ပိတောက်ပန်းက ထားကိုမကျိန်ဆဲပေမယ့် ထားစကားကြားရတော့ ကျွန်တော့်အသည်းဟာ ကျိန်စာမိသလိုတော့ ခံစားမိတယ်. . .’

ထား၏ မျက်လုံးလေးများမှာ ပြုံးကျယ်သွားကာ ကျွန်တော့်အား စူးစိုက်ကြည့်နေသည်။

‘ဘယ်လိုဆိုင်လို့လဲ ကိုမြင့်ခိုင်. . .’



BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်လို ဆိုင်တယ် ဆိုတာကို တစ်နေ့မှာတော့ ထားကို ကျွန်တော် ပြောပြနိုင်လိမ့်မယ်ထင်ပါတယ် ထား. . .'

'တစ်နေ့မှာမှတဲ့လား. . . ဟုတ်လားကိုမြင့်ခိုင်၊ အခုတော့ကော. .'

'အခု ကတော့ နည်းနည်းစောလွန်းသေးတယ်ထင်တယ် ထား. . .'

ထား၏ စူးစမ်းသောမျက်လုံးအစုံနှင့် ကျွန်တော်၏ အဖြေရှာသော မျက်လုံးတို့မှာ အတန်ကြာရင်ဆိုင်မိလိုက်ကြသည်။

'ကျွန်တော်မြင်ထားတဲ့ ပိတောက်ပန်းအကြောင်းကို ပြောပြရဦးမယ် ထား. . .'

ထားက မျက်လွှာချ၍ ချောင်းရေမှ ဝဲဂယက်များဆီသို့ စိုက်ကြည့်နေသည်။

'ဆိုပါဦး. . . ကိုမြင့်ခိုင်. . .'

'တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြစုံမြိုင်တွင်း ဆိုတဲ့ ပိတောက်ပန်းဘွဲ့ ကဗျာလေးကို ထား ရတယ်မဟုတ်လား. . .'

'ထား ကြားဖူးပါတယ်. . .'

'ပိတောက်ဟာ တစ်နှစ်အတွက် တစ်ခါပဲပွင့်ပါတယ်ထား။ ပွင့်ပြီဆိုရင်လည်း ပင်လုံးကျွတ် ဝင်းထိန်မြဲပါပဲလေ၊ ကျွန်တော်မြင်ထားတဲ့ အချစ်စစ်အချစ်မှန် ဆိုတာဟာလည်း တစ်သက်တာမှာ တစ်ခါပဲ ပေါ်ပေါက်လိမ့်မယ်ထင်တယ်။ တစ်သက်မှာ တစ်ခါသာပွင့်မယ့် ကျွန်တော့်ပိတောက်ကတော့ ထားရဲ့ ပိတောက်နဲ့များ ကွာနေမလားတော့ မသိဘူး. . .'

သကြ်န် လေရူးသည် တစ်ချက်ပင်ဝှေ့လိုက်သဖြင့် ပိတောက်

www.burmeseclassic.com



ညှာညောင်းတို့သည် ချောင်းရေထက်သို့ ဖွဲဖွဲကြွေသက်သည်။ ချောင်းရေဝဲဂယက်တွင် ရွှေဝါပန်းတို့ ဝေ့ကာလည်ကာ စုန်မျောနေကြ၏။

ခပ်လှမ်းလှမ်းအိမ်ဆီမှ ဆူညံသံများမှာလည်း တိတ်ဆိတ်သွားသည်။

ဘယ်အချိန်က ဆိုက်လာသည်မသိ။ ပိတောက်ပင်ထက်မှ ဥဩငှက်ကလည်း လွမ်းဆွတ်ဖွယ်ရာသီကျူးနေ၏။

ထားဆီမှ သက်ပြင်းချသံ တိုးတိုးကြားလိုက်သည်။

'ဪ. . . ဒါထက် ကိုမြင့်ခိုင်တို့ ဒီရွာမှာ ကြာဦးမှာလား. . .'

'သန်ဘက်ခါဆိုရင်ပဲ တွံတေးဘက်ကို ထွက်ရလိမ့်မယ်ထင်တယ်. . .'

'စစ်ပြီးရင် ထား ကိုမြင့်ခိုင်ကို ပြန်တွေ့ချင်ပါသေးတယ်'

'စစ်ပြီးလို့ ကိုမြင့်ခိုင်လည်း မသေသေးဘူးဆိုရင်တော့ ထားတစ်ယောက် ဘယ်ဆီရောက်နေနေ မတွေ့မချင်း ကိုမြင့်ခိုင် ရှာလိုက်လာခဲ့မယ်. . .'

'မတွေ့မချင်းတောင် ရှာမယ်တဲ့လား၊ ဟုတ်လား ကိုမြင့်ခိုင် ဘာကြောင့်များပါလဲ. . .'

'ကျွန်တော့်ပိတောက်ဟာ တစ်သက်မှာတစ်ခါပဲ ပွင့်ပါတယ်ထား. . .'

'ရှင်. . .'

'ကျွန်တော့် ပိတောက်ပန်းကို ဆင်မြန်းစေလိုတဲ့ ဆံမြညှာကေကို ကျွန်တော် ရှာဖွေရပါလိမ့်မယ်. . .'

ထားကမူ စကားမပြန်။ စင်းမှေးသယောင်ရှိသော မျက်တောင်ကြီးများကို လေးလေးပင့်ကာ ကျွန်တော့်အား ရီဝေဝေငေးကြည့်နေ

www.burmeseclassic.com



ပါ၏။

မြစိမ်းရွက်စိုတို့ကို နောက်ခံထား၍ ပိတောက်ရွှေခိုင်တို့မှာ လေသင့်သဖြင့် ပင်မြင့်ဝယ် ယိမ်းနွဲ့ လှုပ်ရှားနေကြသည်။

ထားက ကကြိုးယဉ်သော ပိတောက်ခိုင်တို့အား အသာမော့ကြည့်လိုက်သည်။

'ကိုမြင့်ခိုင် ယုံပါ့မလားမသိဘူး။ ထားတစ်သက်မှာ တစ်ခါမှ ပိတောက်ပန်းကိုပန်ကောင်းရာလို့ မထင်ခဲ့မိဘူး။ ထား အချစ်ဆုံးပန်းက နှင်းဆီရဲရဲပေကိုး။ နှင်းဆီအစစ် မရရင်တောင် တိုက်ကထုတ်တဲ့ စက္ကူနှင်းဆီ လှလှကို ထား ဝယ်ပန်လေ့ရှိတယ်. . .'

ထားစကားကြောင့် ကျွန်တော့် ဇက်မှာ ကျိုးကျသွားသည်။

'ဒါပေမယ့် ကိုမြင့်ခိုင်. . .'

'ဗျာ. . . ထား. . .'

'ရှင်အပြောကောင်းတာနဲ့ ထား အခုပိတောက်ကို ပန်ချင်သလိုတောင်ဖြစ်လာတယ်. . .

'ထား. . . ပန်မလား. . .'

'ထားပန်မယ်ဆိုတော့ကော ရှင်က ခူးပေးမယ်တဲ့လား. . .'

ကျွန်တော်က သူရဲကောင်းကဲ့သို့ ဝင့်ကြွားစွာရပ်လိုက်သည်။ ခါးတောင်းကိုမြောင်အောင် ကျိုက်လိုက်ပြီး အနိမ့်မှ ညွတ်ကျနေသော ပိတောက်ကိုင်းတစ်ခုအား အားပြုဆွဲယူလိုက်ကာ ပင်မြင့်ဆီ သွက်လက်စွာတက်ခဲ့၏။

ကျွန်တော်က အောင်မြင်ဖွံ့ထွားပေ့ဆိုသည့် ပိတောက်ခိုင်များကို ရွေးခူးနေစဉ် ထားက အပင်အောက်မှ ကလေးငယ်ပမာခြေဖျားလေး တထောက်ထောက်နှင့် မော့ကြည့်ရင်း စကားလှမ်းလှမ်းပြောနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

**ပိတောက်ချင်းတော့မတူပါလေ**

ခဏအကြာတွင်မူ ပိတောက်စည်းကို ရင်မှပိုက်လျက် ထားရှေ့မှာ ရပ်နေမိပေပြီ။

'ဒီလောက်များတဲ့ ပန်းတွေ ထားက ကုန်အောင် ဘယ်လိုပန်ရမှာလဲ'

ကျွန်တော်လှမ်းပေးသော ပိတောက်ပန်းများ လှမ်းယူရင် ထားက ဆိုသည်။

'ကုန်ပါတယ် ထားရယ်၊ ထားကို ကျွန်တော် ကူပန်ပေးပါ့မယ်. . .'

ကျွန်တော်က ပိတောက်ခက်များကို ချွေကာ ထား၏ ခေါင်းတွင် တယုတယ ထိုးစိုက်ပန်ပေးနေမိသည်။

ထား၏ ဝါဝင်းသောအသားမှာ ပိတောက်ရွှေရည်နှင့် ရောင်ညီဟပ်ကာ သင့်မြတ်လိုက်ဖက်နေ၏။ ထား၏ပါးပြင်မှ အကြောစိမ်းကလေးများမှာလည်း ပိတောက်ပွင့်ညှာသို့ မြမြရှိမ်းနေသည်။

ပိတောက်နံ့တို့သည် ပိုမိုကြိုင်သင်းနေသည်။ ပိတောက်နှင့်ရောလျက် ထား၏ ကိုယ်သင်းနံ့လေးများမှာလည်း မွှေးပျံ့ကြူလှိုင်နေ၏။

သင်္ကြန်ကာလ၏ လွမ်းစရာ စိတ်ကူးယဉ်ဇာတ်လမ်းမှာ ဤအခိုက်တွင်ပင် စခဲ့သည်ဖြစ်ပါ၏။

'ထား. . .'

ကျွန်တော့်အသံမှာ လေသံမျှသာ ဖြစ်ပေလိမ့်မည်။

'ကိုမြင့်ခိုင်. . .'

ထား၏ အသံမှာလည်း တိုးတိုးလေးပင်ဖြစ်သည်။

ထား၏ နက်မှောင် ခွေပျောင်းသော ဆံနွယ်များမှာ ရှင်းသန့်ဝင်းကြည်နေသော နဖူးပြင်ဝယ် ဝဲကျနေ၏။ ထား၏ ရှည်သွယ်သောမျက်တောင်ကြီးများမှာ အိပ်မူးသယောင် စင်းကျနေ၍ ပါးပြင်ထက်တွင်



BURMESE CLASSIC .com

www.burmeseclassic.com



နှင်းဆီသွေးသည် နီထွေးပေါ်လွင်နေ၏။

လှူချင်းမှာ ပူးကပ်လိုက်မိပေပြီ။ မျက်နှာချင်းမှာလည်း အပ်လိုက်မိပေပြီ။

ကျွန်တော့်နှာဝ ဝယ် ပိတောက်နံ့နှင့် ကိုယ်သင်းနံ့တို့က အလုအယက် အပြိုင်အဆိုင် သင်းကြိုင်နေကြ၏။

အိပ်မက်မှ နိုးလာခိုက် ထား၏ နူးညံ့သော လက်ကလေးများက ကျွန်တော့်ရင်ဘတ်အား အသာအယာ တွန်းဖယ်နေသည်။ ထား၏ ပခုံးနှင့်ခါးကို ရစ်သွယ်ပိုက်ထွေးထားသော လက်များကမူ မလျှော့။

'ဟော. . .'

ထားက ကျွန်တော့်နောက်ကျောဘက်သို့ လှမ်းကြည့်ရင်း မျက်လုံးကလေးပြူးသွားသည်။

'ဟော ဟိုမှာ ရဲဘော်သန်းထွတ်ကြီး. . .'

ကျွန်တော်က အလန့်တကြား လက်များကိုဖြည်၍ နောက်သို့ လှည့်အကြည့်အလိုက်တွင် ထားက ရုန်းထွက်၍ ခပ်လှမ်းလှမ်း၌ အသာပြုံးရင်းရပ်နေသည်။

ထား၏ ပရိယာယ်သာတည်း။ ရဲဘော်သန်းထွတ်မှာ အကယ်မပေါ်လာ။

ကျွန်တော်ကလှမ်း၍ ထားကို ကြည့်လိုက်သောအခါ ရေဖလားကြီးကို ကောက်ယူ ပိုက်ပြီးသော ထားက လက်ညှိုးကလေးငေါက်ကာ ကျွန်တော့်အား ချစ်စဖွယ်ရန်တွေ့နေသည်။

'ဟင်း. . . လူကို ပန်း ပန် ပေးမယ်ဆိုပြီး ညာ ညာနမ်းတယ်. . .'

ကျွန်တော်က ရှေ့တစ်လှမ်းတိုးသွားသောအခါ ထားက အသာနောက်ဆုတ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'တော်တော့ ဆရာကြီး။ ဒီတစ်ခါ လူတစ်ကယ်မိလို့ ထား ရှက်နေရဦးမယ်'

ထား၏ အလိုကိုလိုက်၍ပင် နေရာမှမရွေ့ဘဲ ရပ်နေလိုက်ရသည်။

'ရှင် သန်ဘက်ခါ တကယ်သွားရတော့မလား'

'ဟုတ်ပါတယ်ထား'

'စစ်ပြီးရင် ရှင်ထားကိုတကယ်ရှာမယ်ပေါ့နော်. . ဟုတ်လား. . .'

'ထားကသာ ရှောင်မပုန်းနေပါလေနဲ့ ထား'

ထားက ကျေနပ်စွာပြုံးလိုက်သည်။

'တွေ့ကြတဲ့အချိန်မှာ ထားကပိုင်သူရှိနေရင်ရော'

'ချစ်ခြင်းဆိုတာဟာ အယူမဟုတ်ပါဘူး ထား၊ အပေးပါ. . .'

'သြော်. . . ရှင်က ခွင့်လွှတ်မယ်ပေါ့'

ထားက အသာပင် ရယ်မောနေသည်။

'ရှိပါစေတော့လေ. . . ဒီတော့မှပဲ ရှင့်ပိတောက် တစ်သက်မှ တစ်ခါပွင့်တယ်ဆိုတာ ကြည့်ကြည့်ရသေးတာပေါ့'

ထားက လက်ကလေးပြကာ သမင်မငယ်သို့ သွက်လက်စွာပြေးထွက် ပျောက်ကွယ်သွားသည်။

ပိတောက်ပင်အောက်တွင်ရပ်ရင်း ထား ပြောသွားသောနောက်ဆုံးစကားလေးကိုသာ နားတွင်ကြားယောင်နေမိသည်။

'စောင့်ကြည့်ပါထား၊ ကျွန်တော့်ပိတောက်ဟာ တစ်သက်မှာ တစ်ခါပွင့်ပြီး တစ်သက်မှာတစ်ခါသာပေါ်တဲ့ သစ္စာရာသီပန်းပါ'

(၅)

နီးခြင်းနှင့် ဝေးခြင်းဟူသည်ကို ရှုပ်သဘောအရသာ ဆုံးဖြတ်



BURMESE CLASSIC .com

www.burmeseclassic.com



စတမ်းဆိုလျှင် ထားနှင့်ကျွန်တော်မှာ ခွဲမရဟု မှတ်ထင်လောက်အောင်ပင် အတူဆုံကြဖို့ ပြန်ကြုံတွေ့ခဲ့ရပါ၏။

ထားကို ကျွန်တော်သည် ရှာခဲ့ရပါ၏။ ထားကလည်း ကျွန်တော့်ကို စောင့်နေသည်ဟုဆိုသည်။ ရှာသူနှင့် စောင့်သူသည် စစ်ပြီးခေတ်တက္ကသိုလ်၌ ပြန်ဆုံတွေ့ခဲ့ရသည်။

သို့ရာတွင် ထားနှင့်ကျွန်တော်တို့၏ ပြန်ဆုံခန်းမှာ ဟောဝန်စုံမြိုင်ပတ်ပျိုးကြီးမှ ချောင်းညိုမြ ရေသီတာဝယ် ရှေးဝဋ်ဖန်လာ၍ ကွဲပြန်ရပြီးနောက် ဖူးရှေ့စာမှန်သဖြင့် နတ်ဟန်ချစ်တူ ကိန္နရာ၊ ကိန္နရီတို့၏ တစ်လီပေါင်းဖက် လည်ခြင်းယှက်ရသည်သို့ လွမ်းမက်ဖွယ်ရာမှု မရှိခဲ့။

တွေ့စဦး၌မှာပင် ထားသည် ကျွန်တော်တို့ ဆက်ဆံရေးအတွက် စည်းမျဉ်း ဘောင်ခတ်ပေးသည်။

'ကိုမြင့်ခိုင်ကို ထား အားနာပါတယ်၊ ဒါပေမယ့် ထားတို့ ကြုံခဲ့ရတာဟာ သကြန်အိပ်မက် မဆန်လွန်းဘူးလား'

ထား၏ ထူးဆန်းသောစကားကို နားမလည်သော ကျွန်တော်က သာ အဖြေမပေးနိုင်ဘဲ ငိုင်နေခဲ့ရသည်။

'အမှန်ပြောရရင် ထားက ခုချိန်ထိ အချစ်ဆိုတာကို သိပ်စိတ်မချ ချင်ဘူး။ တစ်ခါက ပြောခဲ့သလိုပဲ၊ အချစ်ဆိုတာကို ခဏသာခံတဲ့ ယာယီပန်းအဖြစ်ပဲ မြင်နေတယ်'

ထား၏ အသံမှာ တစ်ခါတုန်းကလိုပင် တည်ငြိမ်လှပါ၏။

'ဟိုတုန်းကဆိုရင် ထားရော ကိုမြင့်ခိုင်ပါ အသက် ၂၀ တောင် မပြည့်ကြသေးဘူး။ ငယ်ကြသေးတယ်နော်၊ ဒီတော့. . .'

ထားသည် စကားဆက်ရခက်ဟန်နှင့် ရပ်ဆိုင်းသွားသည်။

www.burmeseclassic.com

**ဝိတောက်ချင်းတော့မတူပါလေ**

'ထား ဆိုလိုတာကို ကျွန်တော်နားလည်ပါပြီ။ တစ်ယောက်အကြောင်း တစ်ယောက်သိအောင်နဲ့ တစ်ယောက်စိတ်တစ်ယောက် နားလည်တဲ့ အထိ စောင့်လေ့လာကြဖို့မဟုတ်လား၊ ထား သဘောပါ၊ ကျွန်တော့်အနေနဲ့ လောစရာအကြောင်း မရှိပါဘူး'

တက္ကသိုလ်မြေဝယ် ထားနှင့်ကျွန်တော်က တပူးတွဲတွဲရှိခဲ့ကြသည်မှာမှန်၏။ သို့ရာတွင် နှစ်ဦးကြားဝယ် ခြားနားထားသော စည်းမျဉ်း မှာ အခိုင်အမာဆီးကာ ရှိနေသည်။

ထားသည် သတ္တဗေဒသင်တန်းတွင် သူ၏ အကောင်ပလောင် အသီးအရွက်များနှင့် အလုပ်ရှုပ်နေခိုက် ကျွန်တော်ကလည်း တက္ကဗေဒ စနစ်များနှင့် ရှင်မဟာရဋ္ဌသာရ၏ ပျို့များကြားတွင် ခေါင်းမဖော်အားခဲ့။

ထားသည် ကျွန်တော့်အား အင်ဂျင်နီယာ ဖြစ်ဖြစ်၊ အောက်ထစ် သိပ္ပံပညာရှင်တစ်ဦးဖြစ်ဖြစ် လုပ်စေချင်သည်။ ကျွန်တော်ကမူ အဖြေမလွယ်သော မေးခွန်းများကို ထုတ်ရခြင်းနှင့် အကောင်အထည် ဆုပ်မပြနိုင်သော ကဗျာ၏အလှကို လိုက်ဖမ်းရခြင်းသာ ပိုနှစ်သက်သည်။

ထား ဆေးတက္ကသိုလ်သို့ ဝင်သောနှစ်နှင့် ကျွန်တော် ဝိဇ္ဇာတန်း ရောက်သောနှစ်တွင် ထားက မေးခွန်းတစ်ခုထုတ်သည်။

'ရှင် ဝိဇ္ဇာဘွဲ့ရရင် ဘာလုပ်မယ်စိတ်ကူးလဲ ကိုမြင့်ခိုင်. . . '

ထားသည် ကျွန်တော် အဖြေရကျပ်သော မေးခွန်းကိုမှမေးသည်။

'ကျွန်တော် လုပ်ချင်တာတစ်ခု ရှိမှန်းတော့ သိတယ်။ အဲဒါ ဘာမှန်းတော့ မသဲကွဲသေးဘူး'

'ရှင်တစ်ယောက်ဟာ ဘဝရှေ့ရေးကိုတောင် စိတ်ကူးယဉ်ယဉ်နဲ့ ကြည့်နေသလား. . . ဟင် ကိုမြင့်ခိုင်'

www.burmeseclassic.com



ထား၏ မှတ်ချက်မှာ ထား၏ စိတ်သဘော အမှန်ကိုပင်ပြနေပါ၏။

ထားသည် တိကျ၍ လက်တွေ့ဆန်လွန်းသဖြင့် တစ်ခါတစ်ရံ ရုပ်ဝါဒသမားတစ်ဦးကဲ့သို့ ခေါင်းမာလွန်းအားကြီးသည်။ ထားသည် လူ့ဘဝအား သင်္ချာတစ်ပုဒ်အဖြစ် မြင်ဟန်ရှိ၍ ပန်းတိုင်ရောက်လျှင် ခရီးဆုံးသော ပြေးပွဲပမာလည်း မှတ်ယူထားဟန်တူသည်။

'ခက်တာက ထား၊ ကျွန်တော်ဟာ ပညာကို အလုပ်လုပ်ဖို့သင်တာ မဟုတ်ဘူး'

'ရှင်'

'အောင်မြင်သော ဘဝဆိုတာ ဘာဖြစ်ရမယ်လို့ သတ်မှတ်ထားပြီးသား ကျွန်တော့်မှာမရှိဘူး။ အဲဒီဘဝဆိုတာမျိုးဟာ ဘယ်လိုလဲဆိုတာကို ရှာဖွေသိစမ်းချင်တဲ့စိတ်သာရှိတယ်'

တပူးတွဲတွဲရှိသော ထားနှင့် ကျွန်တော့်တို့မှာ အယူအဆအရာတွင်မူ ဤသို့လျှင်ထာဝစဉ် ကွဲလွဲလျက်ရှိခဲ့သည်။

'ရှင် ထားကို ဘာလို့ချစ်တာလဲ. . . '

တစ်ခါတစ်ရံမူ ထားသည်လဲ့လဲ့ပြုံးရင်း ဤသို့လည်းမေးတတ်သည်။

'အမှန်ဆုံးဖြေရမယ်ဆိုရင်တော့ ချစ်ချင်လို့ချစ်တာပါပဲထား. . . . . . '

'အို. . . '

'ချစ်ခြင်းဆိုတာဟာ သင်္ချာပုစ္ဆာတစ်ခုရဲ့ အဖြေလို ကြောင်းကျိုးဆက်သွယ် တွေးခေါ်ရှာဖွေမှုပေါ်မှီပြီး ပေါက်ပွားလာတာမျိုးမဟုတ်ပါဘူး။ ချစ်ခြင်းဟာ ဘောဂဗေဒလို အရှုံးအမြတ် အကျိုးအပြစ်တွေကိုလည်း ထည့်မတွက်ဘူး။ နိုင်ငံရေးမဟာမိတ်ဖွဲ့နည်းလို နီးစပ်မှု၊



BURMESE CLASSIC .com

www.burmeseclassic.com



အကျိုးတူညီမှု၊ အပြန်အလှန်ကျေးဇူးပြုမှုဆိုတဲ့ သဘောတွေကိုလည်း ထည့်မစဉ်းစားဘူး၊ တူပေမယ့်လည်း ချစ်ချင်မှချစ်တယ်၊ မတူပေမယ့် လည်း ချစ်ချင်ချစ်တယ်၊ ချစ်လာပြန်ရင် မတူတာကိုလည်းတူတယ် မြင်ချင်မြင်တယ်၊ မချစ်ပြန်ရင် တူတာကိုလည်း မတူသလိုမြင်ချင်မြင် တယ်။ ချစ်ရေးကိစ္စမှာ စဉ်းစားချင်ရင် မချစ်ခင်ကစဉ်းစားမှ အမှန် မြင်ချင်မြင်မယ်၊ ချစ်ပြီးမှစဉ်းစားရင် စဉ်းစားရာ မရောက်ဘူး လိုရာ ဆွဲတွေးတာသာ ရှိမယ်. . .'

'ဒါဖြင့် ရှင့်အချစ်ဟာ မျက်ကန်းချစ်ပါလား ကိုမြင့်ခိုင်'

'အချစ်မှန်ရင် အနည်းနဲ့အများ မျက်ကန်းပဲဖြစ်တာ များပါ တယ် ထား. . .'

'ဒါဖြင့် ရှင့်အချစ်ဟာလည်း မျက်ကန်းချစ်ပဲပေါ့. . .'

'လူ့ဘဝနဲ့တကွ လောကဆိုတာကိုဘာမှမသိဘဲ သိတယ်ထင်နေ ကြတဲ့လူသားတွေအနက် တစ်ယောက်အဖြစ် ပြောရရင် ကျွန်တော်နဲ့ တကွ ကျွန်တော့်အချစ်ဟာလည်း အကန်းပါပဲ ထား'

'ဒီစကားကတော့ နဲနဲလွန်တယ်ထင်တယ် ကိုမြင့်ခိုင်. . .'

'ဘာကိုဆိုလိုပါသလဲ ထား. . .'

'သိပ္ပံပညာရဲ့ သမီးတစ်ဦးအဖြစ်ပြောရရင် ထားက သိပ္ပံပညာရဲ့ မှန်ကန်ခြင်းကို ယုံတယ်။ သိပ္ပံပညာရှင် လူသားကြီးတွေကို ဘာမှ မသိတဲ့ အကန်းကြီးတွေအဖြစ်ပြောတာ ထား သဘောမတူနိုင်ဘူး. . .'

'သိပ္ပံပညာရှင်ကြီးတွေကို အကန်းလို့ ကျွန်တော်မဆိုလိုပါဘူး၊ သာမန်လူသားတွေဟာ ကိုယ်မသိတဲ့အဖြစ်ကို မသိကြဘူး။ သိပ္ပံပညာ ရှင်တွေဟာ ကိုယ်မသိသေးတဲ့အဖြစ်ကို ကိုယ်သိတာမို့ တကယ့်ပညာ ရှင်ကြီးတွေပါ၊ သိပ္ပံပညာဆိုတာကို တထစ်ချယုံဖို့က သိပ္ပံပညာကိုယ်

www.burmeseclassic.com



၌က အဆုံးသတ်မှန်ကန်သောသစ္စာတရား အထုအထည်မှ မဟုတ်ဘဲ သိပ္ပံပညာဟာ သစ္စာတရားကို အဆင့်ဆင့်အနည်းဆုံးခန့်မှန်းထားတဲ့ (ဆာဆက်ဆစ်(ဖ်)အပရော့ဇီမေးရှင်း) သဘောထက် ဘာမှ ပိုအဓိပ္ပာယ် မရှိဘူး. . .'

ထားက လေးပင်စွာ သက်ပြင်းရှိုက်လိုက်သည်။

'ကိုမြင့်ခိုင်'

'ထား. . .'

'ရှင့်အတွက်တော့ ထားခက်ရပြီထင်တယ်. . .'

'ထားစိတ်မချမ်းသာအောင်လုပ်ဖို့ ကျွန်တော့်မှာ စေတနာမရှိရိုး အမှန်ပါ။ ထားက ကျွန်တော့်ကို နားလည်ချင်တယ်ဆိုလို့ ကျွန်တော့် အမြင် မှန်သမျှကို မချွင်းချန်ဘဲ ပြောပြရတာပါ။ ထားကို ကျွန်တော် နားလည် ချင်တယ်၊ ကျွန်တော့်ကိုလည်း ထားနားလည် စေချင်တယ်။ ဒါပါဘဲ. . .'

'ရှင့်ကို ထားနားမလည်မိရင်ကောင်းမယ်. . .'

ထားနှင့် ကျွန်တော်က ဤသို့ပင် ပင့်သက်ရှိုက်ရင်း ခွဲခွာခဲ့ရလေ့ ရှိသည်။

'ကျွန်တော် ဝိဇ္ဇာတန်းအောင်၍ ကျူတာလုပ်ရင်း မဟာဝိဇ္ဇာတန်း တက်သောနှစ်တွင် ထားမှာ တတိယနှစ် ဆရာဝန်သင်တန်းသို့ ရောက် ၍ သူရည်မှန်းထားသော ပန်းတိုင်ဆီ ပိုနီးလာသည်။

ထားမှာ အလုပ်ပိုပင်ပန်းလာ၍ လူမှာလည်း ပိုပိန်လာသည်။ အချိန်ရှိသမျှ စာအုပ်နှင့်မျက်နှာမခွာဘဲ စကားလည်းပိုနည်းလာသည်။ ဂျူဘလီဟောအနီးရှိ ထားတို့၏ အမျိုးသမီးကျောင်းဆောင်သို့ ကျွန်တော် ရောက်သည့်အခါ ထားမှာအလုပ်ရှုပ်နေသဖြင့် စကားသုံးလုံးပြည့်အောင်

www.burmeseclassic.com



မပြောရဘဲ ပြန်လာခဲ့ရလေ့ရှိသည်။

သည်လိုနှင့်ပင် လတို့နွမ်းကြေ၍ နှစ်တို့ ပြောင်းလေခဲ့သည်။

ဆရာဝန်ဘွဲ့ရသောအခါ ထားက မော်လမြိုင်သို့ ပြောင်းသွားရသည်။ တစ်နှစ်ခန့်မူ ထားထံမှ တစ်လတစ်ခါစာလာပါသေး၏။ နောက်တဖြည်းဖြည်း စာများအလာပါးသွားသည်။ နောက်ဆုံးစာမှာမူ စ ကတည်းက အခြေမခိုင်သော ကျွန်တော်တို့၏ ဇာတ်ကိုရပ်တန်းမှ ရပ်ပစ်ခဲ့သည်။

'အမြင်မှာ မိုးကုပ်စက်ဝိုင်းဆီ ဆုံကြမယ်ထင်ရပေမယ့် မနီးနိုင်ကြတဲ့ မိုးနဲ့မြေပမာလို ကွာခြားကြတဲ့ ထားနဲ့ ကိုမြင့်ခိုင် တို့ရဲ့ ဇာတ်လမ်းဆုံးခြင်းအတွက် ကိုမြင့်ခိုင် တစ်ယောက် စိတ်မထိခိုက်ပါစေနဲ့လို့ ထားဆုတောင်းတယ်. . .'

'ကိုမြင့်ခိုင်ကို ထား မမုန်းပေမယ့် ကိုမြင့်ခိုင်ယုံကြည်ပြီး ထား နားမလည်တဲ့ အချစ်မျိုးနဲ့ တုံ့ပြန်မချစ်နိုင်တဲ့အတွက် ထားတကယ် ဝမ်းနည်းမိတယ်ဆိုတာတော့ သိစေချင်တယ်. . .'

ထား၏ စာက လွမ်းဆွတ်ဖွယ်ရာ ဆက်ဖော်ပြထားသည်။

'အချစ်ဆိုတာကို အိမ်ထောင်ဖက်ပြုရေးရဲ့ ပထမအဆင့်အဖြစ်သာ နားလည်ထားတဲ့ ထားအနေနဲ့တော့ တစ်ဆင့်သာပဲပြောပြီး တစ်ကြိုး ထဲကတဲ့ ဘဝကြင်ဖော်ကိုသာ ယထာဘူတကျကျ လိုချင်မိတယ်။ ဒီစာကို ရေးတဲ့အချိန်မှာဆိုရင် ထားဟာ စိတ်ကြိုက်ညီတဲ့ တစ်ယောက်လူကို ရွေးချယ်ပြီးပြီဆိုတာ ကိုမြင့်ခိုင်ကို ထား အသိ ပေးချင်ပါတယ်'

ထား၏စာမှာ လွမ်းခန်းကိုရှိုက်သံမနှောဘဲ ချောမောစွာသယ်ပို့ခဲ့ပါ၏။ ထားဆက်ရေးထားသည့် နိဂုံးပိုဒ်မှာ တစ်သက်တာတွင် ကျွန်တော့်အတွက် ဘယ်ရက်တွင်မျှ မေ့နိုင်လိမ့်မည် မဟုတ်တော့။

'တစ်ခုသောသကြံန်က ထားနဲ့ ကိုမြင့်ခိုင်တို့ရဲ့ အဖြစ်ကို

www.burmeseclassic.com



ပိတောက်ယာယီပန်းရဲ့ လျှပ်တပြက် ပွင့်လန်းမှုတစ်ခုထက် ပို၍ ဘာမျှ အဓိပ္ပာယ် မကောက်ယူစေလိုပါ'

'ချစ်ခြင်းမည်သည် စွန့်လွှတ်ခြင်းအဖြစ် ယုံကြည်သော ကိုမြင့်ခိုင်ကသာ ထားအပေါ် ခွင့်လွှတ်နိုင်ပါစေသတည်း'

(၆)

ကြာတော့ ကြာခဲ့ပါပြီ။

အချိန်ကုစားသဖြင့် ဖွဲမီးပမာ ငွေ့ငွေ့သာကျန်လေသော အသည်းမှဒဏ်ရာသည် တစ်နှစ်တစ်ခါသံသရာလည် ပြန်ပွင့်လေသော ပန်းရွှေပိတောက်ကြောင့် သာမဟုတ်ဟု ဆိုလျှင် ပျောက်တန်ကောင်း လောက်ပေပြီ။

အသည်းမဟီနန်းတွင် တစ်ဘဝတစ်ခါသာ ပွင့်လန်းလေသော မာလာခိုင်ကြူပန်းမှာမူ အသစ်တဖန် မငုံမြန်း နိုင်တော့ပြီတကား။

ပန်းပိတောက်ကို လွမ်းရမည်ကြောက်၍ လျှမ်းတောက် ဘယ်ပုံလွင်လည်း မမြင်လို၊ မကြည့်လိုပါ။ မမြင်ကြည့်လိုလည်း မင်မိခဲ့ပြီဖြစ်သဖြင့် သည်ပန်းကိုမှ 'သည်ပန်းမှမြတ်ပန်းတော်' ဖြစ်နေမိသော ကိုယ့်ကိုယ်ကို နားမလည်မိ။

ရာသီပန်းဖြစ်သဖြင့် ဆန်းသစ်သည့်ဂုဏ်ကို မြတ်နိုးမိရာမှ တန်ဖိုးထားမိခဲ့လေသလားမသိ။

**တက္ကသိုလ်ဘုန်းနိုင်**



BURMESE CLASSIC .com

www.burmeseclassic.com

# တန်ခူးလေနှင့် လျှောတော့သည်

BURMESE CLASSIC .com

www.burmeseclassic.com



# တန်ခူးလေနှင့် လျှောတော့သည်

"ဆိုသရွေ့မူ၊ ဘယ်ဝေ့ညာကူး၊ ပုံမထူးသည်၊ တန်ခူးလေ နှင့် လျှောတော့၏။

**နတ်သျှင်နောင်**

(၁)

ပန်းပိတောက်တို့ လွှမ်းလောက်ဖွယ်ပင် ပွင့်ချင်းယှဉ်ခဲ့ပါပြီထား။

နွေဦးကျန် ရွက်တစ်အိုက ရွက်ပျိုတို့အား ထားနှင့်မောင်၏ ဇာတ်လမ်းကို တီးတိုးပြောဆိုခဲ့လေသည်လားမသိ။ ရွက်ပျိုကတစ်ဖန် ပင်ယံမြင့်မှ ရွှေလျှံပွင့်တို့ကို ထပ်ဆင့်ခြယ်မှုန်း တေးတစ်ကုံးသို့ သီ ပြခဲ့သည်လေလား မပြောတတ်။ တန်ခူးလေနှင့် မကြွေမီသီဂီလွှာ ဦးတို့ ထားနှင့်မောင် ဖြစ်လေဖူးသည်ကို ကဗျာဖူးတစ်ငုံပမာ သံစုံ မြည်ကြွေး ရင့်ရှူခဲ့ပါသေးသည်လော မဆိုနိုင်။

ပိတောက်သံသရာလည်သော် အသည်းဒဏ်ရာ တစ်မည်သစ်ရ သည့် မောင့်အဖြစ်ကိုပင် တင်ပြရသည်ထား။ လူ့ဘဝပဟေဠိ နယ် မဟာဝယ် ချစ်ဝက်ဘာအားသက်ာယုံမှား ဒွိဟပွား၍ မဆုံးရှာသူ ထား အတွက်မူ မေ့ရက်လေပြီလားဟု မောင်မခန့်မှန်းနိုင်ခဲ့။

www.burmeseclassic.com



(၂)

မိုးလင်း၍ ပြတင်းတံခါးကိုဖွင့်လိုက်လျှင်ပင် သကြီးန်၏အနံ့ အသက်ကလေးများနှင့် ပိတောက်၏ သင်းပျံ့ပျံ့ကြိုင်အေးအေး ရနံ့ မွှေးမွှေးတို့ကို ခံစားလိုက်ရသည်။

ပြတင်းကိုခွင်း၍ ရှေ့တွင်မြင်နေရသော ပင်လုံးကျွတ်ပွင့်ဝေဆာ သည့် ပိတောက်ပင်မင်းကိုသာ တစ္ဆေသရဲ ပမာ ကျွန်တော်က ထိတ် လန့်တကြား ရင်ဆိုင် ကြည့်နေမိသည်။

နောက်မှ သတိရ၍ 'ကိုသက်ဆွေ. . . ကိုသက်ဆွေ' ဟု ဘိုးသက် ဆွေအားသာ မကျေမချမ်း လှမ်းခေါ်မိသည်။

'ဘာလဲဗျ. . . ခင်ဗျားကလည်း အလန့်တကြား. . . '

ဖတ်လက်စ ဖြစ်ဟန်တူသော သတင်းစာကို ကိုင်လျက် အပြေး အလွှားရောက်လာရသူ ကိုသက်ဆွေက အပြစ်တင်ဟန်ဆို၏။

ကျွန်တော်ကပြုံးမိ၏။ ခါးထောက်ရင်း ချစ်လှစွာသောကိုသက် ဆွေအား ကျကျနန ရန်တွေ့မိသည်။

'ခင်ဗျား ချယ်ရီပန်းကို ကြောက်တယ်မဟုတ်လား ကိုသက်ဆွေ. . . '

'ဘာဆိုင်လို့လဲဗျ. . . '

'ဪ. . . ဒီမှာ ကိုသက်ဆွေ၊ ခင်ဗျားအနေနဲ့ မမေ့နိုင်တဲ့ အစော ဆိုတာရှိရင် ကျွန်တော့်အနေနဲ့လဲ မမုန်းရက်စရာ ထားတစ်ယောက် ရှိပါ သေးတယ်။ ချယ်ရီကြောင့် ခင်ဗျားစိတ်ချောက်ချားရင် ပိတောက်ကို လည်း ကျွန်တော် ရင်မဆိုင်ရဲဘူး။ သိလားဗျ ကိုသက်ဆွေ. . . '

ကိုသက်ဆွေ၏ မျက်နှာမှာ ရင့်ရော်အိုမင်းကျသွားသည်။ ထို့ နောက် သူ့ထုံးစံအတိုင်း ခေါင်းမှာစောင်းလျက် ငိုက်ကျသွား၏။

www.burmeseclassic.com



'ဆောရီးဗျာ. . . ကျွန်တော် အခုတလော သိပ်မေ့တတ်တယ် မေ့တတ်တယ်ဆိုတာထက် လောကကို သိပ်ဂရုမပြုမိဘူးဆိုတာက ပိုမှန်လိမ့်မယ်. . .'

ကိုသက်ဆွေက အိမ်ခေါင်းရင်းမှ ပိတောက်ပင်ကြီးအားကြည့်ရင်း ညည်းညည်းဆိုသည်။

'ပြီးတော့ ကျောင်းဝင်းထဲကနေ ဒီအိမ်ပြောင်းလာတာ လည်း မကြာသေးဘူး။ ဒီအိမ်ခေါင်းရင်းမှာ ပိတောက်ပင်ရှိမှန်းလည်း သတိမပြုမိဘူး. . .'

ကိုသက်ဆွေက ခေါင်းတခါခါနှင့် နောင်တကြီးစွာ ဆိုရင်း အခန်းတွင်းမှ ထွက်ခွာသွားသည်။

တစ်ယောက်တည်းကျန်ရစ်သော ကျွန်တော်က ပိတောက်ပင်ကြီးကိုငေးရင် ကိုသက်ဆွေရေးခဲ့သောစာကို ပြန်သတိရမိ၏။

'နွေမှာ မန္တလေးကို တက်ခဲ့ပါလား ကိုမြင့်ခိုင်၊ တောင်ပြုံးရှူးနေပြီဆိုတဲ့ ခင်ဗျားတို့ ရန်ကုန်သကြံန်အစား မန်းရဲ့ နှစ်သစ်ကူးယဉ်ကျေးမှုလေးတွေကို ကိုယ်တွေ့လာကြုံကြည့်စမ်းပါလား. . .'

ကိုသက်ဆွေ၏စာက အစ၌ ဤသို့ဖိတ်ခေါ်ထားသည်။

နွေရိပ်မှာ ရပ်ဆဲလ်ရဲ့ ဖီလိုဆိုဖီနဲ့ ဟိုက်ဇင်းဘတ်ရဲ့ သီအိုရီတွေကို ဆွေးနွေးကြရအောင်။ ပြီးတော့ အဘိဓမ္မာနဲ့ဂီတကို ဆက်သွယ်ပြီး သစ္စာတရားကို ရှာကြံနေကြတဲ့ ဦးခင်မောင်ဒွေးတို့ ဦးဘသော်တို့ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေနဲ့လည်း တွေ့ကြရအောင်'

ဤသို့ဖြင့် ကိုသက်ဆွေ၏စာမှာ တစတစနှင့် ကျွန်တော့်အား ဆွဲငင်မျှားယူခဲ့သည်။

'နောက် ထနောင်း၊ ဆူးဖြူနဲ့တမာပင်တွေသာပေါတဲ့ မန္တလေးမှာ



BURMESE CLASSIC .com

ခင်ဗျားကြောက်တဲ့ ပိတောက်ပင်တွေကိုလည်း မတွေ့နိုင်ပါဘူး. . .'

ကိုသက်ဆွေ၏ ဤစာပိုဒ်ကို သတိရသဖြင့် ကျွန်တော်က ပိတောက်ပင်ကြီးအားကြည့်ကာ ထပ်မံပြုံးမိပြန်သည်။

ကျွန်တော်က ပိတောက်ကို ကြောက်သည် သို့မဟုတ်၊ ကြောက်သည် ထင်သည်။

သို့ရာတွင် မျက်နှာသစ်ပြီးသည့် တစ်ခဏ၌ လက်ဖက်ရည်စားပွဲဆီ မသွားသေးဘဲ အိမ်ခေါင်းရင်း ပိတောက်ပင်ကြီးအောက်ဆီ ရောက်မိလျက်သား ရှိနေ၏။

တန်ခူးလေလျှင် နှောက်ပြန်သဖြင့် ပိတောက်ရွှေလျှံတို့မှာ ပင်ယံထက်ဝယ် ကတိမ်းကပါးနှင့် လှုပ်ရှားနေကြသည်။ လှုပ်ရှားတိုင်း ဝတ်မှုန်တို့ကြွေလေ၍ သင်းရနံ့တို့မှာလည်း ပျံ့ပျံ့လှိုင်ကြိုင်နေသည်။

ပိတောက်နံ့တို့မှာ ရေနံ့၊ မိုးနံ့၊ မြေသင်းနံ့တို့နှင့် ရောလျက် ထုံနှံ့မွှေးလွင့်နေ၏။

'ရှိပါစေတော့လေ၊ ဒီတော့မှပဲ ရှင့်ပိတောက်ဟာ တစ်သက်မှာ တစ်ခါပွင့်တယ်ဆိုတာ ကြည့်ကြည့်ရသေးတာပေါ့'

တော်လှန်ရေးသမယ တစ်ခုသော သကြ်န်ကာလ၌ မတူသော ပိတောက်ပန်းနှစ်ခိုင်တို့ ယှဉ်ပြိုင်ပွင့်မိကြစဉ် ကြားလိုက်ရသော ထား၏ စကားရပ်များက ကျွန်တော်၏ နားအာရုံတွင် ပြန်ပေါ်လာသည်။

ကျွန်တော်က ပြုံးမိပြန်ပါ၏။

သမုဒယ တစ်နွယ်ငင်သည့် သံယောဇဉ် ဤဇာတ်လမ်း၌ တစ်ခန်းမှ ပါဝင်ခဲ့လေ၍ မင်မိသော ပိတောက်ကို မြင်လေတိုင်း မကြင်သောတစ်ယောက်ကို ထင်ယောင်မိသဖြင့် မချိလှသောရင်မှာ မသက်သာသော်လည်း သည်ဝေဒနာ၏ သံသရာကို တစ်နှစ်တစ်ခါထပ်ကာ

www.burmeseclassic.com



လည်စေမိသော ကိုယ့်ကိုယ်သာ အံ့ဩရမည်သာထင်ပါ၏။

ပင့်သက်ရှူရင်း ရွှေဝါပွင့်တို့နှင့် ဂုဏ်တင့်လေသော ပင်မြင့်ကို မျှော်ကြည့်နေမိသည်။

သရစ် နုပျိုသည့် မြလွှာ စိုစိုတို့မှာ လေချိုဝယ် ညွတ်နွဲ့နွဲ့နှင့် လဲ့လဲ့ ရှိမ်းရှိမ်း လွင်နေသည်။ စိမ်းရွက်ထည် နောက်ခံတင့်သဖြင့် ခိုင်ပွင့်ဝါ မာလာဖူးတို့လည်း အထူးဝင်းကြည်လျက်နေသည်။

'ဥဩ. . . ဥဩ'

အဖော်လွဲ၍ အသည်းကွဲဟန်တူသူ နွေတေးရှင်မှာလည်း ဆွေး၍ မဆုံးသေး။

စောစောစီးစီးဝယ် လေရူးကပွေပြန်သဖြင့် ဖုံမှုန့်နှင့်ကြွေရွက်တို့သည် မြေမှ ချားရဟတ်လည် ပျံတက်ကြသည်။

ပိတောက်တစ်ခက်က အသာကြွေသက်လာ၏။

ထိုအခါမှ ကျွန်တော်က ပတ်ဝန်းကျင်ကို ပြန်လည်သတိပြုမိ၏။ သတိပြုမိလျှင်ပြုခြင်း တစ်ဖက်ခြံစည်းရိုးမှ ရပ်နေသူအသက် ၁၅-နှစ်ခန့် လူငယ်တစ်ဦးကို တွေ့ရသည်။

လူငယ်မှာလည်း ပိတောက်ပင်အောက်၌ ပြုံးချည် သက်ပြင်းချချည်ရှိနေသူ ကျွန်တော့်အား အရူးတစ်ယောက် အထင်နှင့် ငေးကြည့်နေဟန်တူသည်။

ကျွန်တော်က လှမ်းကြည့်လိုက်မှ လူငယ်က လှုပ်ရှားလာသည်။

'ဒီမှာနောင်ကြီး၊ ကျွန်တော့် မမလေးက ပိတောက်ပန်းနည်းနည်း ပေးပါတဲ့'

'ဟေဘာတဲ့၊ ပိတောက်ပန်းနည်းနည်း၊ မင်းတို့မမလေးအတွက် ငါက ဒီလောက်မြင့်တဲ့အပင်ပေါ် တက်ခူးပေးရဦးမတဲ့လား၊ ဟုတ်လား'

**တန်ခူးလေနှင့်လျော့တော့သည်**

'မဟုတ်ပါဘူး၊ ဒီကနောင်ကြီးက ခွင့်ပြုရင် မမလေးအတွက် ကျွန်တော့်ဘာသာ တက်ခူးသွားမှာပါ'

'နေပါဦး၊ မင်းတို့မမလေးဆိုတာက ပိတောက်ပန်းကို ဘာလို့ လိုချင်ရတာလဲ'

လူငယ်သည် စပ်စုရန်ကောဟု တွေးဟန် ကျွန်တော့်အားကြည့် လိုက်၍ 'ဒါတော့ ကျွန်တော်ဘယ်သိမလဲ၊ ပန်ချင်လို့ဖြစ်ချင်ဖြစ်မှာ ပေါ့။ ကျွန်တော်တက်ခူးနိုင်ပါသလား' ဟုမေးသည်။

ကျွန်တော်က ပင်မြင့်ထက်မှ ပိတောက်ပန်းများကို မော့်ကြည့်မိ သည်။

'မင်းတို့ မမလေးဆိုတာကို ပြောလိုက်စမ်းပါလူရာ။ ဘာလို့ ပိတောက်ပန်းများ ပန်ချင်ရတာလဲလို့၊ ပိတောက်ပန်းဆိုတာ သူ့ဘာသာ အပင်ထက်နေမှ လှတာမျိုးကလား၊ ခေါင်းပေါ်မှာဆင်ရင်လည်း. . . ထင် သာထင် မယဉ်လှပါဘူးလို့၊ ခေါင်းပေါ်တင်ရင် ဒီပန်းမျိုးက လူငွေ့နဲ့ အင်မတန် ညှိုးလွယ်တတ်တယ်၊ အပင်ပေါ်နေရင်တောင်မှ တန်ခူးလေ နှော့ရင် လျော့တတ်တာမျိုးလို့ ဟုတ်ပလား'

လူငယ်သည် ပါးစပ်အဟောင်းသား မျက်လုံးပြူးလျက် ကျွန်တော့် အား အထူးအဆန်းသဖွယ် စိုက်ကြည့်နေသည်။

'ပြီးတော့ မင်းတို့မမလေးက ပန်ချင်လွန်းလို့ ငါကလည်း ပေး ချင်လွန်းတောင်မှ မင်းကိုတော့ တက်ခူးခွင့်မပေးနိုင်ဘူးကွယ့်၊ သိ လား။ ဘာပြုလို့လဲဆိုတော့ ငါက ဒီအိမ်ရှင် မဟုတ်လေတော့ ဒီအပင်နဲ့ ဒီပန်းကလည်း သူ့ခြံတွင်းက ပစ္စည်းမို့ ငါလည်း မပိုင်ဘူးလို့နော်၊ အဲ. . . အဲ. . . အဲဒါလဲ မင်းတို့မမလေးကို ပြောပြလိုက်စမ်းပါဦး. . . ငါ့ လူရာ'

www.burmeseclassic.com



လူငယ်သည် ကျွန်တော့် စကားဆုံးအောင် မစောင့်တော့၊ ကျွန်တော့်စကားဆုံးအောင် နားထောင်လျှင် သူ့ဦးနှောက် ချာချာလည်မွှတ်၍ ရူးသွပ်သွားမည် စိုးသည်အလား အနားမှ လျင်မြန်စွာထွက်ပြေးသွားသည်။

တစ်ယောက်တည်း ကျန်ရစ်ရာမှ ကျွန်တော်သည် ရွှေငုံပွင့်တို့နှင့် ဂုဏ်တင့်နေသော ပိတောက်ပင်မြင့်အား မော့်ကြည့်မိပြန်သည်။ မော့်ကြည့်မိစဉ် လူငယ်အား ကျွန်တော်ပြောခဲ့မိသော စကားများကို ပြန်လည်သုံးသပ်ကြည့်မိသည်။ သို့ရာတွင်. . . ဘာကြောင့် ထိုစကားရပ်တို့ကို ပြောမိခဲ့လေသည်မသိ။

ပိတောက်ပင်ရိပ်မှ ရှေ့တည့်တည့်သို့ မျှော်ကြည့်လျှင် နွေဦးမြူဝေ့သည့် ရှမ်းရိုးမတောင်မင်း ပြာပြာကို တွေ့ရသည်။

တရံရောက ထားသခင်နှင့်ကျွန်တော့်ကြားဝယ် ဤတောင်တန်းပမာ အချိန်ရာသီတို့ ပိုင်းခြားကာဆီးခဲ့ပြီးလေပြီ။ ပိတောက်ပွင့်သည်ကို မြင်မှ ရင်၌ လွမ်းငွေ့သည် မြူသို့ပမာ အဘယ်ကြောင့်ဝေ့ရပါသနည်း။

ကျွန်တော်က သက်ပြင်းချလိုက်သည်။ သက်ပြင်းချ၍ အတွေးစကို သိမ်းတတ်သော အကျင့်ရသည်မှာလည်း ကြာပေပြီ။

အိမ်တွင်းသို့ ပြန်ရောက်သောအခါ လက်ဖက်ရည်စားပွဲ၌ ကိုသက်ဆွေကို အိမ်ရှင် မန္တလေးတက္ကသိုလ် သချင်္ချာဌာန ဆရာကိုလေးချို့တို့ မောင်နှံနှင့်အတူ တွေ့ရသည်။

'ဘယ့်နှယ် ခင်ဗျား ပျောက်သွားတာလဲ'

ကိုလေးချိုက မေးသည်။

'ပိတောက်ပင်အောက်ကိုပါ. . . '



BURMESE CLASSIC .com

www.burmeseclassic.com



'သြော် ဟုတ်တယ်၊ ခုနက ကိုမြင့်ခိုင် တစ်ဖက်ခြံက မောင်စိုးနဲ့ စကားပြောနေတာ ကျွန်မတွေ့လိုက်တယ်'

'မောင်စိုးဆိုတာ ဘယ်သူလဲ'

ကိုလေးချိုက သူ့ဇနီးအားမေးသည်။

သြော်. . . ရှင်မသိသေးဘူး၊ ဟိုဘက်ခြံက အငြိမ်းစားစက်ရှင် မင်းကြီးရဲ့ သားလေးဟာလေ၊ တစ်နေ့ကမှ မန္တလေးတောင်မှာ ဆုံကြရင်းသိခဲ့ကြတာ၊ ဒီလိုကိုမြင့်ခိုင်၊ အဲဒီမောင်စိုးတို့ ဒီပြောင်းလာတာ တစ်လလောက်ပဲ ရှိဦးမယ်၊ ဒါကြောင့်မို့လို့ တစ်ဦးနဲ့တစ်ဦး သိပ်မသိကြသေးဘူး'

'သြော်. . . သြော်. . . ဒါကြောင့်ကိုး'

ကျွန်တော်က ပေါင်မုံ့ထောပတ်သုတ် တစ်ချပ်ကိုယူစားရင်းမှတ်ချက်ချမိသည်။

'ဘာလဲ ဒါကြောင့်ကိုးဆိုတာက'

ကိုသက်ဆွေက သတင်းစာဖတ်ရင်း နားထောင်နေရာမှ မေးသည်။

'ကျွန်တော့်ကို အိမ်ရှင်မှတ်လို့ ထင်ပါရဲ့။ ပိတောက်ပန်းလာတောင်းတယ်။ သူတို့ မမလေးက ပန်ချင်လို့ဆိုလားမသိဘူး'

'သူတို့မမလေးက'

ကိုလေးချိုတို့ လင်မယားနှစ်ဦးစလုံးသည် ပြိုင်တူဆိုလိုက်ကြပြီး တစ်ဦးမျက်နှာတစ်ဦးလှမ်းကြည့်ကြသည်။

'ဘာဖြစ်လို့တုန်း'

'မမလေးဆိုလို့ပါ၊ ဒီအိမ်မှာ မောင်စိုးတို့အမေနဲ့ ထမင်းချက်မိန်းမကြီးကလွဲပြီး တခြားမိန်းမသား တစ်ယောက်ကိုမှ မမြင်ဖူးဘူး။



BURMESE CLASSIC .com

www.burmeseclassic.com



ဟိုနေ့ကတောင် မောင်စိုးက သူဟာတစ်ယောက်တည်းသားဖြစ်တဲ့ အကြောင်း၊ ပြီးတော့ ခုလိုကျောင်းပိတ်ချိန် အိမ်ပြန်လာရတာ အဘိုးကြီးတွေ အဘွားကြီးတွေနဲ့ချည်းနေရလို့ ငြီးငွေ့ကြောင်း ပြောလို့ တို့အိမ်ဘက် လာလည်ပါကွယ်လို့ ဖိတ်လိုက်မိသေးတယ်'

မယဉ်မြင့်က ကျွန်တော့်အတွက် ပန်းကန်တစ်လုံးတွင်လက်ဖက်ရည် ငှဲ့ပေးရင်း ရှင်းပြသည်။

ကိုသက်ဆွေမှာလည်း စိတ်ဝင်စားလာဟန်နှင့် သတင်းစာကို ဘေးချလိုက်ကာ. . .

'ဆိုပါဦး၊ ပိတောက်ပန်း လာတောင်းတာ ခင်ဗျားက ဘာပြောလွှတ်လိုက်လဲ'

'ဘာတွေပြောမိလိုက်မှန်းတောင် မသိပါဘူး'

အားလုံးက မျက်လုံးပြူး၍ ကျွန်တော့်အား ကြည့်ကြသည်။

'ဘုရားရေ၊ ကိုယ်ပြောတာကို ကိုယ်ဘာတွေ ပြောလိုက်မိမှန်း မသိဘူး'

မယဉ်မြင့်က တခစ်ခစ် ရယ်ရင်း အံ့သြလိုက်ရာမှ 'အင်း ကျွန်မတို့အိမ်လည်း ဘယ်လိုလူတွေ ရောက်နေလဲ မသိဘူး' ဟု ကိုသက်ဆွေကို လှမ်းကြည့်ရင်း ညည်းသယောင် နောက်လိုက်၏။

'ဘယ်လိုလူတွေရမလဲ။ တစ်ယောက်က သချ်ာဆရာ၊ တစ်ယောက်က ဖီလိုဆိုဖီသမား။ သူတို့ပြန်လို့ မောင်တို့ ရူးမကျန်ရင် ကံကောင်းပဲ'

ကိုလေးချို့ကြီးကလည်း ရယ်မောရင်း ကျွန်တော်တို့နှစ်ဦးအား နှက်လိုက်သည်။ မှန်နေသဖြင့် ကိုသက်ဆွေနှင့် ကျွန်တော်မှာ ပြန်မချေနိုင်ဘဲ ပြုံး၍သာ နေလိုက်ကြရသည်။ မယဉ်မြင့်သည် ငြိမ်နေ

www.burmeseclassic.com



ရာမှ 'ဟော. . ကျွန်မအကြံရပြီ' ဟုအော်သည်။

'ဘာလဲ'

'အဲဒီဟိုဘက်ခြံက မိန်းကလေးဆိုတာဘယ်သူလဲ၊ ဘယ်လိုလဲ။ အဲဒါ ကျွန်မသိအောင် လုပ်မယ်'

မယဉ်မြင့်သည် ပြောပြောဆိုဆို အိမ်နောက်ဖက် ထွက်သွားကာ. . 'ကိုစံထွန်း. . ကိုစံထွန်း' နှင့် အိမ်ဖော်ယောကျ်ားကြီးကို လှမ်းခေါ်နေ၏။

'ကဲ-သူ့ဘာသာသူ လုပ်ချင်တာလုပ်နေပစေ။ မြို့ထဲသင်္ကြန် လျှောက်ကြည့်ကြမယ် မဟုတ်လား၊ စားသောက်ပြီးပြင်ဆင်ကြတာပေါ့။ တော်တော်ကြာ ကားလာခေါ် လိမ့်မယ်၊ တစ်ခုတော့ရှိတယ် ကိုမြင့်ခိုင် ခင်ဗျားရွှေမန်းသင်္ကြန်ကို တစ်ခါကြုံဖူးရင် လျှာလည်ပြီး နှစ်တိုင်းမလာဘဲ မနေနိုင်ဖြစ်သွားမယ်'

ကိုလေးချိုက သတိပေးသဖြင့် ကျွန်တော်တို့နှစ်ဦးသည် လက်ဖက်ရည်ပွဲမှ ထကာ အဝတ်အစား လဲလှယ်ပြင်ဆင်ကြသည်။

မကြာမီ မယဉ်မြင့် ပြန်ရောက်လာသည်။

'ဟေး. . . . ကိုမြင့်ခိုင်ကြီး။ ရှင်တော့တစ်ဖူနာတာပဲ'

သင်္ကြန်စိတ်ဓာတ်ကြောင့် ပျော်ရွှင်နေပုံရသူ မယဉ်မြင့်သည် သွက်လက်စွာပြောသည်။

'ဆိုပါဦး. . . '

'ပိတောက်ပန်း တောင်းတဲ့ မမလေး ဆိုတာကို ကျွန်မတွေ့ခဲ့ပြီ. . . '

'ဟ-ငါ့မိန်းမက ဟုတ်လှချည်လား၊ ဆက်ပါဦး. . 'ဟု ကိုလေးချိုကဆို၏။

www.burmeseclassic.com



'ကိုစံထွန်းကို ပန်းခူးခိုင်းပြီး ကျွန်မကိုယ်တိုင် သွားပေးပြီး မိတ်ဖွဲ့တာပေါ့. . .'

'ဒီတော့. . .'

ဒီတော့ ရှင့်-ကိုမြင့်ခိုင် တစ်ဖူနာတာပေါ့. . .'

'ဟောဗျာ. . . ဘာပြုလို့. . .'

'အဲဒီမိန်းကလေးက သိပ်ချောတယ်ရှင့်။ ပြီးတော့ သိပ်သိက္ခာရှိတယ်၊ စကားပြောတာကလည်း သိပ်အေးပြီး ညင်သာတာဘဲ။ အဟုတ်ပြောနေတာ. . .'

'သြော်. . .'

'သြော. . မနေနဲ့ ရှင်စိတ်မဝင်စားဘူးလား. . .'

'ရော. . . ခက်ပါပြီ. . .'

ကျွန်တော်က အသာရယ်မောမိသည်။

'ကျွန်မ မေးနေတာ ဖြေစမ်းပါဦး. . .'

'စိတ်မဝင်စားရဲပါဘူးဗျာ. . .'

'ဘာပြုလို့လဲ. . .'

'သိပ်ချောရင် သိပ်ကြောက်တယ်။ ပြီးတော့ သိပ်ချောတဲ့ မိန်းမတစ်ဦးဟာ ပိတောက်ပန်းနဲ့လည်း ပတ်သက်လာမယ်ဆိုရင် ကျွန်တော်ပိုလန့်တယ်. . .'

မယဉ်မြင့်သည် နောက်နေသည်လော အတည်ပြောသည်လော စူးစမ်းဟန်နှင့် ကျွန်တော့်မျက်လုံးများကို ခေတ္တ စူးစိုက်ကြည့်နေသည်။

'ရှင်ဟာ တော်တော်စိတ်ကူးယဉ်တာပဲ ကိုမြင့်ခိုင်၊ ဒါပေမယ့် ထပ်ပြောရဦးမယ်၊ မျက်လုံးပြာပြာ အသားဝါဝါနဲ့ ထားဟာ တော်



BURMESE CLASSIC .com

www.burmeseclassic.com



တော်တော့ ကျက်သရေရှိတာပဲရှင့်. . .'

'ခင်ဗျာ. . . ဘာတဲ့. . .'

'ဪ-သူ့နာမည်ကိုလည်း ကျွန်မသိခဲ့ရတယ်လေ၊ ထား. . . တဲ့ရှင့်. . .'

ကျွန်တော့်ရင်တွင်း၌ အသည်းနှလုံးတို့ လှုပ်ရှားမှု ရပ်တန့်သွားသည်ထင်မိ၏။ လူမှာလည်း သိသိသာသာ ခြောက်ခြားသွားမိ၏။

'ထား. . .'

ဤနာမည်ကိုပင် အမှတ်မထင် ရေရွတ်လိုက်မိ လေသည်။

ထိုခဏ၌ပင် ဆူညံပျော်ရွှင် သီဆိုအော်ဟစ်သံများနှင့်အတူ ဂျစ်ကားတစ်စီးသည် ခြံတွင်းသို့ဝင်လာသည်။

ကျွန်တော်ကမူ နန်းဆန်သည် ဆိုသော ဤမန်း၏သကြၤန်ဝယ် အားသန်မျှော်လင့်ခဲ့သကဲ့သို့ ပျော်ရန်အရေးကို တွေးဆသံသယ ဖြစ်လိုက်မိပါ၏။

(၃)

သင်္ကြန်မိုး ညိုညိုရိပ်လေသဖြင့် မန်း၏ သင်္ကြန်ရာသီမှာ စိတ်၌ ထင်ခဲ့သည်သို့ မပူပြင်း. . .။

ကျွန်တော်တို့၏ ကားသည် အရှေ့ပြင် စီပီလိုင်းမှရေပေါသော တောင်ဘက် ကျုံးဘေး ဘီလမ်းတစ်လျှောက် မောင်းလာခဲ့သည်ဖြစ်ရာ ထွက်သည် ဆိုကတည်းက ကားပေါ်ရှိလူမှန်သမျှမှာ ရွှဲရွှဲစိုကုန်တော့သည်။ ယခုအချိန်အထိပက်ခဲ့သည်မှာ ကလေးတို့ပင်ဖြစ်သော်



BURMESE CLASSIC .com

www.burmeseclassic.com



လည်း နို့ဆီခွက်ကို လက်ကိုင်မြဲအောင် ညှစ်လျက် ကျောကွဲအောင် ခုတ်ပက်သော ရန်ကုန်သင်္ကြန်ဒဏ်မျိုးမခံရသေးသည့် အချက်သည် ပင် မန်းသင်္ကြန်ထူးခြားမှုဟု ကျွန်တော်နားလည်လိုက်သည်။

မင်္ဂလာဈေးရပ်ကွက် ရောက်လျှင်ပင် မန်းသင်္ကြန်၏အလှကို စတင်တွေ့ရသည်။

မင်္ဂလာတံခါးမှ တောင်ဘက် မန်းတက္ကသိုလ်ဆီ ဦးတည်သွယ် တန်းလျက်ရှိသော လမ်းမကြီးတစ်လျှောက် ကွေ့ဝင်ခဲ့ရာ ဈေးဦးစွာ လက်ယာဘက်၌ 'ငြိမ်းချမ်းမယ်' ရေသဘင် အဖွဲ့ကို တွေ့ရသည်။ မလှမ်းမကမ်း လက်ဝဲဘက်တွင် 'ဖွဲ့နှင့်မာလာ' ရေသဘင်အဖွဲ့ရှိသည်။

မဏ္ဍပ်တို့ထက်မှ တူညီရောင်စုံဝတ် လှပျိုဖြူများ၏ ကကြိုးမှာ ယဉ်သမျှ ချိုတေးသံပြိုင်မှာ လွင်လှသည်။ တီးဝိုင်းတို့မှ ဂီတသည် လည်း ဝေလှိုင်စည်ပင်သဖြင့် ကြုံကြိုက်ရသူ အဖို့ မြူးရွှင်ဖွယ်ရာပင် တည်း။

ကျွန်တော်တို့၏ ကားပေါ်၌ကိုသက်ဆွေ၏တပည့် မန်းတက္ကသိုလ် ကျောင်းသားများဖြစ်ကြသည့် စောင်းဆရာလေး ကိုမြင့်ဆွေ၊ ဂီတ သမားလေး ကိုအေးကို၊ အားကစားချန်ပီယံ အာသာတင်၊ အဆိုကျော် ကိုတင်မောင်မြင့်၊ လူရွှင် ကိုပါငယ်၊ လူပျော် တွန်မီစသော လူငယ် များ ပါကြသည်။

ကျွန်တော်တို့ကားသည် အခြားရေပက်ခံ ကားများနည်းတူ ငြိမ်းချမ်းမယ် ရေသဘင် အဖွဲ့ရှေ့၌ ထိုးရပ်လိုက်သည်။ ကားမရပ်မီ ကပင် ကျွန်တော်တို့ ကားပေါ်မှ လူငယ်တစ်သိုက်မှာ မန္တလေးဂျပိုး များပီပီ ရပြီးဖြစ်နေသည့် သင်္ကြန်သီချင်းများကို အော်ကာဟစ်ကာ သီဆိုကာနှင့် ထထကြွကြွဖြစ်နေကြလေပြီ။



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

ကားရပ်လျှင် ရပ်ချင်း ပါငယ်နှင့် တွန်မီသည် စက်ဖုံးပေါ်သို့ ခုန်တက်ကာ ကွေးနေအောင် ကဟန် ပြင်သည်။ သို့ရာတွင် ထို ခဏာ၌ပင် တီးလုံးဆုံးသွားသဖြင့် ဆိုင်းမှာရပ်သွား၍ မင်းသားနှစ် ပါး မှာ လက်ကြီးများ မြှောက်လျက် အကြောင်းသားကျန်ရစ်သည်။ ဘေး ပရိသတ်က ဝါးကနဲ ဝိုင်းရယ်ကြသည်။ တွန်မီက အရှုံးမပေး။ ပါးစပ် ဆိုင်းတီးကာ 'ဗျာငန့်ငန့် တွာငန့်ငန့်' ဟု အော်ရင်း ဆန့်ငင် ဆန့်ငင်နှင့် ကပြ၏။ ပါငယ်ကမူ သွားကြီးဖြဲလျက် စပ်ဖြဲဖြဲလုပ်ရင်း 'အမယ်လေး. . ရှက်လိုက်ထာ' ဟု ပြောင်ချော်ချော်နှင့် ဆိုသည်။

ပရိသတ်များက ဝိုင်းရယ်ရုံရယ်သည်။ ရန်စနောက်ပြောင်မှုမရှိ။

'ဟေ့-ဒီမှာမဖြစ်ဘူး၊ အဖွဲ့ကျတဲ့ဆီသွားမယ်။ ဘုရင်မာလာမှာ အကြိုပွဲတော်တုန်းက ကကြတဲ့ကလေးမတွေရှိတယ်၊ ဘယ့်နှယ်လဲ'

အာသာတင်က အကြံပေးသည်။

'ဟာ-ဟုတ်ပြီ၊ သွားမယ်. . . ဘုရင်မာလာကို. . . '

ဤသို့ဖြင့် ကျွန်တော်တို့ကားသည် ထွက်ခဲ့ကြပြန်သည်။

ဆေးရုံကြီးအရှေ့ဘက် ကပ်လျက်ရှိသောလမ်းမှ မြောက်ဘက် ဦးတည် ထွက်ခဲ့သော် ဘီလမ်းသို့ပြန်ရောက်၍ 'ပိတောက်ရွှေဝါ' ရေသဘင်မဏ္ဍပ်ကို တွေ့ရသည်။ မဏ္ဍပ်တွင်းမှ မိန်းမပျိုများမှာ မိမိ တို့၏ အဖွဲ့နာမည်နှင့် လိုက်အောင်ပင် တူညီရောင်စုံ ရွှေဝါဝင်းနှင့် ဖြစ်ကြသည်။

မဏ္ဍပ်တွင်းမှ စန္ဒယားသံနှင့်အတူ လွင့်ပျံလာနေသော တေးသံ တို့ကိုနာခံရင်း အကကိုငေးကြည့်နေသော ကျွန်တော်တို့ကားအနီးသို့ လူတစ်ယောက်သည် မသိမသာချဉ်းကပ်လာ၏။ အနီးသို့ ရောက်သည် နှင့် တစ်ပြိုင်နက် ထိုသူသည် မိမိ၏ လက်တွင်းမှ တစ်စုံတစ်ခုနှင့်ကား

www.burmeseclassic.com



ပေါ်မှ လူသိုက်အား သွက်လက်စွာ သုတ်လိမ်းလိုက်သည်။ မကြာမီ စပ်ဖြဲဖြဲဖြစ်နေသော တွန်မီတို့ လူသိုက်၏မျက်နှာတို့တွင် မျက်နှာချေ ကွက်ကျားတို့ကို တွေ့ရ၏။

'ဒါက ဘာလုပ်တာလဲ. . .'

ဆီစိပ်မျက်နှာချေနဲ့ လိုက်သုတ်တာပေါ့။ အိုးမည်းနဲ့ သုတ်တဲ့ သဘောပါပဲ။ စိတ်မဆိုးရဘူးဆရာ. . .'

တွန်မီက ရှင်းပြနေစဉ် ပါငယ်က ထိုလူ့နောက် ပြေးလိုက်သည်။

'ဒီမှာကိုယ့်ဆရာ၊ ဒီလိုမစို့မပို့တော့ မလုပ်ပါနဲ့ ချောပြီးသားလူ တွေ ရုပ်ပျက် ဆင်းပျက်ဖြစ်ကုန်ပြီ။ ရှစ်ကြီးခိုးပါရဲ့ လိမ်းမယ့်လိမ်း လည်း တစ်မျက်နှာလုံးလိမ်းရအောင် နဲနဲ ထပ်ပေးပါဦး. . .'

သို့နှင့် ပိတောက်ရွှေဝါမဏ္ဍပ်မှ ထွက်ခဲ့ချိန်တွင် ကိုသက်ဆွေ နှင့် ကျွန်တော်မှတစ်ပါးကားပေါ်ရှိ လူအားလုံးမှာ ပြဇာတ်မင်းသားများ ပမာ မျက်နှာချေ အဖွေးသားနှင့် လှနေကြသည်။

'ဆရာတို့ကော လိမ်းပါဦးလား မျက်နှာပြောင်လို့ကောင်းတယ်. . .'

'တော်စမ်းပါကွယ်. . . ရှက်စရာကြီး. . .'

'အံမယ် ရေပက်ခံထွက်မှတော့ ရှက်မနေနဲ့ဆရာ၊ ရူးနိုင်လေ လူ ကောင်းဆန်လေပဲ'

ဆက်ထွက်ခဲ့ရာ ဈေးချိုဘက်နီးလေ စည်လေဖြစ်သည်။ လမ်း မကြီး တစ်လျှောက်မှာ ဆူညံအော်ဟစ်သံ၊ သီချင်းသံ၊ ကားသံတို့နှင့် ပြည့်လျှံနေ၏။

ထိုစဉ် ကြီးမားလှသော အလှပြကားကြီးတစ်စင်း အဝေးမှ လာ နေသည်ကို မြင်ရသည်။ ကားပေါ်မှ အနောက်တိုင်းတူရိယာမျိုးစုံ တီးမှုတ်သံကိုပါ လှမ်းကြားနေရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟော ထီလာမောင်လာနေပြီ. . .'

ပြောသည့်အတိုင်းပင် အလှုပြကားကြီးအနီးသို့ ရောက်သော အခါ ကားဘေး၌ ထီလာမောင် ရေသဘင်အဖွဲ့ဟု ပန်းချီရေးထား၏။ ဤနေရာ၌ ရန်ကုန်နှင့် ခြားနားချက်တစ်ရပ်ကို တွေ့ရပြန်သည်။

ရန်ကုန်သင်္ကြန်၏ အလှုပြင်ကားမှာ သရုပ်ပြကားများဖြစ်သည်။ မန်း၏ အလှုပြကားများမှာ ဂီတ၊ တီးဝိုင်း ကားများသာ ဖြစ်သည်။ စိတ်ကူးဉာဏ်အလိုက်မူ ကားများကို ပန်းချီဆေးရေးလျက် အလှုပြင်ထားသည်။ ကားပေါ်တွင် ထိုင်ခုံအဆင့်ဆင့်နှင့် တီးဝိုင်းသမားများ၊ အဖွဲ့သား များ ရိုးရိုးတူညီဝတ်စုံဝတ်၍ လိုက်ပါကြသည်။ သုံးသောတူရိယာမှာလည်း ပြွေ၊ ကလာရီနက်၊ ဆက်ဆိုဖုံး၊ အကော်ဒီယံ စသည့် အနောက်နိုင်ငံ တူရိယာများဖြစ်ကြသည်။

ကားပေါ်မှ တေးသံစုံသည် ကျွန်တော့်နားတွင်းသို့ စူးရှစွာဝင်လာသည်။ အရှုးချေးပန်း ရော့အင်ရိုးပင်တည်း၊ ကားပေါ်မှ လူအများမှာလည်း တေးအလိုက် ထထကြွကြွ ရိုးရိုးရွရွနှင့် ဂဏာမငြိမ် ကခုန်မြေမရ လိုက်ပါလာကြသည်။

'ဘယ့်နှယ့်လဲဆရာ ကျက်သရေမယုတ်ဘူးလား'

စောင်း မောင်မြင့်ဆွေက သရော်ပြုံးနှင့် ကျွန်တော့်အားမေးသည်။ ကျွန်တော်ကမူ အသာသာ ပြုံးမိသည်။

'ဆက်သာ သွားကြပါစို့ကွယ်'

သို့ရာတွင် ဆက်ထွက်လာသော ကျွန်တော်တို့ကားသည် ဈေးချိုနာရီစင်အရောက်တွင် ဗိုလ်ချုပ်လမ်းကြီးတစ်လျှောက် တောင်မှမြောက်သို့လာနေသော အလှုပြကားကြီးတစ်စင်းကို တွေ့ရပြန်သည်။

'ဒါက သင်္ဂဟ'



BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် တေးသံမှာ ရော့-အင်-ရိုး ပင်တည်း။

ဈေးချိုမှ အနောက်ပွဲကုန်းဘက်သို့ ရောက်လောလေ ရေသာဘင် မဏ္ဍပ်တို့ များလေလေဖြစ်၍ ရေပက်မှုမှာလည်း စည်လာလေဖြစ်၏။

တစ်နေရာရောက်သော် ဘီလမ်းအတိုင်း မောင်းလာရာမှ ကျွန်တော်တို့သည် တောင်ဘက်သို့ချိုးဝင်လာခဲ့၏။ အိမ်တော်ရာ ဘုရားဘေးမှကပ်ကွေ့၍ အရှေ့သို့ အနည်းငယ်လာမိလျှင် နာမည်ကြီး "ဘုရင်မာလာ" အမျိုးသမီးရေသာဘင်မဏ္ဍပ်သို့ ရောက်ခဲ့သည်။ ဤနေရာရောက်မှပင် စိတ်လည်းချမ်းသာတော့သည်။

ပတ်ဝိုင်း ခေါင်းဆောင်သော မြန်မာစစ်စစ်တူရိယာသံစုံမှာ မြိုင်ဆိုင်နေ၏။ မဏ္ဍပ်ထက်တွင် ခရမ်းရင့်ရောင်ပါတိတ်ထဘီ တူညီဆင်လျက် ယဉ်ကျေးဖွယ်ရာ ယိမ်းနွဲ့ဝိုင်းဖွဲ့ကနေလေသော မိန်းမပျိုများကို တွေ့ရ၏။

မိန်းမပျိုအားလုံး၏ မျက်နှာလေးများမှာ ရွှန်းသစ်နုပျိုသော အရွယ်အလိုက် သန့်စင်ဝင်းကြည်နေကြ၏။ မှုန်နံ့သာရောင်ကြောင့် ပန်းနုရောင် စိုစိုပြေးနေသော ပါးကလေးများပေါ်တွင် စဉ်ပက်ခိုတွဲနေသည့် ရေစက်ရေပေါက်တို့ကြောင့်ပင် အသွင်တို့မှာ ပိုမိုလန်းရွှင်နေကြ၏။

"ဘုရင်မာလာ ဆုမွန် တောင်းတယ်၊ မာကြစေကြောင်းနဲ့ သာကြစေကြောင်းနဲ့ နှစ်ဟောင်းကုန် နှစ်သစ်ပြောင်းချိန်ဝယ်"

ရေဖြင့် ရွှဲရွှဲစိုလျက်ရှိသော ထဘီကလေးများကို ထိန်းကာ မ,ကာနှင့် ယိမ်းကရင်း သီဆိုသံတို့မှာလည်း ရင်အေးဖွယ်ရာပင် ဖြစ်ပေသည်။

မဏ္ဍပ်ရှေ့ လမ်းတစ်လျှောက်၌ ရေပက်ခံကားအမျိုးမျိုးတို့မှာ

www.burmeseclassic.com

## တန်ချူးလေနှင့်လျောတော့သည်

တသီတတန်း တမျှော်တခေါ် ဆိုက်နားစောင့်စားလျက် ရှိသည်။ ကားထက်မှ လုလင်ပျိုတို့က တေး၏စည်းချက်နှင့်အညီ လက်ခုပ်လိုက်ပေးနေသည်။ လှည့်ပတ်ကရင်း လုလင်ပျိုတို့အနက်မှ ဆိုင်ရာ၊ ခင်ရာ၊ ကြင်ရာသို့ မျက်လုံး ဝိုက်ဝေ့လျက် ရှက်စနိုးပြုံးထေ့ထေ့ လုပ်ကြည့်သော မန်း၏အပျိုချောတို့၏ ဟန်အမူရာမှာ သိမ်မွေ့သမျှ ကြည်နူးဖွယ်ရာလည်း ဖြစ်သည်။

'ဒီနေရာမှာ ရေပက်ခံကား ပိုများတယ် ထင်တယ်'

ကျွန်တော်က လမ်းပြည့်မျှ စီတန်းရပ်နေသော ကားများထက် မြူးရွှင်နေသည့် လူများအားကြည့်ရင်း မှတ်ချက်ချမိသည်။

'ဟုတ်တယ်ဆရာ။ ဒီမဏ္ဍပ်ကအမျိုးသမီးတွေကသဘောကောင်းပြီး ကားမရွေးဘဲ ကပြ၊ ဆိုပြကြတာကိုး။ တချို့မဏ္ဍပ်တွေက အလှပြကားပေါ်က အရူးချေးပန်း မောင်တွေကိုမှ အသားပေးချင်ကြတယ်. . .'

မောင်မြင့်ဆွေက စည်းချက်အလိုက် လက်ခုပ် တီးရင်း ပြန်ဖြေသည်။

မှန်လည်းမှန်ပေသည်။ မဏ္ဍပ်ရှေ့တည့်တည့်၌ ဂျစ်ကားတစ်စီးရပ်နေသည်။ ကားပေါ်မှ လူငယ်တစ်သိုက်မှာ လက်မြောက်ချည် ခါးနွဲ့ချည်နှင့် အမျိုးသမီးများနှင့်ပြိုင်လျက် ကနေကြ၏။ အချို့ကမူ ကနေသော အမျိုးသမီးများအား လှမ်း၍ ရေနှင့်ပက်နေ၏။ မဏ္ဍပ်ထက်မှ အမျိုးသမီးအချို့ကလည်း ငွေဖလားများနှင့် ပြန်လှန်ပက်ကြသည်။

ထိုကား၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း ကားများတစ်ထပ်ကြီးရှိကြသည်။ သို့ရာတွင် ချီးမွမ်းအံ့သြဖွယ်ကောင်းသည်မှာ မိမိအလှည့် မရောက်မချင်း စောင့်ကြ၏။ တခြားကားအား မနှောက်ယှက်မသရော်၊ ဝိုင်းကူ၍ပင် ညာသံပေးလက်ခုပ်တီးကူညီကြသည်။

www.burmeseclassic.com



မဏ္ဍပ်ရှေ့ရှိကားနှင့် ကျွန်တော်တို့၏ကားကြားတွင် အခြားကားတစ်ကားရှိသေးသည်။ အလှည့်ကျရန် ကြာဦးမှန်းသိသဖြင့် ကိုသက်ဆွေနှင့် ကျွန်တော်က အောက်သို့ခေတ္တဆင်း အညောင်းဆန့်ကြသည်။

တွန်မီနှင့် ပါငယ်တို့ကမူ မဆင်း။ ကားပေါ်၌ ကွေးနေအောင်ကနေရစ်ကြသည်။ အာသာတင်နှင့် မောင်မြင့်ဆွေက မဏ္ဍပ်အတွင်းဝင်၍ သူတို့၏အသိ တက္ကသိုလ်ကျောင်းသူလေးများကို ဝင်ရေလောင်းကြသည်။

'မောင်အေးကိုကော ရေဝင်လောင်းပါလား. . . '

ကျွန်တော်က မန်းဆေးတက္ကသိုလ် ကျောင်းသား စာဂျပိုးလေး မောင်အေးကို ကိုပြောမိသည်။

'မလုပ်ပါနဲ့ဆရာ၊ ကျွန်တော်က သတ္တိမရှိဘူး'

အမျိုးသမီးအားလုံး က ကြသည်မဟုတ်၊ အချို့မှာ ဝိုင်းထိုင်လျက် လက်ခုပ်တီးရင်း သီချင်းဆိုပေးကြသည်။ ၎င်းတို့အနက်မှ မိန်းမပျိုတစ်ဦးသည် ကိုသက်ဆွေအားမြင်သော်. . . ပြုံး၍နှုတ်ဆက်သည်။ ထို့နောက် ဖလားကြီးတစ်လုံးကိုင်ကာ ဆင်းလာ၍ ကိုသက်ဆွေကစကာ ကျွန်တော်တို့ကိုပါ ရေနှင့်လောင်းသည်။

'ဆရာက မထွက်စဖူး ထွက်လာလို့ ရေကန်တော့လိုက်ရတယ်'

မိန်းမပျိုက ချစ်စဖွယ် ပြုံးရင်းဆိုသည်။

'ဟုတ်တယ်ကွယ်၊ ဟောဒီက ဆရာ့မိတ်ဆွေ ရန်ကုန်ကတက်လာလို့ လိုက်ပြရင်း ထွက်လာတာပါ။ ကဲ-နုနု၊ ဆရာတို့ကို ဆိုလို (တစ်ပင်တိုင်) ကပြပါလား'

မိန်းမပျိုက သွက်လက်စွာခေါင်းညိတ်ပြီး မဏ္ဍပ်စင်ပေါ်တက်သွားသည်။ ထို့နောက် တီးဝိုင်းဆရာတို့နှင့် တီးတိုးတိုင်ပင်၏။

www.burmeseclassic.com



အားလုံးနားကြသောအခါ နုနုတစ်ဦးတည်း တီးဝိုင်းနှင့် တစ်ပင်တိုင် ကပြသည်။

ကျွန်တော်သည် နုနု၏အကအား သေသေချာချာကြည့်မိသည်။ လက်ချိုး၊ ခြေသည်၊ ကိုယ်နေမှုစ၍ သဘင်သည်များပမာ ပိရိ သပ်ရပ် ပိုင်နိုင်လှ၏။

'မန္တလေးက အမျိုးသမီးတိုင်းလိုလိုဟာ စံနစ်တကျကတတ်တယ်။ ယဉ်ကျေးမှု မြို့တော်သူတွေမဟုတ်လား'

ကိုသက်ဆွေက ကျွန်တော်၏စိတ်ကိုသိသည့်ဟန် ရှင်းပြသည်။

နုနုကပြီးသော် 'ကဲ-ကျေနပ်ပြီလား' ဟု မေးသည့်ဟန်ပြုံးကြည့်ရင်း လက်ပြ၍ထိုင်လိုက်၏။

ထိုအချိန်တွင် ကျွန်တော်တို့၏ကားမှာ မဏ္ဍပ်ရှေ့၌ ဆိုက်မိပြီဖြစ်သည်။

ခင်မင်ပြီးသားဖြစ်သဖြင့် ကျောင်းသူတစ်ဦးကထွက်၍ တစ်ပင်တိုင်အကနှင့် ဖြေဖျော်သည်။ ဖိုးက,ချင်များဖြစ်သူ ပါငယ်နှင့်တွန်မီတို့မှာလည်း စက်ဖုံးထက်၌ ရောက်နေကြပေပြီ။ သို့ရာတွင် ဆိုင်းဆရာက ပညာစမ်းတော့၏။ အငြိမ့်ကနေရာမှ ဘီလူးဆိုင်းပြောင်းသွားသည်။ ပါငယ်နှင့် တွန်မီမှာ ချောက်ကျမည့်ဆဲဆဲတည်း။ အမျိုးသမီးကမူ ဘီလူးကကို ပိုင်နိုင်စွာကနေ၏။

ထိုအခိုက်တွင် ကျွန်တော်တို့ကားထဲ၌ ယခုအထိငြိမ်သက်စွာလိုက်ပါလာသောဓာတ်သတ္တုအခြေအမြစ်ရှာဖွေရေးဌာနအရှိ ဦးမောင်မောင်သင်က စက်ဖုံးပေါ် ခုန်တက်လိုက်၍ အမျိုးသမီးနှင့် အပြိုင်ကသည်။ ဆိုင်းမှာ တစ်မျိုးပြီးတစ်မျိုးပြောင်း၍ ခုနစ်ထွေကကို စမ်းနေသည်။ ပါငယ်နှင့် တွန်မီ ထိုင်သွားသော်လည်း ရန်ကုန်တက္ကသိုလ်

www.burmeseclassic.com



ငွေရတုသဘင်၊ ကျောင်းသားပွဲတော်တို့၌ အမျိုးမျိုး နွှဲခဲ့ဖူးသော ကိုမောင်မောင်သင်မှာ ခုနစ်ထွေကကို အမျိုးသမီးနှင့် အပြိုင်ကြနေ၏။

ကျွန်တော်သည် မျောက်က ကနေသော ကိုမောင်မောင်သင်နှင့် တဟားဟားပွဲကျရင်း လက်ခုပ်တီးသြဘာပေးနေသော ပရိသတ်တို့အားကြည့်ရင်း ပျော်ရွှင်နေမိသည်။

ထိုခဏတွင်ပင် လူငယ်တစ်ဦးက ကျွန်တော့်ထံပြေးလာသည်။

'ဟာ. . . ဆရာပါလား။ ဆရာလည်း ဒီရောက်နေတာကိုး၊ စောစောကတည်းက တူပါတယ်လို့ကြည့်နေတာ. . .'

လူငယ်မှာ ရန်ကုန်တက္ကသိုလ်မှ ကျွန်တော်၏ တပည့်တစ်ဦးဖြစ်သည်။

'သြော်. . . မောင်ညွန့်လွင် ပါလား၊ သကြန်တက်လည်တယ်ထင်တယ်. . .'

'ဟုတ်ကဲ့ဆရာ၊ ဒါထက် စကားမစပ် ခင်မောင်အေးကို ဆရာတွေ့ပြီးပြီလား၊ သူလည်း ဒီရောက်နေတယ်. . .'

'ဟေ. . . ခင်မောင်အေး ဒီရောက်နေသလား။ ဆရာတော့ မတွေ့သေးဘူး. . .'

'ရောက်နေတယ်ဆရာ၊ သူပြောပုံထောက်တော့ သူ့အိမ်နဲ့ ဘုကျထွက်လာသလိုလိုပဲ'

ခင်မောင်အေးမှာ အသက် ၁၆-နှစ်ကျော်ကျော် ကျွန်တော့်အတန်းမှ တက္ကသိုလ်ကျောင်းသား လူငယ်တစ်ဦးဖြစ်သည်။ ခင်မောင်အေး၏ မိဘများမှာ ဓာတ်ပြား ဓာတ်စက် ရေဒီယိုစသည်ကို ပြည်လုံးကျွတ် ဖြန့်ချိရောင်းသည့် သိန်းချီချမ်းသာသူ ရွှေတိဂုံဘဏ္ဍာတော်ထိန်း အဖွဲ့ဝင် လူကြီးဟူသော ဝိသေသနှင့် ပြည့်သူများ ဖြစ်ကြ၏။

www.burmeseclassic.com

**တန်ချူးလေနှင့်လျောတော့သည်**

ကျွန်တော့်မိဘများ၏ မိတ်ဆွေများဖြစ်၍ ကျွန်တော်နှင့်လည်း ခင်မင်သည်။ ခင်မောင်အေး ကျောင်းရောက်သောအခါ၌လည်း အစစ သွန်သင်ရန် ကျွန်တော့်အား အပ်နှံထားကြသည်။

ခင်မောင်အေးမှာ တစ်ဦးတည်းသားပြီပြီ အစွမ်းကုန် အလိုလိုက် ခြင်း ခံထားရသူဖြစ်၍ ရှုးရှူးမိုက်မိုက် တဇွတ်ထိုးနှင့်လူလား၊ မြောက်သမျှ စိတ်မှာ ငယ်နုသေးသူဖြစ်၏။ ယခု အိမ်နှင့်ဘုကျ၍ ထွက်လာသည် ဟုကြားရရာ ကျွန်တော့်စိတ်၌ စိုးရိမ်ပူပန်မှုပင်ဝင်လာ၏။

'သူ့အိမ်နဲ့ဘုကျပြီး ဒီရောက်နေတယ် ဆိုတာတော့. . . ဘယ် လိုအဓိပ္ပာယ်လဲ မောင်ညွှန့်လွင်။ လူကြီးတွေမသိအောင် ထွက်ချင်ရာ လျှောက်ထွက်လာတာလား။ ဒါမှမဟုတ် လူကြီးတွေကို ပြောင်ဆန့်ကျင်ပြီး တော်လှန် ထွက်လာသလား'

'အဲဒီထိအောင်တော့ ကျွန်တော် တိတိကျကျမသိဘူး ဆရာ။ သူကဘာမှ ကျွန်တော်တို့ကို စကားကုန်ဖွင့်မပြောဘူး။ တစ်ခုကျွန်တော် သိတာက သူဟာ တော်တော်စိတ်ဆင်းရဲနေသလောက် တစ်စုံတစ်ခုကို လည်း ပြင်းပြင်းထန်ထန် နာကျည်းနေပုံ ရတယ်။ ဆရာသူ့ကိုတွေ့ ရင် မေးမြန်းပြီး ကူညီလိုက်ပါဦး ခင်ဗျာ'

မိတ်ဆွေသူငယ်ချင်းတာဝန် သိတတ်သမျှ ယဉ်ကျေးဖွယ်ရာ သော မောင်ညွှန့်လွင်က စပ်ကြားမှုဝင်၍ ကျွန်တော့်အား မေတ္တာရပ်ခံ နေ၏။

'အေးပါကွယ်၊ ဆရာသူ့ကိုတွေ့ရင် သူ့အခက်အခဲကိုသိအောင် လုပ်ပြီး တတ်နိုင်သမျှ ကူညီလိုက်ပါမယ်။ မောင်ညွှန့်လွင် သူ့ကို ထပ်တွေ့ရင်လည်း ဆရာကတွေ့ချင်တဲ့အကြောင်း ပြောပြပေးပါ။ ဆရာ့ နေရပ်လည်း မှတ်သွားပေ့ါ။ မောင်ညွှန့်လင်တို့လည်း . . . လာလည်ကြ

www.burmeseclassic.com



ဦး. . . ဟုတ်လား . . . ’

ကျွန်တော်က မောင်ညွှန့်လွင်အား ကျွန်တော် တည်းခိုနေရာ လိပ်စာကို ပေးပြီးချိန်တွင် ကျွန်တော်တို့အဖွဲ့၏ ကားမှာလည်း။ ဤ လမ်းမှ ထွက်ခွာရန်ပြင်သဖြင့် မောင်ညွှန့်လွင်အား နှုတ်ဆက်လျက် ကိုသက်ဆွေ၊ မောင်အေးကိုတို့နှင့်အတူ. . . ကားဆီပြန်လာခဲ့လေသည်။

ကားသည် ကျွန်တော်မမှတ်မိ မသိနိုင်သောရပ်ကွက်နှင့် လမ်း များကို ဖြတ်ကာ တောင်ပြင် ဘုရားကြီးဘက်သို့ရောက်ခဲ့သည်။

‘ဟ. . . တို့ရေနန်းဗိမာန် ဘက်တောင်မရောက်ခဲ့သေးဘူး’

တွန်မီက ဆို၏။

‘အလကားပါ. . . မသွားပါနဲ့’ ဟု မောင်မြင့်ဆွေက မှုန်တေတေ နှင့် ဝင်တားသည်။

‘ဘာလဲ. . . ကိုရင်က ဖြူဖြူနဲ့ မတွေ့ချင်ဘူး ဟုတ်လား၊ မချောက. . . ဟိုဇာတ်လိုက် မင်းသားနဲ့. . . ရော့အင်ရိုး နေတယ်တဲ့ကွ. . . ’

ပါငယ်က. . . မောင်မြင့်ဆွေအား မခံချင်အောင် စသည့်ဟန်ဝင် ပြောသည်။

‘ဒီမှာပါငယ်. . မင်းဒီအကြောင်းစ,မပြောရင်ကောင်းလိမ့်မယ်။ ငါဆရာတို့နဲ့ ဒီသကြၤန်ကို စိတ်လက် ချမ်းသာပျော်စမ်းပါရစေ. . . ’

မောင်မြင့်ဆွေက သိသိသာသာ နီးမြန်းတင်းမာနေသော မျက် နှာထားနှင့် တားမြစ်၏။

သူတို့၏ ဇာတ်လမ်းကို မသိသော ကျွန်တော်က. . . ကိုသက်ဆွေ အား အဖြေတောင်းဟန် လှမ်းကြည့်မိသည်။

‘ခက်တယ်ဗျ. . . ကိုမြင့်ခိုင်၊ လူငယ်တွေနဲ့ ချစ်ခြင်းမေတ္တာရဲ့ ဒုက္ခဟာ ဘယ်တော့မှ ကင်းကြမယ်မသိဘူး’

www.burmeseclassic.com

**တန်ချူးလေနှင့်လျောတော့သည်**

ကိုသက်ဆွေက မောင်မြင့်ဆွေ၏အဖြစ်ကို အရိပ်အမြွက်ပြော သည့်အနေနှင့် ညည်းညည်းညူညူ ဆိုသည်။

'အင်း. . ဒါပေါ့လေ၊ အချိန်တန်အရွယ်ရောက်လို့ လူလား မြောက်လာပြီဆိုရင် ချစ်ညှောင့်လေး တလူလူနဲ့ ရွှေမဥ္ဆူပန်သက္က ထားနှမ သက်ပိုင်ကို ပင့်သက်ကယ် တလှိုင်လှိုင်နဲ့ မျှော်တပြီး သမုဒယသောက နယ်ဆီ အသည်းမျှင် ကြိုးတံတားခင်းလို့ တယ်လည်း လျှောက်နင်း ကူး ချင် ကြတာမျိုးကလား'

ကျွန်တော်လည်း သတိ သံဝေဂကြီးစွာ ရယူဟန်ဖြင့် ထောက် ခံရေရွတ်မိ၏။

'အံမယ် အံမယ် ဆရာတို့က လူငယ်တွေဆိုတော့ ဆရာတို့ လူကြီးတွေကကော ဒီဒုက္ခနဲ့ ကင်းကြလို့လား'

အာသာတင်က ဝင်ခွပ်လိုက်သဖြင့် အရှိုက်ထိသွားသော ကိုသက် ဆွေမှာ ဘာမျှမဖြေနိုင်ဘဲ ငြိမ်ကျသွားသည်။ အိုးမလုံသော ကျွန်တော့် မှာလည်း အုံပွင့်မည်စိုး၍ ဆက်အငြင်းမပွားရဲဘဲ ရယ်မော ဟန်ဆောင် ရင်း ပါးစပ်ပိတ် ထားရသည်။

'ဟ. . . ဟ. . ဘယ့်နှယ်၊ သကြံန်ရေပက်ခံ အပျော်ထွက်ကြတာ ဆွေးစရာ၊ လွမ်းစရာ၊ သံဝေဂရစရာတွေ လျှောက်ပြောနေမိကြပါလိမ့်။ ကဲ. . ကဲ. . ဆက်ပေါ်ကြရအောင်၊ ဟော့ကောင် တွန်မီ၊ မင်းကအသံ ကြောင်တယ်ကွာ၊ အဲဒီတော့ မင်းသီချင်းဆို၊ ဟုတ်ပလား. . .'

ကားတွင်းရှိ လူများ ငြိမ်လျက်ငိုင်ပါလာကြသဖြင့် ပါငယ်က တွန်မီအား နှိမ်ရင်း နောက်တောက်တောက်ဆို၏။ မည်သူမျှသီချင်း မဆိုသော် ပါငယ်မှာ မိမိဘာသာ စ၍ဆိုရသည်။ ဤသို့ဆိုပြန်သော် ကျန်လူများပါ ဝင်ရောကြသဖြင့် ရှမ်းပွဲရပ်သို့ ရောက်ချိန်တွင် ကျွန်

www.burmeseclassic.com



တော်တို့အဖွဲ့မှာ ရွှင်ရွှင်ကြည်ကြည်နှင့် မြိုင်မြိုင်ဆိုင်ဆိုင် ပြန်ဖြစ်လာ၏။

ကားသည် ဟော်နန်းသူဇာ မဏ္ဍပ်အနီး၌ ဆိုက်မိ၏။

နာမည်ကြီး မဏ္ဍပ်တစ်ခုပင်ဖြစ်၍ စောင့်ဆိုင်းရပ်နားနေကြသော ကားများမှာ တသီတတန်းပင်ဖြစ်သည်။ ဆိုင်းသံ၊ တေးသံ၊ ရယ်မော နောက်ပြောင်သံတို့နှင့် မဏ္ဍပ်တစ်ဝိုက်မှာ အုတ်အုတ်ကျက်ကျက်စည်ကား သိုက်မြိုက်လှ၏။ ရေလည်း လှိုင်လှိုင်ပက်သဖြင့် လမ်း၌နေကြောင့်ခြောက်ခဲ့သော ကျွန်တော်တို့မှာ ပြန်၍ စိုရွှဲလာသည်။

ကားသည် မဏ္ဍပ်ရှေ့သို့ဝင်ရန် ဦးတည်သည်နှင့် တစ်ပြိုင်နက် ပါငယ်၊ တွန်မီစသည်တို့က ထုံးစံအတိုင်းကွေးအောင်ကကုန်ကြသကဲ့သို့ မျက်နှာမပြောင်ရဲသော ကျွန်တော်၊ ကိုသက်ဆွေနှင့် မောင်အေးကိုတို့ကလည်း ထုံးစံအတိုင်းကားပေါ်မှဆင်း၍ အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ခုတွင်းသို့ဝင်လျက် လက်ဖက်ရည်တစ်ခွက်စီ မှာသောက်ရင်းအများကကြ၊ ရွှင်ကြသည်ကို ငေးနေမိကြ၏။

ဘုရင်မာလာမဏ္ဍပ်မှ မိန်းမပျိုများ ကဲ့သို့ပင် ဟော်နန်းသူဇာမှ မိန်းမပျိုများမှာလည်း ကြော့ရှင်းမွန်ရည် လှပချောမွေ့ကြသည်။ ပန်းနုရောင် နိုင်လွန်အင်္ကျီ၊ ပန်းနုရောင် နောက်ခံဝယ် အနက်ရောင်ပွင့်စိပ်ဖော့ထဘီဆင်တူ ဆင်ထားကြသဖြင့်လည်း ယိမ်းကာနွဲ့ကာ ကခုန်ကြဟန်မှာ မာလာခိုင်ညှာဦးတို့ လေဝယ် ကတိမ်းကပါး လှုပ်ရှား ယိုင်ညွတ်သည့်ပမာ တင့်တယ်လှပေသည်။ တစ်ခုသတိပြုမိသည်မှာ ဟော်နန်းသူဇာမှ မိန်းမပျိုများသည် ဘုရင်မာလာမှ မိန်းမပျိုများလောက် ဖော်ရွေတုံ့ပြန်မှုမရှိချေ။

ပါငယ်တို့၏ ကားမှာမဏ္ဍပ်ရှေ့တည်းတည့်သို့မရောက်သေးချေ။



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

မဏ္ဍာပ်ရှေ့တည့်တည့်၌ ‘ဗိုလ်သခင်ဆရာ’ အဖွဲ့မှာ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် အသုံးတော်ခံနေ၏။ အဖွဲ့သားများမှာ အခြားအဖွဲ့သားများနှင့် ဆန့်ကျင်စွာ ငှက်ပျောတောမင်းသားများကဲ့သို့ ဝတ်ဆင်ထားသည်။ လှလှပပဝတ်ထားသည်ကိုမှ ကြည့်မြင်လိုဟန်တူသူအနီးမှ လူတစ်ဦးသည် ‘ကျက်သရေမရှိလိုက်တာ’ ဟု ဗိုလ်သခင်ဆရာအဖွဲ့သားများကို ဩဘာထောမနာ၏။ ထိုလူအတွက် မည်သည်ကို ကျက်သရေဟုယူဆသည် ကျွန်တော်မသိ။ ကျွန်တော့်အတွက်မူ ဤငှက်ပျောတောမင်းသားတို့အား အထူးနှစ်သက်သဘောကျမိသည်။ ၎င်းတို့အဖွဲ့သားများ၌ မြန်မာကျေးရွာသုံးတူရိယာအစုံပါကြသည်။ ပတ္တလား၊ ကြေးနောင်ဝိုင်း၊ ခြောက်လုံးပတ်၊ ဒိုးပတ်၊ ဝါးလက်ခုပ်၊ နှဲ၊ ပြွေ၊ အိုးစည်၊ လူများမှာလည်း စွယ်စုံမင်းသားများဖြစ်ကြ၏။ တစ်ယောက်တစ်လဲ ကကြိုးအမျိုးမျိုးပြောင်း၍ပြိုင်နွှဲနေကြပုံမှာ ဟာသပြောင်မြောက်သမျှ ရှိုးသားသော အနုပညာလည်း ပြည့်ဝပေသည်။ သံချပ်များမှာ လည်းထိလှမိလှသည်။

‘အဲဒီအဖွဲ့ပေ့ါဆရာ၊ ဟိုမြောက်ပိုင်း မဏ္ဍာပ်တစ်ခုက မချောတွေရဲ့အပယ်ခံရတာ၊ သူတို့ကို ကခွင့်မပေးဘဲ အရှူးချေးပန်းမောင်တစ်သိုက်ကို ဇွတ်ဦးစားပေးကြတာလား၊ ဒီတော့ ငှက်ပျောတောမောင်တွေက ‘ကျွန်တော်တို့ရဲ့ရိုးရာကျေးရွာမူဟန်တွေထက် အရှူးချေးပန်းက,ကို အသားပေးချင်ကြတာ ကိုင်း ကြည့်ကြပါ’ ဆိုပြီး အဲဒီ အလှုပြကားပေါ်က ဂေါ်ဂေါ်ဂီဂီတေးသံနဲ့အလိုက် ရော့အင်ရိုးပြသွားတာ ပိုင်ပိုင်နိုင်နိုင်နဲ့ စံပဲဆရာရေ၊ ခေတ်ပညာတတ်တွေပါ၊ သက်သက်လောကကို သရော်ထွက်လာကြတာနဲ့တူတယ်. . .’

မောင်အေးကိုက ရှင်းပြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အေးကွယ်. . . ဆရာတော့ ဂေါ်ဂေါ်ဂီဂီတွေနဲ့ ရိုးရိုးရှုရှုတွေမြင်ရလို့ နှလုံးနာနေတုန်း သူတို့တွေ့ရတာ စိတ်ချမ်းသာမိတယ်. . .'

ဗိုလ်သခင်ဆရာအဖွဲ့နှင့် ပါငယ်တို့အဖွဲ့၏ကြားတွင် အခြားကားတစ်စီးရှိသည်။ ဗိုလ်သခင်ဆရာအဖွဲ့ ပြီးသော် ထိုကား၏ အလှည့်တည်း။ ကားမှာ ဂျစ်ကားဖြစ်၍ ရန်ကုန်ဟန်အတိုင်း ကားပတ်လည်အား ပိတ်ဖျင်ဝန်းလျက် ပိတ်ဖျင်ထက်အဖွဲ့အမည်ကို ဆေးရေးထားသည်။ အဖွဲ့အမည်မှာ 'ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ရေပက်ခံအဖွဲ့' ဖြစ်သည်။ လူငယ်များမှာ ပုဆိုးကွက်စိတ်ဆင်တူ၍ ရုတ်တရက်သော် တစ်ဦးနှင့်တစ်ဦးခွဲခြား၍မရ၊ လူငယ်တစ်ဦးက ယဉ်ကျေးဖွယ်ရာ. . . နိဒါန်းပျိုး တောင်းပန် ခွင့်တောင်းပြီးနောက် အကော်ဒီယံတီးခိုက် အဖွဲ့သားများက သံပြိုင်တေးဆိုကြသည်။ ထိုအခါကျမှ သူတို့တစ်ဦးစီအား ကျွန်တော်ခွဲခြားရသည်။ မဏ္ဍပ်ထက်မှ ကနေသော မိန်းမပျိုအတွက် ညီတူလက်ခုပ်တီး၍ တေးသံပြိုင်ဆိုပေးနေကြသူ အဖွဲ့သားများအနက် တစ်ဦးမှာမလှုပ်မရှားငြိမ်လျက် ငိုင်ပါလာ၏။ ၎င်း၏သဏ္ဌာန်မှာ ပတ်ဝန်းကျင်၌ စိတ်ပါဝင်စားပုံမရ။ ထိုခဏ၌ပင် ကျွန်တော်၏ နှုတ်မှလည်း ထိုလူငယ်၏နာမည်ကို ရေရွတ်မိသည်။

'ခင်မောင်အေး. . .'

၎င်းတို့အဖွဲ့အလှည့်ပြီးသွား၍ မဏ္ဍပ်နှင့် မလှမ်းမကမ်း၌ ခေတ္တကားဆိုက်နေလျက် အနားယူကြစဉ် ကျွန်တော်သည် ခင်မောင်အေးဆီသို့ လှမ်းခဲ့မိ၏။

'မောင်ခင်မောင်အေး . . .'

'အာ. . . ဆရာ. . .'

သူ့မှာ အံ့အားသင့်သွားပုံပေါ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ့်နှယ်လဲ. . . ရေပက်ခံထွက်တာ ပျော်ရဲ့လား. . . '

ခင်မောင်အေးက အမျိုးအမည် မသိသောအပြုံးကိုပြုလျက် 'မသိပါဘူးဆရာ'ဟု ခြောက်ကပ်ကပ်ဖြေသည်။

'ဟော. . မသိဘူး။ ဒါထက် ခင်မောင်အေး ဆရာ မောင်ညွှန့်လွင်နဲ့ တွေ့ခဲ့ရလို့ မင်းရဲ့အကျိုးအကြောင်းကို အနည်းအကျဉ်းသိခဲ့ရတယ်။ ဆရာ မောင်ခင်မောင်အေးနဲ့ စကားပြောချင်တယ်၊ ဆရာ့အနေနဲ့ ဘာအကူအညီပေးနိုင်သလဲဆိုတာ သိချင်တယ်. . . '

ခင်မောင်အေးက အားနာမှုနှင့် စိတ်ပျက်မှု ရောသောအပြုံးကို ပြုံးသည်။

'ကျွန်တော်လည်း ဆရာနဲ့ စကားပြောချင်ပါတယ်။ ဒါပေမယ့် ဆရာ ဖြစ်ခဲ့ရသမျှကို ဆရာလည်းမကူညီနိုင်ပါဘူး။ အမွေဖြတ်မယ်ဆိုတဲ့ ကျွန်တော့်အိမ်က လူကြီးတွေလည်း မကူညီနိုင်ပါဘူး၊ ပြီးတော့ အင်းလေ ဘာလုပ်လုပ်မထူးတော့ပါဘူး ဆရာရယ်. . . '

ခင်မောင်အေး၏စကားကြောင့် ကျွန်တော့်မှာအံ့ဩသွားမိသည်။

'ဘယ်လိုကွယ့်၊ မင်းဘာတွေဖြစ်ခဲ့သလဲ၊ အမွေဖြတ်မယ် ဆိုတာက ဘာဆိုလိုတာလဲ'

ခင်မောင်အေးဆီမှ အဖြေမရမီ သူ၏ ကျန်မိတ်ဆွေအဖွဲ့သားများက ဝိုင်းရောက်လာကြသည်။ တပည့်များဖြစ်ကြသဖြင့် တစ်ယောက်တစ်ပေါက် နှုတ်ဆက်မေးမြန်းကြသဖြင့် ခင်မောင်အေးနှင့် စကားပြတ်သွားရသည်။

၎င်းတို့ကား ထွက်ခါနီးမှ 'အေးကွယ် မောင်ခင်မောင်အေး၊ အေးအေးဆေးဆေး စကားပြောကြရအောင် ဆရာ့ဆီလာခဲ့ပါဦး. . ဟုတ်လား' ဟုမှာကြားလျက် နေရပ်လိပ်စာကိုပေးကာ ကျွန်တော့်အဖွဲ့ဆီ ပြန်လာ

www.burmeseclassic.com



ခဲ့သည်။

'ကဲ. . . ဒီကနေ ဘယ်ဆက်ကြမလဲ. . .'

ကခုန်ပြီး၍ မောကြသောအခါ အာသာတင်က မေးသည်။

'ပြန်ကြရအောင်ကွယ်။ ဆရာနဲ့နဲ ခေါင်းကိုက်လာတယ်'

'နေပူလို့လား ဆရာ. . .' ဟု တင်မောင်မြင့်က မေးသည်။

'အေးကွယ်. . နေပူလို့ပဲထင်ပါရဲ့။ ကဲ-ကဲ သွားကြရအောင်. . .'

ကားသည် အိမ်ဘက်ပြန်မောင်းလာခိုက် လူငယ်တစ်သိုက်မှာ ပျော်ရွှင် အော်ဟစ်ပါလာဆဲ။ ကျွန်တော်သည်မူ အတွေးတစ်ရပ်ဝယ် နစ်မြုပ်ရင်း ဆိတ်ငြိမ်စွာ လိုက်ခဲ့၏။ ။

(၄)

တန်ခူး၏ဆုတ်စ၊ ငွေလရောင်သည် အေးမြမြ ကျရောက်နေခိုက် မန်းမြို့တော်မှာလည်း သဘင်ပွဲမီးရောင်တို့ကြောင့် ထိန်လင်းသာယာနေသည်။

ကျွန်တော်တို့အဖွဲ့မှာ ညဥ့်အလှည့် အဖြစ် တစ်ပတ်ပြန်လည် ထွက်လာခဲ့သည်။

မန်း ညသင်္ကြန်ပွဲမှာ တစ်မျိုးတစ်ဖုံ ထူးတင့်ပေသည်။

စည်းကမ်းသေဝပ်လှစွာနှင့် မည်သူမျှ ရေမပက်ကြတော့သဖြင့် လူသူတိုင်းမှာ ညဝယ် ဝတ်ကောင်းစားလှဖြင့် အသီးသီး လည်ပတ်နိုင်ကြသည်။ မဏ္ဍပ်ပေါ်မှ လှပျိုဖြူတို့သည်လည်းကောင်း၊ အလှပြကားပေါ်

www.burmeseclassic.com



မှ လုလင်ပျိုတို့သည်လည်းကောင်း နံနက်နှင့်ခြားနားစွာ ပိုး၊ ဖဲ ဘန်ကောက်ဝတ်စုံတူညီများ ပြောင်းလဲဆင်မြန်းကြ၍ ဂီတ၊ အက၊ တေးချိုမြတို့နှင့် ညဥ့်သဘင်ကို တစ်ဖုံယဥ်ကြစေပြန်သည်။

ဤတစ်ကြိမ်၌ ကျွန်တော်တို့ ကားပေါ်တွင် ကိုလေးချိုနှင့် ချစ်ဇနီးလည်းပါခဲ့သည်။ ပိုမိုထူးခြားသည်မှာ မောင်မြင့်ဆွေသည် ရွှေပိန်းချ စောင်းတစ်လုံးကို ဆောင်ယူခဲ့ခြင်းဖြစ်သည်။ ဂေါ်ဂေါ်ဂီဂီ ဆရာတို့ လွမ်းမိုးနေသည်မှာ ၎င်းတို့၏ အကြိုက်သက်သက်လော၊ မြို့လူထုက လက်ခံလေ၍လော၊ ဤသည်ကို မောင်မြင့်ဆွေတို့အသိုက်က စမ်းကြည့်ချင်သည်။

ပထမဆုံး မင်္ဂလာလမ်းဘက်ရှိ မဏ္ဍပ်တစ်ခုသို့ ဆိုက်ရောက်ခဲ့သည်။ လူငယ်တစ်ဦးက အကော်ဒီယံတစ်လက်နှင့် အနောက်တိုင်းသီချင်းများကို တတ်သ၍မှတ်သ၍ တီးနေခိုက် စင်မြင့်ထက်မှ အမျိုးသမီးကလည်း ဟာဝေယံလည်းမမည်။ ရော့-အင်-ရိုးလည်း မပြီ။ လက်တင် အမေရိကန်ကလည်း မဟုတ်၊ ကုလားကလည်း မဆိုနိုင်သော အက တစ်မျိုးကို က,လျက်ရှိသည်။ အပြီးတွင် မောင်မြင့်ဆွေက စင်မြင့်ထက် စောင်းနှင့်တက်သည်။ မိန်းမပျိုက လှိုက်လှဲစွာ ဆီးကြို၏။ မကြာမီပင် မောင်မြင့်ဆွေ၏ စောင်းမှ “မြမန်းဂီရိ” ယိုးဒယားမှာ ပြောင်မြောက် အောင်မြင်စွာပေါ်ထွက်လာခိုက် ချောမွေ့သော မိန်းမပျိုမှာလည်း ညက်ညောသည့် ကကွက်ကို လှပစွာ ဖွဲ့ယှက်တင်ဆက်သည်။ ပရိသတ်အများက နှစ်နှစ်ခြိုက်ခြိုက်လက်ခံကြည့်ရှုနေခိုက် လူနောက်တစ်ဦးက ‘တော်ပါတော့ ပျင်းစရာကြီး’ ဟု ချောင်ကွယ်၍အော်သည်။ က,နေရာမှ မိန်းမပျိုသည် မာန်လေးဖြင့် အသံလာရာသို့ လှမ်းကြည့်ကာ ‘ဘာနောက်တီးနောက်တောက်လုပ်တာ

www.burmeseclassic.com



လဲ ဒါ ဗမာပညာစစ်စစ် နားမထောင်တတ်ရင်ထွက်သွား' ဟု ဆိုသည်။ ပရိသတ်မှာလည်း ဒေါသနှင့် လူနောက်ရှိရာသို့ ဝိုင်းကြည့်ကြသဖြင့် လူနောက်မှာ ခေါင်းမဖော်ရဲဘဲရှိ၏။

'အာဂ သတ္တိပဲဟေ့. . . '

ကျွန်တော်က မိန်းမပျိုအား ကြည့်နေမိသည်။

'ဩော်. . . ဆရာ့နှယ်။ သူပေါ့ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်း ဆိုတဲ့ သဘင်ပညာရှင်၊ သူ့ပညာ သူလေးစားသမျှ သူ့ပရိသတ်လည်း သူနိုင်တယ်' ဟု တင်မောင်မြင့်ကရှင်းပြ၏။

'ဩော်. . . ဒါကြောင့်ကိုး . . . '

အပြီးတွင် ပရိသတ်က ပွဲထပ်တောင်း၍ မောင်မြင့်ဆွေနှင့် နွဲ့နွဲ့စန်းမှာ နောက်တေး တစ်ပုဒ်နှင့် ကကြိုး တစ်ကွက်ပြောင်းကာ အသုံးတော်ခံရ သေးသည်။

ထိုနေရာမှ ထွက်ခဲ့ကြသောအခါ ကျွန်တော်တို့အားလုံးမှာ စိတ်ရွှင်လန်းကြပေပြီ။ မန်းမြို့လူထုသည် ရိုးရာ ယဉ်ကျေးမှုကို ရင်၌ မစွန့်လွှတ်ပါတကား။

ဤသို့ဖြင့် ကျွန်တော်တို့ အဖွဲ့သည် စောင်းတစ်လုံးဖြင့် မဏ္ဍပ်တကာသို့ဝင်သည်။ နေရာတိုင်းမှ လှိုက်လှဲစွာ လက်ခံသည်။

'ကဲဟေ့. . . ရေနန်းဗိမာန်ကို သွားမယ်'

ပါငယ်က အဖော်ညှိသည်။ ကျွန်တော်က မောင်မြင့်ဆွေအား ငြင်းဦးမည်လောဟု လှမ်းကြည့်သည်။ ဖိုးချောလေးမှာ ပြုံးနေသည်။

'ဘာငြင်းမှာလဲဆရာ၊ ဟိုက ညနေတုန်းက လာချော့သွားတာကိုး'

သို့ဖြင့်ကားသည် ရေနန်းဗိမာန် မဏ္ဍပ်ရှိရာသို့ ဆိုက်ရောက်ခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



နာမည်ကြီး မဏ္ဍပ်တစ်ခု ဖြစ်သောကြောင့် ကားများမှာ လမ်းပြည့်မျှ ဆိုက်နားကြည့်ရှုနေကြသည်။

ကျွန်တော်တို့ဆိုက်ရောက်ချိန်တွင် တရုတ်ယဉ်ကျေးမှု အလှပြကားကြီးတစ်စင်းမှာ မီးတထိန်ထိန်ဖြင့် ဆိုက်နားလျက်ရှိသည်။ ကားပေါ်တွင် ကြာပန်းသဏ္ဍာန် ပွင့်ချပ်ကြီးများ သရုပ်ဖော်ထား၍ ရှေးဟောင်း တရုတ်အဝတ်အစားနှင့် တရုတ်မကလေးများ၊ တရုတ်ကလေးများရှိနေကြသည်။

ကျွန်တော်က ကိုသက်ဆွေအား လှမ်းကြည့်မိသည်။ ကိုသက်ဆွေကလည်း ခေါင်းခါသည်။

'ဘယ်လိုလဲဗျ'

'မြို့ထဲက တရုတ်တွေပဲလေ'

'ဟုတ်ပါပြီ၊ သံချပ်တွေက သင်္ကြန်နဲ့ ဆီလျော်ရဲ့လား'

ကားတွင်းရှိလူတွေက ခေါင်းခါကြသည်။

အလှပြကားကြီး ထွက်သွားပြီးနောက် မဏ္ဍပ်ထက်မှ အမျိုးသမီးများမှာ ဆက်လက်ကနေကြသည်။ စိမ်းရွှက်နှင့် ပွင့်ဝါရောသော တူညီရောင်စုံထဘီ အင်္ကျီရွှေဝါနုတို့နှင့် မိန်းမပျိုများမှာ ကကြိုးညက်သမျှ အပြုံးပန်းကလေးများလည်း သန့်စင် လက်လှသည်။

ကျွန်တော်တို့ကားကို မြင်သော် အဖွဲ့ခေါင်းဆောင် ပင်ဇာ ဒေါ်ယဉ်ယဉ်က ထွက်လာ နှုတ်ဆက်သည်။ မကြာမီ ဒေါ်ယဉ်ယဉ် ခေါင်းဆောင်လျက် မောင်မြင့်ဆွေ စင်မြင့်ဆီသို့ပါသွား၏။ ထို့နောက်မောင်မြင့်ဆွေက 'ခိုင်ပန်းစုံ' စောင်းဖြင့်တီး၍ ဖြူဖြူက စောင်းရှင် လုလင်အား ရှက်စနိုး ချစ်စနိုးကြည့်ရင်း က,သည်။ အပြီးတွင် ပရိသတ်က ဩဘာပေးခိုက် ကျွန်တော်က ကြည်နူးချမ်းမြသောရင်နှင့် ပတ်ဝန်းကျင်အား

www.burmeseclassic.com



လှမ်းမျှော်ကြည့်မိသည်။ ကျွန်တော့်မျက်လုံးများက မလှမ်းမကမ်းရှိ ဂျစ်ကားတစ်စီးပေါ်သို့ ရောက်သွားသည်၏ တစ်ခဏ၌ လူမှာ သတိလစ်သယောင် ငေးငိုင် မိသွား၏။

ကားဒရိုင်ဘာ၏ ဘေးတွင် နံနက်က ကျွန်တော်စကားပြောခဲ့ရသော မောင်စိုးခေါ်သည့် တစ်ဖက်ခြံမှ လူငယ်ကိုတွေ့ရသည်။ ကားတွင်း၌ အခြားလူသုံးဦးခန့် ပါသေးသော်လည်း ကျွန်တော့်အာရုံကို စွဲဆောင်လိုက်သည်မှာ ကားနောက်ပိုင်းမှ မိန်းမပျိုတစ်ဦးတည်း။

ငယ်ရွယ်နုပျိုလွန်းသည်တော့ မဟုတ်။ သို့ရာတွင် ပင်ကိုအလှ ဓာတ်ခံ၀ယ် သိက္ခာဂုဏ်ရည်ဝင်၍ အေးငြိမ်းမှုယှဉ်သော အရွယ်လတ်ပိုင်း၏ ကြန္တေရှင် ဆင်းနတ်သခင်တည်း။ ဘေးတိုက်မြင်ရသည် ဖြစ်သဖြင့် သွယ်သောနှာတန်မှာ ထင်သမျှ မေရိုးကျဟန်မှာ ပြေပြစ် တင့်မောလှပေသည် တကား။ ဖြူဝင်းသောအသားမှာ မီးရောင်တို့ကြောင့် ရှိန်းလက်နေခိုက် ပိတုန်းရောင်ဆံနွယ် တို့မှာ ရွှန်းရွှန်းနက်နေသည်။

'ငိုင်လှချည်လား ဆရာကြီး'

ကိုလေးချိုကြီးက သတိပေးသည်။

ကျွန်တော်လန့်နိုးစဉ်ပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ရပ်ကို တွေ့ရသည်။ ကျွန်တော် သတိမပြုမိသော မလှမ်းမကမ်းရှိ ကားထက်မှ လူငယ်တစ်ဦးသည် ခုန်ဆင်းကာ လူကြားတိုး၍ မိန်းမပျိုရှိရာသို့ မပြေးရုံတမယ် တိုးဝှေ့သွားသည်။ သွားစဉ် နှုတ်မှလည်း မနားတမ်း ခေါ်သည်။

'ထား . . . ၊ မမထား၊ ဆရာမ. . . '

မိန်းမပျိုမှာ ရုတ်တရက် တုန်လှုပ်သွားပုံရသည်။ ကျွန်တော့်အား



BURMESE CLASSIC .com

www.burmeseclassic.com



ကျောပေးလျက် သွားနေသော လူငယ်၏ မျက်နှာကို မြင်လိုက်သည့် ခဏ၌ ထားသည် လှုပ်ရှားသွားကာ ဒရိုင်ဘာနှင့် မောင်စိုးအား တစ်စုံ တစ်ခု လှမ်းပြော၏။ ချက်ခြင်းပင် ကားစက်နိုးသံကြားရသည်။

'ထား. . .၊ မမထား၊ ကျွန်တော်ပါလေ. . .'

လူငယ်သည် ထွက်စဖြစ်သောဂျစ်ကားနားသို့ ရောက်သွားသည်။ သို့ရာတွင် မောင်စိုးကခုန်ဆင်းလိုက်ကာ တားသည်။ ဂျစ်ကားသည် အတော်လှမ်းလှမ်း ရောက်သွားခိုက် မောင်စိုးနှင့်လူငယ်မှာ တားသူ ကတား၍ ထိုးသူက ထိုးကာ ရုန်းကန်နေသည်။ ခဏ၌ မောင်စိုး၏ လက်သီး တစ်ချက်သည် လူငယ်၏ မေရိုးဆီရောက်သွား၏။ လူငယ် ယိုင်သွားခိုက် မောင်စိုးသည် ဂျစ်ကားဆီ ပြန်ပြေးတက်သွားသည်။ နောက် ဂျစ်ကားမှာ တဟုန်ထိုးထွက်သွားသည်။ ထိုစဉ်ဝယ် ကျွန်တော် မှာလည်း ကျန်ရစ်သူလူငယ်၏အနီးသို့ ရောက်သွားလျက် သူ့ပခုံးပေါ် လက်တင်ရင်း နာမည်ကိုလည်းခေါ်လိုက်မိသည်။

'မောင်ခင်မောင်အေး'

ခင်မောင်အေးက စိတ်ထိခိုက်ခြင်းကြီးစွာ ဖော်ပြသည့် မျက်နှာ နှင့် ကျွန်တော့်အား မော့်ကြည့်သည်။ ထိုနောက် ဘာမှမပြော ကျွန်တော့် လက်တွင်းမှ ရုန်းကာ အရှူးပမာထွက်ခွာပြေး၍ လူအုပ်ကြား၌ ပျောက် သွားသည်။

ပရိသတ်မှာ ရုတ်ရုတ်သဲသဲဖြစ်ကျန်ရစ်သည်။ ကျွန်တော်က မေး မြန်းကြသူတို့အား ရှောင်ကာ ကျွန်တော်တို့ ကားဆီပြန်ခဲ့၏။

မောင်မြင့်ဆွေလည်း ကားပေါ် ပြန်ရောက်နေပြီ ဖြစ်သဖြင့် ကျွန်တော်က ကားကို ထွက်ခိုင်းသည်။

'နေပါဦး - ဘယ်လိုဖြစ်တာလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



ကိုသက်ဆွေက မေးသည်။

ကားသည် မှန်မှန်လေးပြေးနေသည်။ ကျွန်တော့်အတွက်မူ တွေးစရာတစ်ကွက် ထပ်ရလာပြန်သည်။

'နေပါဦး၊ ဟိုကျန်ရစ်တဲ့ လူငယ်ကို ရှင်သိသလား ကိုမြင့်ခိုင်'

ကိုလေးချို၏ ဇနီးက မေးသည်ကို ကျွန်တော်က ခေါင်းသာ ညိတ်ပြမိသည်။

'သူ တွေ့ရအောင်လိုက်တဲ့ ထားကိုကော ရှင်သိပြီလား'

ကျွန်တော်က ကိုလေးချို၏ဇနီးအား မော့်ကြည့်မိသည်။

'အဲဒါ ထား ရှင့်၊ မနက်က ပိတောက်ပန်း တောင်းခိုင်းတဲ့ မောင်စိုးအိမ်က ဧည့်သည် မမလေးဆိုတဲ့ ထား သိပြီလား'

ကျွန်တော်က ချက်ချင်းမဖြေ။ တစ်စုံတစ်ခုကို စဉ်းစားပြီးမှ မယဉ်မြင့်အား တောင်းပန်မိသည်။

'ဒီမှာ မယဉ်မြင့်၊ မနက်ကျလို့ ပိတောက်တွေပွင့်နေသေးရင် ကိုစံထွန်းကို ခူးခိုင်းပြီး ကျွန်တော့်ပေးစမ်းပါ'

'အလို၊ ရှင် ဘာလုပ်မလို့လဲ'

'မယဉ်မြင့် ပြောတဲ့ မျက်လုံးပြာပြာ အသားဝါဝါနဲ့ ကျက်သရေ ရှိတဲ့ ထားဆိုတာကို သွားပေးမလို့ပေါ့'

'ရော. . .၊ နို့ အစကတော့ သိပ်ချောတဲ့ မိန်းမတစ်ယောက် ဟာ ပိတောက်ပန်းနဲ့လည်း ပတ်သက်လာမယ်ဆိုရင် ရှင် သိပ်ကြောက် တယ်ဆို'

ကားသည် ကျွန်တော်တို့နေရာ ရပ်ကွက်တွင်းသို့. . . ပြန်ရောက် လာခိုက်တွင် ကျွန်တော်က မယဉ်မြင့်၏ အမေးကို လေးလေးနက်နက် ဖြေမိသည်။

www.burmeseclassic.com

**တန်ချူးလေနှင့်လျောတော့သည်**

'ကျွန်တော်က ကြောက်ရုံပါ၊ ဒါပေမယ့် . . တစ်ယောက်ကတော့ မျက်ရည်ကျနေပြီထင်တယ်။ အဲဒီတစ်ယောက်အတွက်ပဲ ထားကို ကျွန်တော် သိရအောင် ကြိုးစားရပါမယ်'

(၅)

ညဥ့်နက်လေသဖြင့် နွေည၏ ဆုတ်စ, လသည်ပိုမို၍ ကြည်လင် ဝင်းပနေသည်။

ကျွန်တော်သည် မန်းတက္ကသိုလ်ကဗျာဆရာလေးတစ်ဦး၏ ကဗျာ စာအုပ်လေးအား အဆုံးသတ်ပြီးသဖြင့် အသာ လက်မှ ချလိုက် ကာ လေရူး ဝင်တိုးနေသော ပြတင်းဝ၌ အမှတ်မထင်ရပ်မိသည်။

ကဗျာသက် စစ်စစ် ဝင်သော ကဗျာလှလှလေးများကို ယခုကဲ့ သို့ နွေ ည ပြာပြာဝယ် ဖတ်ရခြင်းမှာ နှစ်လိုဖွယ်ရာ ကြည်လင်သော မှူးယစ်ခြင်း၌ ရှင်သန်ရခြင်းပင် မည်ပေသည်။ ကြည်လင်သော ဟူ သည့် နာမဝိသေသနကို သုံးရသည်မှာ အာရုံတရားတို့၏ လန်းဆန်း ထက်မြက်လာမှုကို ရည်ညွှန်း၍ မှူးယစ်ခြင်းမှာမူ ကဗျာဆရာခေါ် ဆောင်လေသော ခံစားရုံမျှသာ ခံစား သိရလျက် အမည်မပေးနိုင်သော ဝေဒနာစေတသိက်၏ အံ့မခန်းသော မြနန်းလှိုင်ဘုံ၌ ကျက်စားကျင် လည် ခြင်းကို မရိုးမအီနိုင်မှုအား ဆိုလိုပေသည်။

လရောင်ကြယ်ရောင်ဝယ် နှင်းကြွင်းဝေဝေ၊ ကြွေရွက်ဝါရွှေရွှေ နှင့် တင့်မောလေလှသော နွေည၏ ရာသီတော်သည် အပြင်ဘက်၌



BURMESE CLASSIC .com

www.burmeseclassic.com



သာနိုးပျော်ဘွယ် သဘင်ယဉ်နေပေသည်။

အိပ်စက်လိုစိတ် မရှိတော့။ ငိုက်မျဉ်းသမ်းဝေခြင်းတို့လည်း ပြေးပေပြီ။ စောစော၌ ရှိခဲ့သော သောက ကြောင့်ကြမှုတို့လည်း ကင်းပေပြီ။

လေထက်ဝယ် စျာန်ယာဉ်ပြောင်းလာသော ရွက်ဟောင်းတို့အား ငေးကြည့်မိစဉ် ရင်၌ဝေဒနာ တစ်ရပ်မှာ ထွက်လမ်းရှာဟန် လှိုင်းဖုံဖုံကြွနေ၏။

ခေါင်းရင်းရှိ မောင်မြင့်ဆွေ ထားခဲ့သော စောင်းအား အသာယူမိသည်။ စောင်းကြိုးကို ခတ်မိသော ရင်မှဝေဒနာ၊ နားမှအာရုံတို့ ညဉ့်ရိပ်မြုံ၏။ လှုံ့ဆော်လေသော ရုပ်ကမ္ဘာသဘောနှင့် ဖွဲ့ယှက်ပေါင်းဆုံမိသည်။

'အဇ္ဈောတစ်ခွင်မှိုင်း၊ ကသိုဏ်းမြူမင်၊ ခြုံလွှာသင်တိုင်း ရစ်သိုင်းဖွဲ့ဆင်. . . တသွင်သွင်' နှုတ်မှလည်း မတိုးမကျယ် သီဆိုညည်းညူမိသည်။

'ဆင်းပြင်. . နှင်းငွေရည်လက်ကာကြည်လွင်၊ နွေဦးလေရူးယူငင်၊ ငွေလရောင်နု တရေးရေး ရှုမြင်၊ ကွယ်ရှောင် ပုန်းကာသာပင်'

ရာသီနှင့် ဖက်ဟပ်မိ၍ တေးမှာ အသက်ဝင်လှပေသည်။

'လွမ်းယူတ,မြူ ဝေးမြေရပ်ခြား၊ မယ်ထံအားတွင် မှာကြားစေချင်၊ သီတဂူဆွေရဲ့၊ ကူညီပေမယ့်၊ တူညီလေတဲ့ ပမာသွင်ပြင်'

ဆက်လက်၍ သီဆိုရသောအပိုဒ်ကို 'တစ်ဘာသာတည်းပြော၍ တစ်ကြိုးတည်းက,သော' ဘဝကြင်ဖော်ကို 'ယထာဘူတကျကျ' ရွေးယူသွားပြီဆိုသည့် တစ်ရံရောအခါက ကျွန်တော့် အယူအဆနိုင်ငံမှ



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ခူးလေနှင့်လျှောတော့သည်**

'တစ်ပြည်သူ' မရွှေထား တစ်ယောက်ကြားလျှင် သနားပြုံး ပြုံးမိလေမည်လော မပြောတတ်။

'ထံတျာလှိုင်းယဉ်၊ ငြိမ့်ငြိမ့်သာပင်။ ရွှေရင်ထဲ ရစ်ဝဲကာမြင်၊ ဆင်းသွင် ရူပကလျာ နွယ်စင်။ ယဉ်စစ မူရာသွင်ပြင်၊ ကင်းခြောက်ပြစ်စင်၊ သံပြိုင် လှည့်ကြွေး။ ဆိုတေး ချိုအေး သာယာကြည်လွင်။ ဘယ်ဘယ်ခါမှပင်။ မောင်မယ်စုံ ချစ်တုံ့ခွန်းတင်။ ဖေးမကူညီစေချင်။ မာယာရှင်ထိပ်ခေါင်မယ်အပါးတွင်။ ထံတျာရှင် စောင်းရှင် လုလင် ခစားနေပါရစေလား-သခင်'

ကျွန်တော်က စောင်းကို လက်မှချလိုက်သည်။ ရင်မှ ချစ်ခြင်းတစ်ရပ်ပြေပျောက်သွားပြီ ထင်သည်။ သို့ရာတွင် မျက်လုံးများမှာ မအိပ်ချင်သေး။

ကျွန်တော်က အိမ်ပြင်ထွက်၍ ခြံတွင်းသို့ဆင်းသည်။

နွေတွင်ဖြစ်သော်လည်း ညဉ့်မှာမပူပြင်း။ တန်ခူးလေသည် ခရီးကျူးသောမိုးသားတို့အား သယ်ဆောင်ပို့နေခိုက် အေးချမ်းမှုကိုလည်း ယူငင်ခဲ့သည်။

စိတ်ထွေပြားသောညမျိုးတွင် မဆိုက်ရောက်လာနိုင်သော အိပ်ပျော်ခြင်းအား အကျိုးမဲ့ငံ့လင့်နေသည်ထက် ပြန့်ပြောသာယာသည့် နယ်နမိတ်မဲ့ရာ ဩကာသလောက၏ ကျယ်ဝန်းလေသမျှဆီ အာရုံငါးပါးကိုလွှတ်လျက်နာမ်တရားအား လွတ်လပ်စွာ လွင့်စေခြင်းဖြင့် ငြိမ်းချမ်းနေမှုကို ရယူသော အကျင့်ကို ကျွန်တော်တတ်သည်မှာ ကြာပေပြီ။

အတန်ကြာလမ်းလျှောက်နေပြီးမှ ခြံတွင်းရှိ ငုတ်တိုတစ်ခုထက်ထိုင်လိုက်မိသည်။ အဝေးရပ်မှလာသော ဥသြငှက်၏ အသံကိုသဲ့သဲ့ကြားရခိုက် ပိတောက်နံ့ သင်းချိုချိုမှာလည်း ကြိုင်တစ်လှည့် ပျောက်



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ချည် ပျံ့၍ပျံ့လာသည်။

ကျွန်တော်က စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိ ဖွာရှိုက်လိုက်၏။ ထိုအခိုက်တွင် တယောသံမြည့်မြည့်ကို ကြားရသည်။ တယောသံမှာ တစ်ဖက်ခြံမှလာသည်။ တယောရှင်သည် ညှင်းနွဲ့စွာ တီးလျက်ရှိစဉ် တေးကိုလည်းလိုက်ညည်းနေမည်လောမသိ၊ အလှမ်း အတန်ဝေးလေသည်မို့ အစသော် သီချင်းဆိုသံကို သဲသဲကွဲကွဲ မကြားရ။ တစ်ခုသေချာသည်မှာ အသံရှင်သည် မိန်းမသားတစ်ဦး ပေတည်း။ မသဲကွဲ မပြီသသော်လည်း တေးမှာ ကျွန်တော်ရသော တေးတစ်ပုဒ်ဖြစ်၍ ဖြည့်မွမ်း ခံစား ကြည့်နိုင်သည်။

'ကြယ်ချွေရွှေပေါင်း၊ ထောင်သောင်း. . . သခ်ျော ဖော်ရွှေစုံညီ သားနဲ့။ ကွယ်ကာသာတစ်လှည့်-ညှိုးငယ်ခဲ့ပြီဆွေ။ မယ်ကဲ့သို့ တစ်ကိုယ်ရေသာပင် ကြုံပါလျှင်ဖြင့်၊ ပုံပမာ သဇင်ပွင့်သို့။ ကြွေမည်လား လေ. . .'

ကြယ်သီးထဘနမ်း ပြောင်မြောက်လေသော အနုပညာ၏ တင်စားချက်ပင်ဖြစ်ပါ၏။ တိမ်စွယ်ရိပ်မြေးခိုက်. . . ဆွေလိုက်သည့်ပုံဟန် မှုန်ပြ မှိုင်းဝေလေသော ကြယ်ပေါင်း၏ သခင်ကိုပင် တေးရှင်သည် ညင်ညင် သာသာ ဝမ်းပန်းတနည်း ခနဲ့ရန်တွေ့နေ၏။

တေးရှင်က ဆက်လက်၍ ငွေလဝန်းအား သူ့ဘဝနှင့် ပုံခိုင်း နှိုင်းယှဉ်နေပြန်ပေပြီ။

'ငွေဝန်းရယ်. . .၊ ဝန်းရယ်သောတာ။ ယုန်စန္ဒာအား ရှုအား



BURMESE CLASSIC .com

www.burmeseclassic.com



တော့ကွယ်လေ။ ငွေလွှာစက်ဝိုင်း . . . ထက်ပိုင်း ပြတ်ကြွေ။ မယ့်အသည်းကို ကွဲကာသာကြေ။ မယ်နှလုံးလိုပြုန်းကာသာနေ။ တရွေ့ရွေ့ ဖြတ်သန်း။ ညိုရိပ်မှောင်လွှမ်း လခြမ်းပဲ့၊ တိမ်ယဉ်သာလှေ ကြွေတော့မည် တူယောင်ယောင်ပေ. . . ’

ကျွန်တော်က ဆက်လက် သည်းမခံနိုင်တော့။ နေရာမှထကာ တစ်ဘက်ခြံသို့ ကူးမည်ဟု ပိတောက်ပင်အောက်၌ ရပ်လိုက်သည်။ ထိုအခိုက်တွင် မမျှော်လင့်သော အသံကို ကျွန်တော်ကြားရ၏။

‘ဟေ့လူ ရပ်လိုက်’

ထိတ်လန့်တကြား မော့ကြည့်မိသော ကျွန်တော်က. . အရိပ်တွင်းမှ ထွက်လာသော မောင်စိုးအား . . လက်တွင်းမှ ကိုင်ဆောင်လာသော တုတ်တစ်ချောင်းနှင့်အတူ တွေ့ရသည်။

‘ဩ. . . ’

ကျွန်တော်က ဒါပဲ ဆိုနိုင်သည်။

‘ဩ. . . လုပ်မနေနဲ့။ အခု ခင်ဗျား ဒါဘာလုပ်တာလဲ’

‘ဟေ. .၊ ငါဘာလုပ်နေတာလဲ. .။ အေး. . တော်တော်မေးထိုက်တဲ့ မေးခွန်းပဲ။ ငါဘာလုပ်နေလဲ. .။ ဒါပေမယ့် ငါ့လူရ၊ ခက်တာက လူဆိုတာမျိုးက တစ်ခါတစ်လေ ကိုယ်ဘာလုပ်လို့ လုပ်တယ် သိတာမျိုးမှ မဟုတ်ဘဲ’

‘ဒီမှာ ကိုယ့်ဆရာ. . . မနက်တုန်းကလိုတော့ အူကြောင်ကြောင်တွေပြောမနေနဲ့။ အခု. . . ခင်ဗျား ဘာလုပ်နေသလဲ သိရဲ့လား. . . ’

ကျွန်တော်က ရယ်ချင်လာသည်။ တုတ်ကိုင်၍ မှုန်တေတေ မေးနေသော သူငယ်အား စ,လည်း စ,ချင်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟင့်အင်း. . . မသိဘူး။ ငါ့လူသိရင် ပြောစမ်းပါ'

'ခင်ဗျား ပိုင်နက်ကျူးလွန်နေတယ်'

'ဘာတဲ့ကွယ့်'

'ခင်ဗျား ပိုင်နက်ကျူးလွန်နေတယ်။ သူများခြံထဲ အချိန်မတော် ဝင်မယ်ကြံသူဟာ အပြစ်ရှိတယ်။ နားလည်လား'

'ဟာ. . ငါ့လူက တရားသူကြီးသား ပီသတယ်ကွာ. . ။ ဥပဒေ တွေ ဘာတွေနဲ့ ခြောက်လို့'

'ကျုပ်က ဥပဒေနဲ့ခြောက်နေတာ မဟုတ်ဘူး'

မောင်စိုးက စကားမဆက်သော်လည်း လက်တွင်းမှတုတ်ကိုဆကာ အဓိပ္ပာယ်ပါပါနှင့် ကျွန်တော့်အား ကြည့်သည်။

'အလယ်. . . လယ် မင်းလက်ထဲက တုတ်တော့ ငါတစ်ကယ် ကြောက်တယ်ကွယ့်။ ဘုရားစူးရစေရဲ့။ ဥပဒေဆိုတာကြီးထက်တောင် ကြောက်သေးတယ်မောင်။ ဥပဒေဆိုတာက ရှေ့နေငှားပြီးမဟုတ်တရုတ် ပြောခိုင်း ကာကွယ်လို့ရသေးတယ်'

'ကြောက်ရင် ထွက်သွားဗျ'

'သွားပါမယ်ကွာ သိပ်လည်း ဒေါသမကြီးပါနဲ့။ မင်းတုတ်ကို ငါတကယ်ကြောက်ပါတယ်။ အဲတစ်ခုတော့ ရှိတယ်ကွယ်၊ ငါကမင်းတို့ ခြံထဲ မကျော်ရသေးဘူး။ ပိတောက်ပင်အောက်မှာပဲရှိသေးတယ်။ မင်း ကိုယ်တိုင်မနက်က ငါ့ဆီက ပိတောက်ပန်းတောင်းခဲ့တာကို သက်သေပြ ရင် ငါဟာ အခုအထိ ငါတို့ခြံထဲမှာပဲရှိသေးတယ် ဟုတ်စ'

မောင်စိုးမှာ ငိုင်ကျသွားသဖြင့် အခွင့်အရေးကို မလွှတ်ဘဲ ကျွန် တော်က ဆက်ပြောသည်။

'ဘာပဲဖြစ်ဖြစ် ငါထွက်သွားပါ့မယ်။ ဟုတ်ပါ့မလား မောင်စိုး၊

www.burmeseclassic.com



စကားမစပ် မောင်စိုးနာမည်ကို ကိုယ်သိထားတယ်။ မောင်စိုးနဲ့ ကိုယ် မိတ်ဆွေဖြစ်ချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်ချင်ပါ တယ်’

အစသော် မောင်စိုးသည် ကျွန်တော့်စကားအား ငိုင်ငိုင်လေး နားထောင်နေသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူငယ်က လှောင် ပြုံးပြုံးသည်။

‘ဟာ. . ဟ အဆုံးတော့ဒီဘူတာဆိုက်တာပါပဲ။ ဒီမှာ ကိုယ့်ဆရာ ခင်ဗျား ဘိုးတော်ဘုရားလက်ထက်ကနည်းကြီးက ရိုးလွန်းတယ်။ မစား သာတော့ဘူး. . .’

‘ဘာ ပြောတယ်. . .’

‘ဟဲ ဟဲ ရှင်းပါတယ်. . ကျွန်တော်နဲ့ မိတ်ဆွေဖြစ်အောင်လုပ်မယ်၊ နောက်အိမ်လာလည်မယ်၊ ပြီးတော့ မမလေးနားရောက်အောင် ကပ်မယ်။ ခင်ဗျားမေးသလိုပဲ ဟုတ်စ. . .’

ကျွန်တော့်မှာ ရုတ်တရက် စကားမပြန်မိ။ ကျွန်တော့်မျက်နှာ မှာလည်း ဒေါသနှင့်ရှက်သွေးရော၍ နီမြန်းနေပေလိမ့်မည်။ မောင်စိုး ကသာ စကားဆက်သည်။

‘ဒီမှာ နားထောင်စမ်းဗျ။ ကျွန်တော်က ဒီလောက်မအ,ဘူး၊ ခင်ဗျားစောစောက စောင်းတီး သီချင်းဆိုတယ်။ နောက် ခြံထဲဆင်း လူယောင်ပြတယ်။ ကျွန်တော်အကုန်ကြည့်နေတာ။ နောက် မမလေး တယောသံကြားတော့ ဒီဘက်ခြံကူးမယ်လုပ်တယ် ဟုတ်စ။ ညချမ်း ရိပ်ဝယ် တေးသံပေးလို့ ရောက်ခဲ့ပေါ့ကွယ် ဆိုတာမျိုးဟာ ကာလသား ဂျပိုးတွေ လုပ်တဲ့အလုပ်။ လူကြီးလူကောင်းတွေနဲ့ ဘာမှ မဆိုင်ဘူး။ ပြီးတော့ ဒီနည်းနဲ့ စွံတယ်ဆိုတာဟာ စိတ်ကူးယဉ် ဝတ္ထု ပြဇာတ်၊



BURMESE CLASSIC .com

www.burmeseclassic.com



ရုပ်ရှင်ထဲတော့ ဟုတ်ချင်ဟုတ်မယ်။ လူ့ဘဝမှာ မစားသာဘူး . . . '

ကျွန်တော်က မောင်စိုးအား စကားပြန်ရန် ကြိုးစားသည်။ သို့ရာတွင် ရှက်စိတ်နှင့် ဒေါသတို့ကြောင့် ရုတ်တရက် စကားရှာမတွေ့၊ မောင်စိုးမှာမူ အတောမသတ်သေး။

'ပြီးတော့ နောက်ဆုံးတစ်ခုပြောခဲ့မယ်။ ကျွန်တော့် မမလေးဟာ ခင်ဗျားတို့လို ယောကျ်ားတွေကြောင့် စိတ်ဆင်းရဲဒုက္ခရောက်ခဲ့ရတာ များပါပြီ။ အခုလိုကျွန်တော်တို့ရဲ့ စိတ်ချမ်းသာ လူချမ်းသာ ရှိနေဆဲမှာ ခင်ဗျားကဝင်ပြီးထပ်မနှိပ်စက်ချင်ပါနဲ့။ ခုလို ကျွန်တော်မေတ္တာရပ်ခံရက်က ခင်ဗျားစမ်းချင်သေးတယ်ဆိုရင်တော့ သတိပေးလိုက်မယ်၊ ကျွန်တော့် မမလေးကို ကျွန်တော်က အသက်ပေး ကာကွယ်ရလိမ့်မယ်'

မောင်စိုးက ခံ့ညားစွာ နိဂုံးချုပ်လိုက်ခါမှ ကျွန်တော့်မှာ သတိရ၍ ပြုံးမိသည်။

'မင်းပြောတာကို သိပ်သဘောကျမိတယ် မောင်စိုး၊ ဒါပေမယ့် ငါ့စောင်းငါတီးပြီး ငါ့သီချင်းငါဆိုစဉ်မှာ ဘယ်မိန်းမကိုမှ ငါက ဖုတ်လေတဲ့ငပိ ရှိလေရဲ့လို့ မထင်ခဲ့ဘူး။ ဒါကိုတော့ ယုံပါ၊ ပြီးတော့ မင်းတို့မမလေးဟာ ယောကျ်ားတွေကြောင့် စိတ်ဆင်းရဲဒုက္ခ ရောက်ခဲ့တယ်ဆိုရင် ငါကလည်း မိန်းမတွေကြောင့် မဟုတ်တောင် မိန်းမတစ်ယောက်အတွက်တော့ မီးကိုတိုးဖို့ကြောက်တဲ့ အတောင်ပံတစ်ဝက်မဲ့ ယင်တစ်ကောင်ပမာတော့ ဖြစ်ခဲ့ဖူးတယ်။ ပိုးဖလံတော့ မဟုတ်ဘူးကွယ့်။ အေး ဘာပဲဖြစ်ဖြစ် မင်းတို့မမလေးကိုတော့ လူကြီးလူကောင်းတစ်ယောက်ဆန်ဆန်ပဲ ငါတွေ့ချင်ပါသေးတယ်။ ဂွ(ဒ်)နိုက်(တ်) မောင်စိုး . . . '



BURMESE CLASSIC .com

**တန်ချူးလေနှင့်လျောတော့သည်**

ကျွန်တော်က နေရာမှ ချာကနဲ လှည့်ထွက်ခဲ့၏။

နွေညမှာ ငွေလရောင်ကြောင့် ရွှန်းရွှန်းစက် နေပါ၏။ တစ်ဘက် ခြံတစ်ထောင့်စွန်းမှ မောင်စိုး၏ ချစ်လှစွာသော မမလေးမှာ တယောနွဲ့ နွဲ့နှင့် တေးဖွဲ့မဆုံးသေး။

ကျွန်တော့်အတွက်မူ စိတ်ကူးယဉ် ကဗျာဆန်မှုတို့ လွင့်ပြေးကုန် သည်။ ပင်ကိုယ်မခံချင်စိတ်နှင့် ဇွတ်တရွတ်ပြုချင်မှုဝါသနာတို့က ကျွန် တော့်ရင်ဝယ် စိုးမိုးလာ၏။ ကျေနပ်နှစ်သိမ့်မှုတစ်ခုပင် ရင်၌ ခိုဝင်လာ ပြီးသည့်ခဏ၌ ကျွန်တော့်မှာ စိတ်အေးချမ်းစွာ အိပ်မောကျသွားမိ သည်။

× × × ×

နံနက်အိပ်ရာနိုး၍ ခေါင်းဖြီး အဝတ်အစားလဲကာ လက်ဖက် ရည်ခန်းသို့ ကျွန်တော်ထွက်လာချိန်တွင် လူစုံနေကြရုံမက မယဉ်မြင့် မှာ ပိတောက်ပန်းစည်းကြီးတစ်စည်းနှင့် အဆင်သင့်ဖြစ်နေသည်။

'ဟောဒီမှာ ကျန်တဲ့အဖူးတွေက ထပ်ပွင့်တဲ့ ပိတောက်တွေ၊ ကဲ. . . ရှင်သွားပေးမယ်ဆို၊ ကိုမြင့်ခိုင် ဘယ့်နှယ်လဲ. . .'

ကျွန်တော်က ကော်ဖီတစ်ခွက်အား အလျင်အမြန် မော့ချလိုက်ပြီး ပိတောက်ပန်းစည်းအား လှမ်းယူလိုက်သည်။ ထိုအခါမှ ကိုသက်ဆွေက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဝင်ဆို၏။

'ဟေ့လူ. . . ခင်ဗျား ဘာလုပ်မလို့လဲ'

'မမလေးပန်စရာ ပျိုတို့မောင် တောင်ပေါ်ရိုးက ပန်းချိုးလို့လာ ဆို

www.burmeseclassic.com



တာကို ကိုစံထွန်း ခူးတဲ့ ပိတောက်ပန်းကို မောင်စိုးတို့ မမလေးပန်ဖို့ သွားပေးမလို့. . .'

'ကိုမြင့်ခိုင်. . . ရှင်တကယ်သတ္တိရှိလို့လား။ ဟောတော့ ဘုရား ရေ သူတကယ်ထွက်သွားပြီ. . .'

မယဉ်မြင့်၏ အံ့သြသံကို ပြန်မဖြေတော့ပဲ ကျွန်တော်က တံခါးဖွင့်၍ အပြင်သို့ထွက်ခဲ့သည်။

ကျွန်တော်က တစ်ဘက်ခြံတွင်းရှိ မောင်စိုးတို့၏ အိမ်တံခါးမ ရှေ့၌ ရပ်မိ၏။ မျှော်လင့်ထားသည့်အတိုင်းပင် မောင်စိုးကအရင်ထွက် လာသည်။

'ခင်ဗျား လာပြန်ပြီလား'

'အေးကွယ့်၊ ဒါပေမယ့် ဒီတစ်ခါတော့ နေ့ခင်းကြောင်တောင်ပါ ကွယ်။ ပြီးတော့ မောင်စိုးကို ကိုယ်ညက ပြောခဲ့သလို အခုလူကြီး လူကောင်းဆန်စွာ ရောက်လာတာပါပဲ'

'ဒီမှာ ခင်ဗျားကို ကျွန်တော် မတီးမိခင် ပြန်ထွက်သွားရင် ကောင်းလိမ့်မယ်'

'အား . . . ကောင်းမယ်လို့တော့ ကိုယ်လည်းထင်မိသား၊ မောင်စိုး ဘယ်လိုသဘောရလဲ. . .'

ကျွန်တော့်ထံမှ မမျှော်လင့်သော စကားကြောင့် သူငယ်ခမျာမှာ ဘာဆက်ပြောရမှန်း မသိဟန် ကျွန်တော့်အား မျက်လုံးပြူးကြည့်သည်။

'အင်း. . .၊ မလာခင်ကတောင် စဉ်းစားမိသေးတယ်၊ မလာရင် ကောင်းမှာပဲလို့၊ မောင်စိုးပြောတာမှန်တယ်။ ပြန်ထွက်သွားရင် ကောင်းမှာပဲ၊ ဒါပေမယ့် ဒီပန်းတွေ ကိုယ်ဘာလုပ်ရမလဲ။ မောင်စိုး ကိုယ့်ကို အကြံမပေးနိုင်ဘူးလား'

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

‘ခွေးကျွေးပစ်လိုက်ပေါ့ဗျ. . . ’

‘ဟ-ကိုယ့်လူရ၊ ပန်းကိုခွေးမစားဘူးကွ။ အဲအဲ မသိလို့မေးစမ်းမယ်၊ ပန်းစားတဲ့ခွေးများ ကိုယ်လူတွေ့ဖူးလား၊ တွေ့ဖူးရင်တော့ တော်တော်ထူးတာဘဲ. . . ’

‘ခင်ဗျားရူးနေသလား . . . ’

‘အေး. . အဲဒါလည်း ကိုယ်တော်တော် ကြာကြာ စဉ်းစားဖူးတယ်၊ လေးလေးနက်နက်ကို စဉ်းစားဖူးတယ်။ ကိုယ်ရူးနေသလား ကိုယ့်လူ ဘယ့်နှယ်ထင်သလဲ. . . ’

မောင်စိုး၏ မျက်နှာဝယ် ချုပ်တီးလျက်မှ ရုန်းကန်ထွက်လာသော ပြုံးရယ်လိုမှုအား ပထမဆုံးအကြိမ်အဖြစ် ကျွန်တော်တွေ့ရသည်။

‘ကိုယ်ရူးနေသလား၊ အင်း. . အသက်ကလေးက နဲနဲရင့်လာတော့ ကြောင်တော့ကြောင်ချင်လာတယ်။ တစ်ခါတစ်လေမောင်ရင်တို့ လူငယ်တွေ မှန်တယ်ထင်တာဇွတ်လုပ်လို့ ပေါတောတောဖြစ်တာ မြင်တိုင်း ကိုယ်မနာလို ဖြစ်မိတယ်ကွယ့် သိလား၊ ဘာကြောင့်လဲဆိုတော့ တို့လူကြီးတွေက ပေါတောတောဖြစ်မှာ ကြောက်တာနဲ့ မှန်တယ်လို့ လူတကာပြောတာကို မလုပ်ချင်ဘဲ လျှောက်လုပ်မိပြီး တစ်ခါ ပေါတောတောဖြစ်ကုန်ပြန်တယ်။ ဟေ. . . ဟေ. . . ၊ တို့ဘာထူးကြသလဲ ပါတောနဲ့ ပေါတာ ဟား . . . ဟား . . . ’

ဤတစ်ကြိမ်တွင်မူ မောင်စိုးသည် မချုပ်တီးနိုင်တော့၊ အသံထွက်အောင် ရယ်ပြီးနောက် ‘ခင်ဗျားကို ကျွန်တော်အရှုံးပေးပြီ’ဟုကြည်လင်စွာ ဆိုသည်။

ကျွန်တော်ကလည်း ကျေနပ် ဝမ်းမြောက်စွာ ပြုံးရယ်မိပြီး လူငယ်ပီပီ ပွင့်လင်းသမျှ ရိုးသားရဲရင့်လှသူ မောင်စိုး၏ ပခုံးအား ခင်မင်ရင်း

www.burmeseclassic.com



နှီးစွာ ပွေ့ဖက်မိသည်။

ထိုအခိုက်တွင်ပင် 'ဟဲ့ မောင်လေး မောင်စိုး။ မင်းဘယ်သူနဲ့ စကားပြောနေတာလဲ၊ အို. . .' ဟူသောအသံနှင့်အတူ ထားက တံခါးဝ၌ ပေါ်လာသည်။

ထိုအခိုက်တွင်ပင် ကျွန်တော်၏ ရဲရင့်မှု၊ ကျွန်တော်ကိုယ့်ကိုယ်ကို ယုံကြည်မှုနှင့် ကျွန်တော်၏ 'ထီမထင်'တို့ လွင့်ပျောက်ပြေးကွယ် ကုန်သည်။

အရပ်ကသွယ်သွယ်၊ နုသားက ရွှေဝါနှင့်၊ ပန်းရောင်ဖြော့ဖြော့ အင်္ကျီ၊ ခရမ်းရောင်အရင့်စင်း ထဘီနှင့်ဖြစ်သဖြင့် ဆင်းသွင်အလိုက် ဆင်ပြင်ပုံ သင့်ဘက်လှသူထားအား ကျွန်တော်က ပန်းစည်းပိုက်လျက် လူပျိုဘော်ဝင်စလုလင်ပမာ အငေးသားကြည့်နေမိသည်။

'ဟင်-ပိတောက်ပန်းတွေ၊ ဟော-ရှင် မယဉ်မြင့်တစ်ယောက်ကော၊ ကျွန်မအတွက် ဒုက္ခများကြရပါပြီ၊ ပန်းတွေကတော့ လှလိုက်တာ နော်။ ချစ်စရာ'

ထားသည် ပြောပြောဆိုဆို ပန်းစည်းအား ကျွန်တော်မပေးမီ လှမ်းယူနှင့်သည်။ ယခုအချိန်အထိ ကျွန်တော့်နှုတ်မှ စကားတစ်လုံးမျှ ထွက်၍မရသေးပေ။

'ဩော်. . . အိမ်ထဲဝင်ပါဦးရှင်၊ မောင်စိုးရေ ဒေါ်လှမင်းကို ကော်ဖီနဲ့ မုန့် ယူခဲ့ပါလို့-နော်'

သို့ဖြင့် ဧည့်ခန်းတွင်း၌ ထိုင်မိသည်။ ကျွန်တော်သည် အကြောင်းမဲ့ ခေါင်းအား အညောင်းပြေ ဇက်ချိုးသည့်ဟန် ဟိုဘက် သည်ဘက် ဆတ်အပြီး လည်ချောင်းမယားဘဲလျက် ချောင်းသုံးချက် ဟန့်ပြီးချိန်တွင် နေသားထိုင်သားကျလျက် သူရသတ္တိများလည်း ပြန်

ဝင်လာသည်။ ဤသည်တိုင်အောင် စီးကရက်တစ်လိပ်ကို ထုတ်ယူဖွာညှိကာ ထပ်မံရဲဆေးတင်ရသေးသည်။

ထားသည် ပန်းစည်းအား လက်မှမချသေးဘဲ မပြုံးဘဲလျက် ပြုံးရိပ်လွင်သည့် သိမ်မွေ့သော မျက်နှာထားဖြင့် . . .'ကျေးဇူးတင်လိုက်တာရှင်၊ ဒါထက် မယဉ်မြင့်ရဲ့' ဟု အဆုံးမသတ်သော မေးခွန်းသဘော သက်ဝင်သည့် ဝါကျကိုဆို၏။

'ဟုတ်ကဲ့၊ မယဉ်မြင့်ယောကျ်ားက ကိုလေးချိုတဲ့၊ ကျွန်တော့်နာမည်ကတော့ မြင့်ခိုင်တဲ့ခင်ဗျ'

ထားသည် ကျွန်တော့်ဖြေပုံ၌ မည်သည်ကို ဟာသတွေ့သွားသည်မသိ။ အသာအယာ ပြုံး၏။

'မယဉ်မြင့်တို့ရဲ့ မောင်ဖားတစ်ယောက်ဘဲ ထင်ပါတယ်'

'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်ဟာ ဧည့်သည်တစ်ဦးပါ။ ကိုလေးချိုရဲ့ မိတ်ဆွေပါပဲ'

ထိုစဉ်၌ အသက်ငါးဆယ့်ကျော် မွန်ရည်သော လူကြီးတစ်ဦးက အခန်းတွင်းသို့ ဝင်ရောက်လာ၏။ နောက်မှလည်း ဖြူဖြူဝင်းဝင်း အဒေါ်ကြီးတစ်ဦးလည်း ကပ်ပါလာသည်။ နှစ်ဦးလုံးမှာ တဘက်များ လက်ကန်တော့ ထိုးထားသည်ကို ထောက်၍ သင်္ကြန်တွင်း သီလယူသွားမည့်ဟန် ပေါ်နေသည်။

လေးစားသမှုနှင့် ထိုင်ရာမှထလိုက်သော ကျွန်တော်မှာ လူကြီး၏ မျက်နှာအား မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အံ့အားသင့်သွားလျက် နှုတ်လည်း ဆက်မိသွားသည်။

'ဟာ. . . ဦး'

'ဟေ-ဟ မောင်မြင့်ခိုင်၊ ဘယ့်နှယ် ဒီရောက်နေသလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



အလယ်သက်သက်ပါပဲဦး၊ တစ်ဖက်ခြံမှာတည်းနေပါတယ်။ ဒီဘက်မျာ အငြိမ်းစား စက်ရှင်မင်းကြီး တစ်ဦးနေတယ်ဆိုတာ သိရပေမယ့် နာမည်မသိလို့ ဦးမှန်းမသိဘူး’

‘နို့. . . ဘယ်နှယ့် အိမ်ရောက်လာသလဲ’

‘ဩော်-ဟိုဘက်ခြံက မယဉ်မြင့်က ပိတောက်ပန်း ပေးခိုင်းလိုက်လို့ပါ’

‘ဟာ- ကြုံကြုံဖန်ဖန် တွေ့ရပလေ၊ ဝမ်းသာလိုက်လေကွယ်၊ ဩော်- စကားမစပ် မိတ်ဖွဲ့ပေးရဦးမယ်။ ဟောတာက ဦးတူမ ထား၊ ဦးနှမ အငယ်ဆုံးက မွေးတာ၊ ရန်ကုန် ကူရှင်ကျောင်းမှာ ဆရာမပေါ့။ ဒါက ဦးရဲ့ဇနီး၊ ဒီ မောင်စိုးကတော့ ဦးရဲ့ နအိုနောက်ကျသား၊ ဟား- ဟား၊ မောင်မြင့်ခိုင်ကတော့ ရန်ကုန်တက္ကသိုလ် ဖီလိုဆိုဖီဌာန ကထိကပဲ။ ဦးလေးနဲ့တော့ မြန်မာနိုင်ငံ သုတေသနအသင်းမှာ မကြာခဏ တွေ့ဘက်ပေါ့ ထားရဲ့’

ဦးသိန်းဆိုင်မှာ မြန်မာနိုင်ငံသုတေသနအသင်း၏ အမြဲတမ်းအသင်းဝင် လူကြီးတစ်ဦးဖြစ်၍ ကျွန်တော်တို့ တက္ကသိုလ်ဆရာများနှင့် ရင်းနှီးခင်မင်သည်။

ထိုစဉ် ထားက. . .

‘အတော်ပဲ ဒေါ်ဒေါ်၊ ပန်းတွေ ဘုရားလှူဖို့ ယူသွားပါဦး၊ ထားအတွက်က နည်းနည်းပါးပါးစွန့်ချန်ထားခဲ့ရင် တော်ပါပြီ’ ဟုဆိုလျက် ပန်းတော်တော်များများကို ခွဲဝေပေးသည်။

အဒေါ်ကြီးက. . .

‘အေး အေး သာဓု-သာဓု တူမရယ်’ဟုဆိုစဉ် ဦးသိန်းဆိုင်က ကျွန်တော့်အား တောင်းပန်သည်။



BURMESE CLASSIC .com

**တန်ချူးလေနှင့်လျော့တော့သည်**

'မောင်မြင့်ခိုင်လည်း ဦးတို့ကို ခွင့်ပြုဦး။ သီလယူဖို့ နောက်ကျနေရင် ဆရာတော်က ကြိမ်းနေဦးမယ်။ နောက်တော့ တွေ့ကြသေးတာပေ့ါ။ ဟောဒီတူမကြီးနဲ့ စကားပြောနေရစ်ဦး'

'ဟုတ်ကဲ့ ဦး၊ ဒါထက် ကျွန်တော်တို့ မြို့ထဲသကြ်န်လျှောက်ကြည့်မယ်စီစဉ်ထားတယ်။ မောင်စိုးလိုက်ချင်ရင် ခေါ်သွားခွင့်ပြုပါ'

'ဟာ-သူကထွက်ချင်နေတာ အဖော်မရှိလို့ ညမှပဲ ထွက်ရတယ်။ မောင်မြင့်ခိုင်တို့နဲ့ဆို စိတ်ချပါတယ်။ ခေါ်သွားပါ။ ကဲ- ဦးတို့ သွားလိုက်ဦးမယ်'

အဘိုးကြီးစုံတွဲ ထွက်သွားသောအခါ မောင်စိုးသည် ကျွန်တော့်အား ပြုံးကြည့်ပြီးနောက် 'အဝတ်သွားလဲဦးမယ်' ဟုဆို၍ အပေါ်ထပ်သို့ တက်ပြေးသည်။

ထိုအခိုက် အိမ်ဖော် ဒေါ်လှမင်းသည် ကော်ဖီနှင့် မုန့်များယူလာချထားပေးသဖြင့် ထားသည်ပြုံးလျက် ကျွန်တော့်အားကြည့်ပြီး 'ကော်ဖီနဲ့ မုန့်သုံးဆောင်ပါဦး ဦးမြင့်ခိုင်၊ ထားကိုလည်း ခေတ္တခွင့်ပြုပါ၊ အခုပဲပြန်လာခဲ့ပါ့မယ်၊ ဒေါ်လှမင်း ဧည့်သည်နဲ့ စကားခဏပြောရစ်ပါ ဦး' ဟုဆိုလျက် ထားသည် အခန်းတွင်းမှ ပေ့ါပါး ညင်သာစွာထွက်သွားခိုက် ဒေါ်လှမင်းက ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်ရင်း ပြုံးစေ့စေ့နှင့် ကျွန်တော့်အားကြည့်၏။

'တူမောင်က ကျောင်းဆရာပဲနော်။ ခုနင်က ကြားလိုက်တာပဲ'

'ဟုတ်ပါတယ် ခင်ဗျာ'

'တူမကြီးကလည်း ကျောင်းဆရာမပဲ။ သိလား'

'ခင်ဗျာ. . . ဩော်. . . ဟုတ်ကဲ့'

'အဒေါ်က ကျောင်းဆရာဆို ဝဝခဲ့ခဲ့ ဗိုက်ရွဲရွဲနဲ့ပဲ မှတ်ထားတာ၊



BURMESE CLASSIC .com

www.burmeseclassic.com



တူမောင်ကတော့ ဟဲ-ဟဲ ဇာတ်လိုက်မင်းသားအရွယ်ပဲ'

ကျွန်တော်သည် ဘာပြန်ဖြေရမှန်းမသိဘဲ နှုတ်သွက်လှသော ရွှေမန်းသူကြီးအား ပြန်ကြည့်နေမိသည်။ နောက်မှ စကားအဆက်မပြတ်ရန် 'ကျွန်တော်လည်း မငယ်တော့ပါဘူး ဒေါ်ဒေါ်၊ အသက်သုံးဆယ်ကျော်ပါပြီ' ဟု ဆိုရသည်။

'ဩော်. . . တူမကြီးနဲ့ ရွယ်တူပေါ့'

'ခင်ဗျာ. . .'

'ဒါထက် တူမောင်ယူလာတဲ့ ပိတောက်ပန်းတွေကာ သိပ်လှတာပဲ။ မိန်းကလေးဆိုတာမျိုးက ပိတောက်ပန်းဆို တယ်ခုံမင်ကြတာ၊ အခေါ်ဖြင့် ဒီအရွယ်ရောက်တာတောင် ပိတောက်ပန်းများ ပွင့်ရင် တစ်ခက်လောက်တော့ ခေါင်းမှာပန်လိုက်ရမှ ဟန်လှတယ်ထင်တာ။ အိမ်ကလူရှိတုန်းက ပိတောက်ပန်းပွင့်လို့ ခူးခိုင်းရင် ဘယ်တော့မှ ခူးမပေးဘူး။ လူပျိုအပျိုတုန်းကတော့ သူက ထိပ်ကခူးပေးတာပေါ့ သိလား'

'ဟုတ်-ဟုတ်ကဲ့'

ကျွန်တော်က ဟုတ်ကဲ့သာလိုက်ရင်း ကော်ဖီတစ်ခွက်ကို ဇွတ်မျိုချနေရသည်။

'တူမောင်က အိမ်ထောင်မရှိသေးဘူးထင်တယ်'

'ဟုတ်ကဲ့. . . မရှိသေးပါဘူး'

'ဟဲ. . ဟဲ. . .။ ဒါကြောင့် ထင်တော့ ထင်သားဘဲ'

'ခင်ဗျာ. . .'

ဒေါ်လှမင်းမှာ ဘာတွေဆက်လက် တောနေဦးမည်စသိ၊ ကံအားလျော်စွာ ထားပြန်ရောက်လာသဖြင့် နှုတ်သွက်သူကြီးမှာ ထွက်သွား

ရ၍ ကျွန်တော့်အတွက် အနေအထိုင် သက်သာတော့သည်။

ထား၏ ခေါင်းထက်၌ ကြော့ဝင်းသော ပိတောက်တစ်ခက် ဆင်ထားလျက်ရှိကြောင်း ကျွန်တော်သတိပြုမိသည်။

'ဦးမြင့်ခိုင် မန္တလေးကို ဒါ ပထမအကြိမ် ထင်ပါရဲ့'

ဟုတ်ကဲ့. . . ထားရော'

ဘာကြောင့်မသိ ထား၏ မျက်နှာဝယ် မသိမသာ ညှိုးရိပ်ဆင်သွားသည်။

'ဟုတ်ကဲ့. . . ပထမအကြိမ်လို့ ဆိုရလိမ့်မယ်ထင်ပါတယ်။ တစ်ခါကတော့. . အင်း. . . ပြင်ဦးလွင်အတက်မှာ ဖြတ်သွားဖူးတယ်ပေ့ါလေ'

ထားသည် ခပ်လေးလေးရှင်းပြ၏။

'အခုကျောင်းပိတ်တုန်း အနားယူလာတယ်မှတ်ပါတယ်'

ထား၏မျက်နှာ၌ တစ်ဖန်မသိမသာနာကျည်းမှုပြိုးရိပ်လေးထင်သွား၏။

'ထားတစ်ခါတည်းအလုပ်ကထွက်လာခဲ့တာပါ'

ထားသည် တည်ငြိမ်းအေးချမ်းစွာ ဆိုလိုက်သော်လည်း ဤတည်ငြိမ်းအေးချမ်းသော အသံ၌ စိတ်မရွှင်လှခြင်း၏ အငွေ့အသက်ကို ကျွန်တော်ဖမ်းယူမိသည်။ ညက ထားနှင့် မောင်ခင်မောင်အေးတို့၏ အဖြစ်ကို သိမြင်ထားနှင့် လေ၍လော မဆိုနိုင်။

'ထား သင်္ကြန်ပွဲလျှောက်မကြည့်ဘူးလား'

'နေ့ဘက်တော့ ရေပက်ခံသဘောလည်း သက်ရောက်နေတာမို့ ထား ဝါသနာမပါလှပါဘူးရှင်။ ညဘက်တော့ တစ်ခါရောက်ပြီးပါပြီ။ ထားအတွက် လုံလောက်ပါပြီ ထင်ပါတယ်'

ထား ညဘက် ဘာကြောင့် ထွက်မလည်ချင်သည်ကို ကျွန်တော်

www.burmeseclassic.com



သိပါ၏။ သို့ရာတွင် စကားအမျှင်မပြတ်ရန်နှင့် ပိုမိုရင်းနှီးမှုရရန် ကျွန်တော်က'ဘယ်လိုလဲထား။ သင်္ကြန်နောက်ပိုင်းမှာ ဥပုသ်ယူပြီး နစ္စ၊ ဂီတတွေကို ရှောင်မလို့လား' ဟု ခပ်ရွှန်းရွှန်းမေးမိသည်။ ထား ၏ ဖြေဟန်မှာမူ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်သည်။

'ထား သင်္ကြန်မှာ ဥပုသ်မစောင့်ပါဘူး. . . '

'ဘာဆိုလိုပါသလဲ ထား . . . '

'ထား အသာပြုံးသည်'

'ထားဟာ ခရစ်ယာန်ဘာသာဝင် တစ်ဦးပါ . . . '

ထား၏ အဖြေမှာ ကျွန်တော်မည်သို့မျှ မမျှော်လင့်သော အဖြေ ဖြစ်သဖြင့် ရုတ်တရက်သော် ဘာဆက်ပြောရမှန်း မတတ်နိုင်ချေ။ ဗုဒ္ဓဘာသာဝင်တစ်ဦးမှန်း ကျွန်တော် ကောင်းကောင်းသိသော ဦးသိန်း ဆိုင်၏ တူမအရင်း ဖြစ်ပါသည်ဆိုသည့် ထားမှာ ခရစ်ယာန်ဘာသာ ဝင်တစ်ဦးဟု ကြားလိုက်ရခြင်းကြောင့် ကျွန်တော့်အတွက် ပဟေဠိ ဆန်စ, ထားသည် ပိုမိုအံ့ဩဖွယ်ရာ ဖြစ်လာခဲ့၏။

ကျွန်တော်ငြိမ်နေစဉ် ထားက 'ဦးမြင့်ခိုင် မန္တလေးတစ်ဝိုက် တော်တော်နှံ့ပြီလား. . . 'ဟု စကားကို လှီးလွှဲလျက်မေးသည်။

'တော်တော်လေးတော့ နှံ့ပြီဆိုပါတော့ ထားကော'

'ထားတော့ ဘယ်မှ မရောက်သေးပါဘူး၊ ဖြည်းဖြည်းမှဘဲ လျှောက်လည်မယ် စိတ်ကူးပါတယ်'

'ဒီလိုဆိုရင် ကျွန်တော်တစ်ခု ဖိတ်ပါရစေ။ သင်္ကြန်အပြီးမှာ ကျွန်တော်တို့ မယဉ်မြင့်တို့ အိမ်သားတွေ ခေါင်းဆောင်ပြီး ရွှေစာရံ ဘုရားဘက် ပျော်ပွဲစားထွက်ဖို့ စီစဉ်ထားပါတယ်။ ထားလိုက်ခဲ့ပါလား၊ မယဉ်မြင့်တို့ကလည်း ထားနဲ့ သိပ်ရင်းနှီး ခင်မင်ချင်ကြပါတယ်. . . '



BURMESE CLASSIC .com

**တန်ချူးလေနှင့်လျောတော့သည်**

'ဩော် . . ရွှေစာရံဘက်ကိုလား။ အင်မတန်သာယာတယ်လို့တော့ ထားကြားဖူးတယ်။ ဘေးအန္တရာယ်ကတော့ လုံခြုံပါတယ်နော်'

'လုံခြုံပါတယ်ထား။ အင်မတန်လည်း သာယာပါတယ်။ ပြောကြပုံထောက်ရရင် ရှမ်းတောင်မင်းကလည်း မှုန်ရီမှုန်ပြာ။ ခွေပတ်လေတဲ့ ဒုဋ္ဌဝတီ မြစ်ကလည်းစိမ်းလဲ့လဲ့။ စောမွန်လှရဲ့ ကြေကွဲလွမ်းဆွတ်ဖွယ် နောက်ခံ ရာဇဝင်ဇာတ်ကြောင်းနဲ့လည်းဆိုတော့ အခုလိုရွက်ဟောင်းကြွေကြွေ ၊ ရွက်သစ်ဝေဝေနဲ့ နွေမှာဆိုရင် ရွှေစာရံစခန်းဟာ တော်တော်လေးပဲ လွမ်းမောကြည်နူးဘွယ် ကောင်းလိမ့်မယ်ထင်ပါတယ်'

ထားသည် နှစ်ခြိုက်စွာ ပြုံးရုံမက အသံလေးများပါ ထွက်အောင်ရယ်သည်။

ရွှေစာရံက ဘယ်လောက် သာယာလဲတော့ မသိဘူး။ ဒါပေမယ့် ရှင့်အပြောကောင်းတာနဲ့ ထားဖြင့် အခုကတည်းက ကြိုလွမ်းပြီး လိုက်တောင်မလိုက်ရဲတော့ဘူး'

'အို ထားရယ်၊ ဒါတော့ ဟိုကျရင် ထားမလွမ်းအောင် ကျွန်တော် ရယ်စရာတွေ ပြောပြရဦးမှာပေါ့. . . '

ကျွန်တော့်စကားကြောင့် ထားသည် လှိုက်လှဲစွာ ရယ်မောသဖြင့် ကျွန်တော်ပါ အတူရယ်မောမိသည်။ သို့ဖြင့် မောင်စိုးအဝတ်အစားလဲပြီး ပြန်ရောက်လာချိန်တွင် ထားနှင့် ကျွန်တော်မှာ အတော်ပင် ရင်းနှီးခင်မင်ခဲ့ပြီဖြစ်သည်။

ထားအားနှုတ်ဆက်ပြီး မောင်စိုးနှင့်အတူ တစ်ဘက်ခြံသို့ပြန်ကူးခဲ့စဉ်၊ ကျွန်တော်သည် ကျွန်တော့် ကိုယ်အား ပြန်၍ ဆန်းစစ်မိသည်။ မျက်လုံးပြာပြာ အသားဝါဝါနှင့် ထားအား ကျွန်တော်သွားရောက်တွေ့

www.burmeseclassic.com



ဆုံစဉ်က ကျွန်တော့်၌ ရည်ရွယ်ချက်တစ်ခုရှိခဲ့သည်။ ဤရည်ရွယ်ချက်နှင့် ပတ်သက်၍မူ ကျွန်တော်သိလိုသော သဲလွန်စကွင်းဆက်ကလေးများကို ရခဲ့သည်။

ကျောင်းဆရာမ အလုပ်မှ တစ်ခါတည်း နှုတ်ထွက်လာသည်ဆိုသော ထား၊ ဗုဒ္ဓဘာသာဝင် လူကြီးတစ်ဦး၏ ခရစ်ယာန်ဘာသာဝင် တူမရင်း ထား၊ သဲလွန်စပေါ်ချိန်တွင် ပဟေဠိမှာပို၍ ရှုပ်ထွေးလေးနက်လာသည်။ တစ်ပြိုင်နက်ဝယ် ရင်၌ပေါ်လာသော ကျွန်တော့်ကိုယ်ပိုင် ပဟေဠိတစ်ရပ်က ကျွန်တော့်အား ပြန်၍ စကားဝှက်နေလေပြီ။

ကျွန်တော် အတွေးနက်နေစဉ် မောင်စိုးက မေးသည်။

'ဒီမှာ ဆရာ၊ ညကဆရာ့ကို ကျွန်တော်ပြောခဲ့တာ ဆရာမှတ်မိသေးလား. . .'

'အို. . ညကမောင်စိုး ဆရာ့ကို ပြောတာတွေ အများကြီးပဲ. . .'

'မဟုတ်ဘူးလေ. . .၊ ဟို. . . ဒင်း အဲ- ဆရာ ကျွန်တော်နဲ့ခင်အောင် လုပ်မယ်။ ပြီးတော့ အိမ်လာလည်မယ်. . .။ နောက် မမလေးနားကပ်မယ် အဲဒါပြောတာ။ အခုဆရာ အားလုံးဟန်ကျပြီ။ ထင်တာထက်တောင် အဆင်ပြေနေသေးတယ် ဒီတော့. . .'

ပွင့်လင်းသမျှ ချစ်စဖွယ်ကောင်းသော လူငယ်တစ်ဦး ပါပေပင်တည်း။

'ဒီတော့-ဆရာပြောရရင် ညက မောင်စိုးကို ဆရာပြောခဲ့တာ တစ်ခုလည်း မောင်စိုးမှတ်မိသေးရဲ့လား. . .'

'ဘယ်ဟာလဲ. . .'

'ဆရာဟာလည်း မီးကိုတိုးဖိုးကြောက်တဲ့ အတောင်ပံတစ်ဝက်မဲ့ ယင်ကောင်ပမာဆိုတာလေ'



BURMESE CLASSIC .com

**တန်ချူးလေနှင့်လျှော့တော့သည်**

ခြံတွင်းသို့ဝင်ခဲ့စဉ် မောင်စိုးသတိရဟန်နှင့် မောင်စိုးက အသံထွက်အောင် ရယ်သည်။

သို့ရာတွင် ကျွန်တော့်ကိုယ်ကျွန်တော်မူ ပညာရှိ ယင်ကောင်လော၊ မျက်ကန်းပိုးဖလံလောဟု စိတ်တွင်း၌ ကောင်းစွာ မသဲကွဲတော့။

(၆)

နီးခါမှ ထင်ရှားသဖြင့် အဝေးမှဆိုသော် တစ်မျဉ်းဆန်သို့ ဖြောင့်တန်းလျက် နံရံပမာမြင့်မတ်ညီညွတ်ဟန်ပေါ်သော ရှမ်းတောင်မင်းသည် တောင်လှိုင်းအထပ်ထပ် တောင်ထွတ်အစိုင်စိုင် ရိပ်မြိုင်လျှိုကွေ့ အဝေ့ဝေ့နှင့် ချမ်းမြေ့ဘွယ်ရှိသမျှ အံ့ဘနန်းလုခန့်ညားမှုလည်း ရှိပေသည်။ တိမ်ဖြူဖြူတို့လည်း ရေငွေ့ပမာ အမွှာမွှာနှင့် လျှိုတို့အလိုက် ကွေ့ဝိုက်ပတ်ကာ တောင်မြင့်အား ညင်ညင်သာသာ ကျော်ကူးနေကြသည်။

"တောင်နန်းဘုံမြင့်++++ ရှမ်းမင်းသေလာ၊ တိမ်ရောရာမြူဝိုင်း၊ ရှုတိုင်းပြာဝေသား၊ တောခြေမြအလား+++ +"

မလှမ်းမကမ်းဆီမှ မောင်မြင့်ဆွေ၏ စောင်းသံနှင့်အတူ တင်မောင်မြင့်၏ မန္တလေးတက္ကသိုလ်ဘွဲ့ ပတ်ပျိုးမှ အပိုဒ်တစ်ပိုဒ်ကို သီဆိုသံ



BURMESE CLASSIC .com

www.burmeseclassic.com



အားကြားရသည်။

ထားသည် အသာအယာပြုံး၍ ကျွန်တော့်အား ကြည့်သည်။ ကျွန်တော်ကလည်း စကားမဆိုဘဲအသာပြန်ပြုံး၍ ထားအားပြန်ကြည့်သည်။

နှစ်ဦးသား စကားမဆိုဘဲ ရွှေစာရံစေတီ၏ လက်ဝဲဘက်အစွန် သစ်ပင်ရိပ်မှနေ၍ အရှေ့ဘက်ဆီ ငေးမျှော်ကြည့်နေမိသည်။

တန်ခူးလေဝယ် သီးပင် မယ်ဇလီပင်တို့ နှောင်းရွက်ဝါကျန်သ၍ ကို မြေမွေ့ကမ္ဗလာဆီလဲခွေသက်ကြွေစေခိုက် ကျေးဉစဉ်က စောစောနု ခဲ့လေသော တမာပင်တို့မှာ စိမ်းဝါရောင်တလွင်လွင်နှင့် ယဉ်နေသမျှ ရွက်ကျောနုလှန် ရွက်သစ်ပြန်ပြီးသည့် ထနောင်းပင်ယံထက်တို့၌လည်း မြလျှံစိုစိုဝင်းနေပေပြီ။ စေတီတော်တစ်ဝိုက်မှ ထူထပ်သော ဝါးရုံပင်ပျို တို့မှာလည်း ညိုနီစိမ်းရွှေရောင်စုံလျက် နွေ၏ ပန်းချီကို ဆေးခြယ် ပြည့်ကြွယ်စေသည်။

'သာယာတယ် ကိုမြင့်ခိုင် သိပ်သာယာတာဘဲ' ဟု ထားက မှတ်ချက်ချသည်။

'ဟော. . . ဟိုမှာကြည့်စမ်း ထား. . .'

ကျွန်တော်က ကိုက်နှစ်ရာခန့်ဝေးသော မြေရိုင်းလွင်ပြင်ကလေး တစ်ခုဆီ ညွှန်ပြရင်းဆိုသည်။

'ဘာလဲ. . . ကိုမြင့်ခိုင်. . .'

'အဲဒီလွင်ပြင်မြေမျက်နှာက တစ်တောင်လောက် အမြင့်ကို ခပ်ကြာကြာလေးစိုက်ကြည့်စမ်းနော်၊ လှဲ့လှဲ့လက်လက်နဲ့နေတာ တွေ့လိမ့်မယ်. . .'

ဟာ. . . ဟုတ်ပြီဟုတ်ပြီ ကိုမြင့်ခိုင် လှတယ်နော်၊ အဲဒါဘာလဲ. . .'

www.burmeseclassic.com



'တံလျှပ်. . . '

'ရှင်. . . '

'တံလျှပ်ကိုရေထင်။ ငရဲပန်း ရွှေပန်းမှတ်ဆိုတဲ့ စာတွေ တွေ့ဖူး မှာပေါ့။ အဲဒီတံလျှပ်ဆိုတာ ဒါဘဲ. . . '

'ဩော်. . . ထားက စာသဘော အရသာ တံလျှပ်ဆိုတာကို နားလည်ထားတာ၊ တစ်ခါမှမတွေ့ဖူးဘူး။ လှတယ်နော်'

လှတယ်ထား။ ရန်ကုန်က လူတော်တော်များများဟာ တံလျှပ်ကို မမြင်ဖူးကြဘူး။ သတိထားကြည့်ရင် ရန်ကုန်တက္ကသိုလ်လမ်းတွေ ပေါ်မှာလည်း တွေ့နိုင်ပါတယ်။ ဒါပေမယ့် တံလျှပ်ရဲ့ အလှဟာ ခုလို တောတောင်ရေမြေ ပတ်ဝန်းကျင်အခြေအနေနဲ့ဟပ်စပ်ကြည့်မှ ပိုသိမ် မွေ့တယ်။ ကျွန်တော့် အမြင်တော့ နွေရဲ့တံလျှပ်ဟာ အစိုးမရတဲ့ အလှသခင်ရဲ့ မျက်ရှင်နှစ်သွယ်က တဒင်္ဂဟန် ကွန့်မြူးလေတဲ့ မေတ္တာရောင်ခြည်နဲ့ တူတယ်ထင်တယ်'

'ကိုမြင့်ခိုင်'

'ထား'

'ရှင့်စကားလေးတွေကို ထားတစ်သက်မှာ မေ့တော့မယ် မဟုတ် ဘူး ထင်တယ်. . . '

ဒီလောက်တောင်ပဲတဲ့လား ထား. . . '

'ဒီလောက်တောင် ဘာတဲ့ရှင်. . . '

ထားက ပွင့်လင်းချိုမြစွာပြုံးလျက် ကျွန်တော့်အား စိုက်ကြည့် ရင်းဖြေသည်။ ကျွန်တော်ကမူ ထား၏ မျက်လုံးကြည်ကြည်ဝယ် မေတ္တာတံလျှပ်ကို မြင်လိုက်ရသည်ထင်၏။ ထားသည် မျက်လုံးလွှဲ လိုက်လျက် 'ဟုတ်တယ် ကိုမြင့်ခိုင်၊ တစ်ခါတစ်လေ ရန်ကုန်ကထွက်ပြီး

www.burmeseclassic.com



တောတောင်ရေမြေ သာမောရာနယ်တွေဆီ လယ်ရတာ ငရဲပြည်က လွတ်ရသလိုပါပဲ။ စာရေးဆရာမကြီး ကြည်အေး တစ်ခါကရေးခဲ့သလို ပါပဲ၊ ရန်ကုန်ဆိုတာက စိတ်ပန်းဖြေစရာဆိုလို့ တစ်ခါလာလည်း ရုပ်ရှင်ရုံ၊ တိရစ္ဆာန်ရုံ၊ ကန်တော်ကြီး၊ အင်းလျား၊ ဒါပဲရှိတယ်' ဟု မှတ်ချက်ချသည်။

'တောတောင် ရေမြေတွေဆီ လယ်ရတာဟာ စိတ်ချမ်းမြေ့ဖွယ် ရာပါပဲထား၊ အဲဒါထက် တောတောင်ရေမြေရာသီပန်းမာန် အခြေအနေ တွေနဲ့ လူသားရဲ့ခံစားမှုဝိညာဉ်သဘောတို့ ပေါင်းစပ်သဟဇာတဖြစ် ခြင်းတွေနဲ့ ဆီဆိုင်ရာ အရပ်ဒေသတွေကို လယ်ရတာဟာ ပိုပြီး ကြည်နူးဖွယ်ကောင်းတယ်. . .'

'ဘာကို ဆိုလိုသလဲ ကိုမြင့်ခိုင်'

'တောတောင်ရေမြေ ရာသီပန်းမာန် အခြေအနေတွေနဲ့ လူသား ရဲ့ ခံစားမှုဝိညာဉ်သဘောဟာ ဘယ်မှာပေါင်းစပ် သဟဇာတ ဖြစ်သလဲ ထား'

'ကဗျာစာပေနဲ့ ဂီတ တေးသီချင်း တွေမှာပေါ့ ကိုမြင့်ခိုင်. . .'

'မှန်တယ် ထား၊ ဟောဒီ မန္တလေး တစ်ဝိုက်ဟာ တိမ်ခိုးနဲ့တောင်၊ သောင်ကျွန်းနဲ့မြစ်၊ သစ်တောနဲ့လွင်ပြင် အားလုံးဟာ အဆင်ပြေပြေ ပဏာရလေလို့ တစ်ကြောင်း၊ ရှေ့စာဟောင်း ကဗျာလင်္ကာတွေဟာ ဒီ နေရာကပဲ ပေါ်ခဲ့တယ်။ ဒီနေရာတွေရောက်တော့ တစ်ခါ ရှေ့စာတွေရဲ့ အသက်ဟာပိုဝင်လာတယ်. . .'

'ဆိုပါဦး ကိုမြင့်ခိုင်. . .'

'ဥပမာ၊ တောင်သမန်အင်းရောက်ရင် လယ်စားမင်းရဲ့ စာပေနဲ့ ဘဝ ကိုအမှတ်ရလာမယ်။ ဆက်ပြီးတောင်ဘက်ကိုမျှော်ရင် ရှင်မဟာရဋ္ဌသာရ၊



BURMESE CLASSIC .com

www.burmeseclassic.com



မြဝတီမင်းကြီးတို့ရဲ့ လွမ်းစရာ့ဌာနီ၊ အင်းဝပြည်နဲ့ အမရနန်း အမြင်ဆန်းသမျှကို စာပေရသရဲ့ စွမ်းသမျှနဲ့ ပူးတွဲခံစားကြည့်နိုင်တယ်။ ဒါကြောင့်လည်း အင်္ဂလန်မှာတော့ စာရေးဆရာကြီး သောမတ်(စ်)ဟာဒီရဲ့စာတွေ အသက်ဝင်ရာ ဝက်ဆက်(စ်)နယ်ဆီ တမင်လည်ပတ်ကြရတယ်။ မြန်မာပြည်မှာလည်း ဒီသဘောကို ပေါက်ကြအောင် ကြိုးစားဖို့ လိုတယ်ထင်တယ်။

'မှန်တယ် ကိုမြင့်ခိုင်၊ ထားလည်း ရှင်ပြောမှ ဒီသဘောကို ရတယ်. . .'

'ကြည့်စမ်းထားရယ်၊ ဟောဒီ တောင်တန်းမြင့်ပြာပြာနဲ့ ရွှေမျောတက်လွင့်နေတဲ့ တိမ်ဖြူဖြူတွေ တောင်ခြေကနေတောင်ထိပ်ထိ လွှမ်းမှုန်ရီဝေတက်သွားတဲ့ မြူမင်းလွင်တွေမြင်တော့ ဘုံပျံနေနန်း ပတ်ပျိုးကြီးက **"မိုးဖြူငယ်သန်ကြွင်၊ ငွေနှင်းနှင့်တိမ်ရောရော"**ဆိုတဲ့ စာရဲ့ အရသာဟာ ပိုမို ထက်မြက်အသက်ဝင်လာတယ်၊ ထားဘယ်လို သဘောရလဲ. . .'

ထားသည် သွားလဲ့လဲ့လေးများ ပေါ်လာအောင် ပြုံးလိုက်၍ 'ထားရင်ထဲရှိပြီး ဖော်မပြနိုင်တာတွေကို ကိုမြင့်ခိုင် ပြောပြနေမင့်ဟာ ထားကဘာများပြောနိုင်ပါတော့မလဲ' ဟု ဆိုသည်။

'ကိုမြင့်ခိုင်ကတော့ စာပေနဲ့ပတ်ဝန်းကျင်ကိုတွဲ ခံစားကြည့်ရာမှာ ရှေ့စာတွေအတွက်တင်မကပါဘူး။ အခုခေတ် စာရေးဆရာကြီးတွေရဲ့ စာတွေကိုပါ အလေးပြုမိပါတယ်။ ဥပမာတော်လှန်ရေးတုန်းက တွံတေး၊ တွံတေးဝ၊ ခလောက်ချိုက် အဲဒီအရပ်တွေ နေစဉ်မှာ ဆရာဇော်ဂျီရဲ့ **"ဘုတ်မကအဓိဒီရေကျတေး"** ဆိုတာကို ခံစားမိသလို အင်းလျားကန်ရေပြင်ကိုမြင်ကိုတိုင်း **" ရွာကမာ့ ကန်တော်ကြီးမှာ၊ လေ့စီးရင်း ညနေ**



BURMESE CLASSIC .com

www.burmeseclassic.com



**ရှိကို၊ လှဒေဝီ တသော်နတ်နဲ့၊ လှော်ခတ်မယ်လေး"** ဆိုတဲ့ ဆရာမြကေတုရဲ့ လွမ်းချင်းကို အမှတ်ရမိတာနဲ့ အမျှ မော်တင်စွန်းရောက်ရင် **"အဏ္ဏဝါခင်ပျိုဖြန်းကိုလ၊ လေနတ်မောင် လူပျိုလှည့်သရမ်း ရော့သလား"** ဆိုတဲ့ တက္ကသိုလ်မောင် သန့်စင်ရဲ့ ကဗျာကိုလည်း သတိရမိတယ်'

'ကဗျာတွေတင်ပဲလားရှင်. . .၊ စကားပြေတွေကော. . .'

'ပြောင်မြောက်တဲ့ စာလေးတွေဟာ စကားပြေမှာလဲ အများကြီးတွေ့ရတယ်။ ဥပမာ လူတိုင်းမြင်ဖူးတဲ့ ကန်တော်ကြီးရဲ့ ရေပြင်ကိုလူတိုင်းထက်ထူးမြင်ပြီး **"ကန်တော်ကြီး ရေမျက်နှာပြင်သည် မိန်းမမြတ်၏မျက်နှာကဲ့သို့ တည်ငြိမ်နေသည်"**ဆိုတဲ့ သပိတ်မှောက် ကျောင်းသားဝတ္ထုထဲက ဦးသိန်းဖေမြင့်ရဲ့ ရိုးသားသမျှထိမိတဲ့ အဖွဲ့မျိုးပေါ့။ ပြီးတော့ကလော၊ တောင်ကြီးဘက် တက်တဲ့အခါ ဒဂုန်တာရာရဲ့ သူနဲ့ ကိုဗဟိန်းတို့ ရှမ်းပြည်နယ်တက်တဲ့ အကြောင်းရေးထားသမျှတွေ၊ ထင်းရှူးနံ့တွေရှူရှိုက်ရရင် မြိုင်ဝတ္ထုက မြိုင်၊ ကိုနန်းဝေနဲ့ ထင်းရှူးနံ့ ကညင်နံ့ တွေဟာလည်း အာရုံမှာ သစ်လွင် ထက်မြက် လာလေ့ရှိတယ်. . .'

ထားသည် ငြိမ်ငြိမ်လေး နားထောင်ရင်း လွင့်လာသည် သန့်စင်သော တောတောင်လေကို အသာရှူရှိုက်နေသည်။

မြေသင်းနံ့အပြင် ဘုရားတစ်ဝိုက်ကျယ်ပြန့်သော မြေသလင်းတို့ထက် ရွာသားများ တလင်းနယ်ထားကြရာ စပါးနံ့တို့လည်း ရောယှက်ကြိုင်မွှေးနေသည်။

'ကဲ-ထား လာ၊ ဘုရား တစ်ပတ် လျှောက်ကြရအောင်'

ထားနှင့် ကျွန်တော်သည် နေရာမှခွဲခဲ့ကာ ဘုရားအား လက်ဝဲရစ် လျှောက်လည်ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ခူးလေနှင့်လျောတော့သည်**

'ထား ခြေဖဝါးကို ဆူးစူးမယ်နော်. . .'

ဆူးပင်လေးများ ပေါသဖြင့် ကျွန်တော်က သတိပေးရသည်။ ထဘီကလေးကို ဆူးမငြိရန် ထားသည် အသာလေးမရင်း ဖြူဝင်းသော ခြေလေးများနှင့် မြေကို စမ်း၍လျှောက်နေဟန်မှာ ကျွန်တော့်အမြင်တွင် တင့်တယ်လှချေ၏။

ဘုရားအနောက်ဘက်တွင် ရုပ်တုသုံးခုရှိသည်။ ရုပ်တုများမှာ ရှာပန်းထည်များပင် စည်းလျက်ရှိပြီး ရှေ့၌ ညောင်ရေအိုးဟောင်းနှင့် ပန်းနွမ်းများကို တွေ့ရသည်။

'ဩော်-ဒုက္ခပါပဲ၊ ဘယ်သူ့လက်ချက်မှန်းမသိဘူး. . .၊ အကျင့်သီလနဲ့ပြည့်စုံပါတယ်ဆိုတဲ့ သူတော်ကောင်းရှင်မွန်လှတောင် နတ်စိမ်းဖြစ်နေရပြန်ပါပြီ. . .

ကျွန်တော်က ညည်းညူမိသည်။

'အဲဒီအရုပ်တွေက ဘယ်သူတွေလဲဟင်. . .'

'အလယ်ကတော့ ရှင်မွန်လှပဲ၊ ဘေးဘက်က အမျိုးသမီးရုပ်ကတော့ ရံရွှေတော်ပေါ့လေ. . .။ တစ်ဖက်က ယောကျ်ားရုပ်ကတော့ သက်စောင့် ကိုယ်ရံတော်ပေါ့. . .'

ထားသည် ရှင်မွန်လှရုပ်တုအား ငေးငေးလေး ကြည့်လေ၍. . . 'ဘယ်တော့မှ မေ့ရက်စရာမရှိတဲ့ သနားစရာ့မေတ္တာရှင်ပါပဲ ကိုမြင့်ခိုင်' ဟု ညည်းညည်းဆိုသည်။

'ရာဇဝင်ဆရာတွေ အဓိပ္ပာယ်ကောက်မှားပုံတွေဖတ်ကြည့်ရင် ရှင်မွန်လှနဲ့ကြင်ယာအနော်ရထာစောနှစ်ဦးလုံးဟာ ပိုလို့ကရုဏာသက်ဖွယ်ကောင်းတယ် ထား. . .'

'အို-အနော်ရထာဟာလည်း ကရုဏာသက်ဖို့ကောင်းတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'နောက်အချိန်ရတော့မှ ထားကို ကျွန်တော်ရှင်းပြမယ်။ အခုတော့ သွားကြစို့။ ထမင်းစားချိန် နီးပြီထင်တယ်'

ထားနှင့် ကျွန်တော်သည် စေတီ၏ အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ မြင်ရသမျှမှာ သမိုင်း၌ အရေးပါသည့် စေတီတော်တစ်ဆူ ဖြစ်လင့်ကစား ပြုပြင်မှုမရှိ၍ ပျက်စီးချင်တိုင်း ပျက်စီးနေသည်။

'ထား စိတ်ထိခိုက်သွားလား၊ ကျွန်တော်ရယ်စရာတွေ ပြောပြရဦးမလား'

'ထားတို့ ရယ်စရာပြောကြဖို့ လို့သေးလား'

ထားသည် နူးညံ့စွာမေးသည်။ ကျွန်တော်ကလည်း ရုတ်တရက်လှိုက်လှဲသောစိတ်နှင့် ထားအား ပြန်ကြည့်မိသည်။

'ထားပျော်ပါတယ် ကိုမြင့်ခိုင်၊ ကိုမြင့်ခိုင်ကော'

'ကိုမြင့်ခိုင်လည်း သိပ်ပျော်ပါတယ် ထား'

ကျွန်တော်တို့နှစ်ဦး အရှေ့ဘက်စောင်းတန်းသို့ ပြန်ရောက်ချိန်တွင် ပိန်ပိန်ရှည်ရှည် ကိုလေးချိုနဲ့ နွဲ့ယိနွဲ့ယိုင် ကိုသက်ဆွေတို့က တောင်ဘက်အနိမ့်ထဲရှိ ဒုဋ္ဌာဝတီမြစ်ဆီမှ ရေပုံးကိုယ်စီဆွဲလျက် ပင်ပင်ပန်းပန်း တက်လာကြသည်။

'ထမင်းဆာပြီ ရှင်မရေ. . . '

ကိုလေးချိုက လှမ်းအော်သဖြင့် 'အဆင့်သင့်ပါ မောင်တော်ရေ' ဟု မယဉ်မြင့်က မီးဖိုးဘေးက လှမ်းပြန်ဖြေသည်။ ကျွန်တော့်မိတ်ဆွေ ပေါင်းကြီး ဒေါ်လှမင်းကမူ ကြက်သွန်ကွင်းများကို ဇလုံကြီးတစ်ခုထဲ၌ ဆား သံပုရာရည်တို့နှင့် နယ်နေရာမှ 'ဆရာနဲ့ဆရာမကော ဆာကြပြီလား၊ ကဲတူမရေ ဆရာတို့စားဖို့ ဝိုင်းပြင်လှည့်ပါဦး' ဟု နောက်

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

တောက်တောက် အမိပ္ပာယ်ပါပါပြောရင်း ထားကိုလှမ်းခေါ်သည်။

ကျွန်တော်က ထားအပါးမှ ခွာခဲ့ချိန်တွင် ဘုရားတစ်ထောင့်၌ ဘယ်အချိန်ကစ၍ ကောင်းခဲ့သည်မသိသော လူငယ်တစ်သိုက်၏ ဖဲဝိုင်းမှာလည်း ပြီးသည်။

တင်မောင်မြင့်က ခါးအညောင်းဆန့်လျက် ကျွန်တော့်ထံ ကပ်လာပြီး ဘုရားစောင်းတန်း အစွန်း သစ်ပင်ရိပ်အောက်၌ စောင်းကိုသေးချလျက်ငိုင်နေသည့် မောင်မြင့်ဆွေအား မေးငေါ့ပြ၏။ ကျွန်တော်တို့နှစ်ဦးသည် မောင်မြင့်ဆွေဆီလျှောက်ခဲ့သည်။ အနီးရောက်သော် တင်မောင်မြင့်က. . .

'ဆရာ၊ အချစ်ဆိုတာ ဘာနဲ့တူလဲ' ဟုမေးသည်။

'မသိပါဘူးကွယ်'

'အချစ်ဆိုတာ. . . အပေါင်း၊ ဂီတသမား. . . အဲ-နဲ့ သမားပါးစပ်နဲ့ တူတယ်ဆရာ၊ ပိန်လိုက် ဖောင်းလိုက်'

'ဘယ်ကဟုတ်ရမလဲ။ အချစ်ဆိုတာ ဖဲသမားအိတ်နဲ့ တူတယ်၊ ပိန်လိုက် ဖောင်းလိုက်'

ဖဲရှုံး၍ နေရာမှထလာသော ပါငယ်က ဝင်ဆက်ပြော၏။ အနားမှ ကပ်ပါလာသူ အာသာတင်က ထပ်ကွန့်ပြန်၏။

'အစစ်ပေါ့ဆရာ။ ဥပမာ မြင့်ဆွေကြည့်ပါလား၊ ပထမဖြူဖြူကို ဒေါ်တွေဖောင်းနေတာ၊ နောက် ဟိုက လာချော့တာ ဖောင်းသမျှတွေ ပိန်ကုန်တာ မျက်တွင်းလေးများကို ဟောက်လို့။ ဟော. . . အခုတစ်ခါ ဘုထပ်ကျပြီး မချောက မော်လမြိုင် ပြန်ပြေးတော့ ဖောင်းပြန်ပြီး၊ ဒီတစ်ခါ ဖောင်းတာက ဒေါ်မဟုတ်ဘူးဆရာ။ ရင်ပပ်. . . ရင်ပပ်၊ သက်ပြင်းကြီးတွေ ရှိုက်ရလွန်းလို့ သောကတွေ-သောကတွေ'



BURMESE CLASSIC .com

www.burmeseclassic.com



သည်တော့မှ မောင်မြင့်ဆွေမှာ လှုပ်ရှားလာ၍ အာသာတင်အား ပြန်တွယ်သည်။

'အံမာတရုတ်ပုပ် မင်းကကော၊ ဟို ပြင်ဦးလွင်ကဟာကြီးက မင်းကို 'ကန်' တော့မှတ်မိသေးလား။ ကျောင်း အခန်းမီးတွေပျက်တုန်း အပြင်ဘက် လသာသာထွက်ပြီး ဇာတ်ကြောင်းတွေလှန်တာ၊ ငိုသံပါကြီးနဲ့။ မင်းသား သိတယ်။

တင်မောင်မြင့်မှာ ပြဇာတ်မင်းသားလည်း လုပ်ဖူး၍ သူငယ်ချင်းများက မင်းသားဟု ခေါ်လေ့ရှိသည်။ အာသာတင်က. . .

'အမယ်လေး-ရှက်လိုက်တာ-ရှက်လိုက်တာ' ဟု ပြက်ချော်ချော် လုပ်နေခိုက် ပါငယ်က ဆက်အဆင်းတွန်းပြန်သည်။

'ဒါတွင်ဘယ်ကမလဲ၊ ဟို. . . ထား၊ ဘွာ ဘွာ၊ အနားသား ထား ဆရာ၊ ဟင်. . . ထားဆို နိမိတ်မကောင်းဘူး. . . ။ ထား ထားသွားတတ်တယ်။ အဲ-သူ့ထား လက်ထပ်သွားတော့ ထမင်းမစား ဟင်းမစားနဲ့ ပိန်ကျသွားလိုက်တာ။ စာမေးပွဲလည်း မဖြေဘဲ ငွေတွေအကုန်သုံးပြီး အိပ်ယာထဲခွေနေလို့ မင်းသားလည်း အိမ်ကကန်ထားလို့ ဘိုင်ပြတ်နေတော့ သူငယ်ချင်းကောင်းပီသစွာ ဖဲရိုက်ကျွေးသတဲ့. . .၊ ဟပ်-ဟပ်-ဟပ်-ဟား . . . '

အာသာတင်က မခံဘဲ. . .

'အံမာ-နင့်အဆက် ပိုပို ဟို သူဌေးသားနဲ့ လက်ထပ်တုန်းကကော' ဟုဆိုရာ ပါငယ်သည် နားကို လက်နှင့်ပိတ်၍-

'တို့ နားမကြား= တို့နားမကြား' ဟုအော်လျက် ထမင်းဝိုင်းဆီ ပြေးသည်။

အာသာတင်က တင်မောင်မြင့်ဘက် လှည့်ပြန်သည်။

www.burmeseclassic.com

**တန်ခူးလေနှင့်လျောတော့သည်**

'ဟော့-မင်းသား၊ မင်း လောကကြီးစိတ်နာပြီး ဘုန်းကြီးဝတ်တုန်းကကော'

တင်မောင်မြင့်မှာ အရှိုက်ထိသွား၍ မဖြေနိုင်ရှိခိုက်. . .

'ကဲ-ကဲ မင်းတို့ဟာ တော်ကြတော့. . .၊ တော်တော်ကြာ အကုန်ပေါ်ကုန်လိမ့်မယ်။ လာ. . . ဟိုမှာ မောင်အေးကိုနဲ့ မောင်စိုးပဲ ဝိုင်းကူလုပ်ပေးနေတယ်. . .။ တို့လည်း သွားကူကြရအောင်' ဟု ကျွန်တော်က စကားကို ပြတ်စေလျက် ထမင်းဝိုင်းပြင်နေရာဆီသို့ ခေါ်ခဲ့ရ၏။ ထိုအခိုက်တွင်ပင် ကျွန်တော်က ပျောက်နေလေသော အခြားတပည့်ကျော်တစ်ဦးကို သတိရလာသည်။

'ဒါထက် တွန်မီတစ်ယောက်ကော'

'ဟောဟိုမှာလေ၊ သောနုတ္တိုရ် လာနေပြီ'

လှမ်းကြည့်လိုက်ရာ အရှေ့ဘက်အနိမ့်ထဲမှ လေသေနတ်တစ်လက်ကိုင်လျက် ထုံးစံအတိုင်း စပ်ဖြဲဖြဲ ပြုံးချိုချိုနှင့် တက်လာသော တွန်မီ အားတွေ့ရသည်။

'ဘုရားတန်ခိုးတော်ကြောင့် ဘာမှမရဘူးဆရာ၊ ဟသ်ာမောင်နှံ တော့တွေ့သား၊ မပစ်ရက်တာနဲ့' ဟု တွန်မီသည် ရေတစ်ခွက်ကို ခပ်သောက်ရာမှ မောမောပန်းပန်းဆို၏။

ကျွန်တော်သည် သက်ပြင်းချမိသည်။ လူငယ်တို့ဘာဝ နှစ်သက်သကဲ့သို့ ပျော်ကြသည်ကို မတားလို။ သို့ရာတွင်. . . ကျောင်းဆရာတစ်ဦးအနေနှင့် ယုံကြည်မှုကား ရှိသေးသည်။

'ကဲ-ကဲ ထမင်းမစားခင် မင်းတို့အားလုံးကို ဆရာ တစ်ခုပြောစရာရှိတယ်'

လူငယ်များမှာ အချိန်မရွေး နောက်တတ် ရွှင်တတ်ကြသူများဖြစ်



BURMESE CLASSIC .com

www.burmeseclassic.com



ကြသော်လည်း ကျွန်တော်က တည်တည်စသောအခါ အားလုံး မျက်နှာ ပိုးသတ်ကုန်၏။

'ဆရာတို့ အခုပျော်ပွဲစားထွက်လာကြတာ မှန်တယ်။ ဒါပေမယ့် ထွက်လာတဲ့နေရာက ဘာသာရေးအရ ရှိသေရမယ့်စေတီတော်တစ်ဆူ ဖြစ်တယ်။ စေတီတော်ဆီ ပျော်ပွဲစားထွက်လာတာကိုကပဲ နဲနဲတော့ မဆီလျော်လှဘူး။ ဒါပေမယ့် ပိုဆိုးတာက စေတီပေါ်မှာ သေနတ် တကားကားနဲ့ အမဲလိုက်ဟန် ပေါ်နေတာကတော့ အရုပ်ဆိုးလွန်း တယ်။ တွန်မီ အမဲလိုက်ဝါသနာပါတာ ဆရာသိတယ်။ တစ်ခါက တွန်မီ ပစ်လာတဲ့ ယုန်သားကို ဆရာ နှစ်နှစ်ခြိုက်ခြိုက် စားဖူးတယ်။ ဒါပေမယ့် အခုအခါကတော့. . . မဆီလျော်ဘူးထင်တယ်'

ကျန်လူငယ်များက တွန်မီဘက် ဝိုင်းလှည့်ကာ 'ဟုတ်တယ် ဟေ့. . . ကိုကိုတွန်မီ။ ဆရာပြောတာမှန်တယ်' ဟု ဝင်တားကြသည်။ တွန်မီသည် ဝမ်းနည်းစွာခေါင်းခါလျက် 'ဆောရီးဆရာ။ ကျွန်တော်က လုပ်ချင်တာကို မစဉ်းစားဘဲ ရှောက်လုပ်တာပဲ၊ ကျွန်တော် မပစ်တော့ ဘူး။ သင့်ကြူ-ဖော်သည် အက်ဒ်ဗိုက်(စ်)ဆရာ' ဟု ရိုးသားစွာဆို၏။ ပါငယ်က 'အဲဒါတွေကြောင့် ကိုကိုတွန်မီကိုချစ်ရတာ၊ သိပ် ဆိုဆုံးမ လွယ်တဲ့ ကလေး' ဟု ဆိုနေခိုက် ကိုသက်ဆွေက ဝင်လျက် 'အင်း ကလေးကိုတော့ ဆိုပြီးပါပြီ။ မောင်ရင်တို့ လူကြီးတွေ အတွက်ကကျန် သေးတယ်' ဟု ပြော၏။

'ခင်ညား. . .။ အနော်တို့ ဘာ အကြစ်ရှိလို့လဲ'

'ဖဲရိုက်တာ'

'ဂိန်. . 'ဟု အာသာတင်က မြည်ကြွေးလိုက်သည်။ ကိုသက်ဆွေ ကသာ ဆက်သည်။

www.burmeseclassic.com

**တန်ချူးလေနှင့်လျော့တော့သည်**

'ဆရာ မကျေမနပ်ဖြစ်မိတာကြာလှပြီ။ လူငယ်တွေတင်မက ဘူး၊ လူရွှေ့မှာတော့ တစ်ဘက်လက်ကန်တော့ထိုး စိတ်ပုတီးစွဲတဲ့ လူကြီးလူကောင်းကြီးတွေဟာ သာယာအေးချမ်းတဲ့ ဘုရားပုထိုးစေတီ တွေဆီ ပျော်ပွဲစားထွက်ရင်း ဖဲရိုက်ကြတာ တော်တော်အဆင်မပြေတဲ့ ကိစ္စဘဲ။ အနောက်နိုင်ငံတွေမှာဆိုရင် ဘုရားရှိခိုးကျောင်းထဲ ဆေးလိပ် တောင် မသောက်ကြဘူး . . .။ ဒီလိုအသေးစိတ်လေးတွေကို စောင့်ထိန်း ဖို့က ဘုရားရင်ပြင်တော်ပေါ် ဘိနပ်မစီးဖို့ထက် ပိုအရေးကြီးတယ် ထင်တယ်၊ ဘယ့်နှယ်လဲ'

မှန်နေသဖြင့် အားလုံးမှာ ပြန်မဖြေ။ ပါငယ်က လျှာဆက်ရှည် ၏။

'ဟုတ်ကဲ့ဆရာ. . . ကျွန်တော်တို့ ဖဲမရိုက်ကြတော့ပါဘူး။ ဒါဖြင့် ဒီနေ့လည်း ဘာလုပ်ကြရမလဲ. . .'

'ဆရာ့မှာ မိုနိုပိုလီကစားတာပါတယ်။ အဲဒါကစားကြပေါ့. . .'

ဤသည်တွင် တွန်မီက. . .

'အိုကေဆရာ။ ကျေနပ်ပြီ။ ပြီးတော့ ဆရာ့တပည့်တွေ လိမ္မာ သွားပြီး။ ရွှေစာရံစေတီဘုရား ဆရာသမားစကား နားထောင်ရသော အကျိုးကြောင့် အစ်စတက်ကေ ယနေ့မှစ၍ မြင့်ဆွေ၊ အာသာ၊ ပါငယ် စသော အလစ်ကီ ပေသလ။ အ,သိက္ခာကာမ၊ သတ္တဝါလေးကောင် တို့ကဲ့သို့ . . . ချစ်၍ငိုသည်ဟူသောဘေးမှ ဘဝသံသရာ ဝဲသြဃာတွင် ကရွတ်ကင်းလျှောက်ပမာ စုန်ဆန်ကူးကာ ရှည်ကြာလေသမျှ ကင်းလို ရပါ၏။ မြတ်ရှင်စော ဩကာသ'ဟု စစ်ကိုင်းတောင်ရိုး၌ ကြီးခဲ့သူပီပီ စာသံပေသံနှင့်ဘုရားကို ပုဆိန်ပေါက်ဦးချလျက် ဆုပန်နေပြန်ရာကျန်



BURMESE CLASSIC .com

www.burmeseclassic.com



လူငယ်များက သူ့ကျောအားဝိုင်းထုကြသည်။ ဤသို့ဆိုပြန်သော် ကိုသက်ဆွေနှင့် ကျွန်တော့်မှာလည်း ရယ်ရပြန်သည်။

မကြာမီ ကြာရွက်ကြီးများကို ပန်းကန်အဖြစ် စီတန်းလျက် အားလုံးမှာ ထမင်းစားရန် အသင့်ရှိကြသည်။

'ဟကောင်တွေ ပုံစံဟ. . ပုံစံဟု တစ်ဘက်ထိပ်မှနေ၍ မင်းသား က အော်သဖြင့် ပါငယ်က 'အားလုံးပဲကောင်းပါသည်ခင်ဗျား'ဟု ပြန် အော်သည်။ ဤသည်ကို ယခုအချိန်အထိငြိမ်နေသော မောင်အေးကိုမှ'သူ တို့နှစ်ယောက်လုံး ထောင်ကျဖူးတယ်ထင်တယ်ဆရာ၊ ဂိုက်တွေကတော့ လက်ကောက်တွေအတိုင်းပဲ' ဟု ဝင်နှက်လိုက်ကြသဖြင့် ရယ်မောကြရ ပြန်သည်။

တပည့်ကျော်တို့ မည်သို့မည်ပုံမျက်စိမှိတ်ကာ လည်ညိတ်ကာနှင့် နေရာကို ကုလားဖန်ထိုးလိုက်သည်မသိ၊ ထားနှင့် ကျွန်တော်မှာ ပူး တွဲလျက်ကျသည်။ ထား၏ တစ်ဘက်တွင် ကျွန်တော့်မိတ်ဆွေမကြီး ဒေါ်လှမင်း၊ ဒေါ်လှမင်းဘေးအစွန်ဆုံး၌ ရှက်တတ်သူ မောင်အေးကို။

ကုလားပဲနှင့် ဘူးသီးရေရော ဟင်းကိုမူ ကိုလေးချိုက လက်ဆွဲ ကြွေရည်သုတ်ပုံးတွင်းမှခပ်လျက် လိုက်လံလောင်းထည့်ပေးပြီး ဖြစ် သည်။ ကြက်သားဆီပြန် ဟင်းခွက်များကိုမူ လေးယောက်တစ်ခွက်စီစဉ် ချထားသည်။

ထားသည် ကြက်သားဆီပြန်ခွက်ကို မ,ယူလျက် ကျွန်တော့်ဘက် ထဲသို့ ဟင်းဖတ်များ ဆယ်ထည့်ပေးသည်။ အလျဉ်းသင့်ပုံမှာ ဆယ် ထည့်ပေးသော ဟင်းဖတ်တို့အနက် အသည်းဖတ်ကြီး တစ်ဖတ်လည်း ပါလာသည်။ ကျွန်တော်က အသည်းတစ်ဝက်ကိုဖွဲ့ကာ ထား၏ ဖက်တွင်း သို့ ထည့်ပေးလိုက်၏။

www.burmeseclassic.com



'အို. . . သင့်(ခ်)ကြူး. . . ကိုမြင့်ခိုင်. . . '

ဤသည်ကို မျက်မှန်ထူသမျှမျက်စိရှင်သော အာသာက တင်မောင်မြင့်အား တတောင်နှင့်တွတ်၍ အချက်ပေးသည်။ မင်းသားကလည်ချောင်းရှင်းလျက် 'အစားကောင်းလေးတွေ့ရင် ချစ်သူကိုသတိရသတဲ့။ ဟေ. . . . ပါငယ်၊ မင်းဘယ်သူ့ကိုသတိရသလဲ' ဟု စောင်းချိတ်အုပ်လိုက်ရာ ပါငယ်သာမကယ်လျှင် ကျွန်တော်နှင့် ထားမှာ အတော်အနေရခက်ပေမည်။

ပါငယ်က 'သြော်ကွာ မင်းပြောတဲ့အတိုင်း ချစ်သူကို သတိရတာပေါ့' ဟုဆိုလျက် ပါးစပ်တွင်းမှ ကိုက်ထားသော ကြက်ရိုးကို တန်ဆောင်းပြင် မြေထက်သို့ လွှင့်ပစ်လိုက်ရင်း 'ဖြူဖြူရေ ရော့ စား-စား၊ ပြီးတော့ ပြုပြုသမျှ အမျှအမျှ' ဟု ခေါ်စာပစ်ဟန် လုပ်သဖြင့် မောင်မြင့်ဆွေဒေါ်ဖောင်းသမျှ ကျွန်တော်တို့မှာ ပြုံးမိခိုက် ထား၏ဘေးမှ ဒေါ်လှမင်းက 'တို့တော့ချစ်စရာလူမရှိလို့ ဟောဒီဆရာလေးကိုပဲ သဒ္ဓါတွေပိုရတော့တယ်။ ရော့-အင့်-စား'ဟု အချဉ်ပန်းကန်တွင်းမှ ငရုတ်သီးစိမ်းတစ်ဖတ်အား ဘေးမှ မောင်အေး၏ ဖက်အတွင်းသို့ ထည့်ပေးလိုက်ရာ ကျွန်တော့်တို့အားလုံးမှာ ဤတစ်ကြိမ်တွင်မူ ထမင်းသည်းမျှ ရယ်မောမိကြသည်။

ပျော်ပျော်ရွှင်ရွှင် စားသောက် ပြီးချိန်တွင် အားလုံးသိမ်းဆည်းဆေးကျောပြီးနောက် လူငယ်တစ်သိုက်မှာ ကိုသက်ဆွေခေါင်းဆောင်လျက် မိုနိုပိုလီ စ, ကစားကြသည်။

မယဉ်မြင့်ကမူ မလှမ်းမကမ်းရှိ သရက်ပင်ရိပ်များအောက်၌ အေးချမ်းငြိမ်သက်စွာရှိနေသော ဘုန်းကြီးကျောင်းဘက် ညွှန်ပြ၍ 'အဲဒီမှာ တရားအားထုတ်နေတဲ့ သီလရှင် ဆရာလေးတွေရှိတယ်၊ ဒီဘက်ကျွန်မ

www.burmeseclassic.com



တို့ ခဏသွားဦးမယ်’ ဆို၍ ထားနှင့် ဒေါ်လှမင်းကိုပါခေါ်ကာ ထွက်သွားသည်။

ကျွန်တော်သည် အစသော် စိတ်ဝင်စားဖွယ် ကောင်းသော မိုနိုပိုလီ ကစားဝိုင်းအား အတန်ကြာထိုင်ကြည့်နေမိသေးသည်။ ထိုနောက် ဘုရားတစ်ပတ်ထပ်လှည့်ကာ မှတ်စုစာအုပ်၌ ကျွန်တော် သိလိုသော အချက်အလက်များကို ရှာဖွေရေးမှတ်မိသည်။ ကျွန်တော် ကစားဝိုင်းဆီ ပြန်ရောက်ချိန်၌ တစ်နာရီနီးပါးရှိခဲ့ပြီဖြစ်သော်လည်း ပွဲမှာမပြီးသေး။

‘ကဲဟေ့ ဆရာတော့ ရေချိုးပြီး မြစ်တစ်လျှောက် လိုက်ကြည့်မလို့ ဘယ်သူလိုက်ကြမလဲ. . . ’

‘ဆရာ့ဘာသာ ဆရာသွားဆရာ၊ ပွဲကောင်းတုန်း။ မလာရင်လည်း စောင့်မနေနဲ့ နောက်တစ်ပွဲ ဆက်နေပြီမှတ်’ဟု အားလုံးကတညီတည်း ဖြေကြသဖြင့် ကျွန်တော့်မှာ မျက်နှာသုတ်ပုဝါ ရေလဲလုံချည်တို့ကို ယူလျက် မြစ်ဘက်သို့ တစ်ယောက်တည်း ထွက်ခဲ့ရသည်။

(၇)

ရွှေစာရံစေတီမှ တောင်ဘက်အနိမ့်တွင်းသို့ ကျွန်တော်သည် ဆင်းလာခဲ့သည်။

မြစ်ရေစိမ့်ရာဖြစ်၍ စိမ်းမြဝေပြိုင်သော သစ်ပင်ရိပ်တို့မှာ သိပ်သည်း အေးချမ်းလှ၏။

သဲလမ်းဖြူဖြူဖြတ်ဆင်းရာ ကမ်းပါးကျောက်နံရံကြားမှာ မတ်စောက်သော မြစ်ရေစပ်အောက်ဆီသို့ ဆင်းရောက်မိသည်နှင့် တစ်ပြိုင်နက် အံ့မခန်းသောရှုမြင်ကွင်းက ကျွန်တော့်အား ဆီးကြိုနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

## တန်ခူးလေနှင့်လျော့တော့သည်

တိမ်ဖြူပြောက်ကျားသော မိုးပြာပြာသည် တောင်နီလာဘုံ အထွတ်တို့နှင့် ကိုင်းညွှတ်မျှဆုံတော့မည် ထင်ရခိုက် ရစ်ဝိုက်သော မြနဒီမှာ ကျောက်ဆောင်အိုညိုညိုလှကို ကွေ့ပတ်တုံလီ မြေနီနီချောက် ကမ်းပါးကို ပွတ်သပ်တချီဖြင့် ပလုံစီစီတေးကိုသီလျက် တည်ကြည် ငြိမ်သက် စီးဆင်းလျက်နေ၏။

အဝတ်အစားချွတ်လဲပြီးနောက် မြက်ခင်းဝေဝေ သဲငွေငွေသည့် ကမ်းခြေသောင်ဦးတွင် ကျွန်တော်ကခေတ္တထိုင်လျက် သက်သက်သာသာ နားနေငြိမ်မိ၏။

လှည့်ပတ်လေသော ကျွန်တော်၏ မျက်လုံးများမှာ မြစ်ညာဘက် ဓားလွယ်ခုတ် ကိုက် ၅၀ ကျော်ကျော်ရှိ မြစ်၏ဗဟိုဆီ ရောက်မိသည် နှင့် တစ်ပြိုင်နက် ရင်မှာဖိုလှိုက်သမျှ လူမှုငြိမ်သက်ကာ အောင်ပင်လယ် ဝယ် ဒေဝစ္ဆရာကို ဖူးတွေ့ရသူ မွန်မင်းသူရှင်၏ပမာ ငေးငိုင်တွေတွေ ကြို့ရလေသည်။

မြစ်လည်ဝယ် ထားသည် ထဘီရင်လျားနှင့် မားမားရပ်နေသည်။ တောင်ဆင်ခြေလျောစီးရသော ဒုဋ္ဌာဝတီမြစ်သည် တောင်ကြော အလျောက် ကမ်းနှစ်ဘက်ဝယ် နက်သမျှရေလယ်ဝယ် ကျောက်ဆောင် ရိုးရှိသဖြင့် တိမ်နေဟန်တူသည်။

ထားသည် ရေကိုလက်ခုပ်ဖြင့်ယူလျက် မျက်နှာမှသည်ရှည်သွယ် သောလည်တံ၊ ဖြူဝင်းမို့အိသောရင်ဆီထိ လျောသပ်ဆွဲချလိုက်သည်။ ရေနှင့်ဟပ်၍ ကပ်လေသောကိုယ်ဝတ်ကြောင့် ဖြောင့်တန်းဖွံ့လှအချိုး ကျသော ထား၏ ရင်နေခါးကျ သွယ်နှောင်းသမျှမှာ တောတောင် ရေမြေ နောက်ခံနှင့်ရေးဆွဲအပ်သော ချစ်နတ်သူဇာ၏ ပန်းချီဆင်းသွင် ပမာ ပြေပြစ်ညက်ညောလှပေသည်တကား။

www.burmeseclassic.com



ခဏာ၌ပင် ကျွန်တော်မှာသတိရလာသည်။ သဘာဝရိပ်နယ်ဝယ် ပျော်စမွယ်လေသော လွတ်လပ်လှုပ်ရှားလေသည် ဣတ္ထိယနွယ်ဝင် ကြွေရှင်တစ်ဦးအား လူကြီးလူကောင်းတစ်ယောက်အနေနှင့် ေးကြည့် ရှုမော၍ပင် မနှောင့်ရှက်သင့်။

ကျွန်တော်သည် အလှအပကို ကိုးကွယ်လိုသော လူသား၏ ဆန္ဒ နှင့် ဆန့်ကျင်ဘက် လိင်၏ တင့်မောသမျှ တပ်မက်လိုသော လူသား၏ ထကြွမှုကို ချိုးနှိမ်လျက် နေရာမှ ခွာကာ မြစ်တွင်းသို့ဆင်းခဲ့သည်။ ရေ၌ ငုပ်လျက်ပင် အေးမြခြင်းကြောင့် ပူပင်သော ကျွန်တော့် ရင်မ ချစ်ခြင်း သည် ခေတ္တမှုပြေငြိမ်းခဲ့၏။

ဒုဋ္ဌာဝတီမြစ်မှာ တောင်မြင့်မှစီးကျလာသည်ဖြစ်သဖြင့် အမြင် မှာ အေးငြိမ်းသမျှ ရေစီးမှာသန်လှသည်။ ကျွန်တော်သည် မြစ်ပြင်သို့ အတန်ကူးခပ်မိပြီး ကမ်းခြေဆီ ပြန်ရောက်ချိန်၌ ကျွန်တော်စဖြတ်ကူး ရာနေရာမှ ကိုက်တစ်ဆယ်ကျော်နီးနီး ကွာလှမ်းအောက်ကျနေသည်။ ကျွန်တော်က တွန်းကန် ဆန့်ကျင်လေသောရေ၏ အဟုန်ကိုတိုး၍ နေရာဟောင်းသို့ ပြန်ရောက်လာသည်။ ထိုအခိုက်တွင်ပင် ရေ၌ကူးခပ် သံ ကြားရပြီးမကြာမီပင် ကမ်းဆီထောင့်တန်း ဖြတ်လာနေသော ထား အား တွေ့ရသည်။

ကျွန်တော်သည် ငါးကိုက်မျှ ဖြတ်ကူးပြီး ထား၏လက်မှဆွဲကာ ကူညီလျက် ကမ်းဆီပြန်အားစိုက် ရက်ကန်လာခဲ့သည်။

'ကျေးဇူးပဲ ကိုမြင့်ခိုင်၊ ထားကတော့ ကမ်းမှ ရောက်ပါတော့ မလား အောက်မေ့တယ်. . .'

ထားက မောပန်းမှုနှင့် အသက်ရှူရှိုက်ရင်း ဆိုသည်။ ကျွန်တော် ဘာမှ မဖြေရသေးမီ ထားသည် ကျွန်တော့်အား ကျောခိုင်းလိုက်၍ ထမီရင်

www.burmeseclassic.com



လျှားကို တင်းရင်းအောင်ပြန်စည်းလိုက်ပြီး ပခုံးအစပေါ်ရှိ ကိုယ်ကို ရေ၌ နှစ်ရင်း ပြန်လှည့်လျက် ကျွန်တော့်အား ပြုံးပြုံးရင်ဆိုင်သည်။

ရေစီးက သိပ်သန်တယ်ကိုမြင့်ခိုင်၊ ထား တော်တော်လှမ်းလှမ်းက ဖြတ်ကူးခဲ့တာ ဒီရောက်လာတာသာ ကြည့်တော့. . .'

'ဟုတ်တယ်ထား စောစောက ရေလယ်ကျောက်ဆောင်မှာ ထား ရပ်နေတာကို ကိုမြင့်ခိုင် မြင်မိတယ်. . .'

'အို. . . ထားရပ်နေတာ ကိုမြင့်ခိုင် မြင်တယ်'

ထားသည် မျက်နှာ၌ ရှက်သွေးရိပ်ရိပ်ဖြန်းလျက် လက်နှစ်ဘက်အား ကြက်ခြေယှက်ကာ လက်ဖဝါးတို့နှင့် ပခုံးနှစ်သွယ်ကို မလုံ့တလုံ ဖုံးရင်းဆိုသည်။

'ဒီနေရာက ကုန်းမြင့်ပြီး ကမူကွယ်နေတယ် မဟုတ်လား ထားက ကိုမြင့်ခိုင်ကို ဘယ်မြင်မလဲ'

နေရောင်မှာ ရေမှုတစ်ဆင့် ပြုံးပြက်လက်နေ၍ ရွှေရောင်ဝါသော ထား၏ရင်အထက်ပိုင်းနှင့် ပခုံးသားလေးများအား ပိုမိုဝင်းကြည်နေစေသည်ကို ငေးရင်း ကျွန်တော်ကဆို၏။ နောက်မှသတိရကာ 'မယဉ်မြင့်တို့ကော' ဟုမေးရ၏။

ဆရာလေးတို့နဲ့ ကျန်ရစ်တယ်။ ထားသာရေကူးချင်တာနဲ့။ ဒါထက် ထားနေရာရောက်အောင် ဘယ်လိုပြန်သွားရမလဲ မသိဘူး။ ဟိုမှာ အဝတ်အစားတွေ ကျန်ရစ်တယ်. . .'

'ဒီအပေါ်က တက်လျှောက်သွားပါလား ထား. . .'

'အို. . . ဟင့်အင်း ထား ရေထဲကပဲ ပြန်လျှောက်သွားမယ်'

ထားက ကျွန်တော့်အားနှုတ်ဆက်၍ သန်သောရေစီးကို ဆန့်ကျင်ကာ မြစ်ညာဘက်သို့လျှောက်တက်သွားသည်။ သို့ရာတွင် ထား အတွက်



BURMESE CLASSIC .com

www.burmeseclassic.com



ခရီးမတွင်။

ကျွန်တော်က ရယ်မောမိပြီး 'ကဲ. . . ထား ကိုမြင့်ခိုင် ရှေ့ကသွား ပေးမယ် လက်ဆွဲလိုက်' ဟုဆိုကာ ညာလက်ကို ထားအားပေးပြီး ဘယ်လက်ဖြင့် ကမ်းဘေးမှ မြက်ရိုင်းကိုင်းပင်တို့အား ဆွဲလျက် တက်ခဲ့သည်။ မြစ်အကွေ့ မြေစွယ်အား ကျော်စီးလာသည့် အခိုက်ဖြစ်၍ ရေစီး မှာပိုသန်နေသည်။

ကိုက်ငါးကိုက်မျှ အရောက်တွင် ကျွန်တော်အားပြု ဆွဲယူလိုက် သောကိုင်းပင်မှာ မြေမှကျွတ်ထွက်ပါလာသဖြင့် ထားရော ကျွန်တော်ပါ ရေစီး၌ လုံးထွေးပြန်မျောလာသည်။ ပြန်၍ ရပ်တည်နိုင်သည်နှင့် တစ်ပြိုင်နက် ရင်ခွင်တွင်းသို့ ရောက်နေသော ထားကို ကျွန်တော်က လွှတ်လိုက်၍. . .

'ကဲ. . . ထား ကုန်းပေါ်ကပဲ ပြန်လျှောက်သွားမှ ဖြစ်မှာပဲ။ ထား သွားနှင့် အဝတ်အစားလဲပြီးရင် အသံပြုလိုက်. . . ကိုမြင့်ခိုင်လာခဲ့မယ်' ဟုဆိုရ၏။

ထားမှာ မငြင်းနိုင်တော့ဘဲ ကုန်းပေါ်သို့ အပြေးလေးတက်ကာ ပျောက်ကွယ်သွားသည်။

ကျွန်တော်ကလည်း ကုန်းပေါ်သို့တက်ကာ ကပျာကသီအဝတ် အစားလဲ၍ အဆင်သင့်ပါလာသော ဘီးနှင့် ခေါင်းဖြီးပြုပြင်ရသည်။

'ကိုမြင့်ခိုင်. . . '

ထား၏ ခေါ်သံကြား၍ ကျွန်တော်က တောရိုင်းခရမ်းချဉ်နှင့် ဆူးပင်တို့အား ကွေ့ရှောင်လျှောက်လျက် ထားရှိရာသို့ ထွက်လာခဲ့သည်။

ထားမှာ ထဘီလဲပြီးချေပြီ။ ကိုယ်ပေါ်၌မူ မျက်နှာသုတ်ပုဝါကြီး တစ်ထည်ကို ခြုံထားသည်။



BURMESE CLASSIC .com

**တန်ချူးလေနှင့်လျော့တော့သည်**

'ထား အဝတ်အစားတွေက ဇရပ်မှာ ထားခဲ့တယ် ကိုမြင့်ခိုင်. . '

'ထား အဝတ်အစားလဲခဲ့ပါလား၊ ဟိုနားက လှေသမားကြီးကို ကိုမြင့်ခိုင် ပြောပြီး လှေငှားကြည့်မယ်။ ရရင်. . . ဟိုနားချောင်းကျ ချောင်း နဲ့ ဒုဋ္ဌာဝတီမြစ်ဆုံတဲ့ နေရာအထိ လှေလျှောက်စီးရင်း ကြည့်ကြရ အောင်. . . '

ထားက ပြုံးလျက် ခေါင်းညိတ်ကာ ကျောင်းဝင်းဆီသို့တက်ပြေး သည်။ ကျွန်တော်က ရှမ်းစပ်,လှေသမားကြီးထံမှ ငွေတစ်ကျပ်ပေး၍ လှေငှားသည်။

မကြာမီ ထားက ပြန်ပေါ်လာသည်။ အဝတ်အစားလဲပြီးရုံမက ပါးထက်၌ မှုန်နံ့သာရေးရေး ခြယ်ပြီးလျက် ရှိနေသည်။

ကျွန်တော်နှင့် ထားက ရေစီးပျော့သော တောင်ဘက်ကမ်းသို့ အရင်ကူးပြီးနောက် ထားကလှေဦး၌ ထိုင်လိုက်ခိုက် ဘ,သားချော ကျွန်တော်က မောရမှန်းမသိ လှေကို ရေစီးအားဆန်လျက် ထိုးဝါးနှင့်ထိုး ပြီး မြစ်ညာဆီတက်ခဲ့သည်။

"ယိုယီးလေး လျော်ကြ လျော်ကြ။ လောင်းယဉ်သာလှေငယ်။
ရွှေစွန် တောင်တက်ရေး ဟန်လှ. . . ရေပေါ်မှာဝဲကာန္တဲကြတယ်။

အဏ္ဍဝါလှိုင်းဘောင်ပြင်ကျယ်။ ကူးကာ လူးလာ၊ မြူးကာ ပျံကြ။ (လေရူးသုန်သုန် နှင်းမှုန်မှုန်၊ ရေယမုန်စီးရိပ်ညိုလယ်)၂ ငါးဒန်တွေ သောင်ရေဦးမှာ မြူးထူးသော နွေလဝယ်'

လှေဦးထက်မှထားက သာသာယာယာသီဆိုပြန်ရာ ကျွန်တော့်မှာ အမောပြေသည့်ပြင် လေရူးသုန်သုန်အပိုဒ်၌ သံပြိုင်ဟစ်၍ပင် အတူ ဆိုမိ

www.burmeseclassic.com



သည်။

နားမှောင်းချောင်းကို လွန်ပြီးစ မြစ်ကမ်းဝယ် လှေကိုဆိုက်လျက် ကျွန်တော်နှင့် ထားသည် မြစ်နဒီကမ်းနဖူးဆီ အတူတက်ခဲ့ကြသည်။

'မောသလား ကိုမြင့်ခိုင်'

'ဩော် ထားရယ်၊ မောတယ်ပန်းတယ် သဘောမထားပါဘူး၊ ရင်နှစ်ခြမ်း ဗျမ်းကနဲ ကွဲစေတော့'

ကျွန်တော်က ဇာတ်မင်းသားဟန် လေယူလေသိမ်းအမူအရာ နှင့် ဖြေသဖြင့် ထားမှာပါးစပ်ကို လက်ကိုင်ပုဝါလေးနှင့်အုပ်၍ တခစ်ခစ် ရယ်မောသည်။

'ကိုမြင့်ခိုင် ရှင်ဟာ အတော် တတ်နိုင်တဲ့ လူပဲ၊ ပြဇာတ်မင်းသား လုပ်စားဖို့ကောင်းတယ်. . .'

'ပြဇာတ်မင်းသားတော့ ငိုခန်းသာမက,ရရင် ဖြစ်ချင်ပါတယ် ထားရယ်'

'ငိုခန်းကို ရှင်ဘာလို့ ကြောက်ရတာလဲ. . .'

'ငိုခန်းကို မကြောက်ပါဘူးထား၊ ဒါပေမယ့် ငိုခန်းကိုငိုဖို့က ဘဝမှာ ငိုခဲ့ရတာတွေများတာမို့ ကိုမြင့်ခိုင်မှာ မျက်ရည်တွေမရှိတော့ဘူး'

ထား၏ ရွှင်ကြည်နေသော မျက်နှာလေးမှာ အနည်းငယ်ညှိုးကျ သွားသည်။ ကျွန်တော့်မှာလည်း အမှတ်မဲ့ပြောလိုက်မိသော်လည်း အမှန်ကို ဝန်ခံလျက်သားဖြစ်သဖြင့် စိတ်ဓာတ်ချောက်ချားသွားသည်။

ထားက မြေကမူဝယ်ခြေလေးဆင်း၍ ထိုင်သည်။ အတန်မော နေသော ကျွန်တော်က ထား၏အနီးတွင် ပက်လက်လှန်လှဲရင်း နားမိ၏။

'ကိုမြင့်ခိုင် ကြည့်စမ်း၊ ဒီလောက် သာယာပြီး ပန်းချီဆန်တဲ့နေရာ မျိုး ထားတစ်သက်မှာ တွေ့ရလိမ့်မယ်လို့ မထင်ခဲ့မိဘူး. . .'



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ခူးလေနှင့်လျှောတော့သည်**

ကျွန်တော်က ပတ်လက်လဲလျှောင်းရာမှ အသာစောင်းရင်း ပတ်ဝန်းကျင်အား ငေးမျှော်မိသည်။

အဝေးဝယ်မြောက်၌ စောင့်တန်းသွယ်သွယ်နှင့် ဇရန့်မင်းတောင်ကို လှမ်းမြင်ရသည်။ သရက်၊ မရမ်းစသော သစ်အုပ်တို့မှာလည်း မှိုင်းမှိုင်းညို့နေကြ၏။ ဒုဋ္ဌာဝတီမြစ်တစ်လျှောက်မှ ကြိပင်တို့၏ ရွက်နွဲ့နွဲ့များမှာ လေချိုဝယ် ယိမ်းကနေသည်။

ထားသည် အရှေ့ဘက်တောင်ရိုးမှ စေတီတစ်ဆူအားလမ်းညွှန်ပြရင်း 'ဟို-တောင်ထိပ်ကစေတီဟာ ပြင်ဦးလွင်စ, တက်တဲ့လမ်းကွေ့က စေတီတော်မဟုတ်လား၊ ဟို-ဝေးဝေးက စေတီဖြူဖြူလေးတွေကော' ဟုမေးသည်။

'အခု ပြင်ဦးလွင် မန္တလေးလမ်းဟာ ရှေးပုဂံခေတ်ဆီက စောမွန်လှသွားခဲ့တဲ့ လမ်းဟောင်းအတိုင်း လျှိုတွေတစ်လျှောက် ဖောက်ထားတယ်လို့ ပြောကြတာပဲ။ အဲဒီ ရိုးမပေါ်က စေတီဖြူဖြူတွေကတော့ စောမွန်လှရဲ့ ခရီးဟောင်းတစ်လျှောက်ရဲ့ အထိမ်းအမှတ်လို့ ဆိုကြတယ်။ ဒီစေတီလေးတွေဟာ ဆက်တန်းနေပြီး သူတို့ညွှန်ရာအတိုင်းလိုက်သွားရင် ဘော်ကြိုအထိ ရောက်သွားမယ်ပြောကြတယ်'

'အို-ဒါဖြင့် ဒီနေရာတစ်ဝိုက်ဟာ စောမွန်လှရဲ့ ဘဝနဲ့ကင်းတာရယ်လို့မရှိပါလား'

'ဒါပေါ့ထားရယ်၊ စောမွန်လှဟာ ထား ပြောခဲ့သလိုပဲ။ မေတ္တာရှင်တစ်ဦးပါ။ အာဏာရှင်ကြီးတွေ၊ ဧကရာဇ်မင်းတြားကြီးတွေဟာ ပြည်သူတွေ အာရုံမှာ တစ်နေ့ ပျောက်ကွယ်ကုန်မယ်။ မေတ္တာရှင်တွေရဲ့ အထိမ်းအမှတ်ကတော့ ဘယ်တန်ခိုးရှင်တွေကမှ မပြုမပြင်တဲ့တိုင်အောင် ပြည်သူတွေရဲ့ ရင်နှလုံးမှာ အမြဲတမ်း သစ်လွင် တည်မြဲနေမယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ထားက ငြိမ်ငြိမ်လေး အတွေးနယ်ချဲ့ဟန် ထိုင်နေသဖြင့် ကျွန်တော်က. . .

'ထား သီချင်းဆိုပါလား' ဟု တောင်းပန်မိသည်။

'အို. . . ထား သီချင်းဆိုရမယ်'

'ဆိုပါထားရယ်၊ ထားအသံကြားရရင် ကျွန်တော်စိတ်ချမ်းသာလွန်းလို့'

ထားက ပြုံးသည်။ ထို့နောက်. . .

'ထားဆိုပြပါမယ်လေ၊ ကိုမြင့်ခိုင်ပြောသလိုပဲ ပတ်ဝန်းကျင်နဲ့ ဟပ်စပ်မိတဲ့ သီချင်းကိုပဲ ထားဆိုပြမယ်' ဟု နိဒါန်းပျိုးသည်။ ထား၏ သီချင်းသံကြားသော် ကျွန်တော့်မှာ ထိတ်လန့်တကြားပင် ဖြစ်မိသည်။ ကြေကွဲရိပ်ကို မဖုံးကွယ်နိုင်သော ထား၏ ကရုဏာသံသည် အေးချမ်းစွာဖြင့် ရှင်မွန်လှသီချင်းကို ဆိုနေပြီတည်း။

မျက်စိမှိတ်လျက် ထား၏ သီချင်းသံကို နားထောင်နေသူ ကျွန်တော့်၏ အာရုံသည် ပုဂံနန်းမဟာဝယ် ရှေးဦးတည်ထောင်စ ပထမ မြန်မာနိုင်ငံတော်၏ စည်းရုံးမှုဝတ္တရားနှင့် မြင့်မြတ်အထက်တန်းကျသော ဗုဒ္ဓယဉ်ကျေးမှု ပန္နက်ချစ ကြီးကျယ်လှသည့် တာဝန်များ ကြားမှ သက်ထားမှတ်ယူ သီတင်းဖြူသော မောပြည်သူ အလှတစ်ပါးအား မေတ္တာပွားရှာသည့် အနော်ရထာစောအား မြင်ယောင်လာသည်။

ကျွန်တော်မှာ အတွေးနယ်၌ နစ်မြောနေမိသကဲ့သို့ ထားမှာလည်း တေးဝယ် စိတ်ဝင်ကာ ကြေကြေကွဲကွဲ လှိုက်လှိုက်လှဲလှဲ သီဆိုနေသည်။

ရှင်မွန်လှ၏ မေတ္တာနယ်ဝယ် မောင်တော် ရွှေနန်းရှင်အတွက် မုန်းကွက်မထင်ပါလေ. . .၊ ချစ်ခြင်းမည်သည် ခွင့်လွှတ်ရာပင် ဖြစ်၍ မျက်

www.burmeseclassic.com

**တန်ခူးလေနှင့်လျှောတော့သည်**

ရည်ကိုသာအဖော်ပြုလျက် ဤတောင်ဤတောဤနယ်တစ်ကျော သို့ ကိုယ့်သောကပူပန် ကိုယ်ထမ်းလျက် ယဲ့ယဲ့လွမ်းခဲ့ရလည်း ဒုက္ခ စခန်းမူ မကုန်သေး။ ဤမြရည်စိုစို ချောင်းညိုညိုဝယ် ကိန်းခိုဝင်ဝပ် လေသည့် ဓာတ်တော်အဟုန်ကြောင့် ရေဝယ်ကျလေသော ညာ-နား ပန် နားတောင်းမှာ စာငှက်ခြံရံ တန်ခိုးတော်လျှံခဲ့ပေသည်။ ထို့ကြောင့်ပင် ရွှေစာရံဟု ကမ္ပည်းထိုး၍ ကိုးကွယ်ဖွယ်စေတီတော်ကို ဓာတ်တော် နားတောင်းကိန်းဝပ်အောင်းစေလျက် ကမ္ဘာရှည်မည့် မေတ္တာမဏ္ဍိုင် ဗဟိုချက်အနေနှင့် တည်ထားခဲ့သည်။ မညှိုးခဲ့သော မေတ္တာ၏ နောက်ဆုံး သက်သေတည်း။

ထားသည် မေတ္တာရှင်စောမွန်လှ၏ ရွှေရင်ကွဲကာ မက်စရာ မကျန်လေတော့သော ဘဝကို ပြည်ဖုံးကာကျပုံနှင့် နိဂုံးချုပ်လျက် သီချင်းကို ရပ်လိုက်သည်။

ကျွန်တော် မော့ကြည့်လိုက်ချိန်တွင် ထား၏ ပါးပြင်၌ မျက်ရည် များစီးကျနေသည်။

'အို. . . ထားငိုနေတယ်'

ကျွန်တော်က မိမိကိုယ်ကို ဘာပြုမိသည်မသိမီ ထား၏ ပခုံး လေးအား ပိုက်ပွေ့ကာ မေးမိသည်။ ထားက ကျွန်တော့်အားတွန်းဖယ် လျက် အသာအယာ ရုံးထွက်ရင်း မျက်ရည်ကြားမှ ပြုံးသည်။

'မျက်ရည်ကျတိုင်း ငိုတာပဲတဲ့လားဟင် ကိုမြင့်ခိုင်. . .'

ကျွန်တော်က မဖြေနိုင်။

'ထားငိုတယ်ဆိုရင်တောင်မှ ဦးဩဘာသ ရေးသလို နှလုံး ကြည်နူး၍ ငိုသတည်းလို့ ထားပြောရမှာပဲ. . .'

'ထားကို ကိုမြင့်ခိုင်ပြောခဲ့သလိုပဲ ရာဇဝင်ဆရာတွေအမိပ္ပာယ်



BURMESE CLASSIC .com

www.burmeseclassic.com



ကောက်မှားခဲ့တာတွေ ဖတ်ကြည့်ရင် စောမွန်လှနဲ့ ကြင်ရာတော် အနော်ရထာစောနှစ်ဦးလုံးဟာ ကရုဏာသက်ဖွယ်ဖြစ်ပြီး မြင့်မြတ်တဲ့သူတို့နှစ်ဦးရဲ့ ကိုယ်ကျိုးစွန့်လွှတ်မှုဟာ ထားဆိုတဲ့ အတိုင်း အမှတ်ရသမျှ နှလုံးကြည်နူးပြီး ငိုဖို့ကောင်းတယ်'

'ဟော. . ရှင်ဒီစကားပြောတာ နှစ်ခါရှိပြီ။ ရှင်းဦး ကိုမြင့်ခိုင်. . '

'ရှင်းပါ့မယ်ထား၊ ရာဇဝင်ကို ပုဂ္ဂိုလ်တစ်ဦး လူတစ်စုရဲ့ပြုမူဆောင်ရွက်ကျင့်ကြံချက်တွေအဖြစ် မကြည့်ဘဲ သမိုင်းသဘောအင်အား စုတွေရဲ့ တုံ့လှည့်ရုန်းကန် ပြုပြင်ပြောင်းလဲမှုအဖြစ်နဲ့ လေ့လာခြင်း အယူအဆကို ထား နားလည်ပြီး လက်ခံလိမ့်မယ် ထင်တယ်. . . '

ဟုတ်ကဲ့. . ကိုမြင့်ခိုင် ထားနားလည်ပြီး လက်လည်း လက်ခံပါတယ်'

'အဲဒီအယူအဆနဲ့ကြည့်ရင် စောမွန်လှနဲ့ အနော်ရထာစောဟာ သမိုင်းရဲ့ သင်္ကေတကို အတိုချုပ် သရုပ်ဖော်ခြင်း (ဆင်းဘိုးလစ်ရက်ပရီဆင့်တေးရှင်း) သဘောပဲရှိတယ်'

'ဟုတ်ပြီ ကိုမြင့်ခိုင် ထား နည်းနည်းကွက်ကျော်မြင်လာပြီ။ ဒါပေမယ့် ဆက်ပါဦး'

အနော်ရထာနဲ့ စောမွန်လှရဲ့ ပုဂံခေတ်မှာဆိုရင် နိမ့်ကျပျက်ယွင်းနေတဲ့ အရည်းကြီးယဉ်ကျေးမှုနဲ့ မြင့်မြတ်တိုးတက်တဲ့ ဗုဒ္ဓယဉ်ကျေးမှုဟာ တစ်ဦးနဲ့တစ်ဦး တွန်းကန်တိုက်ခိုက်နေတဲ့ သမိုင်းသဘောကိုမြင်ရတယ်။ ယဉ်ကျေးမှုသစ်ရဲ့ ခေါင်းဆောင်ကတော့ အနော်ရထာ ကိုယ်တိုင်ပဲ ဖြစ်ခဲ့တယ်'

'ဟုတ်ကဲ့'

'အဲဒီခေါင်းဆောင် အနော်ရထာဟာယဉ်ကျေးမှုသစ်ကို အောင်

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

မြင်စွာ တည်ဆောက်နေရာမှာ ရှင်အရဟံလို အတွေးအခေါ် ပညာရှိ ကျန် စစ်သားလိုစည်းရုံးမှုသုခမိန်အပြင် ဗုဒ္ဓယဉ်ကျေးမှုရဲ့ စံပြကျင့်သုံးသူ မိဖုရားအဖြစ် စောမွန်လှကလည်း ရှိနေခဲ့တယ်၊ ဒီအခါမှာ အသက်ကုန် ဆုံးလု ယဉ်ကျေးမှုဟောင်း ပဥ္စမံသူလျှို့ဒလံတွေဟာ အနော်ရထာ၊ ရှင်အရ ဟံ၊ ကျန်စစ်သားနဲ့ စောမွန်လှတို့ရဲ့ ခေါင်းဆောင်မှုပိုင်းကို ပြိုကွဲအောင် နည်းအမျိုးမျိုးနဲ့ဖြိုခွဲမယ်ဆိုတာကတော့ စဉ်းစားကြည့်နိုင်တယ်၊ အထူး သဖြင့် မင်းကလည်း ဗုဒ္ဓယဉ်ကျေးမှုကို ပြုစုနေသူ၊ မိဖုရားကလည်း ဗုဒ္ဓရဲ့သမီးတော်ဝင်ဖြစ်နေတော့ ဒီမင်းနဲ့ မိဖုရားကွဲခြင်းဖြင့် ခေါင်းဆောင် မှုပိုင်း အင်အားလျော့အောင် လုပ်မှာကတော့ သေချာနေတယ်'

'ရှင်းတယ် ကိုမြင့်ခိုင်'

'ဒီတော့ကာ စောမွန်လှဟာစုန်းမဆိုတဲ့ တီးတိုးဝါဒဖြန့်လုပ်ကြံ မှုဟာ ပေါ်လာတယ်။ ထားတစ်ခုသတိပြုရမှာက ဒီအချိန် ပုဂံဆီ ဗုဒ္ဓ ဝါဒဟာ အသစ်ကျပ်ချွတ် ရောက်ခါစရှိသေးတာမို့ ပြည်သူတွေအများ ကြားမှာ စုန်းနတ်တစ္ဆေကဝေ ယုံကြည်မှုတွေကလည်း ကျန်နေ သေးတယ်။ တစ်ချက်က ပထမမြန်မာနိုင်ငံတော်ကို စည်းရုံးတည် ထောင်စလေးတင်ဖြစ်သေးတော့ အသွင်ကွဲကြတဲ့ ညီအစ်ကိုသားချင်း ဖြစ်ကြတဲ့ ရှမ်း၊ မြန်မာ၊ မွန် စသည်တို့ဟာ တစ်ဦးနဲ့တစ်ဦး သက်ာ မကင်းမှု၊ ယုံကြည်မှု၊ စိုးရိမ် ကြောက်လန့်မှုတွေဟာ ကျန်နေ သေး ပုံ ရတယ်'

'အခု နှစ်ဆယ်ရာစု ပြည်ထောင်စုနိုင်ငံတော် မှာတောင် ဒါတွေ ကျန်သေးတာပဲ ကိုမြင့်ခိုင်'

'မှန်တယ်ထား၊ ဒီတော့ အကြောင်းကြောင်းတွေကြောင့် စောမွန် လှကို စုန်းလို့စွပ်စွဲလိုက်တဲ့ ဖောက်ပြန်မှုဂိုဏ်းသား (ဝါ) တန်ပြန်



BURMESE CLASSIC .com

www.burmeseclassic.com



တော်လှန်ရေးသမားတွေရဲ့ ဝါဒဖြန့်မှုဟာ အောင်မြင်သွားပုံရတယ်။ ဒီအခါမှာ အနော်ရထာဘာလုပ်မလဲ ဝါဒဖြန့်မှုကို သူမယုံဘူး။ ဒါပေမယ့် ပတ်ဗလစ်အိုပီယံ ခေါ် လူများစုရဲ့ လက်ခံထင်မြင်မှုကို မထိန်းနိုင်တော့ဘူး။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ချစ်တဲ့ မိဖုရားအတွက် ပြည်သူများကိုဆန့်ကျင်ရင် အခြား မြင့်မြတ်တဲ့ ရည်ရွယ်ချက် လုပ်ငန်းတွေဟာ ပျက်ရတော့မယ်။ အိုင်ရွန်နီအော့ (ဖ)ရက်စပင်ဆုမီလီဘီ ဆိုတဲ့တာဝန်အရ အခြေအနေအလိုက် မရှောင်လွှဲသာသော ကြုံချက်နာသော အဖြစ်ဆိုးပေါ့လေ။ ဒါကြောင့်လည်း စောမွန်လှကို နန်းထဲ ကဆင်းပြီး မောတို့ရပ်ပြည်ပြန်စေခဲ့ရတယ်။ ဒစ်ပလိုမက်တစ် ဆက်ပရေးရှင်း ရာဇပရိယာယ်အရခွဲခွာမှုပေါ့။ ဒီသဘောသက်ဝင်တဲ့ အဖြစ်အပျက်တွေဟာ ကမ္ဘာ့ရာဇဝင်မှာလည်း များလှတယ်။ စာပေဂန္ထဝင်တွေမှာလည်း မှတ်တမ်းအကြိမ်ကြိမ် အသည်းနာစရာအဖြစ်တင်ခဲ့ကြတယ်။ ဥပမာ ဦးပုညရဲ့ ဝိဇယပြဇာတ်နဲ့ ရွှေးဟောင်းခေါမပြဇာတ်ကြီးကို နှိုင်းယှဉ် ပြထားတဲ့ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့ **"စာပုဆစ်အိမ်"** ဆောင်းပါးမှာ ကောင်းကောင်းလေ့လာကြည့်နိုင်တယ်'

ထားသည် သဘောပေါက်သည့်ဟန် ခေါင်းလေးညိတ်နေသည်။

'စောမွန်လှဟာလည်း ကံကြမ္မာအရ ကြုံလာသမျှကို လက်ခံယူပြီး မျက်ရည်စက်လက်နဲ့၊ မျက်ရည်စက်လက်နဲ့ပဲ ဆောင်းထီး ဘုံလည်မှာ ကျန်ရစ်ရှာမယ့် မောင်တော်သခင် တာဝန်ရှင်ကို ခွဲခွာပြီး ဒီတောဒီတောင်ကို ထွက်ခဲ့တယ်။ စွပ်စွဲသမျှကို နှုတ်နှင့်မဖြေဘဲ ဗုဒ္ဓရဲ့ သမီးချစ် စင်စစ်ဖြစ်ကြောင်း လက်တွေ့ပြပြီး မှားကြတဲ့ ပြည်သူတွေကို တရားနဲ့ သင်ခန်းစာပေးသွားတယ်။ စောမွန်လှရဲ့ အဖြေကတော့



BURMESE CLASSIC .com

www.burmeseclassic.com



ရွှေစာရံစေတီ ပါပဲထား’

ထားက ရွှေစာရံစေတီဆီ လွမ်းလွမ်းဆွတ်ဆွတ် ငေးကြည့်သည်။

‘ဇာတ်သဘင်တွေမှာတော့ စောမွန်လှပဟာ ပုဂံစိတ်နာလွန်းလို့ ရွှေစာရံစေတီမုခ်ကို ရှမ်းပြည်နယ်ဘက် လှည့်တည်ခဲ့ကြောင်း။ နောက် အနော်ရထာဆီက ရာဇသံနဲ့ သံတမန်ရောက်မှ မုခ်ဝကိုပုဂံဘက် ပြန်လှည့်စေကြောင်း ကပြကြတာပေါ့. . .။ ဒါပေမယ့် အဲဒါတွေဟာ ဘယ်ရာဇဝင်အထောက်အထားရှိသလဲ၊ သဘင်သည်တွေက ဇာတ်နာ အောင်ကွန့်ထားတာကော မဖြစ်နိုင်ဘူးလား။ မှန်တယ် ထားတော့ စော မွန်လှပဟာ ဘုရားမုခ်ကို ပြန်လှည့်စေရာမှာ ပန်ရံဆရာကို မသုံးဘဲ မေတ္တာအဓိဋ္ဌာန်နဲ့ သစ္စာရဲ့ မှန်ကန်မှုအဟုန်ကိုသာ သုံးသွားတယ် ဆို ကြတယ်။ အဲဒါက တစ်ချက်ပေါ့လေ။ ပြီးတော့ ဒီအရေးကြောင့် မောင်တော်စောနောင်ကလည်း ရှမ်းစစ်နဲ့ချီလာ၊ ကြင်ယာတော် အနော် ရထာစောကလည်း မြန်မာတပ်နဲ့ခံမယ်ပြင်။ ဒီအခါမှာလည်း စောမွန် လှပဟာ ကြားကဝင်ပြီး ရှမ်း မြန်မာချစ်ကြည်ရေးကို မေတ္တာနဲ့ ဝင်တည် ဆောက်ပေးခဲ့တာမို့ သွေးချောင်းစီးမယ့် စစ်ပွဲဟာ မဖြစ်ပေါ် ရုံမက ပထမ မြန်မာနိုင်ငံတော်ကြီးဟာ . . . ဘုရင့်နောင်ရဲ့ ဒုတိယ နိုင်ငံတော် ကြီးလို အလျှင်အမြန် မပြိုကွဲဘဲ အရှည်ကြာဆုံးနဲ့ ယဉ်ကျေးမှု အရ အမြင့်မားဆုံးသော နိုင်ငံတော်ကြီး ဖြစ်ခဲ့ရတယ်။ အဲဒီအချက်တွေ ထောက်ပြီး နှလုံးကြည်နူးလို့ ငိုဖွယ်ဖြစ်တဲ့ ရွှေစာရံသမိုင်းက အဆီ အနှစ်ကို ထုတ်ယူလိုက်ရင် ဘုံသုဉ်းကိန်း အဖြစ်ကျန်တာကတော့ မေတ္တာ သဘောပါပဲ ထား။ ရွှေစာရံဟာ ရှမ်း-မြန်မာ ချစ်ကြည်ရေး စေတီ တော် ဖြစ်ရုံမက ကမ္ဘာတည်သ၍ ရှည်ကြာမယ့် ငြိမ်းချမ်းရေး စေတီတော်



BURMESE CLASSIC .com

www.burmeseclassic.com



ပါပဲထား’

ထားက ကျေနပ်နှစ်သိမ့်စွာနှင့် ကျွန်တော့်အားကြည့်လိုက်ပြီး ‘ရှင်ပြောသလိုဆိုရင် ထားအနေနဲ့ စောမွန်လှကိုတွင်မက အနော်ရထာ စောပါ သနားရမလိုဖြစ်နေပြီ၊ ဒါပေမယ့် ဟိုကျောက်ဆည်ဘက်ကဆည် တော်မှာ အနော်ရထာ မိဖုရားငယ်တွေကို ရေထဲချပစ်စတေးခဲ့တာက ကော ရှင်ဘယ်လိုပြောမလဲ’ ဟုမေးသည်။

‘ထား ဒီမေးခွန်းကိုမေးတာ သိပ်ဆီလျော်တယ်။ ဖြေရရင်တော့ ပထမအချက်က အနော်ရထာဟာ ဆည်အောင်ဖို့ မိဖုရားငယ်တွေကို ရေထဲပစ်ချတယ်ဆိုတာ ရာဇဝင်အထောက်အထား ဘယ်လောက်ခိုင် လုံသလဲ။ ကျွန်တော် လေးလေးနက်နက် စဉ်းစားမိတဲ့ အချက်က အနော်ရထာဟာ စံပြအားယူစရာအဖြစ် ပထမဆုံး ရှမ်း မြန်မာ မွန် တွေကို စည်းရုံးခဲ့သူတစ်ဦးပဲ။ တစ်ခါ ဘာကြောင့် ရှမ်း မြန်မာ မွန် စည်းရုံးရေးကို ထိခိုက်စေမယ့် ပါးစပ်ရာဇဝင် သဘင်အပေါ်စားတွေ မှာ အနော်ရထာဟာ အမြဲတမ်း လူဆိုးလူကြမ်းကြီး ဖြစ်နေရသလဲ။ ပယောဂမှကင်းရဲ့လားမသိဘူး။ ထားပါတော့လေ၊ အဲဒီ ရာဇဝင်ဟာ ဟုတ်တယ်ထား၊ ကိုမြင့်ခိုင်တို့ တစ်မျိုးဒီလို လှည့် စဉ်းစားကြည့်ကြ ရအောင်’

‘ဘယ်လိုလဲ’

အနော်ရထာကို တောင်သူလယ်သမားဘုရင်ကြီးအဖြစ် ကြည့် ကြရအောင်။ တောင်သူလယ်သမား ဆင်းရဲသားတွေအတွက် စားရေရိက္ခာ ဖူလုံအောင်၊ လူမှုအဆင့်အတန်းမြင့်လာအောင်၊ စည်းရုံးမိလို့ ထွန်း ကား ခဲ့တဲ့ ပြည်ထောင်စုကြီးဟာ ပြည်တွင်းစီးပွားလုံခြုံဖူလုံအောင်၊ မြစ် တွေကိုဆည်ပြီး တူးမြောင်းတွေ ဖောက်ခဲ့တာဟာ ဒီနေ့အထိ အကျိုးခံစား



BURMESE CLASSIC .com

www.burmeseclassic.com



ကြရတုန်းပဲ။ တစ်ခါ မြစ်ကိုဆယ်တဲ့နေရာမှာ အခက်အခဲတွေ့ပြန် တော့ ခေတ်အလိုက် ယုံကြည်ကြတဲ့အတိုင်း လူစတေးရမယ် ဖြစ်လာ တယ်၊ စတေးရမှာကလည်း အနော်ရထာရဲ့ မိဖုရားလှလှလေးတွေတဲ့။ ထားစဉ်းစားကြည့်နော်၊ လူသားလင်သား မှန်ရင်တော့ချစ်လို့ယူထား တဲ့မယား မခွဲရက်နိုင်အောင် သံယောဇဉ်ကြီးမှာ အမှန်ပဲ။ စတေးသတ် ပစ်ဖို့မပြောနဲ့ မျက်စိအောက်က ခဏပျောက်ရင်တောင် ရူးမလောက် ဖြစ်ရတာမျိုးလား အနော်ရထာ ကြုံရတဲ့ ရင်ထုမနာဖြစ်ရပုံ ကိုယ် ချင်းစာကြည့်စမ်းပါ ထား။ ဆည်အောင်မှ ပြည်သူတွေကောင်းစား မယ်၊ ဆည်အောင်ဖို့ကလည်း ခေတ်အခါရဲ့ယုံကြည်မှုအလိုက် မိဖုရား ကို စတေးရမယ်။ ပြည်သူနဲ့မိဖုရား ဘယ်သူ့ပိုချစ်ရမလဲ။ သက်ဦးဆံ ပိုင် ဘုရင်တစ်ပါးမို့ ဟယ်. . . ပြည်သူတွေ ငတ်လို့လဲသေသေ၊ ဆည် မအောင်ချင်လည်းနေ ငါ့မိဖုရားတော့ မစတေးနိုင်ပေါင် ဆိုရင်ကော ဘယ်သူကမှ ဇွတ်အတင်းခိုင်းနိုင်တာမဟုတ်ဘူး၊ သူ့ကို စေခိုင်းနိုင်တာ ကတော့ သူ့ရဲ့ ပြည်သူ့မျိုးချစ်စိတ်တစ်ခုပဲ ရှိတယ်။ အဲဒီ ပြည်သူ့ချစ်စိတ် ကြောင့် ချစ်တဲ့မိဖုရားတွေကို စတေးခဲ့ရတဲ့ အနော်ရထာခမျာဟာ ပရိသတ်ဗိုလ်ပုံအလယ်မှာ ရာဇဣန္ဒြေ ဆည်ထားရပေမယ့် လူခြေ တိတ်တဲ့ ငွေလသာသာ ညအခါမှာ ဆည်ထားရာ မြစ်ရေပြင်ကြည့်ပြီး ဘယ်နှစ်ခါများကျိတ်ငိုကြွေးလို့ ဘယ်နှစ်ခါ ဆိတ်ဆိတ်မှိတ် မျက်ရည် ကျခဲ့ရသလဲ ကိုမြင့်ခိုင် မသိဘူး’

ထားသည် ကျွန်တော့်အား ရုတ်တရက် မော့်ကြည့်လိုက်သည်။

‘ကိုမြင့်ခိုင်၊ ရှင် အနော်ရထာအကြောင်း ပြောပုံက အီမိုးရှင်း (ထိခိုက်ခံစားမှု) အပြည့် ပါလွန်းလို့ ထား အံ့ဩမိတယ်’

ကျွန်တော်က ပြုံးရသည်။

www.burmeseclassic.com



'ချစ်ခြင်းဆိုတာစွန့်လွှတ် အနစ်နာခံခြင်းပါပဲ ထားရယ်။ အသည်းပလ္လင်မှာ နန်းတင်ခဲ့ရတဲ့ ထားသခင်ပဲဖြစ်ဖြစ်၊ ပြည်သူနဲ့ လူသားအတွက်ပဲဖြစ်ဖြစ် ထားရှိအပ်တဲ့ချစ်ခြင်း မေတ္တာရဲ့ အစစ်အမှန် အတိမ်အနက်ကို တိတိကျကျ ထောက်မိ တိုင်းတာနိုင်တဲ့ ပေတံဟာ စွန့်လွှတ် အနစ်နာခံမှုပဲရှိတယ်။ တခြားဘာမှ မရှိဘူး။ အဲဒီတိုင်းတာမှုနဲ့ နှိုင်းချိန်ပြောရရင် အနော်ရထာဟာ မေတ္တာရှင်ကြီးတစ်ဦးပါ။ ဒါကြောင့်လည်းလေ ကိုမြင့်ခိုင်အခု တတ်နိုင်သမျှ ရာဇဝင် အထောက်အထားတွေစုပြီး ဂုဏ်ပြုတဲ့အနေနဲ့ အနော်ရထာဆိုတဲ့ ပြဇာတ်ရှည်ကြီးတစ်ခု ရေးနေတယ်။

ထားက ကျွန်တော့် နားကပ်ကာ ကျွန်တော့်လက်မောင်းအား ဆုပ်ကိုင်လျက် 'ကိုမြင့်ခိုင်' ဟုခေါ်သည်။

'ထား'

'ကိုမြင့်ခိုင်ရဲ့ အနော်ရထာနဲ့ စောမွန်လှကို ထားအခုပိုလို့ တောင် ဂရုဏာသက်မိပါတယ်။ ဒါပေမယ့် ကိုမြင့်ခိုင် ရှင့်ဇာတ်လမ်းမှာ ရှင် အလေးမပြုပြောခဲ့တဲ့ အချက်တစ်ချက် ကျန်နေတယ်'

'အဲဒါ ဘာလဲ ထား'

'ယုံကြည်မှုအပိုင်းပဲ ကိုမြင့်ခိုင်'

'အို. . . ယုံကြည်မှုပိုင်း . . . '

'ဟုတ်တယ် ကိုမြင့်ခိုင်၊ စောမွန်လှက ဘာကိုယုံသလဲ . . .၊ အနော်ရထာကကော ဘာကိုယုံသလဲ။ စောမွန်လှနဲ့အနော်ရထာ အနစ်နာခံ ချစ်ခဲ့ရတဲ့ ပြည်သူတွေကကော ဘာတွေယုံနေသလဲ'

ရုတ်တရက်သော် ကျွန်တော့်မှာ ဘာဖြေရမှန်းမသိ။

'ပြည်သူတွေဟာ ရိုးသားပါတယ်။ ရိုးသားလို့ပဲ ချစ်စရာရှိရင် လည်း



BURMESE CLASSIC .com

www.burmeseclassic.com



သိပ်ချစ်ပြတတ်တယ်။ မုန်းစရာရှိရင်လည်း သိပ်မုန်းပြတတ်တယ်။ တစ်နေ့ နောက်ဆုံးမှာတော့ ပြည်သူတွေဟာ အမှန်တရားကို မြင်လာတယ်ဆိုတာ ထားယုံတယ်. . . ။ ဘယ်သူမှ ပြည်သူတွေကို ရေရှည် ညာဝါး လှည့်ဖြားလို့ မရဘူး။ အဲဒီသစ္စာကိုတော့ ထားယုံတယ်။ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲ ထား'

'ထားရင်ထဲရှိတာ ထားထိရောက်အောင် ဘယ်လို ပြောရမှန်း မသိဘူး ကိုမြင့်ခိုင်၊ ဒါပေမယ့် ထားတတ်နိုင်သမျှ ရှင်းပြပါ့မယ်'

'ဆိုပါဦးထား'

ထားက ဘာကြောင့်မသိ ပြုံးသည်။

'ကိုမြင့်ခိုင် ဘာ ဘာသာဝင်လဲဟင်'

'ကိုမြင့်ခိုင်ဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ၊ ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေနဲ့လည်း ကိုမြင့်ခိုင် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူမိတယ်'

'ထားဟာ ခရစ်ယာန် ဘာသာဝင်တစ်ဦးပဲ ကိုမြင့်ခိုင်၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးအနေနဲ့လည်း ထားလှိုက်လှိုက်လှဲလှဲ ဂုဏ်ယူမိတယ်။ ကိုမြင့်ခိုင် ထားကို ဘယ်လိုဝေဖန်မလဲ'

ထားဟာ လွတ်လပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရဲ့ သမီးတစ်ဦးပဲ။ ထားယုံကြည်တာကို လွတ်လွတ်လပ်လပ် ယုံကြည်နိုင်တယ်။ ကိုမြင့်ခိုင် အနေနဲ့ ဘာမှဝေဖန်စရာမရှိဘူး'

'ကိုမြင့်ခိုင် အနေနဲ့တော့ ဟုတ်ပါတယ် လူများစုကကော. . . '

ဗုဒ္ဓဘာသာဝင် လူများစုအနေနဲ့ပြောရရင် မြန်မာ့ရာဇဝင် သမိုင်းတွင်မက ကမ္ဘာ့ရာဇဝင်သမိုင်းပါ ဘာသာရေးခြားနားမှုကို သည်းအခံဆုံး လွတ်လပ်ခွင့်အပေးဆုံးဟာ ဗုဒ္ဓဘာသာဝင်တွေပါပဲ ထား၊ ကိုယ့်ဘာသာမို့ ကိုမြင့်ခိုင်ကာကွယ်ပြောနေတာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာ



BURMESE CLASSIC .com

www.burmeseclassic.com



သာ ရာဇဝင်သမိုင်းမှာ ဘာသာရေးစစ်ပွဲ ဆိုတာမျိုးဟာ ဘယ်တုန်းက မှမရှိခဲ့ဘူး။ သာသနာပြုရာမှာတောင် နူးညံ့သိမ်မွေ့လွန်းလို့ အိတ်ချ်ဂျီဝဲလ်လိုစာရေးဆရာ၊ ရာဇဝင် ဆရာကြီးဟာ ကမ္ဘာ့ရာဇဝင်မှာ ချီးမွမ်း ထိုက်သူဟာ အသောကမင်းတြားကြီး တစ်ပါးသာရှိတယ်လို့ ရေးသား သွားတယ်။ ကိုမြင့်ခိုင်အလိုတော့ အဲဒီစာရင်းမှာ မင်းတုန်းမင်းတြားကြီး ကိုလည်း ထည့်ချင်တယ်။

ထားက ဘာကြောင့်မသိ ပြုံးပြန်သည်။ ပြုံးစဉ်ဝဲလျက်ရှိသော မျက်ရည်များကိုလည်း ထားမျက်လုံးများ၌ ကျွန်တော်မြင်ရသည်။

ထားလည်း ကမ္ဘာ့သမိုင်းနဲ့ လူ့လောကယဉ်ကျေးမှုရာဇဝင်ကို လေ့လာဖူးတာမို့ ကိုမြင့်ခိုင်ပြောတာတွေကို ထောက်ခံရုံမက မြင့်မြတ်ကြီးကျယ်တဲ့ ဗုဒ္ဓအဆုံးအမနဲ့ ယဉ်ကျေးမှုကို ထားအင်မတန် လေးစားပါတယ်။ ဗုဒ္ဓဘာသာဝင်နိုင်ငံတွေမှာ ဘာသာခြားတွေက ဥပဒေရေးရာအရ၊ နိုင်ငံရေးရာအရ၊ လူမှုရေးရာအရ လွတ်လပ်တာကို ထား မငြင်းဘူး။ ဒါပေမယ့် ပုဂ္ဂိုလ်ရေးရာ အရကော ဟင်. . .'

ရုတ်တရက်သော် ကျွန်တော့်မှာ ဘာဖြေရမှန်းမသိ။

'ဆိုပါတော့ ကိုမြင့်ခိုင်၊ ဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ဦးဟာ ခရစ်ယာန်ဘာသာဝင် အမျိုးသမီးတစ်ဦးကို ဘယ်လောက်ချစ်ချစ် အလွယ်တကူ လက်ထပ်ရဲ့လား. . .'

'အား ထားက ပုဂ္ဂိုလ်ရေးဆိုတော့ ဒီနေရာမှာ ကိုမြင့်ခိုင်လည်း ပြောပါရစေ၊ အစစလွတ်လပ်ပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာတောင် ခရစ်ယာန် အချင်းချင်းလည်း ကက်သလစ်နဲ့ ပရော်တက်စတန်၊ ခရစ်ယာန်နဲ့ ဂျူး ။ ဂျူးနဲ့ မွတ်စလင် စသည်တို့ဟာ ပုဂ္ဂလိက အိမ်ထောင်ရေးအားဖြင့် မပေါင်းနိုင် မသင်းနိုင်တာတွေကို တွေ့ခဲ့ရတယ်။

www.burmeseclassic.com



ထားကလည်း အစကတည်းက ယုံကြည်မှုအပိုင်းလို့ နိဒါန်းပျိုးခဲ့ပါတယ်။ ပြီးတော့ ပုဂ္ဂိုလ်ရေးရာလို့လည်း စကားခံခဲ့ပါတယ်။ ဒါပေမယ့် အဲဒါတွေဟာလည်း လူများစုနဲ့ လူများစုကလက်ခံထားတဲ့ ယုံကြည်မှုနဲ့ အများကြီး သက်ဆိုင်နေပြန်တယ်။ ဂျာအေးသူ့အမေ ရိုက်ပေါ့ ကိုမြင့်ခိုင်. . . '

ထားက ခြောက်ကပ်စွာရယ်သည်။ ထားပြောသည်မှာ ယထာဘူတကျဖြင့် ကျွန်တော့်အနေနဲ့ ဆင်ခြေကွန့်စရာရှာမတွေ့၊ ထားကမူ နာကြည်းစွာနှင့် ဆက်၍ ငိုသောရယ်ခြင်းကို ပြုနေသည်။

'အခုရက်ပိုင်းလေးအထိ ကျန်လူတွေမပြောနဲ့ ထားရဲ့အမျိုးတွေကတောင် ထားကို စွန့်ပစ်ထားကြတယ်။ ထားဟာမျိုးဖျက်မ၊ ထားဟာ မျိုးမစစ်မ၊ ပြီးတော့ ထားဟာ. . . ထားဟာ. . . '

ထား၏အသံမှာတိမ်ဝင်သွားကာ နောက်ဆုံး၌ မျက်နှာကိုလက်ဝါးနှင့်အုပ်လျက် ချုံးပွဲချငိုကြွေးတော့၏။

ရုတ်တရက်သော် ကြောင်နေမိပြီးနောက် သတိရကာ ထား၏ပခုံးလေးအား ပွေ့ယူလျက် မျက်နှာလေးအားမော့်စေကာ ကရုဏာအလျောက် ယုယစွာပင် မျက်ရည်များကို သုတ်ပေးမိသည်။ မျက်ရည်ကြားမှ ထားက ဇွတ်အတင်းပြုံး၏။ သို့ရာတွင် ထိုအပြုံးသည် ငိုရှိုက် ခြင်းထက် ကျွန်တော့်အသည်းကို ထိခိုက်စေလှသည်။

'ထားရယ် နားထောင်ပါဦး၊ ကိုမြင့်ခိုင် ပြောပါရစေဦး . . . '

'ကိုမြင့်ခိုင်လည်းနားထောင်၊ ထားပြောပါရစေဦး'

ကျွန်တော်က ထား၏နီထွေးသော နှုတ်ခမ်းကလေးများအား လက်ဖဝါးနှင့် ဖိ၍ ထားမိသည်။

'ထားဘာမှမပြောနဲ့တော့ ကိုမြင့်ခိုင်ကလည်း ထားကိုပြောမလို့ဆို



BURMESE CLASSIC .com

www.burmeseclassic.com



တာ ဘာမှ ပြောမလို့မဟုတ်ဘူး’

‘အို . . .’

‘ကြည့်စမ်းထား၊ တောင်တွေကလည်း ပြာလိုက်တာ တောတွေကလည်း စိမ်းပါဘိသနဲ့ ၊ ပြီးတော့ ဟိုမှာ. . .’

ကျွန်တော်က ရွှေစာရံချောင်းနဲ့ ဒုဋ္ဌာဝတီမြစ်ဆုံရာ ရေပန်းပွားနဲ့ ဝဲဂယက်ကလေးများ ထနေရာဆီညွှန်ပြမိ၏။

ချောင်းရေက ကမ်းပါးကိုတိုက်ပြီး ကျောက်စလစ်ခဲလေးတွေနဲ့ တွေတော့ တွတ်တီးတွတ်တာ ပြောလိုက်တာ ဘာတွေပြောသလဲ၊ ဘာတွေမှတော့ပြောဟန်မတူပါဘူး။

‘အို. . .’

‘ဟော. . . ချောင်းရေစိမ်းစိမ်းနဲ့ မြစ်ပြာပြာဟာ ပေါင်းဆုံပြီး စီးသွားကြတာကြည့်စမ်း၊ ချောင်းရေက ဘယ်စီးသလဲ၊ မြစ်ရေက ဘယ်က စသလဲမသိဘူး။ အဲဒါက အရေးမကြီးဘူး အရေးကြီးတာက စီးကြဖို့ပဲ။ စီးကြရင် မျိုးပင်တွေလည်း ပေါက်ကြမယ်၊ ကိုင်းပင်တွေလည်း ရှင်ကျမယ်၊ သစ်ပင်တွေလည်း လွင်ကြလိမ့်မယ် . . .’

‘ဒီတော့ . . .’

‘ဒီတော့ ထားနဲ့ ကျွန်တော်ကလည်း မြစ်ရေစီးသလို ပစ္စုပ္ပန်မှာ ရှင်သန်လှုပ်ရှားကြရအောင် အတိတ်ဆိုတာ သက္ကာယဒိဋ္ဌိပမာ ထင်ယောင်မိုက်မှားခြင်းပဲ မရှိဘူး။ အနာဂတ် ဆိုတာကလည်း အိပ်မက်လိုပဲ ပစ္စုပ္ပန်ကရှိတယ် အစိုးရတယ်’

‘ဒီတော့ . . .’

‘ဒီတော့၊ အဲ . . . ၊ ထားကို ကိုမြင့်ခိုင် ချစ်တယ် . . .’

‘အို . . .’



BURMESE CLASSIC .com

www.burmeseclassic.com



'ထားကို ကိုမြင့်ခိုင် သိပ်ချစ်တယ် . . .'

'ဟင် . . .'

'ဘာကြောင့် တအိုထဲအိုပြီး တဟင်ထဲဟင်နေရတာလဲ ထားရယ်'

'ထားက ကျွန်တော့်ရင်ဘတ်ကို တွန်းကာရုန်းဖယ်သည်။ သို့ရာတွင် ထား၏ ရုန်းဖယ်မှုမှာ အားပျော့သမျှ ကျွန်တော့်ပွေ့ဖက်မှုမှာ တင်းရင်း ခိုင်မြဲလှသည်။

'ဆိုပါဦး ထား. . .'

'မမြန်လွန်းဘူးလား ကိုမြင့်ခိုင် . . .'

'ကွေးသောလက်မဆန့်ခင်။ ဆန့်သောလက်က မကွေးခင် လူဆိုတာ သေချင်လည်းသေတတ်တာပဲ ထားရဲ့။ ဒီတော့ မသေခင် မြန်မြန်ချစ်ကြရင် မကောင်းဘူးလား . . .'

'အို . . .'

'ဟော . . . လာပြန်ပြီ- ဒီအို . . .'

ဤအကြိမ်တွင် ထားက အသံလေးများ ထွက်အောင်ရယ်သည်။

'ကိုမြင့်ခိုင် စဉ်းစားပါဦး။ ထားတို့ ကိုမြင့်ခိုင်တို့ဟာ ကလေးတွေ မဟုတ်ကြတော့ဘူး . . .'

'ကလေးတွေ မဟုတ်ကြလို့ စဉ်းစားဖို့မလိုတော့ပါဘူး ထား. .'

'ကိုမြင့်ခိုင် . . .'

'ဗျာ . . . ထား . . .'

'ချစ်တယ်ဆိုတာဘာလဲ. . .'

'အဘိဓမ္မာ သဘောနဲ့ပြောရရင် ချစ်တယ်ဆိုတာ တဏှာပဲ . . .'

'ဟင် . . .'

'ဒါပေမယ့် သောတပန် မဟုတ်သေးတဲ့လူတစ်ယောက်အနေနဲ့ ပြော



BURMESE CLASSIC .com

www.burmeseclassic.com



ရရင် တဏှာဆိုတာဟာလည်း လူတိုင်းဝန်မခံရဲပေမယ့် အင်မတန် လှပတဲ့ တပ်မက်ဖွယ်ရာ တစ်ခုပဲ . . .'

ထားက လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်၍ ကျွန်တော်၏ ရင်ဘတ်အား လက်သီးလေးများနှင့် အသာအယာထုသည်။

'ဒါပေမယ့် ကိုမြင့်ခိုင် . . .'

'ဒါပေမယ့် ဘာဖြစ်သလဲ ထား . . .'

'ထားအကြောင်းလည်း ကိုမြင့်ခိုင်ဘာမှ မသိသေးဘူး။ ကိုမြင့်ခိုင်အကြောင်းလည်း ထားဘာမှ မသိသေးဘူး . . .'

ကျွန်တော်ကရယ်မောမိသည်။

'ထားအကြောင်းလည်း ကိုမြင့်ခိုင် မသိပါရစေနဲ့ဦး၊ ကိုမြင့်ခိုင်အကြောင်းလည်း ထား မသိချင်ပါနဲ့ဦး . . .'

'ဘာပြုလို့လဲဆိုတော့ . . .'

'ဘာပြုလို့လဲဆိုတော့ ထားကိုချစ်လို့ပဲ။ ပြီးတော့ ထားကလည်း ကျွန်တော့်ကို ချစ်စေချင်တယ်။ မချစ်ခင် တစ်ယောက်နဲ့တစ်ယောက် သိအောင်လုပ်တယ်။ နားလည်မှုရှာတယ်ဆိုတာ လောကကြီးမှာ တကယ်မရှိတဲ့ သဘောတွေပဲ။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် လေ့လာပြီးမှ ချစ်တယ်ဆိုတာဟာလည်း စတော့(စ်) အိတ်(စ)ချိန်းလို ကုန်သည်ဗေဒဆန်လှတယ်၊ လေ့လာပြီးမှ လက်ခံနိုင်ရင် ချစ်မယ်၊ လက်မခံနိုင်ရင် အချစ်ကို ပြန်ရုပ်သိမ်းမယ်ဆိုတာက အရှုံးအမြတ်ကစားတဲ့ ဓနရှင်နဲ့လည်းတူတယ်။ မလိုတစ်မျိုး လိုတစ်မျိုးလုပ်တဲ့ ကမ္ဘာ့ကျားကွက်ဆင် နိုင်ငံရေးသမားကြီးတွေနဲ့လည်းတူတယ် . . .'

'ဒါဖြင့် ရှင်ယုံကြည်တဲ့ အချစ်ကကော'

'ကျွန်တော်ယုံကြည်တာက ချစ်ရင်ချစ်လိုက်မှာပဲ။ ပြီးတော့မှ တစ်



BURMESE CLASSIC .com

www.burmeseclassic.com



ယောက်အကြောင်း တစ်ယောက်သိအောင်လုပ်မယ်။ အဲဒီတော့မှ အပြစ်တွေ့ကြရင် ခွင့်လွှတ်နိုင်သလား စဉ်းစားမယ်၊ ခွင့်လွှတ်နိုင်ရင် အချစ်စစ်ပဲ။ တခြားနည်းနဲ့ အချစ်ကိုတိုင်းတာစရာမရှိဘူး'

ထားကပြုံးရယ်လျက် ကျွန်တော့်အား မြေးမြေးစိုက်ကြည့်သည်။ ထား၏အပြုံးမှာ နှုတ်ခမ်းတွင်မက မျက်လုံး၌လည်း ရီလွင်နေသည်။

'ထား. . .'

'ဘာလဲ ရှင်ရယ် . . .'

'ကိုမြင့်ခိုင်ကို ချစ်ပါသလား . . .'

'မေးနေဖို့လိုသေးလားရှင်. . .'

မှန်သည်၊ မေးနေရန် မလိုတော့။

နွေဦး၏ ပန်းမန်နှင့် တောတောင်၏လေချိုမှာ မွှေးပျံ့လှ၏။ သို့ရာတွင် မြကြောစိမ်းပြာ ယှက်ဖြာဖြာနှင့် ဝင်းဝါရှည်သွယ်သော ထား၏ လည်တိုင်နှင့် မွတ်ညက်သောပါးနုနုတို့မှ ကိုယ်သင်းနံ့သည် ပိုမို မွှေးပျံ့ လှစွာတကား။

'ပြန်ကြစို့မောင်၊ တော်တော်ကြာလူတွေက ဟုတ်တာထက်ပို ထင်နေကြဦးမယ်'

ထားက ကျွန်တော့်ဆံပင်များအား လက်ချောင်းဖြူဖြူနုနုများ နှင့် ပွတ်သပ်ရင်း သတိပေးမှ ကျွန်တော်လည်း အမှတ်ရလာသည်။

ထားနှင့် ကျွန်တော် လှေနှင့်စုန်၍ ရွှေစာရံဆိပ်သို့ ပြန်ရောက်ချိန်၌ ကမ်းစပ်၌ ပါငယ်၊ တွန်မီ၊အာသာနှင့်တင်မောင်မြင့်ကိုတွေ့ရသည်။

'အမယ်လေး ဆရာရယ် . . .၊ တပည့်တွေ စိုးရိမ်လိုက်ရတာ။ မပေါ်လာလို့ မန္တလေးပြန် ပိုလ်မှူးထွန်းအုံဆီ အကြောင်းကြားရ မလား၊ ဦးဒေါနဆီသွား ဗေဒင်မေးရမလား စဉ်းစားနေတာ၊ သူပုန်ဆွဲ

www.burmeseclassic.com



သွားပြီမှတ်လို့' ဟု ပါငယ်ကဆိုသည်။

'ဆရာတို့ဘယ်သွားတာလဲ . . .'

တင်မောင်မြင့်က အင်မတန် ရိုးသားစွာ မေးဟန်မျက်နှာပေးနှင့် တမင်သက်သက် အဖြေခက်အောင် မေးသည်။

'ဩော် ထားကို ချောင်ရိုး တစ်လျှောက်ပြတာပါ . . .'

'ဆရာ . . . ရှင်မွန်လှတွေ့လား . . .'

တွန်မီကမေးသည်။

'အေး . . . တွေ့တယ်ကွယ့် . . .'

'ချောလားဆရာ . . .'

'ဟာ. . . သိပ်ချောတာပေါ့ . . .'

'အမယ်လေး . . . ငါလည်း တွေ့ချင်လိုက်တာ' ဟု အာသာက ခုန်ဆွခုန်ဆွနှင့် လုပ်ရင်းဆိုသည်။

'ဘာလဲ ကျားကိုက်အောင်လား . . .'

ပါငယ်ကမေးသည် အာသာက ဘာပြန်ဖြေရမှန်းမသိခင် တင်မောင်မြင့်က ထုံးစံအတိုင်း ရိုးသားလှသော မျက်နှာပေးနှင့် ဝင်နှက်ပြန်သည်။

'ပါငယ်ရယ် မေးရင်ရှင်းအောင် မေးမှပေါ့။ ကျားက ကျားကို ကိုက်မှာလား၊ အဲ ဟိုဒင်း- ကျားက ရှင်မွန်လှကိုပဲ . . . ဟုတ်ပေါင် ကျားမင်းကို ကိုက်မှာလား'

တပည့်များနောက်နေရာ ထားသည် ရှက်ပြုံးပြုံး၍ ရှေ့မှနေ၍ စေတီတော်ဘက် ထွက်သွားနှင့်သည်။ ပါငယ်သည် ခွေးစွယ်ဟု သူငယ်ချင်းများ ခေါ်သော သွားတက်များပေါ်အောင် ပြုံးဖြီးလျက် ကျွန်တော့် နားကပ်ကာ တိုးတိုးဖြင့် 'ချောတယ်နော်ဆရာ'ဟု ဆို၏။

'ဘာလဲကွယ့်. . . '



BURMESE CLASSIC .com

www.burmeseclassic.com



'ဘာမှ မကွယ့်ပါဘူးဆရာ၊ ရှင်မွန်လှကိုပြောတာပါ။ မော်ဒန်ခေတ်သစ် ရှင်မွန်လှလေ . . .'

'မနောက်ပါနဲ့ ပါငယ်ရာ၊ တို့က ရိုးရိုးသားပါ'

ဟီဟိ၊ ဆရာ့ကို ဆန်းတယ်လို့လည်း တပည့်ကြီးကမဆိုလိုပါဘူးဆရာ . . .'

လူကြီးရှက်လိုက်လျှင် ဆိုသကဲ့သို့ ကျွန်တော့်မှာ ရယ်၍သာနေခဲ့ရသည်။

ကျွန်တော်တို့အားလုံး စေတီတော်ဆီပြန်ရောက်ချိန်၌ မယဉ်မြင့်သည် ကျွန်တော်ထံကပ်လာ၍ တိုးတိုးဆိုသည်။

'ရှင်နဲ့ထား ဘယ်ပျောက်သွားတာလဲ. . .'

'လှေလျှောက်စီးတာပါ မယဉ်မြင့် . . .'

'အဲဒါထက် စောစောက ရန်ကုန်က ကျောင်းသားတစ်သိုက် ပြင်ဦးလွင်ကိုလည်ရာက ပြန်အဆင်း ခေတ္တဝင်တဲ့ အနေနဲ့ ဒီရောက်လာကြသေးတယ် . . .'

'ဟုတ်လား . . .'

'ဟုတ်တယ်၊ အဲဒီထဲမှာ ဟိုတစ်ညကကောင်လေးဘယ်သူ အဲ-ခင်မောင်အေးလည်း ပါတယ် . . .'

'ဟင် ခင်မောင်အေး . . .'

'ဟုတ်တယ် ကျန်တဲ့ ကျောင်းသားတွေကို ကျွန်မလည်း ကျန်တဲ့စားစရာတွေ ကျွေးနေတုန်း သူက မြစ်ဘက်ထွက်သွားတယ်။ သူရှင်နဲ့ ထားကို တွေ့သွားသလား'

'မသိဘူး၊ ဘာဖြစ်လို့လဲ . . .'

'အဲဒီမြစ်ဘက်က ပြန်တက်လာပြီး ပြန်မယ်ဆို ကားကိုစက်နှိုးပြီး

www.burmeseclassic.com



အတင်း ထွက်မယ် လုပ်လို့ သူ့အဖော်တွေလည်း ဒီမှာနေချင်းသေးရက်နဲ့ ပြန်ကုန်ကြရတယ် . . .'

ကျွန်တော့်မှာငိုက်ကျသွားသည်၊ လူဆိုသည်မှာ တစ်ကိုယ်ကောင်းဆန်တတ်သော သတ္တဝါအဖြစ် နားလည်ထားသည်။ လူတွေ အနက်မှ လူတစ်ယောက် အနေနဲ့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း တစ်ကိုယ်ကောင်းဆန်သော သတ္တဝါတစ်ကောင်ဟု အသိအမှတ်ပြုထားသည်။ သို့ရာတွင် မိမိကိုယ်မိမိ မည်မျှတစ်ကိုယ်ကောင်းဆန်သည်ကို ယခင်က မသိခဲ့။ ယခုမှ ကြောက်မက်ဖွယ် တစ်ကိုယ်ကောင်း ဆန်သော ကျွန်တော့်ကိုယ်ကျွန်တော် ပထမဦးစွာ နားလည်လိုက်ရသည်။ ထားနှင့်တွေ့ရန် မူလကကြိုးစားစဉ်၌ ကျွန်တော့်အာရုံ၌ ခင်မောင်အေးသည် ထိပ်၌ ရှိခဲ့သည်။ ရိုးသားစွာဝန်ခံရလျှင် ယခုမူ ခင်မောင်အေးကို ကျွန်တော် လုံးဝမေ့နေခဲ့သည်။

'ဟော-ရှင်ဘာဖြစ်သွားသလဲ ကိုမြင့်ခိုင် . . .'

မယဉ်မြင့်ကသတိပေးမှ ကျွန်တော်က လန့်နိုးလာသည်။

'သြော်-ကျွန်တော်တို့ပြန်ကြရအောင် မယဉ်မြင့်၊ နေတောင်စောင်းသွားပြီး . . .'

'ကျွန်မတို့လည်း ပြန်ဖို့ပဲ၊ အားလုံးအဆင့်သင့်ပဲ။ ရှင်တို့ကို စောင့်နေတာ၊ ကဲ-မောင်ရေ၊ ပြန်ကြမယ် . . .'

ကျွန်တော်တို့မှာ ကားသုံးစီးနှင့်၊ လာခဲ့ကြခြင်းဖြစ်သည်။ ကိုလေးချိုတို့၏ ဂျစ်ကားပေါ်၌ စားသောက်ဖွယ်ရာနှင့် အိုးခွက်များတင်၍ ကိုလေးချိုတို့ မောင်နှံနှင့် ဒေါ်လှမင်းတို့ တက်ကြသည်။ မောင်စိုးတို့ ၏ ဂျစ်ကားပေါ်၌ မောင်စိုး၊ မောင်အေးကိုနှင့် ကျွန်တော်တို့၏ တပည့် ကျော်များ တက်ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

ကိုသက်ဆွေ၏ ဟေးလ်မင်ကားလေး၏ ရှေ့ခန်း၌ စောင်းတစ်လုံးနှင့် မောင်မြင့်ဆွေကလိုက်သည်။ နောက်ခန်းလက်ဝဲဘက်အစွန်၌ တင်မောင်မြင့်၊ အလယ်၌ ကျွန်တော် လက်ယာဘက်၌ ထားသည် လိုက်ပါလာသည်။

ကိုသက်ဆွေက ကားကိုညင်ညင်သာသာ မောင်းခိုက် မောင်မြင့်ဆွေက စောင်းကို ဘယ်သံညာသံအစုံနှင့် အလူးလူး အမြိုင်မြိုင် တီး၏။ မင်းသားကလည်း အောင်မြင်တည်ငြိမ်သောအသံနှင့် သီချင်းဆိုသည်။ သီချင်းမှာ 'မြနဒီ' ပင်တည်း။

"ဒေါင်း ဖန် ဝါ ဟိုကမ်းပါးရိပ်စွယ်၊ ဂေါယာဆီသက်ယွင်း ငြိမ့်ကွယ်၊ မိုးညံမြင့်မှာလ . . . စန်းယုန်ပွင့်သာလျက်ကယ်"

သီချင်းနှင့် ညနေရိုးရီမှာ ဟပ်မိလှသည်။

ထားက ကျွန်တော်၏နားနားသို့ကပ်ကာ တိုးတိုးမေးသည်။

'ကိုမြင့်ခိုင် ဘာဖြစ်နေသလဲ မောင်၊ ငြိမ်လှချည်လား . . .'

ကျွန်တော်က ဇွတ်အတင်းပြုံးရယ်ရသည်။

'အို. . . ထားရယ်၊ ဘာမှမဖြစ်ပါဘူး၊ ကိုမြင့်ခိုင်ကိုယ် ကိုမြင့်ခိုင် အိပ်မက်မျှားမက်နေသလားလို့ပါ။ ဒါပေမယ့် သိပ်လှတဲ့ အိပ်မက်ကလေးပါပဲ ထားရယ်'

ထားက မေတ္တာပြည့်စွာပြုံးလျက် ကျွန်တော့်လက်ဖဝါးများကို လူမမြင်အောင်ဝှက်၍ ချစ်စနိုး ဆုပ်ညှစ်သည်။

'ထားတို့ သီချင်းဆိုရအောင်'

'ဆိုလေ. . . ထား'



BURMESE CLASSIC .com

www.burmeseclassic.com



သီချင်းမှာ သံပြိုင်ဆီသို့ရောက်လာသဖြင့် တင်မောင်မြင့်နှင့်အတူ ကျွန်တော်နှင့်ထားက သံပြိုင်ဆိုသည်။

“ယို ယီးလေးလှော်ကြ၊ လှော်ကြ၊ လောင်းယဉ်သာလှေငယ်၊ ရွှေစွန်တောင်တက်ရေးဟန်လှ၊ ရေပေါ်မှာဝဲကာန္တဲကြတယ်၊ အဏ္ဏဝါလှိုင်းဘောင်ပြင်ကျယ်၊ ကူးကာလူးလာ၊ မြူးကာပျံကြ။

(လေရူးသုန်သုန်၊ နှင်းမှုန်မှုန်၊ ရေယမုန် စီးရိပ်ညိုလယ် )၂”

မှန်ပေသည်။

ထားနှင့်ကျွန်တော်ကမူ မေတ္တာလောင်းယဉ်သာဖြင့် ချစ်အဏ္ဏဝါလှိုင်းဘောင်ဘင်ကို ဖြတ်၍ ကူးမိပေပြီ။

လေရူးသုန်သုန် နှင်းမှုန်မှုန်သော နွေ၏ပမာ မရေရာသော လူ့ဘဝဓမ္မတာကိုမူ ကြိုတင်၍ ခန့်မှန်းနိုင်လေပြီတကား။

(၈)

သကြံန်မိုးရွာထားသဖြင့် ဖုံမှုန့်မြူမှုန့် စင်ကုန်၍ သစ်ပင်တို့၏ အစိမ်းရောင်မှာ သန့်ရှင်းကြည်လင်နေသည်။ အိမ်ခေါင်မိုးနီနီတို့မှာလည်း သစ်ပင်စိမ်းတို့ဖြင့် ရောင်ချင်းယှဉ်ဟပ် ပနာပြိုင်နေသောကြောင့် ရှုခင်းမှာ ပိုမိုဝင်းလျှံနေ၏။

ကျွန်တော်က ရေစစ္စတြီလုပ်ရမည့် စာတစ်အိတ်ကို ပိတ်လိုက်သည်။

www.burmeseclassic.com



ထို့နောက် သံကြိုးစာရွက်ပုံစံ တစ်ခုပေါ်၌ စာစီသည်။

'ပန်းမန်ငုံကင်း၊ သုတ်လေညှင်းနှင့်၊ မြေသင်းနံ့လည်း ပျံ့ပျံ့ပျူး၍၊ တန်ခူးလည်းကုန်၊ လကဆုန်ကား၊ ပဖူနှန်ရိုက်မြည် ချွန်းချွန်းတည်း. . ဆိုတာ ဒီလိုရာသီပေါ့နော် ဆရာ'

အစီရင်ခံရောက်လုနီး နဂါးဆေးပေါ့လိပ်ကို နှစ်နှစ်ခြိုက်ခြိုက်ဖွာရှိုက်လျက် အပြင်ဘက်သို့ ငေးနေရာမှ မင်သားက မှတ်ချက်ချသည်။

'အင်း. . . '

အိပ်ရာထက် စောင်တစ်ဝက်ခြုံရင်း ဝတ္ထုဖတ်နေရာမှ ပါငယ်က အဲ. . . စိတ်ကူးယဉ်သမားတွေဟာ ဒါပဲတတ်တယ်။ ဖုံနံ့ နံလည်းမွှေးရပြန်ပြီ၊ သူ့ဘာသာ ပန်းပွင့်လည်း ကြည်နူးကြရပြန်ပြီ၊ တို့တော့ ချမ်းတယ်ဆရာ။ အိပ်ယာထဲကွေးနေရတာ ဇိမ်ဘဲ။ ဟော့-မင်းသား မင်းဆေးပေါ့လိပ်တို ငါ့ပေးစမ်းပါ' ဟု လှမ်းဆိုသည်။

'မင်း သိပ်အပျင်းထူတဲ့ကောင်ပဲ ကိုယ့်ဘာသာအသစ်ညှိသောက်ပါလား'

'ဟ. ဆေးပေါလိပ်ဆိုတာ သူများနှပ်ထားတဲ့ အကျမှကောင်းတာ'

'မင်း မိန်းမကော၊ သူများနှပ်ထားတဲ့ အကျယူပါလား' ဟု တင်မောင်မြင့်က ဆေးပေါ့လိပ်တိုကို လှမ်းပေးရင်းဆိုသည်။

လူငယ်များမှာ ကိုလေးချိုအိမ်၌ စားအိမ် သောက်အိမ်ဖြစ်နေသည့်ပြင် ခင်မင်သော ကျွန်တော်တို့လည်းရှိသဖြင့် အားလျှင် ကျွန်တော်တို့ဆီ အမြဲရောက်နေတတ်သည်။ ယနေ့ နေ့လယ်တွင်မူ မယဉ်မြင့်က ခြံထဲမှ အရွက်နုစ ဒန့်ကျွဲရွက်များကို ခူးပြုတ်၍ မိုးကျလက်ဖက်သုတ်ကျွေးမည် ဖြစ်သည့်ပြင် သောနုတ္တိုရ်လေးတွန်မီက ရှာဖွေ



BURMESE CLASSIC .com

www.burmeseclassic.com



လာသည့် ယုန်သားကိုကင်၍ သံပရာနှင့် သုပ်ကျွေးဦးမည်ဖြစ်သည်။

ပါငယ်က 'ဒါတော့ကွာတို့တော့ ယူရမှာပဲ မဟုတ်ဘူးလားဆရာ။ ဟို-စာတောင် ရှိသေးတယ်မဟုတ်လား၊ အအိုလို့သာဆို အပျိုတောင် မမီဘူးကွယ့်လေးဆိုတာ။ ဟင်-ဆရာ၊ ဟ-တို့ဆရာလည်း စကားမေး မရဘူး' ဟု တစ်ဆက်တည်းပြောချသည်။

တင်မောင်မြင့်က ကျွန်တော်ကြည့်နေရာ လှမ်းကြည့်ပြီး 'သြော်. . သြော် ဒါကြောင့်ကိုး' ဟုဆိုသဖြင့် ပါငယ်ကပါ လိုက်ကြည့်လျက် 'သြော်. . . သြော်. . . အင်း။ ချစ်စ,ခင်စ ကြင်နာစ သုခဒုက္ခ။ သုခ၊ ဒုက္ခ ချစ်၍မျှော်သည် ချစ်၍မျှော်သည်၊ ဒါဟာ အဖြေပဲပေးဝံ့သည်။ ကပ်ကမ္ဘာတွင် ဆုံးပါစေ၊ ပုနယ်ပျောင် မီးဖိုချောင်ထဲ သွားကူလုပ်ပေးဦး မယ်ဟေ့' ဟုဆိုလျက် အခန်းတွင်းမှ ထွက်ပြေးသည်။

အပြင်ဘက်၌ မိုးညိုညိုဝယ် မိုးဖွဲမှုန်မှုန်လေးများလည်း ကျ ဆင်းနေသည်။

ထားက ခေါင်းကိုလက်ဝါးလေးနှင့် အုပ်ရင်း ထဘီလေးကို လက် တစ်ဖက်နှင့် မ,လျက် ရေကွက် ရေအိုင်လေးများအားကွေ့လျှောက်ပြီး ကျွန်တော်တို့ခြံဘက် ကူးလာနေသည်။ ကျွန်တော်က ပြတင်းဝမှလက် လှမ်းပြနှုတ်ဆက်ရာ ထားသည် မခို့တရို့အပြုံးနှင့် လှမ်းတုံ့ပြန်၏။

'ကဲ ကျွန်တော်လည်း မီးဖိုထဲပြေးလိုက်ဦးမယ်' တင်မောင်မြင့်က ဆိုသည်။

'နေပါဦး မင်းတို့က ဘာလို့ တစ်ယောက်ပြီးတစ်ယောက် ရှောင် ပြေးကြတာလဲ'

'ဟဲ. . . ဟဲ. . . ၊ စကားလက်ဆုံ ပြော၍မကုန်။ ချစ်ခြင်းပီယ လော ကလူဘုံဆိုတာ အခုအခါလေးမျိုးပေါ့ဆရာ။ ဆရာတို့လွတ်လွတ်လပ် လပ်

www.burmeseclassic.com



စကားပြောရအောင်ပါ’

‘အိုကွယ်။ မလိုပါဘူး’

‘လိုပါတယ်ဆရာ၊ ကျွန်တော်တို့လည်းအောက်ထစ် တစ်သက်တစ်ကြိမ်တော့ စွံဖူးတော့ ကိုယ်ချင်းစာ အလိုက်သိပါတယ်’

‘ကဲ-ဒီလောက် အလိုက်သိရင်လည်း ဆရာ့ကို ဒါတစ်ခုဆောင်ရွက်ပေး။ ဒီစာကို ရေစစ္စတြီလုပ်၊ နောက် ဟောဒီသံကြိုးစာအတိုင်းရိုက်ပေး။ ဆရာ ပိုက်ဆံပေးလိုက်မယ်။ စာတိုက်မဝေးဘူးမဟုတ်လား’

‘မဝေးပါဘူးဆရာ။ ကျွန်တော့် ဘိုင်စကယ်လည်း ပါပါတယ်။ ဒါထက် ‘ခင်မောင်အေး ဒီမှာ တွေ့သည်။ လိုက်လာပါ။ စာလည်းထည့်လိုက်သည်’ ဘယ်လိုလဲဆရာ၊ ဒီဖိုးတိလေးက ဘာဖြစ်နေတာလဲ’ ဟု တင်မောင်မြင့်သည် သံကြိုးစာကိုဖတ်ရင်းမေးသည်။

‘နောက်တော့ ဆရာရှင်းပြပါမယ်။ ကဲ သွားပေတော့။ ဟိုမှာ ထား ရောက်လာနေပြီ’

တင်မောင်မြင့် ထွက်သွားချိန်၌ ထားမှာလည်း အိမ်တံခါးဝသို့ ရောက်လာ၏။

ထားသည် ဖက်ဖူးရောင်ထဘီ၊ ပိုးအင်္ကျီဖြူနှင့်ဖြစ်၍ မိုးလေးမသိမသာလေး အေးနေသောကြောင့် မီးခိုးရောင်ဖျော့ဖျော့ ရင်ခွဲဆွယ်တာလေးကိုလည်း ဆင်ထားရာ ထား၏အသွင်မှာ ဝင်းလွင်နေသမျှ အမြင်မှာ အေးချမ်းနေ၏။

ထား အိမ်ထဲအရောက်တွင် ကျွန်တော်က ထား၏ ကြိုင်သင်းသော ပါးလေးအား နှာခေါင်းနှင့်ရော ပါးစပ်နှင့်ပါ အသာအယာမွှေးမိသည်။

‘ဟင်းနော်. . .၊ သူတော်တော်ရဲ လူတွေမြင်ကုန်ဦးမယ်’

www.burmeseclassic.com



'မမြင်ပါဘူး ထားရယ်။ အားလုံးမီးဖိုထဲမှာ'

ထားက 'ကဲ-လာ မယဉ်မြင့်ကို သွားနှုတ်ဆက်ရအောင်' ဟု ခေါ်သဖြင့် ကျွန်တော်က လူချင်းခပ်ခွာခွာဖြင့် ထားနှင့်အတူ မီးဖိုချောင်ဆီ လျှောက်ခဲ့သည်။

'ဟော ထားတောင် ရောက်လာပြီ၊ ကျွန်မတော့ ပြင်တုန်း ဆင်တုန်းပဲ၊ ပြီးလုပါပြီ၊ ဟောဒီ ကိုကိုတွန်မီ့ ယုန်ကင်သာကြာနေတာ'

မယဉ်မြင့်က ဒန့်ကျွဲရွက်ပြုတ်များကို လှီးရင်းက ပြုံးပြုံးရွှင်ရွှင် လှမ်းပြောသည်။

တွန်မီက မီးဖိုတွင်းမှ ယုန်ကင်ကို ဆွဲထုတ်လိုက်၍ 'ကျက်ပါပြီ ဆရာ၊ ထောင်းရုံပဲရှိတယ်။ ဟော့ကောင်ပါငယ် အံမာ၊ ခွေးကောင်က လွမ်းလွမ်းဆွတ်ဆွတ် ငိုနေရပြန်ပါပြီ။ နင့်ရည်စားပိုပို လင်ရလို့ ကလေးနှစ်ယောက်တောင်ရနေပြီ။ အဖြစ်သဲမနေနဲ့ ပိတ္တာမျက်ရည် မြေမကျကောင်းဘူး၊ ရော့ယုန်ကင်၊ အသားတွေမွှာပေး၊ ထောင်းတာ တော့ ငါကိုယ်တိုင်ထောင်းမယ်' ဟု ကြက်သွန်လှီးနေရ၍ မျက်ရည်ကျနေသော ပါငယ်ကို ယုန်ကင်လှမ်းပေးရင်း အသားလွတ်အုပ်ထည့်လိုက်၏။

ကျွန်တော်တို့ လူကြီးများက ရယ်မောရ၏။

'ကိုလေးချိုတို့ကော'

ထားကမေးသည်။

'သြော်. . မောင်နဲ့ ဆရာဦးသက်ဆွေ၊ ပါမောက္ခ ဦးနက်အိမ်ခဏ သွားကြတယ်။ စာမေးပွဲ အောင်စာရင်းထုတ်ဖို့ နောက်ဆုံးဆွေးနွေး စရာရှိလို့ ဆိုထင်ပ။ အခု ပြန်လာကြပါလိမ့်မယ်'

'ဘယ့်နှယ် ကိုပါငယ်တို့ ကိုကိုတွန်မီတို့ကော စာမေးပွဲအောင် ကြ



BURMESE CLASSIC .com

www.burmeseclassic.com



မှာလား’

ထားက ရင်းနှီးစွာနှင့် လူငယ်များအားမေးသည်။

‘ဟာ. . . ဆရာမ။ ကျွန်တော်တို့က ကျွန်တော်တို့အောင်စာရင်း ကျွန်တော်တို့ တွက်ပြီးပြီ။ စိတ်ချ ကျမှာပဲဆရာမ။ စာမှမကျက်ဘဲ’

‘အို . . .၊ စာမကျက်ဘူး။ နို့ကျောင်းမှာ ဘာလုပ်နေကြတာလဲ’

‘ပျော်လို့ဆရာမ . . .’

‘အို . . . ပျော်လို့’

‘ဟုတ်တယ်ဆရာမ။ ကျွန်တော်တို့တစ်သိုက်လုံးက ကျောင်းကမှ မခွာချင်ဘဲ၊ ကြာကြာနေချင်တော့ ကျသုံးကျနဲ့ ထုတ်ခါနီးနောက်ဆုံး ကျမှ အောင်အောင်ဖြေတာ မဟုတ်ဘူးလားကိုကိုတွန်မီ’

‘ဟိသစ္စံ၊ ဤစကားသည် မှန်ပါတယ်ဆရာမ’ ဟု တွန်မီက ထုံးစံ အတိုင်း စပ်ဖြဲဖြဲပြုံးချိုချိုနှင့်ဆိုသည်။

‘ကဲ မယဉ်မြင့်၊ ကျွန်တော်နဲ့ထားက ဘာကူရမလဲ’

‘အို ကိစ္စမရှိဘူး၊ စကားပြောကြပါ’

‘မယဉ်မြင့်ရယ်၊ ထားတို့တော့ တစ်ခုခုကူလုပ်ပေးရမှ ကျေနပ်မှာ ပဲ . . .’

‘ကဲ. . . ဒါဖြင့် ဟောဒီ ပဲကြီးလှော်တွေ အခွံနွှာပေး၊ ကျေနပ်ပ လား၊ ဒါထက် မောင်စိုးတစ်ယောက်ကော’

‘သြော် . . . မောင်စိုးက ရုပ်ရှင်ကြည့်သွားတယ်။ သူလာနိုင်မှာ မဟုတ်ဘူး’

ထားနှင့်ကျွန်တော်က ပဲကြီးလှော်ထုပ်ကို ယူ၍ဧည့်ခန်း စားပွဲ ဆီ ပြန်ထွက်လာကြသည်။

ကျွန်တော်က ထား၏ မျက်နှာလေးကိုသာ တစိမ့်စိမ့် ကြည့်နေမိ

www.burmeseclassic.com



သည်။

‘မောင်. . . ကိုမြင့်ခိုင်၊ ထားကို မမြင်ဘူးလို့လား၊ ဒီလောက် စိုက်ကြည့်နေတာ၊ ရော့-နွှင်’ ဟု ထားက ပဲလှော်များကို ကျွန်တော့်ဘက် တိုးပေးရင်း ဆိုသည်။

ဩော် . . . ထားရယ်၊ မောင်က ထားကို ကြည့်နေစဉ်မှာ သစ္စာလေးပါးတရားကို ကွက်ကွက်ကွင်းကွင်း မြင်မိလို့ပါ’

‘ဘုရားရေ . . . ထားကို ကြည့်နေတုန်း သစ္စာလေးပါးတရားကို မြင်တယ်၊ တောများ ထွက်သွားဦးမှာလားမောင်ရာ . . . ’

ကျွန်တော်က ရယ်မောရသသည်။

‘ဒီလိုပါထားရယ်၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ချစ်သူနဲ့ကွေကွင်းရခြင်းသည် ဒုက္ခဆိုတော့ ပိယေဟိ သမ္ပယောဂေါ သုခေါလို့ ချစ်သူနဲ့ မကွာမကွေ မောင်မယ် တူယှက်လွန်းကြင်ငှက်လို ကြင်ဖက်အတူ တောင်းဆုငယ်ယူပြီး နေရရင် လူ့ဘဝရဲ့ သုခပဲလို့ အတွေးပေါက် မိလို့ပါ’

ထားက ရယ်မောသည်။

‘ထားလို ခရစ်ယာန်ကဟောဒီ စကားပြောရင် လူတွေရယ်မလား မသိဘူး။ ဒါပေမယ့် ကိုမြင့်ခိုင် သစ္စာလေးပါးတရားကိုမြင်ပုံက နိဗ္ဗာန်ရောက်ကြောင်းမှ မဟုတ်ဘဲ။ သံသရာရှည်ကြောင်းတရားကြီးပဲ’

‘ကိုမြင့်ခိုင်က ငါးပါးသီလမှ ကောင်းကောင်းမလုံတဲ့ အန္ဓပုထုဇဉ်ပဲထား၊ ဒီတော့ ဟန်ဆောင်ပြီး ဘုရားအလောင်းသူတော်ကောင်းလိုတော့ စကားမပြောချင်ဘူး။ ဘဝတဏှာမကုန်သေးတဲ့ လူတစ်ယောက်အနေနဲ့တော့ သံသရာရှည်သမျှ မောင့်သက်ထားနဲ့တော့ အတူလျှောက်ချင်စမ်းလှတယ်’



BURMESE CLASSIC .com

www.burmeseclassic.com



ထားက ပိုလွန်းတယ်ကောမောင်ရယ်ဟု ဆိုလိုဟန် ချစ်စနိုးပြုံး၍ ကျွန်တော့်အား တွေတွေလေးကြည့်သည်။

‘ကိုမြင့်ခိုင်အနေနဲ့တော့ လူလက်ခံသည်ဖြစ်စေ။ လက်မခံသည်ဖြစ်စေ။ မှန်တာကိုပြောချင်တယ်၊ ဒီနေရာမှာ စာရေးဆရာကြီးမင်းဆွေကို သွားသတိရမိတယ်။ မင်းဆွေက **“တစ်ကိုယ်ကောင်းဆန်ပြီး နိဗ္ဗာန်သို့ မသွားလိုပါ အများ အကျိုးဆောင်ပြီး သံသရာမှာ ကျင်လည်ရပါလို၏”** လို့ ဆုတောင်း သွားရှာတယ်။ မင်းဆွေကို ကြောက်မက်ဖွယ်ရာ တိတ္ထိကြီးတစ်ဦးလို့ တချို့က ခေါ်ကြမလားမသိဘူး။ စင်စစ် မင်းဆွေဟာ လွတ်လပ်သော စာရေးဆရာပီပီ လူသားဆန်လှတဲ့ သူရဲ့ရင်နှလုံးကို သစ္စာရှိစွာဖွင့်ဟ ဝန်ခံသွားတာပဲ။ ဒါပေမယ့် သွေး၊ ဓား စတဲ့ ဝတ္ထုကြီးတွေကိုရေးသွားတဲ့ မင်းဆွေရယ်။ သူပုန့်အိမ်။ ဒို့မေမေ၊ ဈေးချိုသူ၊ ပျို့တောင်ပြုံး-စတဲ့ ဝတ္ထုကြီးတွေကို ရေးသွားတဲ့ မဟာဆွေတို့ဟာ အခုခေတ်နောက်ပေါ် ဝက်သားတုံးကြီးကိုက် မဏ္ဍပ်စင်ပေါ်တက်အော်နေကြတဲ့ ဘုရားစူးပြည်သူ့စာရေးဆရာဆိုတဲ့ ‘တောက်တဲ့’ တွေထက်တော့ပိုပြီး လူသားသစ္စာရှိသမျှ ပြည်သူ့ပေါ် စေတနာထား အကျိုးပြုသွားကြရှာတယ်။ အထူးချီးမွမ်းဖို့က သူတို့မှန်တယ်ထင်တာကို သူတို့ ရဲရဲ ဖွင့်ရေး သွားကြတယ်’

‘ဟော. . . ကိုမြင့်ခိုင် ထားတို့ အကြောင်း ပြောနေရာက ဘယ့်နှယ့် စာပေဆီရောက်သွားသလဲ . . . ’

ထားက ရယ်မော၍ သတိပေးသည်။ သည်တော့မှ ကျွန်တော်ကလည်း သတိရမိသည်။ ထားကသာဆက်ပြောနေ၏။

‘နိဗ္ဗာန်ကိုသွားလိုမှု တစ်ကိုယ်ကောင်းဆန်ခြင်းဆိုတဲ့ တက္ကဗေဒ ကိုတော့ ထားလက်မခံနိုင်ဘူး။ ဆရာမင်းဆွေဆိုလိုတာက တစ်

www.burmeseclassic.com



မျိုး ကောင်းဖြစ်ပါလိမ့်မယ်။ တစ်ခါများ အများအကျိုးဆောင်တိုင်း အများက အကျိုးဆောင်တယ်လို့ ထင်ကြပါ့မလား။ ကြံတိုင်းလည်း မဖြစ် ရည်ရွယ်ချက်တိုင်းလည်း မမြောက်တဲ့ လောကဓံ သဘောကိုလည်း ထည့်စဉ်းစားဦးမှပေါ့ ကိုမြင့်ခိုင်'

ကျွန်တော်က ပါးစပ်အဟောင်းသားနှင့် ထားအား ငေးကြည့်လိုက်မိသည်။ ဤစကားများကို ခရစ်ယာန်မလေး၏ ပါးစပ်မှ မည်သို့ ထွက်လာရပါသနည်း။ နောက်မှ သတိရကာ ပြောရသည်။

'ကြံတိုင်းလည်းမဖြစ် ဆိုတာကို ကိုမြင့်ခိုင် လက်ခံပါတယ်။ ဒါပေမယ့် ဆက်ကွန့်ချင်တာက **ကြံတိုင်းလည်းမဖြစ်၊ မဖြစ်တိုင်းလည်း မကြံ၍မဖြစ်** ဒါကတော့ မြင့်ခိုင်နီးယင်းနစ်ဇင်း (မြင့်ခိုင် ဝါဒ) ပေါ့'

'ကိုမြင့်ခိုင် ရှင်ဟာလေ ဘဝကိုမျှော်လင့်ခြင်းနဲ့ စိတ်ချယုံကြည်စွာကြည့်တဲ့ အော့ပ်တီမစ်စ်တ် တစ်ယောက်ပဲ။ ဒါပေမယ့် ဘဝမှာ မျှော်လင့်သမျှ မဖြစ်လာတော့ကော . . . '

'ထား ဘာကိုဆိုလိုသလဲ . . . '

'ထားကတော့ ခဲမှန်ဖူးတဲ့စာသူငယ်ပဲ ကိုမြင့်ခိုင်။ မျှော်မှန်းသမျှ ဖြစ်လာမှာကို စိတ်ချလက်ချ မယုံရဲဘူး။ ဉပမာဆိုပါတော့ ကိုမြင့်ခိုင်က ထားကို အခုသိပ်ချစ်တယ်။ ဒါပေမယ့် တစ်နေ့မှာ ချစ်သမျှဟာ မုန်းရတာတွေဖြစ်မှာ ထားသိပ်ကြောက်တယ် . . . '

'အို- ထားရယ်၊ ထားကိုမောင်က ဘာလို့ မုန်းရမှာလဲ . . . '

ထားက ကျွန်တော့် လက်တစ်ဖက်အား သူ၏ လက်ဖဝါးနုနုလေးများကြား၌ ပွေ့ယူဆုပ်ကိုင်လိုက်၏။

'ဘာကြောင့် မုန်းရမှာလဲ ဟုတ်လား။ ထားအကြောင်းများ မောင်



BURMESE CLASSIC .com

**တန်ချူးလေနှင့်လျော်တော့သည်**

ဘာတွေသိလို့ ဒီလောက် ချစ်နေရတာလဲဟင်၊ ပြောပါရစေဆိုတော့လည်း မောင်ပဲတားမြစ်ခဲ့တယ်။ ထားတို့ ခရီး မလွန်သေးပါဘူး ကိုမြင့်ခိုင် ထားပြောပြနိုင်ပါပြီလား’

ကျွန်တော်က သက်ပြင်းရှိုက်လိုက်မိသည်။

‘ထားပြောပြနိုင်ပါပြီ . ။ ထားကိုလည်းလေ ကိုမြင့်ခိုင် အကြောင်းတွေ အများကြီးပြောပြရဦးမယ်’

ထားကပြုံးလိုက်၏။ ထို့နောက် အခွံနွှင်ပြီးသော ပဲလှော်များကို ယူလျက် . . .

‘ဒါတွေသွားပေးလိုက်ဦးမယ်၊ ထားတို့အေးအေးဆေးဆေးစကားပြောရအောင် ’ ဟု-ဆိုလျက် မီးဖိုချောင်ဆီ ခေတ္တထွက်သွား၏။ ပြန်ပေါ်လာသောအချိန်၌ ထား၏ မျက်နှာမှာ အံ့ဩတည်ငြိမ်နေသမျှ အမူအရာမျှ အနည်းငယ်ပျက်နေသည်ထင်ရ၏။

‘ထား နည်းနည်း . . . စိတ်လှုပ်ရှားနေတယ်ကိုမြင့်ခိုင်။ ထားတို့ ခဏခြံထဲ ဆင်းလျှောက်ကြရအောင်လား . . . ’

ထားနှင့် ကျွန်တော်က ခြံတွင်းသို့ဆင်းခဲ့သည်။

မိုးဖွဲတို့မူ စဲပေပြီ။ တောင်လေသည် တသုန်သုန်တိုက်နေ၍ တိမ်စိုင်တို့မှာ မစဲအောင်ဆင်တက်နေသည်။ သို့ရာတွင် လေနှင်သဖြင့် တိမ်တို့အမြွာမြွာပျံ့ပွားလွင့်စင်ကာ . . . မိုးမူမရွာ။

ထားသည် ကျွန်တော်နှင့်အတူ ခုံတန်းဖြူတစ်ခုပေါ်၌ထိုင်လိုက်သည်။ စကားမူမဆို . . . သက်ပြင်းသာ ရှိုက်နေ၏။

‘ဆိုပါဦး ထား’

‘ထား ဘယ်ကစပြောရမှန်းတောင်မသိဘူး’

ထားက ညည်းညည်းညူညူဆိုသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒီလိုလုပ်ပါလား ထား။ ထားအတွက် ကိုမြင့်ခိုင်မှာ . . . ပဟေဋ္ဌိပမာဖြစ်နေတဲ့ အချက်တစ်ချက်ရှိတယ်။ အဲဒီကစပေ့ါ’

‘ဘယ်လိုလဲ ကိုမြင့်ခိုင်. . .’

‘ဦးသိန်းဆိုင်နဲ့တကွ မျိုးရိုးအားလုံးဟာ. . . မိရိုးဖလာဗုဒ္ဓဘာသာဝင်တွေ။ ဒါပေမယ့် တူမအရင်းဆိုတဲ့ ထားက ဘယ်ပုံ ခရစ်ယာန်ဖြစ်ခဲ့သလဲ . . .’

ထားသည် ကြေကြေကွဲကွဲ ပြုံးလိုက်၏။

‘မှန်တယ်ကိုမြင့်ခိုင်၊ ထား ဒီကပဲစ, ပြောရမယ်’

ထားသည် ခေတ္တနားလိုက်၏။ ထို့နောက် ဖြည်းညင်းစွာ စပြောသည်။

‘ထားရဲ့ မေမေဟာ. . . ဦးလေးသိန်းဆိုင်ရဲ့ နှမအထွေးဆုံးပဲကိုမြင့်ခိုင်။ ဒါပေမယ့် ထားရဲ့ မေမေဟာ ထားရဲ့ ဖေဖေနဲ့ ချစ်ကြိုက်တော့ တစ်ဆွေလုံး တစ်မျိုးလုံးဟာ သဘောမတူနိုင်ကြ ဘူးလေ၊ အကြောင်းက. . . ထားဖေဖေဟာဆင်းရဲတဲ့အပြင် မြန်မာ-ကရင်ကပြား ခရစ်ယာန် ကျောင်းသားလူငယ်တစ်ဦးဘဲ . . .’

‘ဩော်’

‘မေမေဟာ. . ဖေဖေနဲ့ ခိုးရာလိုက်ပြေး ပေါင်းသင်းတော့ တစ်ဆွေလုံး တစ်မျိုးလုံးက သေခန်းဖြတ်စွန့်ပယ်ကြတယ်။ မေမေကလည်း စွန့်ပယ်လို့လား မသိဘူး ခရစ်ယာန် ဘာသာပဲပြောင်းဝင်ပစ်လိုက်တယ်’

ထား၏သဏ္ဌာန်မှာ ပြန်တည်ငြိမ်လာ၍ မျက်နှာ၌လည်း မခံချင်မှုလေးများပေါ်နေသည်။

ဂျပန်ခေတ် လူမျိုးရေးအထင်လွဲမှုဖြစ်တော့ မြစ်ဝကျွန်းပေါ် တစ်နေရာမှာ ဖေဖေဟာ အသတ်ခံသွားရရှာတယ် . . .’

www.burmeseclassic.com



'အို. . . ထားရယ်။ ဖြစ်မှဖြစ်ရပလေတယ်'

ထား၏ မျက်လုံးများမှ မျက်ရည်များမှ စီးကျစ ပြုပေပြီ။

'ဒီတုန်းက ထားဟာ ၁၀-နှစ်သမီးလောက်ပဲ ရှိဦးမယ်။ ထားတို့ကို ဖေဖေဘက်က ဆင်းရဲသမျှ နည်းပါးလှတဲ့ ဆွေမျိုးတွေက လွှဲပြီး ဘယ်သူကမှ ဆေးဖော်ကြောဖက်မလုပ်ခဲ့ကြဘူး၊ မေမေကလည်း သူ့မာနနဲ့သူ သူ့အမျိုးတွေဆီမပြန်ပါဘူး။ အင်္ဂလိပ်ပြန် တက်တော့ မေမေဟာ အောက်တန်းစာရေးမ ဝင်လုပ်ရင်း ထား ကိုတော့ ထားရဲ့ အင်္ဂလိကန်ချာ့ခရစ်ယာန် သာသနာပြုဂိုဏ်းက ဆက်ပညာသင်ပေးခဲ့တယ် . . . '

ထားက ပေါက်ကွဲတော့မည့် ရင်နှလုံးအား ချုပ်တည်းသည့်ဟန် နှုတ်ခမ်းကို သွားလေးများနှင့် ခဲထားသည်။

'ထား ကောလိပ်ရောက်တဲ့ နှစ်မှာပဲ မေမေ ဆုံးသွားတယ်. . . '

ထားမှာ ငိုနေပေပြီ။ ကျွန်တော့်အတွက်လည်း ဘာမျှမတတ်နိုင် ထားကိုသာ ရင်ထုမနာနှင့် ကြည့်နေမိသည်။

'ထားကို ထားရဲ့ သာသနာပြု ဂိုဏ်းကပဲ ဆက်လက်ထောက်ပံ့ ပညာသင်ပေးခဲ့တယ်။ ထား ဘီအေရောက်တဲ့နှစ်မှာ လူတစ်ယောက်နဲ့ တွေ့တယ်။ ထား ပထမဆုံး အသည်းနှလုံးနဲ့ ပုံချစ်ခဲ့ရတဲ့ လူတစ်ယောက်ပေါ့။ ဒါပေမယ့် သူအဲ- ဟင်နရီလို့ သူ့ကိုထားခေါ်တယ်။ ဟင်နရီမိဘတွေဟာ သွန်မဆင်ရိပ်သာက မြို့မျက်နှာဖုံးသူဌေး၊ ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်းလူကြီး၊ ကျောင်းဒကာ သိမ်ဒကာ၊ ဘုရား လူကြီး ဒီတော့ . . . '

ထား၏ အသံမှာ ဆို့နစ်၍ ခေတ္တပျောက်သွားသည်။

'ဒီတော့ ခရစ်ယာန်မ ဆွေမရှိ မျိုးမရှိနဲ့ သာသနာကထောက်ပံ့လို့



BURMESE CLASSIC .com

www.burmeseclassic.com



သာ ကျောင်းနေရတဲ့ ထားလို အုတ်ကြားမြက်ပေါက်နဲ့ သူတို့သားကို ဘယ်သဘောတူပါ့မလဲလေ . . . '

ကျွန်တော်က ခေါင်းကိုသာ တွင်တွင်ခါနေမိသည်။ ဘာကိုမျှ မပြောနိုင်။

ထားနဲ့ဟင်နရီ ဘီအေအောင်တဲ့နှစ်မှာ သူ့မိဘတွေက တစ်ယောက်နဲ့ လက်ထပ်ပေးဘို့ စီစဉ်ကြတယ်လေ။ ဟင်နရီက ထားကို ချစ်ပါတယ်။ ဒါပေမယ့် သတ္တိကြောင်တယ်၊ သူ့ဆွေသူ့မျိုးနဲ့ လောကကို မတော်လှန်ရဲဘူး။ ပြောတော့ပြောပါတယ်လေ၊ ထားက ဗုဒ္ဓဘာသာကို ပြောင်းဖို့၊ ဟဲ-ဟဲ ထားရဲ့ ဘာသာကိုတော့ ထားမြတ်နိုးတယ်။ မစွန့်နိုင် ဘူး။ ထားရဲ့ အသိဉာဏ်ကြောင့် ပြောင်းလဲပြီး စွန့်ရင်စွန့်မယ်။ လင် တစ်ယောက်ရဖို့တော့ ထား ယုံကြည်ပြီး ထားပေါ် ကျေးဇူးကြီးခဲ့တဲ့ အဖဘုရားရဲ့ ဘာသာကို ထားမစွန့်နိုင်ဘူး။ ပြီးတော့ သူ့ကိုလည်း ခရစ်ယာန်ထဲဝင်ဖို့ ဘယ်တုန်းကမှ ထား မတိုက်တွန်းခဲ့ဘူး။ ချစ်ကြလို့ ပိုင်ဆိုင်လိုတယ်ဆိုရာမှာလေ . . .၊ ပိုင်ဆိုင်လိုမှုကို အကြောင်းပြုပြီး အနိုင်ကျင့် ကိုယ်ကျိုးရှာတာကိုတော့ ထား လက်မခံနိုင်ဘူး . . . '

'ဒါကိုတော့ ကိုမြင့်ခိုင် လုံးဝထောက်ခံပါတယ်ထား'

ထားသည် မျက်ရည်ကြားမှ ကျွန်တော့်အား မော့်ကြည့်သည်။ ကျွန်တော်ကနှစ်သိမ့်ရန် ထား၏ လက်ကလေးကို အသာဆုပ်ညှစ်လိုက်သည်။

'ထား ဆက်ပြောရမှာက ကိုမြင့်ခိုင်ခွင့်လွှတ်ချင်မှ လွှတ်နိုင်မယ့် အပိုင်းမို့ ထား ဘယ်လိုလုပ် ပြောရမှန်းမသိဘူး'

'ပြောပါထားရယ်၊ ခွင့်မလွှတ်နိုင် ထင်စရာကို ဖွင့်ပြောရဲတဲ့ ထားရဲ့ သစ္စာအဟုန်ကြောင့်ပဲ ထားကို ကိုမြင့်ခိုင် ခွင့်လွှတ်ပြီးဖြစ်

www.burmeseclassic.com



နေပြီ. . . '

ထားက ဝမ်းပန်းတနည်း ပြုံးလိုက်သည်။

'ပြောပ့ါမယ်မောင်၊ ကိုမြင့်ခိုင်၊ ခွင့်လွှတ်နိုင်ပါစေလို့ပဲ ထား ဆုတောင်းတယ်။ ထားကို မိုက်တယ်များပြောမလား မသိဘူး။ ဒီတုန်းက လောကကို အရွဲ့တိုက်ချင်တာတစ်ကြောင်း ပြီးတော့ ကိုယ့်ချစ်သူကို တစ်ဘဝမပေါင်းရတောင် ခဏပေါင်းရရင် ထား ချစ်ရကျိုးနပ်ပြီ ဆိုပြီး ထား ဘယ်လုပ်ခဲ့သလဲ . . . သိလား . . . '

ထား၏ အသံ၌ စိတ်နာသံနှင့် ဒေါသသံများ ရောစွက်နေသည်။

'ဆိုပါဦး ထား . . . '

'ထားနဲ့ ဟင်နရီ ပြင်ဦးလွင်တက်ပြီး နေပစ်လိုက်တယ်၊ ကိုမြင့်ခိုင်သိလား . . . '

'အို . . . '

'ဟော. . . ရှင် ငိုင်ကျသွားပြီ . . . '

သည်တော့မှ ကျွန်တော့်မှာလည်း ကြွေဆေးဆယ်ကာ မချိသွားဖြဲ ပြုံးရသည်။

'ပြောပါ ထားရယ်၊ ဆက်ပြောပါ။ ထားက ပွင့်လင်းလွန်းတော့ ရုတ်တရက် ကိုမြင့်ခိုင် အငိုက်မိသွားတယ်၊ ဆက်ပါဦး'

'တစ်လကြာတော့ ထားတို့ ရန်ကုန်ပြန်ဆင်း လာတယ်။ ဟင်နရီကတော့ မိဘသဘောတူသူ ဂုဏ်ကြီးရှင်မ တစ်ဦးနဲ့ လက်ထပ်ယူသွားသပေါ့၊ ထားကတော့ ငိုချင်ရက်နဲ့ အပြုံးမပျက်ဘဲ ပညာကိုဆက်သင်ခဲ့တယ်လေ၊ ထား ဘီအေအောင်ပြီး ဘီအီးဒီဘွဲ့ကို ဆက်ရခဲ့တယ်'

ကျွန်တော်က စိတ်ဓာတ်ခိုင်မာလှသော ထားအား တအံ့တသြ ငေးမောကြည့်မိသည်။

www.burmeseclassic.com



ကိုမြင့်ခိုင်ကို ပြောရဦးမယ်၊ ထားဟာ ငယ်စဉ် သာသနာပြု ကျောင်းမှာနေကတည်းက ဂီတ၊ အထူးသဖြင့် တယောတီးနဲ့ သီချင်းဆို ကို လေးလေးစားစား စံနစ်တကျလိုက်စားခဲ့တယ်၊ ထား တီတီစီမှာ ဘီအီးဒီတက်နေတုန်း ထားရဲ့ အနုပညာဂုဏ်သတင်းကလည်း မွှေး တာမို့ ပန်းသကကို ချူချင်သူတွေ တော်တော်များများ တွေ့ခဲ့ရတယ်။ ဒါပေမယ့် ထားဟာ သူတို့အားလုံးကို ရှောင်နိုင်ခဲ့တယ်။ ခက် တာက ထား ဘီအီးဒီအောင်ပြီး သာသနာပြုကျောင်း တစ်ကျောင်းမှာ ဆယ်တန်းပြ ဆရာအဖြစ် ဝင်လုပ်နေစဉ် ထားအပေါ်မှာ တမ်းတမ်းစွဲ ဖြစ်လေတဲ့ လူငယ်တစ်ဦးကို ကြုံရပြန်တယ်'

'ဪ. . . ဪ. . . '

'ဒီနေရာမှာ ထားရဲ့ပုဂ္ဂိုလ်စာရိတ္တ ပါဆွန်နယ်လီတီ အကြောင်း ကိုမြင့်ခိုင်ကို ပြောရဦးမယ်၊ ကိုမြင့်ခိုင်ဟာ စိတ္တဗေဒပညာရှင်တွေ ပြောတဲ့ အက်ဖက်ဟန်ဂါး(Affect Hunger) ချစ်ခြင်းမေတ္တာ ခေါင်းပါး ဆာလောင်မှု သဘောကို လေ့လာဖူးမှာပေါ့. . . '

'လေ့လာဖူးပါတယ် ထား'

'ထားဟာ ငယ်စဉ်ကတည်းက အဖေဆုံး၊ တစ်ခါ မိခင်နဲ့လည်းကွဲပြီး ပူနွေးတဲ့ မိဘမေတ္တာကို မရခဲ့တာမို့ ထားရဲ့ ရင်မှာအမြဲတမ်း ချစ်ခြင်း ကရုဏာမွတ်သိပ်မှုရှိနေခဲ့တယ်။ ဒီသဘောဟာ ထားရဲ့ ဘဝကို အစဉ် ကြိုးကိုင်နေသလားမသိဘူး။ အထူးသဖြင့် ထားဆီကအမြတ်ထုတ် စရာ ဘာမှမမြင်ဘဲ အရှုံးခံပြီးမေတ္တာကို ပုံပေးမယ့် လူမျိုးနဲ့တွေ့ရင် ထား ဘယ်လောက်တင်းထား တင်းထား စိတ်ဓာတ်တော့ ချောက်ချား ရတယ်. . . '

'ထား ဆိုလိုတာကို ကိုမြင့်ခိုင်နားလည်ပါတယ်'



BURMESE CLASSIC .com

www.burmeseclassic.com

**တန်ချူးလေနှင့်လျောတော့သည်**

'ထားထပ်တွေ့ရတဲ့ သူငယ်ကတော့ ထားတပည့်ပဲဆိုပါတော့လေ။ ထားထက်လည်း ဆယ်နှစ်ကျော်ငယ်တယ်။ ထားအပေါ်မှာ ရိုးရိုးချစ်သမျှ နွဲ့ဆိုးဆိုးပြီး တဇွတ်ထိုးပြုပြန်တော့ ထားမချစ်တောင် ကရုဏာမိုးတွေတော့ စွေခဲ့ရတယ်'

ဤအကြိမ် သက်ပြင်း ချရသူမှာ ကျွန်တော် ဖြစ်သည်။

'မိုက်ကန်းကန်းလေးမို့ ဆယ်တန်းလေးမှ အောင်ပါစေဆိုပြီး ထား လျှော့ဈေးပေး ပရိယာယ်သုံးပြီး သူ့ကိုချော့ခဲ့ရတယ်။ အခုတော့ ကောလိပ်ရောက်နေပါပြီ၊ ခက်တာက သူ့မိဘတွေက ရိပ်မိသွားတယ်။ ဖြစ်ရလေတော့ သူဟာလည်း သိန်းချီချမ်းသာတဲ့ ရွှေတိဂုံဘဏ္ဍာတော်ထိန်း လူကြီးတစ်ဦးရဲ့ တစ်ယောက်တည်းသောသား၊ ထားကတော့ ဆွေမရှိ မျိုးမရှိ ခရစ်ယာန်မ၊ ပြီးတော့ အသက်ကလည်း ကွာလှတယ်။ ခုတစ်ကြိမ်တော့ ထား ခွေးပိုဖြစ်ရတယ်။

ထား၏အသံမှာ ပေါက်ကွဲထွက်လာပြန်သည်။

'ကလေးအရွယ် အမိုက်ကလေးသာဆိုရတယ်၊ ဟင်နရီထက်တော့ အများကြီး စိတ်ဓာတ်မှာသာပါတယ် ကိုမြင့်ခိုင်၊ သူ့မိဘအမွေတွေ ကိုလည်း စွန့်မယ်၊ ဒါတွင်မက ရှူးရှူးမူးမူးနဲ့ ဘာသာတောင်ပြောင်းမလို့တဲ့'

'အို. . . ဖြစ်မှဖြစ်ရလေ'

'ထား. . . ဘာလုပ်ရမလဲ၊ ထားသတ္တိရှိရင် ဒီလောကကြီးကိုစွန့်ပြီး ကိုယ့်ကိုယ်ကိုတောင် သတ်သေချင်မိတယ်။ ဒါပေမယ့် ထားဒီလိုတော့လည်းမသေရဲဘူး။ ကံအားလျော်စွာ ထားတို့ကို စွန့်ပစ်ခဲ့တဲ့ ဦးလေးဟာ အသက်အရွယ် ကြီးရင့်ပြီး နောင်တရသမျှ တရားဓမ္မနဲ့ ပြည့်ဝလာတာမို့ တစ်ဦးတည်းသာဖြစ်တဲ့ တူမဖြစ်တဲ့ ထားဆီကို ရှာကြံလိုက်ခဲ့



BURMESE CLASSIC .com

www.burmeseclassic.com



တယ်။ ဒါကြောင့်လည်း ထား လုလင်သူ့ရှေ့မှောက်က ခြေရာလည်း ပျောက် ရေလည်းနောက်အောင် အလုပ်ပါထွက်ပြီး ဒီမန္တလေးကို ပြေး လာခဲ့တယ်။ ကံဆိုးချင်တော့ ဒီမှာသကြ်န်တစ်ည သူ့ကို တွေ့ရလို့ ထား ထွက်ပြေးခဲ့ရသေးတယ်'

ထားက ဆက်ပြောနေသော်လည်း ကျွန်တော့်နားတွင်း၌မူ လုံးဝ ထွေးကုန်ပေပြီ။ ဦးနှောက်တို့မှာလည်း ချာလည်ပတ်လည်းလိုက်ကာ လူသည် မူးရီလာ၏။ ပြဿနာတို့မှာ ကျွန်တော်ထင်သည်ထက် ရှုပ် ထွေးလေးနက် ပေသည်တကား။

'ဘယ်လိုလဲ ကိုမြင့်ခိုင် ထားကို စိတ်ပျက်သွားပြီလား . . . '

ကျွန်တော်က ခေါင်းကို လေးပင်စွာခါရသည်။

'ထားနာမည်မဖော်ပေမယ့် ထားပြောနေတဲ့ ခင်မောင်အေးကို ကိုမြင့်ခိုင် သိတယ်၊ ထားနဲ့ ခင်မောင်အေး ဟိုတစ်ညသကြ်န်မှာဆုံ တော့လည်း ကိုမြင့်ခိုင် အနားမှာရှိနေတယ်'

'အို . . . '

ထားမှာလည်း စကားမဆိုနိုင်၊ တုန်လှုပ်ချောက်ချားဟန်နှင့် ကျွန်တော့်အားကြည့်နေသည်။

'ဖြစ်ရလေတယ် ထားရယ်။ အဲဒီခင်မောင်အေးဟာ ကိုမြင့်ခိုင် ရဲ့ တပည့် ဖြစ်နေတဲ့အပြင် လူကြီးတွေက အပ်ထားတာမို့ ကိုမြင့်ခိုင် မှာ အထူးတာဝန်ရှိနေတယ်။ ဒီနေ့တောင်မှပဲ သူ့ကိုဒီမှာ တွေ့တဲ့ အကြောင်း သူ့မိဘတွေကိုလိုက်လာခေါ်ဖို့ သံကြိုးလည်းရိုက်၊ စာလည်း ထည့်ပြီး အကြောင်းကြားလိုက်သေးတယ် . . . ။ ခင်မောင်အေး ဟာ. . . ခု အိမ်က ထွက်ပြေးလာတာ ထား . . . '

'အို. . . ထားက သူစိတ်ညစ်တာနဲ့ ဒီဆီကို စိတ်ပြေလက် ပျောက်



BURMESE CLASSIC .com

www.burmeseclassic.com



လျှောက်လယ်လာတာ ထင်တာ '

'သူနဲ့ စကားနည်းနည်းပြောကြည့်ခဲ့ရတော့ သူ့ရင်ထဲဘာဖြစ်နေတယ်ဆိုတာကို ကိုမြင့်ခိုင် ရိပ်မိခဲ့တယ်။ ဒါပေမယ့် သူကလည်း ကိုမြင့်ခိုင်ကို လာမတွေ့ဘူး။ ဇာတ်လမ်းကိုစေ့စေ့စုံစုံမသိရသေးတော့ သူ့အတွက် ကိုမြင်ခိုင် ဘာမှဆုံးဖြတ်ကူညီမပေးနိုင်ခဲ့ဘူး။ စင်စစ် ထားဆီ အစပဌမ ကိုမြင့်ခိုင်လာတွေ့စဉ်မှာ ကိုမြင့်ခိုင်ရဲ့ ရည်ရွယ်ချက်က ခင်မောင်အေးအတွက်ပဲ ရည်စူးခဲ့တယ်။ ခက်တာက ကိုမြင့်ခိုင်ဟာ ထားကိုချစ်မိပြန်တော့ ခင်မောင်အေးကို မေ့ထားခဲ့မိတယ် . . . ။ ကိုမြင့်ခိုင် တစ်ကိုယ်ကောင်းမဆန်ဘူးလား'

ထားက ဘာဖြေရမှန်းမသိသည့်ဟန် ငြိမ်နေသည်။

'ဒါပေမယ့် အခုတော့ ကိုမြင့်ခိုင်ဆုံးဖြတ်နိုင်ပါပြီ။ တစ်ခုပဲ ထားကို ကိုမြင့်ခိုင်မေးချင်တယ်။

'ဘာလဲ ကိုမြင့်ခိုင် '

'ထား ခင်မောင်အေးကို ချစ်ခဲ့ဖူးသလား'

ထားကမဲ့မဲ့လေးပြုံးသည်။

'ဒီအမေးကို ဖြေဖို့က ချစ်တယ်ဆိုတာကို ကိုမြင့်ခိုင် ဘယ်လိုအဓိပ္ပာယ် ပေးမလဲ၊ မမုန်းနိုင်တာကို ချစ်တယ်ခေါ်ရင်၊ ပြီးတော့ သနားခြင်း သံယောဇဉ်ကို မေတ္တာနှောင်ကြိုးတစ်ခက်လို့ဆိုရင်တော့ ခင်မောင်အေးအပေါ်မှာ ထားချစ်မိခဲ့တယ် ကိုမြင့်ခိုင်၊ ဒါပေမယ့် . . . '

'ဒါပေမယ့် . . . ဘာဖြစ်သလဲထား'

'ဒါပေမယ့် . . . ထား ဆုံးဖြတ်ပြီးပြီမို့ ထားရဲ့ အနေနဲ့တော့ပြဿနာဟာ ရှင်းပြီး ဇာတ်လမ်းဟာလည်း ဆုံးနေပြီ။ ခင်မောင်အေးကို ထားမယူနိုင်ဘူး။ ချစ်တာမချစ်တာတွေအပြင် ဆရာမဆိုတဲ့ ထားရဲ့ ဂုဏ်နဲ့

www.burmeseclassic.com



ထားရဲ့ မခံချင်မှု မာနတရားတွေလည်း ပါဝင်နေတယ်'

ကျွန်တော်က ထားပြောသည်ကို ငြိမ်သက်စွာနားထောင်နေခိုက် ဦးနှောက်တွင်း၌ ဆုံးဖြတ်ဖွယ်ရာတစ်ခုကို ချိန်ထိုးနှိုင်းဆနေမိသည်။

'ငြိမ်လှချည်လား ကိုမြင့်ခိုင်'

ကျွန်တော်က ခေါင်းကိုမော့လိုက်၍ သက်ပြင်းတစ်ချက်ကို ရင်မှ မှုတ်ထုတ်ခြင်းဖြင့် အတွေးကို အပြီးအပိုင်သတ်စေလျက် စိတ်ပေါ့ပါးခဲ့ပြီဖြစ်သဖြင့်. . . ထားကို ပြုံးပြုံးကြည့်မိသည်။

ကိုမြင်ခိုင်လည်း ဆုံးဖြတ်ပြီး၊ ထားနဲ့ကိုမြင့်ခိုင်ဟာ တစ်ခုခုကို ပြတ်ပြတ်သားသား မြန်မြန် ဆောင်ရွက်ရမယ်'

'ဘာဆိုလိုသလဲ ကိုမြင့်ခိုင် . . . '

'ဒီမှာထား၊ ကိုမြင့်ခိုင်ကို အခုလို နွမ်းနွမ်းနယ်နယ်ကြည့်မနေစမ်းပါနဲ့၊ ပြုံးစမ်းပါ၊ ပြုံးလိုက်စမ်းပါ'

ထားခမျာ ကျွန်တော်ခိုင်းပြန်သဖြင့် ဘုမသိ ဘမသိနှင့် ပြုံးရရှာသည်။

'ပြီးတော့ ကိုမြင့်ခိုင်ကိုဖြေစမ်း၊ ထား မနက်ကနဲ့ တစ်နေ့ခင်းလုံး ဘာလုပ်နေသလဲ '

'ကိုမြင့်ခိုင်ကော ဘာလုပ်နေသလဲ . . . '

'ကိုမြင့်ခိုင်က ဟောဟို ပြတင်းဝမှာထိုင်ပြီး ပထမသီချင်းတစ်ပုဒ် စပ်ကြည့်တယ်၊ နောက် စာတစ်စောင်ရေးတယ်၊ ပြီးတော့ ရေးရင်း ချွတ်ရင်းကနေ ဒီဘက်ခြံ အိမ်ပြတင်းက လှုပ်ရှားသွားလာနေတာ မြင်ရတဲ့ ထားကို လှမ်းလှမ်းငေးတယ်'

ထားက ရှက်ပြုံးလေး ပြုံးလေသည်။

'ထားကလည်း ပစ္စည်းတွေကို ရှင်းရင်း ကိုမြင့်ခိုင်ကို လှမ်းလှမ်း



BURMESE CLASSIC .com

www.burmeseclassic.com



ကြည့်နေရသတဲ့ရှင်'

'ထား ဘာပစ္စည်းတွေ ရှင်းနေသလဲ'

'ထားရောက်စက ထားပစ္စည်းတွေကို နေရာချရှင်းပြီးမှ တစ်ခါ ဟိုညက အကြံရလို့ ဒီကပြေးရဦးတော့မယ်ဆို . . . ပစ္စည်းတွေ ပြန်ထုပ်ပိုးသိမ်းဆည်းမိတယ်။ အခုတော့တစ်ခါ ထား ဒီကမပြေးချင်တော့ပါဘူးတဲ့ ရှင်ရယ်။ ဒါကြောင့် ပစ္စည်းတွေကို ပြန်ဖြေ ရှင်းလင်းနေရာချနေရပြန်တယ်'

'အဲဒီ့ ထားပစ္စည်းလေးတွေကို ပြန်ထုပ်ပိုး သိမ်းဆည်းဦးတော့ထား'

'ဟင်. . . ဘာပြုလို့'

'ထားက ကိုမြင့်ခိုင်နဲ့ လိုက်လာခဲ့ရတော့မယ်'

'အို. . ဟို. . ဟို . . ပိုင်စိုးပိုင်နင်း နိုင်လှချည့်လား ဆရာကြီးရယ်'

'ထား မလိုက်ချင်ဘူးလား'

'ဘယ်ကိုတဲ့လဲ ကိုမြင့်ခိုင်'

'ထား ဘယ်တော့မှ ထွက်ပြေးလို့ မလွတ်နိုင်တော့ဘဲ နန်းသခင် မဲ့နေတဲ့ ကိုမြင့်ခိုင်ရဲ့ အသဲပလ္လင်ဆီ'

'ရှင် တကယ်ပြောနေတာလား ကိုမြင့်ခိုင်'

'အို. . . ထားရယ် ပိုင်လိုလို့ ချစ်တာဟာ ဘွာခေါ်လို့ရတဲ့ ကလေးကစားတာမှ မဟုတ်ဘဲ . . . '

ထားသည် တွေတွေလေးငိုင်နေ၏။

'ထား ကိုမြင့်ခိုင်ကို မယုံဘူးလား'

'ကိုမြင့်ခိုင်ကို ထားယုံပါတယ်။ ဒါပေမယ့် ထား ဖြစ်ခဲ့သမျှ ကိုမြင့်ခိုင်ကို ပြောပြပြီးပြီ။ နည်းနည်း အချိန်ယူပြီး စဉ်းစားပါဦးလား



BURMESE CLASSIC .com

www.burmeseclassic.com



မောင်ရယ်’

‘ထား ပြောပြခဲ့တာတွေကြောင့်မို့လည်း ထားကို ကိုမြင့်ခိုင် ပိုချစ်လာခဲ့ရတာမို့ ကိုမြင့်ခိုင် ဘာမှ ထပ်စဉ်းစားစရာ မလိုတော့ဘူး။ အချိန်ယူဖို့လည်း မဖြစ်နိုင်တော့ဘူး။ ထားနဲ့ကိုမြင့်ခိုင် မြန်မြန် ပေါင်းသင်းကြလေ ထားနဲ့ ကိုမြင့်ခိုင်အတွက်ပါမက မဖြစ်နိုင်တာကို စိတ်ကူးယဉ် ထင်တာပြနေတဲ့ ခင်မောင်အေးလည်း အိပ်မက်က လန့်နိုးပြီး အစစကောင်းသွားလိမ့်မယ်’

‘ပြီးတော့ ကိုမြင့်ခိုင် . . . ၊ ထားနဲ့ကိုမြင့်ခိုင်ရဲ့ ကိုးကွယ်မှု အရေးတွေကလည်း ဆွေးနွေးစရာရှိသေးတယ်’

‘အဲဒီကိုးကွယ်မှု အရေးတွေဆိုတာကလည်း မွေးကတည်းက ကိုးကွယ်လာရတာမို့ အသာထားပါဦး ထားရယ်။ လောလောဆယ်တော့ ထားကို လွတ်လွတ်လပ်လပ် ပိုင်ပိုင်နိုင်နိုင်ကြီး ကိုမြင့်ခိုင် ကိုးကွယ်ပါရစေဦး’

ထားက အသံကလေးများထွက်အောင် ရယ်သည်။

‘ကိုမြင့်ခိုင်၊ ရှင်ဟာ တော်တော်ပိုတဲ့လူပဲ။ ထားမုန်းပါတယ်’

ထိုစဉ် မိုးဖွဲကလေးများက အေးမြမြ ကျဆင်းလာပြန်သည်။

ခြံတွင်းသို့လည်း ကားတစ်စီးဝင်လာ၍ ကိုသက်ဆွေနှင့် ကိုလေးချို ပြန်ရောက်လာသည်။ မရှေးမနှောင်းပင် . . . ရယ်မောသံ၊ ငြင်းခုံသံနှင့်အတူ အာသာ၊ မြင့်ဆွေနှင့် တင်မောင်မြင့်တို့လည်း စက်ဘီးကိုယ်စီနှင့် ရောက်လာကြသည်။

‘ကဲ . . . လာ ထား . . . အိမ်ထဲဝင်ကြစို့’

အိမ်တွင်းစားပွဲ၌ စားစရာများလည်း အဆင့်သင့်ဖြစ်နေကာ လူလည်းစုံနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်က ထား၏ ခါးကလေးကိုဖက်၍ သူတို့အားလုံးရှေ့၌ ရပ်လိုက်သည်။

'လူစုံတုန်း ကျွန်တော် ကြေညာစရာရှိတယ်'

အားလုံးက ကျွန်တော်တို့ နှစ်ဦးအား မော့်ကြည့်ကြသည်။

'ကျွန်တော်နဲ့ ထား လက်ထပ်တော့မယ်'

အားလုံးက မမျှော်လင့်သောစကားကို ကြားလိုက်ရသကဲ့သို့ ကြက်သေသေလျက် ရုတ်တရက် ဘာမျှပြန်မပြောနိုင်ကြ။

မယဉ်မြင့်က အရင်သတိရလျက် 'ဘုရားရေ . . . ဟောတော့- ကိုမြင့်ခိုင်နဲ့ ထားနဲ့ လက်ထပ်ကြတော့မယ်. . ' ဟု တအံ့တဩဆိုသည်။

'ဘုရားရေ. . . ဟောတော့ ဆိုတာကလွဲပြီး အခု မယဉ်မြင့်ပြော လိုက်တဲ့ စကားဟာ တစ်လုံးမကျန် မှန်ပါတယ်'

ဒီတော့မှ အားလုံးမှာ လှုပ်ရှားလာသည်။ ကိုသက်ဆွေနှင့် ကိုလေးချိုက နေရာမှထလျက် 'ကွန်ကရက်ကြူလေးရှင်း' ဟုဆိုကာ ကျွန်တော်နှင့် ထားအား လက်ဆွဲနှုတ်ဆက်သည်။

အာသာက နေရာမှထခုန်ကာ 'အမလေး. . ထုတိဩဘာ ရှိလိုက် တာ၊ ကျွန်တော်တို့ ဆရာတပည့်အသိုက်အဝန်းထဲမှာ အခုလို စွံခြင်းဆိုတဲ့ ကောင်းချီးမင်္ဂလာစကားကို မကြားရတာ ငါးနှစ်ကြာပါပြီ ခင်ဗျား၊ ငါးနှစ်ကြာခဲ့ပါပြီခင်ဗျာ' ဟု စကားအဆုံးကို သီချင်းဆိုသကဲ့သို့ အော်သည်။

'ကြာခဲ့ပါပြီခင်ဗျာ၊ကြာခဲ့ပါပြီခင်ဗျာ'ဟု ဆက်အော်ရင်း ပါငယ် နှင့်တွန်မီက ထ,ကသည်။

မောင်မြင့်ဆွေက ဘယ်အချိန်ကထ၍ အခန်းတွင်းမှဆွဲထုတ် လာသည်မသိ၊ စောင်းကြိုးကို ခတ်၍တီးခိုက် မင်းသားကသံနှင့်သံထားနှင့်

ဆိုသည်။

“အခါတော် ပေးတာ နတ်ရေးငယ်ရွှေစာ၊ သာသနာရောင် လင်း၊ ကောင်းခြင်းတည့် သည်ချိန်. . . ခါ × ×”

တင်မောင်မြင့်ဆိုသကဲ့သို့ ဤနေ့လည်ခင်းလေးမှာ ကောင်းခြင်း ချိန်ခါ မှန်စွာဖြစ်ခဲ့ရပါ၏။

(၉)

နဝင်းလဲ့သာကြူ ငွေလမင်းသီတဂူ ကြည်ဖြူထိန်လင်းသည့် နွေလမဟာ၏ ဝေဖြာသန့်ရှင်းရာ ညဥ့်ခင်း သာသာ အချိန်ခါပင်ဖြစ်ခဲ့ သည်။

ခြံတွင်းဝယ် ပတ္တမြားပွင့်နီတို့ ငုံဖူးခြယ်စီစ စိန်ပန်းပင်ရိပ်၌အတူ ထိုင်ရင်း ကျွန်တော်က စောင်းကြိုး အသံပြရုံ တို့ခတ်လျက် ထားအား ကျွန်တော်စပ်ဆိုခဲ့သော တေးတစ်ပုဒ်ကို တိုးတိုးဆိုပြနေမိ၏။

‘ထား. . . သခင်၊ ဩော်-တစ်ပါး++အရှင်၊ မျက်ရှင်တန္ခိန်း၊ ရင်နှလုံးသို့၊ ယူကျုံးနှောင်ရစ်၊ ဆယ်ကျော်နှစ်မျှ၊ ကျွမ်းချစ် ရအင်+-+’

ထားကလည်း မေတ္တာရွှေရည်လျှံဝင်းကြည်သော မျက်လုံးပြာရီ တို့နှင့် ကျွန်တော့်အား ငွေ့ငွေ့စူးစိုက်ကြည့်ရင်း နားဆင်နေ၏။

‘ဘဝါဘဝေ၊ အဆက်ဆက်က နှစ်ဖြာရေစက် ပြုသမျှတွေလျှင် ပါလေချက်သမုဒယနယ်တစ်ခွင် ချစ်ကြွေးတုံ့တင် နှောင်ကြိုးရစ်ငင်။

www.burmeseclassic.com



တမျှင်. . . မျှင်. . . '

သီဆိုရသူ ကျွန်တော့်အတွက်လည်း အသည်းလှာကိုဖွင့်ပြရသည့်ပမာမို့ လှိုက်လှဲလှ၏။

'သံယောဇဉ် ဥပါဒ်ဝဋ်ကိုမြင်၊ သည်တွင် ကြုံကြိုက်။ မဆုံထိုက်ကလျှင် ဘုံတတိုက်-လူတခွင်၊ ညှိုးမှုန်ရိပ်ထင်။ မြော်မြင်ကြောင့်ကြ၊ တောင့်တသူရဲ့ လိုရာပန်ဆင်'

ဆက်ဆိုရသည်မှာ ကျွန်တော့်ရင်မှာပူပင်ရသည်အစစ်ဖြစ်ပါ၏။

' ပစ်ခွာထားသမို့-ထားလို့မခေါ်ချင်၊ သစ္စာထားတဲ့ ထားမို့ ထားလို့ ခေါ်ချင်၊ ဩော်. . . ပစ်ခွာထားသမို့- ထားလို့မခေါ်ချင်။ သစ္စာထားတဲ့ ထားမို့ ထားလို့ခေါ်ချင်'

ထားသည် ရင်နှလုံး၌ထိခိုက်သွားဟန် ကျွန်တော့်လက်မောင်းအား သူ့ လက်ဖြူဖြူလေးတို့နှင့် ဆုပ်ညှစ်လိုက်သည်။

'အသက်ကိုပုံထား၊ ယုံစားသူမို့၊ အရာရာမငြိုငင်၊ မျက်ထားချိုလွင် သက်ထားမောင်ရဲ့ သခင်'

သီချင်းအဆုံးတွင် ကျွန်တော်က ထား၏ကိုယ်လေးအား ပခုံးမှ ဆွဲယူပွေ့မိသည်။ ထားက ရှည်သွယ်သော လက်ချောင်းလေးများနှင့် ကျွန်တော့်နဖူးထက်ဝဲကျနေသည့် ဆံပင်များကို အသာအယာပွတ်သပ်ရင်း 'မောင်. . . ကိုမြင့်ခိုင်၊ ထားကို ဒီလောက်တောင်ပဲ ချစ်ရသတဲ့လား' ဟု ညည်းညည်းလေးမေးသည်။

ကျွန်တော်က အထွေအထူးမဖြေနိုင်ဘဲ ထား၏ ဆံနွယ်များကိုသာ ပါးစပ်လေနှင့်မှုတ်၍ ဆော့ကစားနေမိသည်။

'ထားမေမေက ထားနာမည်ကို ဘယ်လို အဓိပ္ပာယ်နဲ့မှည့်သွားတယ်တော့မသိဘူး။ ဒါပေမယ့် ကိုမြင့်ခိုင်နဲ့ကျခါမှ ထားရဲ့ နာမည်ဟာ

www.burmeseclassic.com



အနက်အမျိုးမျိုးထင်ရတော့တယ်'

ထားက ညင်ညင်သာသာလေး ရယ်မောလိုက်ပြီး ကျွန်တော့် သီချင်းမှ စာပိုဒ်ကိုရွတ်ဆိုသည်။

'ပစ်ခွာထားသမို့ ထားလို့မခေါ်ချင်။ သစ္စာထားတဲ့ ထားမို့ ထားလို့ ခေါ်ချင်တယ်ပေ့ါ ဟုတ်လားမောင်။ ပစ်ခွာပြီး မောင့်ကို မထားခဲ့ရက်ပါဘူးရှင်ရယ်။ သစ္စာထားပြီး မောင့်အနားက တစ်ဖဝါးမှမခွာဘဲနေမယ့် မောင့်သက်ထားပါ။ ကျေနပ်ပလား။ ပြီးတော့ မောင့်သီချင်းထဲမှ မပါတဲ့ ထားရဲ့အဓိပ္ပာယ်တစ်ခုကိုလည်း ထားက ထပ်ဖြည့်တိုးလိုက်ရဦးမယ်. . .'

'ဘယ်လိုတဲ့လဲ ထား'

'မောင့်မေတ္တာကို တစ်သက်လုံး ခိုကိုးပြီးအားထားနေရမယ့် ထားပါလို့'

ကျွန်တော်က ကြိတ်ခဲမနိုင်ဖြစ်ကာ ထား၏ ကိုယ်လေးကို တင်းတင်းဖျစ်ညှစ်မိ၏။

'ဟိုး-ဟိုးဆရာကြီးရဲ့ သိပ်လဲ မကြမ်းနဲ့လေ။ မောင်လို နှမလိုလည်း သဘောထားပါဦး'

ထားက ရယ်သွမ်းသွေးရင်း နောက်လိုက်သဖြင့် ကျွန်တော့်မှာလည်း နှစ်နှစ် ခြိုက်ခြိုက် ရယ်မောမိသည်။

'ဒါထက် ဘာပြုလို့ ကိုမြင့်ခိုင်က ဒီလောက်တောင် ထားက ပစ်ထားသွားမှာကို ကြောက်နေရတာလဲ'

'ဩော်. . . ထားရယ် ကိုမြင့်ခိုင်တစ်ခါက တွေ့ခဲ့ဖူးတဲ့ တခြားထား တစ်ယောက်ကတော့ ကိုမြင့်ခိုင်ကို စွန့်ထားသွားခဲ့တာကို'

'ဟော ပေါ်ပြီ၊ ကြည်စမ်း ထားကသူ့ကို လူရိုးကြီးမှတ်လို့'

**တန်ချူးလေနှင့်လျှောတော့သည်**

'ဩော်. . . ဒါတော့ထားရယ်၊ တွင်းထွက်ပစ္စည်းမြှားမှန်ရင် အနာ အဆာလေးပါစမြဲလို ယောကျ်ားကောင်းဆိုရင် အသည်းမှာတော့ ဒဏ်ရာ လေးတစ်ခု ပါတတ်ရတာပဲကို'

'ဟွန်း. . .၊ ကိုယ့်ကိုယ်ကို တော်တော်သိဒ္ဓိတင် မုန်းတယ်. . . '

ထားက ရယ်မောရင်း မျက်နှာထား ချိုစူစူနှင့် ကျွန်တော့်ရင်ဘတ် ကို မနာအောင်ထုသည်။

'အခု အဲဒီထားက ဘယ်ရောက်သွားပြီလဲ. . . '

'သူမရှိတော့ဘူး'

'ဘုရားရေ၊ မရှိတော့ဘူး၊ ကွယ်လွန်သွားလို့လား၊ ဟုတ်လား'

'ဟင့်အင်း မရှိတော့ဘူးဆိုတာက ကိုမြင့်ခိုင်ရဲ့ မေတ္တာနိုင်ငံမှာ မရှိတော့တာကိုပြောတာပါ။ ကွယ်လွန်သွားတာမဟုတ်ဘူး။ ကွယ်လွန် သွားတာထက်တောင် ဆိုးသေးတယ်'

'အို. . . ဘာဖြစ်သွားလို့လဲ'

'လင်ယူသွားလို့'

ထားမှာ တခစ်ခစ်ရယ်မောပြန်သည်။

'ကြည့်စမ်း၊ သူတော်တော်ဆိုးတယ်၊ သူများသားသမီး သား မယားကို ဒီလိုပဲ ပြောရသလား. . . '

အဲဒီလူများ သားသမီး သားမယားက သူ့လိုပဲတန်းတူ လူများ သားသမီး လင်သားလောင်းလျာလည်း ဖြစ်သေးတဲ့ ကိုမြင့်ခိုင်ပေါ်မှာ တစ်စက်ကလေးမှ ညှာညှာတာတာ ပြုသွားတာမှမဟုတ်ဘဲ'

ထားမှာ ရယ်မောခြင်းကို အတောမသတ်နိုင်ဘဲ၊ 'ကိုမြင့်ခိုင် ရှင်တော်တော်စကားတတ်တယ်၊ ဒါထက်ဆက်ပါဦး။ အဲဒီထားက ကိုမြင့်ခိုင်ကို ဘယ်လောက်ရက်စက်သွားလို့လဲ' ဟုမေးသည်။

www.burmeseclassic.com



'ဘယ်လောက် ရက်စက်သလဲဆိုရင် နှစ်နဲ့သာရေတွက်ပြရင် တောင် သားစဉ် တစ်ဆက်နီးပါးရှိတယ်။ သူတကာတွေက ချစ်ကြတယ် ဆိုရင် ပျော်ကြရတယ်။ ကိုမြင့်ခိုင်မှာတော့ သူနဲ့ ချစ်သူဘဝနေခဲ့ရတဲ့ ခုနှစ်နစ် ကျော်ကျော်မှာ သက်ပြင်းပဲ ရှိုက်နေခဲ့ရတယ်'

'အို. . ခုနစ်နှစ်တောင် ဒီလောက်ချစ်ခဲ့ကြပြီးမှ ဘယ့်နှယ် ကြောင့် ကွဲခဲ့ကြရသလဲ. . . '

'ယုံကြည်မှုချင်းမတူကြလို့ပေါ့. . . '

'ရှင်၊ ယုံကြည်မှုချင်းမတူကြလို့'

'ကိုမြင့်ခိုင်ဆိုလိုတာက လူ့ဘဝကိုရှုမြင်ပုံမတူကြတာကို ဆိုလို ပါတယ်၊ အယူအဆသဘောထားအရာမှာ အဲဒီထားဟာ ကိုမြင့်ခိုင်နဲ့ တောင်နဲ့မြောက်ပမာဖီလာ တဘာသာ ခြားလွန်းလို့ သူ့ကို ကိုမြင့်ခိုင်က တပြည်သူ မရွေထား လို့ခေါ်တယ်။ နောက်ဆုံးကွဲကြရာမှာ အမုန်းတရား တွေနဲ့တော့မဟုတ်ပါဘူး။ သူပြောခဲ့တဲ့ စကားအတိုင်း ဆိုရရင် ကိုမြင့်ခိုင် ယုံကြည်ပြီး သူနားလည်တဲ့ ချစ်ခြင်းမျိုးကို လက်မခံနိုင်တာနဲ့ သူနဲ့ စရိုက်တူ အမြင်ဝါသနာတူ တစ်ကြိုးထဲကပြီး တစ်ဘာသာထဲပြောတဲ့ တစ်ယောက်လူကို ရွေးယူသွားတာပါပဲ'

ကျွန်တော်က သက်ပြင်းနှင့် စကားကို ရပ်ပစ်မိသည်။ ဇာတ် ဟောင်းကိုလှန်ရပြန်တော့ ဆူးဟောင်းကို နှင်ရသည့်ပမာ အသည်းမှ ဒဏ်ရာအိုသည် ယဲ့ယဲ့နာချင်၏။

ထားကလည်း သက်ပြင်းရှိုက်သည်။

'ယုံကြည်မှုမတူလို့ ကွဲခဲ့ကြရတယ်ဆိုတော့ ကိုမြင့်ခိုင် မြစ် တား ထားတာကို လွန်ဆန်ပြီး ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာ ကွဲပြားကြတဲ့ ကိုမြင့်ခိုင်နဲ့ ထားတို့ရဲ့ အရေးကိုလည်း လေးလေးနက်နက် ဆွေးနွေး

www.burmeseclassic.com



ကြရအောင်၊ နှောင်းမှဆိုရင် ထားမှာသာ ပိုအသည်းနာရဦးမယ် မောင်'

'ဆွေးနွေးကြတာပေါ့ ထား၊ ကိုမြင့်ခိုင် အမြင်ကို ပြောရရင် မိရိုးဖလာအားဖြင့် ဘယ်ဘာသာဝင်ပဲ ဖြစ်နေပစေ၊ ပညာတတ်လို့ အသိဉာဏ် ဝင်လာရင် ကိုယ်ပိုင်ပုဂ္ဂလိက လောကအမြင်တစ်ခုတော့ သီးသန့် ရှိလာတာပဲ။ အိမ်ထောင်ရေးသာယာမှုမှာ မိရိုးဖလာဘာသာတူမှုထက် အဲဒီ ကိုယ်ပိုင်လောက အမြင်ချင်းကိုက်ညီမှုက ပိုအရေးကြီးတယ် ထား၊ ဟုတ်ပလား ထား'

ဆက်ပါဦး ကိုမြင့်ခိုင်'

'မိရိုးဖလာ ဘာသာဟာလည်း အရေးကြီးတယ်၊ မှန်ပါတယ်။ ဒါပေမယ့် ဘာသာအကြောင်း ဆိုလာရင် မတူတဲ့ အချက်တွေကိုသာ လူတွေက ဖိပြောချင်ကြတယ်။ တူတဲ့အချက်တွေကိုတော့ သတိမရကြဘူး'

'ဘယ်လိုလဲ ကိုမြင့်ခိုင်. . .'

'ဥပမာ ထားနဲ့ ကိုမြင့်ခိုင်က လူမှန်ရင် ယုံကြည်ရာဘာသာတစ်ခုတော့ ရှိရမယ်လို့ ယူဆပုံတူကြတယ်။ ဒီနေရာမှာ တချို့ ဘားနဒ်ရှော အခေါ် (ကော်ရပ်တက် အက်ဂျူကိတ်တက် ) ပညာတတ်အမည်ခံ ပြုတ်မနူးတွေဟာ ဘာသာမရှိတာဘဲ ကောင်းသလို အတွေးကြောင်နေကြတယ်. . .'

'မှန်တယ် ကိုမြင့်ခိုင် . . .'

'အမှန်ကိုတွေးမိဖို့က ဘာသာဆိုတာကို လေးလေးနက်နက် ဆန်းစစ်ကြည့်ဖို့လိုတယ်။ ကိုမြင့်ခိုင် ကိုယ်ပိုင် တွေးခေါ်ကြည့်လို့မြင်တာက ဘာသာတိုင်းမှာ အဓိကသုံးပိုင်းပါတယ်။ ပထမက သစ္စာတရား

www.burmeseclassic.com



ကိုရှာကြံပိုင်း (**အတွေးအခေါ်ပိုင်း** )၊ ဒုတိယက ပျက်စီး ယိုယွင်းမှုကို ပြုပြင်ခြင်းနဲ့ အသစ်ကိုဆောက်တည်ခြင်းပိုင်း (**ယဉ်ကျေးမှုပိုင်း**) နဲ့ တတိယ လူသားကို စည်းရုံးလှုပ်ရှားမှုပိုင်း (**လုပ်ငန်းပိုင်း**) တွေပဲ။ အဲဒီသဘောသုံးရပ်ဟာ မိရိုးဖလာတွေ မှန်သမျှကို ဘိန်းပမာလို စွပ်စွဲတဲ့ ကွန်မြူနစ်ဝါဒတောင် ရှိတယ်။ ဒါကြောင့် ကွန်မြူနစ်ဝါဒဟာ နှစ်ဆယ်ရာစုနှစ် လူအချို့ရဲ့ ဘာသာရေးသစ် တစ်ခုပဲ'

ဤသည်ကိုမူ ထားက အသာအယာရယ်မောသည်။

'မိရိုးဖလာ ဘာသာကြီး အသီးသီးဟာ ဒုတိယနဲ့ တတိယနှစ်ပိုင်းမှာ မကွဲမပြား တူညီမှုရှိနေတဲ့အပြင် လူ့လောကနဲ့ လူသားတွေကို ကောင်းကျိုးပေးခဲ့ကြပုံမှာလည်း တူညီနေတယ်။ ပထမအတွေးအခေါ်ပိုင်းမှာတော့ အပြင်ပန်းအားဖြင့် ကွဲပြား ခြားနားချက်တွေဟာ ရှိနေတယ်။ ကွဲပြားကြတာတွေ ကလည်း ဘယ်နေရာမှာလဲ ဆိုတော့ ဘာသာကြီးတိုင်းမှာ ရှိနေတဲ့ သာမန်လူသားတွေအတွက် မပြောနဲ့ ၊ အဘိဓမ္မာဆရာကြီးတွေကတောင် အလွယ်တကူ ရှင်းလင်းအဆုံးအဖြတ် မပေးနိုင်တဲ့ လျှို့ဝှက်နက်နဲမှု သဘောတွေမှာပဲ။ ဥပမာ ခရစ်ယာန်ဘာသာက ဂေါ့(ဒ်)၊ ထရင်နီတီ သဘောတွေ၊ ဗုဒ္ဓဘာသာက နိဗ္ဗာန်၊ ကံတရားရဲ့ လုပ်ငန်းဆောင်ရွက်ပုံတွေပေါ့။ ခက်တာက တိကျပြီး လက်တွေ့ပြလို့ ရပါတယ်ဆိုတဲ့ လောကဓာတ် ပညာမှာတောင် မဖြေရှင်းနိုင်တဲ့ ပြဿနာတွေရှိနေတယ်။ အကောင်းဆုံးဥပမာက သက်ရှိသဘောကို လေ့လာတဲ့ ဘိုင်အိုလိုဂျီပညာမှာ အဓိကဖြစ်တဲ့ ဂျင်း (Gene) ဆိုတဲ့ သဘောပေါ့။ ပြီးတော့ အသက်ဆိုတာကိုလည်း (The Great Unknown) မသိသေးသောမဟာတရားကြီးလို့ ခေါ်ကြတယ်။ ဒီတော့ အဲဒီအပိုင်းကြောင့်တော့ ကိုမြင့်ခိုင်တို့တစ်တွေ ရန်ဖြစ်မနေချင်ဘူး. . . '

www.burmeseclassic.com

**တန်ချူးလေနှင့်လျှောတော့သည်**

'မှန်တယ် ကိုမြင့်ခိုင်၊ ထား ဒါကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတယ် . . . '

' ပြီးတော့ အဲဒီဘာသာကြီးတိုင်းရဲ့ သစ္စာတရားပိုင်းမှာ အဓိက အားဖြင့် အခြေခံတူတာ တစ်ချက်ရှိတယ်။ ဒါကတော့ ဘာသာတိုင်းဟာ တစ်စုံတစ်ခုကို ရှာကြံရယူ နေတယ်။ အဲဒီ တစ်စုံတစ်ခုဟာ ဘာလဲ ဆိုတာတော့ ဘယ်သူမှမသိဘူး။ သိသမျှဟာ အဲဒီတစ်စုံတစ်ခုဟာ အဆုံးသတ်ကောင်းမွန် မြင့်မြတ်သောအရာ၊ လုံးဝ ဖြူစင်သန့်ရှင်းသောအရာ၊ အပြီးတိုင် မှန်ကန်တည်မြဲသောအရာ၊ ဒီလောက်ပဲ ယေဘုယျပြောနိုင်တယ် . . . '

ကျွန်တော်က ပြုံး၍ ထားကိုကြည့်သည်။ ထားကလည်း ပြုံး၍ ကျွန်တော့်ကို ပြန်ကြည့်ပါ၏။ ထား၏ မျက်လုံးများဝယ် ကျေနပ်ဝမ်းသာမှုနှင့် မျက်ရည်၏လွှမ်းတက်မှုကို မြင်ရသည်။

'ထားရယ် ဂေဟာသိတပေမလို့ ဗုဒ္ဓအဘိဓမ္မာရှင်တွေခေါ်တဲ့ ဖို-မ ချစ်ခြင်းကို မေတ္တာလို့တော့ ကိုမြင့်ခိုင် လွဲလွဲ မှားမှား မခေါ်ချင်ဘူး။ ဒါပေမယ့် စိတ်ထားတတ်ရင် ဖြူစင်သော မေတ္တာမှာအခြေခံလို့ ရပါတယ်။ မေတ္တာအခြေခံကပူပန်မှု သောကဟာ ဘယ်သောအခါမှ မွေးဖွားလာလိမ့်မယ်လို့ ကိုမြင့်ခိုင်မယုံဘူး'

ထားက ကျွန်တော့်ကိုသိုင်းဖက်က ရင်ချင်းအပ်၍ လည်ချင်းလည်းယှက်လိုက်သည်။ ကျွန်တော့်လည်ကို လူးလှိမ့်ပွတ်သပ်နေသော ထား၏ ပါးပြင်တို့၌ မျက်ရည်များ စီးကျနေသည်ကို ကျွန်တော် သတိပြုမိ၏။

'ဟင်. . . ထားငိုနေတယ်. . . '

ကျွန်တော်ကလျှင်မြန်စွာ ထားအားရင်မှခွာလျက်မျက်နှာလေး

www.burmeseclassic.com



အား စေ့စေ့ကြည့်မိသည်။

ပါးကြောစိမ်းစိမ်း ရှိမ်းရှိမ်းလဲ့နှင့် သန့်စင် ကြည်လင်သော ထား၏ မျက်နှာဝယ် မျက်ရည်များ စီးကျနေသည်။ နက်ပျံ့ ကော့ရှည်သော မျက်တောင်တို့၌လည်း ပုလဲဥတို့ ခိုတွဲနေ၏။ သို့ရာတွင် ထား၏ နှုတ်ခမ်းများမှာ ပြုံးရယ်နေသည်။ အလှဆုံးသော အပြုံးပင်တည်း။

'ထား ငိုပါတယ်မောင်။ ဒါပေမယ့် ထားတစ်ခါက ပြောခဲ့သလိုပဲ။ နှလုံးကြည်နူးလွန်းလို့ ထားငိုရတယ်'

'အို. . . ထားရယ်'

ကျွန်တော့်မှာလည်း မျက်ရည်များဝဲလာသည်။

'ကိုမြင့်ခိုင်. . . မောင်'

'ထား. . . အသက်'

'ထားရဲ့ ဒွိဟ သံသယတွေကို ထားမေ့ဖျောက် လိုက်ပါပြီ၊ ထားအနေနဲ့လည်း ချစ်ခြင်းနဲ့ ခွင့်လွှတ်ဖို့ကိုပဲ တတ်တယ်။ ကိုမြင့်ခိုင်ပြောတဲ့ ပူပန်မှုသောက ဘယ်သောအခါတွင်မှ မမွေးဖွား လာနိုင်တဲ့ မေတ္တာ အခြေခံမှာ ထားနဲ့မောင်က သမုဒယဗိမာန်ကို ရာသက်ပန်ဆောက်ကြစို့ ဟုတ်လား'

ညချမ်းသည် အေးမြနေပါ၏။ လရောင်ကြယ်ရောင်တို့မှာလည်း ညဥ့်အား အိပ်မက်နိုင်ငံပမာထင်ရအောင် ဝင်းလဲ့တောက်ပနေသည်။

'မောင့်သီချင်းကို ထပ်ဆိုပြပါဦး ကိုမြင့်ခိုင်၊ ထားနားနားကပ်ပြီး တိုးတိုးလေးဆိုပြစမ်းပါ. . . '

ထားခိုင်းသမျှပင် ထားနှင့်ပါးချင်းအပ်၍ ကျွန်တော်က မတိုးတတိုးဆိုပြရသည်။

'. . (ပစ်ခွာ ထားသမို့ ထားလို့မခေါ်ချင်။ သစ္စာထားတဲ့ထားမို့

www.burmeseclassic.com



ထားလို့ခေါ်ချင် )၂ အသက်ကိုပုံထား။ ယုံစားသူမို့၊ အရာရာ
မငြိုငြင်၊ မျက်ထားချိုလွင်၊ သက်ထားမောင်ရဲ့ သခင်'

သာယာဖွယ် ဖြစ်ပါ၏။ ကြည်နူးဖွယ်လည်း ဖြစ်ပါ၏။ သို့ရာတွင် ဤအခိုက်တွင်ပင် မည်သို့မျှမမျှော်လင့်သောအသံကို ထိတ်လန့်တကြား ကြားလိုက်ရပါ၏။

'ဟား. . ဟား . . . ဟား. . . ချစ်ကြတယ်။ သိပ်ချစ်ကြတယ်ပေါ့ဟုတ်လား'

ကျွန်တော်တို့ လှည့်ကြည့်လိုက်သောအခါတွင် မြင်ရသည်ကို အံ့သြလွန်း၍ တစ္ဆေသရဲအချောက်ခံရသူများပမာ ကြက်သေသေနေမိသည်။

မလှမ်းမကမ်း လရောင်၌ ခင်မောင်အေးက သရော်ရယ်မောရင်း ခါးထောက်လျက် မားမားရပ်နေသည်။

'ဟို. . . မောင်ခင်မောင်အေး'

ကျွန်တော်က သတိရရချင်း နာမည်ကိုခေါ်မိ၏။

'ဟုတ်တယ်။ ခင်မောင်အေး၊ ခင်မောင်အေးလေ၊ ခင်ဗျား သိပ်တွေ့ချင်တယ်ဆိုတဲ့ ခင်မောင်အေးလေ၊ အခု ကျုပ်လာပြီ. . .'

ရုတ်တရက်ဖြစ်သဖြင့် ကျွန်တော့်မှာ ဘာစကားဆိုရမှန်းမသိ။

'ခင်ဗျား တို့ကို ကျုပ် ရွှေစာရုံထဲကတွေ့ခဲ့တယ်။ ဟိုတစ်နေ့ကလည်း ခင်ဗျားနဲ့ ကြေကြေလည်လည် ဆွေးနွေးမယ်လို့ လာပါသေးတယ်။ ဒါပေမယ့် ခင်ဗျားတို့ ခြံထဲမှာ ချစ်ကြည်နူးနေကြတာတွေလို့ ကျုပ် ရှောင်ထွက်သွားခဲ့တယ်'

ခင်မောင်အေး၏အသံမှာ မာသော်လည်း အနည်းငယ်တုန်ယင်နေ၏။ သူငယ်၏ဆံပင်များမှာ ပွယောင်းနေလျှက် အဝတ်အစားများမှာ

www.burmeseclassic.com



လည်း မသပ်မရပ်ဖြစ်နေ၏။ ကျွန်တော့်နှာခေါင်း၌ အရက်နံ့ကိုလည်း စူးစူးရှရှရလာသည်။

'ကျုပ် ရှောင်ထွက်သွားဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် မမထား။ ဆရာမ၊ ကျွန်တော့် ကြည့်စမ်း'

ခင်မောင်အေးက ယခုအချိန်အထိ ကြက်သေ သေနေသော ထားကို လှမ်းပြောသည်။

'ဆရာမအနားက ကျွန်တော်ဘယ်ကိုမှ ရှောင်ထွက်မသွားနိုင်ဘူး၊ ဘယ်ကိုမှလည်း သွားစရာမရှိတော့ဘူး။ ဆရာမကြောင့် ကျွန်တော် ဘာတွေဖြစ်ခဲ့သလဲ ဒီမှာကြည့်စမ်း'

ခင်မောင်အေးက အိတ်တွင်းမှသတင်းစာဖြတ်ပိုင်းနှင့် တူသော အရာကို ဆွဲထုတ်လိုက်သည်။

'ဘာသာပြောင်းလဲခြင်း၊ ခင်မောင်အေး သားအဖြစ်မှစွန့်လွှတ်ခြင်း၊ ဦးမြမောင်-ဒေါ်အေးလှ။ သိပလား ကျွန်တော် ဘာတွေလုပ်ခဲ့တယ်ဆိုတာ'

ကျွန်တော့်မျက်လုံးများမှာ ပြာသွားသည်။ ရုတ်တရက်အတွင်း ကိုယ့်ကိစ္စနှင့်ကိုယ် ဗျာများနေ၍ သတင်းစာကို ဂရုမထားမိ။

'ကျွန်တော့်ကို စကားပြောပါဦး ဆရာမ။ ခင်မောင်အေးကို သနားပါတယ်ဆို။ ဆရာမ သနားတာတွေဟာ ဘာတွေဖြစ်ကုန်ပြီလဲ'

ထားက ပြန်မဖြေ။မျက်နှာကို လက်ဝါးနှင့်အုပ်လျက်. . . ငိုကြွေးတော့သည်။

'မငိုပါနဲ့ ဆရာမရယ်၊ ဆရာမ ကျွန်တော့်ကို ချစ်ပါတယ်။ ဆရာမ စိတ်ကို ဆရာမလှည့်စားနေတာ ကျွန်တော်သိတယ်. . .။ ဆရာမ ကျွန်တော့်ကိုချစ်တယ်'



BURMESE CLASSIC .com

www.burmeseclassic.com



ယခု ထား၏အသံမှာထွက်လာသည်။

'မင်းမှားနေပြီ-မောင်ခင်မောင်အေး၊ စိတ်လှည့်စားနေတာကမင်းပဲ၊ မင်းကို ဆရာမသနားတယ်။ ဒီထက်မပိုဘူး။ မင်းကိုယူဖို့ဆိုတာကတော့ သာမဖြစ်နိုင်သေးတယ်'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ ဆရာမ၊ လူတကာ မလုပ်နိုင်တာတောင် ကျွန်တော်လုပ်ခဲ့သေးတာ၊ ခင်မောင်အေးထက် ဆရာမကိုချစ်တဲ့ သူ ရှာစမ်းပါ'

သည်တော့မှ ကျွန်တော့်မှာလည်း လှုပ်ရှားမိသည်။

'မောင်ခင်မောင်အေး ဆရာတို့နဲ့ အေးအေးဆေးဆေး စကား ပြောကြရအောင် အိမ်ထဲဝင်ထိုင်ပါလား။ ဒါမှမဟုတ် ဒီခြံထဲမှာဖြစ်ဖြစ် ထိုင်ပါလား'

ခင်မောင်အေးက ခေါင်းခါသည်။

'ကျုပ် စကားပြောဖို့ လာတာမဟုတ်ဘူး။ ခင်ဗျားနဲ့လည်း ဘာမှ မပြောချင်ဘူး။ ကျုပ် မမထားကို လာခေါ်တာ'

ခက်ချေပြီ။ သူငယ်၏ ပင်ကိုယ်ခေါင်းမာစိတ်မှာ အချစ်မုန်တိုင်း သေရက်တို့နှင့်ရောကာ ဇွတ်တရွတ်ပိုနိုင်နေ၏။

ထားက ခေါင်းကိုမော့လိုက်သည်။

ထို့နောက် တည်ကြည်စွာနှင့်ဆို၏။

'မင်းခေါ်တာကို ဆရာမ ဘာကြောင့်လိုက်ရမလဲ၊ မင်းကို ဆရာမက မချစ်ဘူး။ ပြီးတော့ဆရာမ ကိုမြင့်ခိုင်ကိုချစ်တယ်။ အခု ကိုမြင့်ခိုင်နဲ့ လက်ထပ်တော့မလို့။ ဒီတော့. . မင်းကို ဆရာမ မမုန်းမိခင် ဒီခြံထဲက မြန်မြန်ထွက်သွားရင် ကောင်းလိမ့်မယ်'

ခင်မောင်အေးက ခြောက်ကပ်စွာ ရယ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဆရာမ မုန်းပါလေ။ ဒါပေမယ့် ဆရာမကိုဆုံးတာထက် အမုန်းခံရမှာကို လိုချင်သေးတယ်။ ဒီမှာကြည့်စမ်း ဆရာမ'

ခင်မောင်အေးက ဘောင်းဘီအိတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်ထုတ်လိုက်ရာ လရောင်၌ ဝင်းကနဲလက်သွားသည်။ ဓားမြှောင်တစ်လက်တည်း။

'ဆရာမ မလိုက်ရင် ဆရာမချစ်တယ်ဆိုတဲ့ ကိုမြင့်ခိုင်ကိုရော။ ပြီးတော့ ဆရာမကိုရော၊ ကျွန်တော့်လက်နဲ့ သတ်ပစ်မယ်။ ပြီးတော့မှ ခင်မောင်အေး အေးအေးဆေးဆေးနဲ့ စက်တိုင်တက်မယ်'

ခင်မောင်အေးမှာ လွန်လာလေပြီ။ ကျွန်တော်က. . . သူ့အနီးသို့ ချဉ်းကပ်သွားရာ 'ခင်ဗျား ကျုပ် . . . အနားမကပ်နဲ့' ဟုဆိုလျက် ခြေတစ်လှမ်းဆုတ်သွား၏။

'မောင်. . . ကိုမြင့်ခိုင် သတိထား'

ထားကတုန်ယင်စွာနဲ့ လှမ်းသတိပေးသည်။

'ခင်မောင်အေး မင်းလက်နက်ကို ပြန်သိမ်းလိုက်ပါ။ ပြီးတော့ ဆရာနဲ့ အေးအေးဆေးဆေး စကားပြောစမ်းပါ။ ဆရာ မင်းကို ကျေနပ်အောင် ရှင်းပြပါရစေ'

ကျွန်တော်စကားပြောရင်း ထားသတိပေးလျက်ကြားမှ ခင်မောင်အေး၏ အနီးသို့ ဖွတ်တိုးကပ်သွားသည်။ လူငယ်၏ မိုက်ကန်းမှုကို ကျွန်တော်လျှော့တွက်ထင်မိခြင်းဖြစ်သည်။

'အမလေး. . . ကိုမြင့်ခိုင်'

ခင်မောင်အေး၏ လက်မြောက်သွားဟန် ထား၏အော်သံနှင့် ကျွန်တော်တိမ်းရှောင်လိုက်ချိန်မှာ မရှေးမနှောင်းဖြစ်ပြီး ကျွန်တော့်လက်မောင်းစွန်းတစ်ဖက်သည်လည်း ပူကနဲစူးရှနာကျင်သွားသည်။

www.burmeseclassic.com

**တန်ချူးလေနှင့်လျောတော့သည်**

ခင်မောင်အေးမှာ ဓားကိုင်လျက် ကျွန်တော့်လက်မောင်းမှ ပန်းထွက်လာသော သွေးများကိုကြည့်ကာ ကြောက်လန့်တကြားနှင့် မိမိဘာလုပ်မိသည်ကို မိမိသိသောလူငယ်တစ်ဦးပမာ ပါးစပ်ဟလျက် ငိုင်ကြည့်နေ၏။

ဤအခိုက်တွင်ပင် မည်သည့်နေရာမှ ပေါ်လာသည်မသိ။ တုတ်တစ်ချောင်းနှင့် မောင်စိုးသည် နောက်မှနေ၍ ဓားကိုင်ထားသော ခင်မောင်အေး၏လက်ကို လွှဲရိုက်လိုက်ရာ ဓားမှာလွင့်စဉ်သွားပြီး ခင်မောင်အေး၏နှုတ်မှာလည်း 'အမလေးဗျာ' ဟု ညည်းညူသံတစ်ချက်ကြားလိုက်ရသည်။

သည်တော့မှ ကျွန်တော်မှာလျင်မြန်စွာခုန်ဝင်၍ ခင်မောင်အေး၏ ခေါင်းဆီချိန်လျက် နောက်တစ်ကြိမ် လွှဲရိုက်တော့မည် မောင်စိုးအားတားရတော့သည်။

'လွှတ်စမ်းပါဆရာ၊ ဒီအကောင်ကို အသေရိုက်ပြီး အလောင်းကို ပုလိပ်လက်အပ်ရအောင်'

မောင်စိုးမှာလည်း ဒေါသကြီးလှသည်။

'မောင်စိုး နေစမ်း၊ လူကြားပြီး အားလုံးကျော်မကောင်းဖြစ်ကုန်မယ်။ ဒါဟာ ဆရာတို့ကိစ္စ၊ ဆရာကြည့်ဖြေရှင်းမယ်'

မောင်စိုးက ဘာမှ မပြောတော့ဘဲ လွင့်ကျနေသော ဓားမြှောင်ကို ကောက်ကာ ဘေးမှ ရပ်ကြည့်နေ၏။

ထိုအခိုက်တွင် ကြောက်လန့်ခြင်းမှ လန့်နိုးလာသော ထားသည် ကျွန်တော့်ထံ ပြေးကပ်လာသည်။

'ကိုမြင့်ခိုင် . . မောင်၊ ပြစမ်း ဒဏ်ရာတော်တော်များလား ထားကို ပြစမ်းပါ'



BURMESE CLASSIC .com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး ထား၊ ရှပ်ထိသွားတာပါ'

ထားသည် ဓားထိ၍ ဒေါသဝင်လာသော ကြက်သားအုပ်မလေးသဖွယ် တင်းမာသောမျက်နှာထားနှင့် တုတ်ချက်မိ၍ နာကျင်နေဟန်တူသည့် လက်တစ်ဖက်အား အခြားလက်တစ်ဖက်နှင့် ဆုပ်ကိုင်လျက်ယခုတိုင် ငိုင်နေသေးရှာသော ခင်မောင်အေးဘက် လှည့်လိုက်သည်။

'မင်းရဲ့ မိုက်ကန်းမှုဟာ ဒီလောက်တောင်ယုတ်မာလာလိမ့်မယ်လို့ ငါမထင်ဘူး။ မင်းကိုငါမုန်းတယ် သိလား။ မင်းမျက်နှာကိုလည်း မကြည့်ချင်ဘူး သိလား။ မင်းကို ငါ့လက်နဲ့မရိုက်မိခင် ထွက်သွားစမ်းပါ။ ဒီခြံထဲက ထွက်သွားစမ်းပါ'

ထားက ဒေါသအလျောက် ကိုယ်ကလေးတုန်ယင်လာအောင်ပြောနေရာ 'အို-ထားရယ် နေစမ်းပါ။ ကိုမြင့်ခိုင် ပြောပါမယ့်' ဟု တားရ သည်။

သို့ရာတွင် ကျွန်တော်က ဘာမျှမပြောရ။ ခင်မောင်အေးသည် ကြေကွဲစွာ တစ်ချက်ပြုံး၍ အရှူးလေးပမာ ခြံတွင်းမှပြေးထွက် ပျောက်ကွယ်သွားသည်။

သည်တော့မှ ထားသည် ထိန်းချုပ်ထားရသမျှကို လွှတ်ပစ်လိုက်ရသည့်ပမာ ကျွန်တော့်ရင်ခွင်၌ မျက်နှာအပ်လျက် ချုန်းပွဲချငိုကြွေးရှာသတည်း။ ။

(၁၀)

နောက် ရက်ပိုင်းအတွင်း ဖြစ်ပျက်သမျှမှာ စဉ်တိုက်ဆက်တိုက်နှင့်လျင်မြန်းလွန်းလှသဖြင့် ကျွန်တော့်အာရုံ၌ အလုံးစုံကိုခဏတာနှင့် မြင်



BURMESE CLASSIC .com

www.burmeseclassic.com



ခဲ့ရသော အိပ်မက်ဆိုးပမာ ကျန်ရစ်သည်။

ကျွန်တော့်သံကြိုးစာနှင့် စာကြောင့် ဦးမြမောင်နှင့် ဒေါ်အေးလှတို့ မန္တလေးရောက်လာချိန်၌ ခင်မောင်အေးမှာ မန္တလေးဆေးရုံကြီးပေါ်တွင် ရောက်ရှိနေပေပြီ. . .။

မတော်တဆပင် ဖြစ်သလော၊ တမင်သေကြောင်းကြံခြင်းလောမသိ၊ ခင်မောင်အေး၏ ကားသည် မန္တလေးမေမြို့လမ်းရှိ ထုံးဘိုရွာအနီး၌ သစ်ပင်တစ်ပင်ကို ဝင်တိုက်မိနေသည်ကိုတွေ့ရပြီး လူမှာလည်း အပြင်းအထန်ဒဏ်ရာရလျက် သတိလွတ်မေ့မြောနေသည်။

ခင်မောင်အေး၏မိဘများနှင့်အတူ ထားနှင့်ကျွန်တော် အကြောင်းစုံ သိရချိန်၌ ခင်မောင်အေးမှာ ဆေးရုံကြီးပေါ်၌ တစ်ရက်ပင် ကြာခဲ့ပေပြီ။

'ဘယ်နှယ့်လဲ ကိုစံလှ မျှော်လင့်ချက် ရှိရဲ့လား'

ပထမနေ့သွားကြည့်စဉ်က ကျွန်တော့်မိတ်ဆွေဖြစ်သူ ဆေးရုံကြီးလက်ထောက်ဆရာဝန် ဒေါက်တာစံလှအား ကပ်မေးမိသည်။

'အတိအကျတော့ အာမ မခံရဲဘူး ကိုမြင့်ခိုင်၊ ရောက်စကဆို ၁၂-နာရီလုံးလုံး သတိလည်မလာဘူး။ အခုတောင် အောက်စီဂျင်ပေးထားရတယ်။ ဒီနေ့တော့ နည်းနည်းတုန့်ပြန်မှုကောင်းလာတယ်'

ဦးမြမောင်နှင့်ဒေါ်အေးလှက ပထမအသုတ်၊ ကျွန်တော်နှင့် ထားက ဒုတိယအသုတ်ဖြစ်၍ လူနာကို ခေတ္တကြည့်ခွင့်ရသည်။

ခင်မောင်အေးမှာ သတိမလည်လာသေး၊ အောက်ဆီဂျင်ပေး ထားရ၍ သွေးလည်းထိုးပေးထားရသည်။

ရှုရက်စရာမရှိသော လူငယ်အား ခေတ္တမျှသာကြည့်နိုင်ပြီး ထားသည် မျက်နှာကို လက်ကိုင်ပဝါနှင့်အုပ်လျက် အပြင်ဘက်သို့ထွက်ပြေး

www.burmeseclassic.com



သည်။

တိုက်ဆိုင်ပုံမှာ ဦးမြမောင်နှင့် ဦးသိန်းဆိုင်တို့သည် မိတ်ဆွေရင်းချာများဖြစ်သောကြောင့် ကျွန်တော်နှင့်လည်း နီးနီးနားနားဟု ဦးမြမောင်တို့ စုံတွဲသည် ဦးသိန်းဆိုင်တို့ အိမ်၌ တည်းခိုသည်။

'ခင်မောင်အေး တစ်ခုခုဖြစ်သွားရင် ထားပယောဂ မကင်းတာမို့ ထားတစ်သက်မှာ. . . နောင်တရလို့ဆုံးမှာမဟုတ်ဘူး ကိုမြင့်ခိုင်'

ဆေးရုံမှပြန်လာသော ညနေ၌ ထားက အံကြိတ်ရင်းဆိုသည်။

'ကိုမြင့်ခိုင်တို့ ဘာလုပ်ကြမလဲ'

ထားက အဖြေရုတ်တရက်မပေး၊ အဝေးကိုသာ ငေးမျှော်ကြည့်နေသည်။

ရွက်သစ်ဝေစ တောအရေးဝယ် မြန်မာကုက္ကိုပင်တစ်ပင်သည်သာ မြင့်မြင့်မားမားနှင့် ရွှေဝါရောင်ဆောင်တုန်း ရှိနေသေးသည်။ လေအလာဝယ် ကျန်သမျှရွက်ဝါတို့မှာ ကြွေလုတဲတဲ လှုပ်ယိုင်နေကြ၏။

'ထား ဘာမှမပြောတတ်ဘူးကိုမြင့်ခိုင်၊ ဘာမှလဲ မပြောချင်ဘူး၊ ထားဦးနှောက်တွေ ရှုပ်ကုန်ပြီ'

ထားကဲ့သို့ နှလုံးသား နုနယ်ကြင်နာသနားတတ်သော မိန်းမသား၏ ရင်၌ မည်ပုံခံစားနေရမည်ကို ကျွန်တော်သိသဖြင့် ဘာမှမမေးတော့။

သို့ဖြင့် ပူပန်စိုးရိမ်ရသော ရက်များ တစစနှင့် ကုန်လွန်လာခဲ့သည်။ ဘုရားမသောကြောင့် ခင်မောင်အေးမှာလည်း တဖြည်းဖြည်းအခြေအနေတိုးတက်လာခဲ့သည်။

ဆေးရုံသို့ သွားသည့်အခါတိုင်း ကျွန်တော့်မှာ ရင်ဆို့နင့်ဖွယ်ကို ကြုံရသည်။

www.burmeseclassic.com

## တန်ချူးလေနှင့်လျှောတော့သည်

ခင်မောင်အေးက ကျွန်တော်နှင့်ထားအား ဟန်ဆောင်ပြုံးရယ်၍ စကားပြောသော်လည်း မကြာခဏ တစ်ဖက်သို့ မျက်နှာစောင်း၍ စောင်း၍ကွယ်ပစ်တတ်သည်။ ခေါင်းအုံးထက်၌ မျက်ရည်ပေါက်များ စိုနေသည်ကို သတိမူသဖြင့် ကျွန်တော်မြင်ခဲ့ရသည်။ တစ်ဖန် လူနာအား စောင်များဟာနေသည်ကို ဖိပေးစဉ်၊ သစ်သီး ပန်းသီးများကို ခွာစိတ် လျက် ခွံ့ပေးနေစဉ် မျက်ရည်ဝဲနေသော ထား၏ မျက်နှာပြင်၌ မဖုံး ကွယ်နိုင်သော ဂရုဏာ၏ အရိပ်အငွေ့တို့ကိုလည်း ကျွန်တော် မြင်ရ သည်။

'ချစ်တယ်ဆိုတာကို ကိုမြင့်ခိုင် ဘယ်လို အဓိပ္ပာယ်ပေးမလဲ၊ မမုန်းနိုင်တာကို ချစ်တယ်ခေါ်ရင်။ ပြီးတော့ သနားခြင်းသံယောဇဉ် ကိုမေတ္တာနှောင်ကြိုးတစ်ခက်လို့ ဆိုရင်တော့ ခင်မောင်အေးအပေါ်မှာ ချစ်မိဖူးတယ်'

တစ်ကြိမ်က ထား ဖွင့်ဟ ဝန်ခံဖူးသည်ကိုလည်း သတိရမိ၏။ ဖြစ်ရလေသော ကံကြမ္မာကိုသာ အပြစ်တင်ရမည်လော၊ ကြိုတင်သိ ထိုက်လျက် မိုက်မိသော ကျွန်တော့်ကိုယ်ကို ကျွန်တော် အပြစ်တင်ရ မည်လော မပြောတတ်။

တစ်နေ့တွင် ဦးသိန်းဆိုင်နှင့် ဦးမြမောင်တို့နှစ်ဦး. . ကျွန်တော် ရှိရာခြံဘက်သို့ ကူးလာကြသည်။ လေးနက် တည်ငြိမ်နေသော သူတို့ နှစ်ဦး၏ မျက်နှာကို အကဲခတ်မိသဖြင့် တစ်စုံတစ်ခု အရေးကြီးသည် ကို တိုင်ပင်လိုကြောင်း ရိပ်မိသည်။ မည်သည်ကို ဆိုကြမည်လည်း ကြို တင်၍ ခန့်မှန်းနိုင်ခဲ့ပါ၏။

'ကဲ. . ဦးသိန်းဆိုင်ကပဲ စ ပြောပါလေ. . ၊ ကျွန်တော်တော့ ပြောရ မယ့်စကားကို မထွက်ရက်ဘူး' ဟု ဦးမြမောင်ကတောင်းပန်သည်။

www.burmeseclassic.com



'အင်း. . . မကြားရက် တရားသူကြီးဆိုသလို ဦးတို့ တရားသူကြီးတွေက တစ်ခါတလေ မပြောရက်တဲ့စကားတွေကိုလည်း ပြောရတယ် မောင်မြင့်ခိုင်'

'ဟုတ်ကဲ့ ဦး. . . အမိန့်ရှိပါ'

'အခုပြောရမှာက မပြောရက်စရာဖြစ်နေတဲ့အပြင် တရားလည်း လမ်းမှန်ရဲ့လားလို့ ဦးမသိဘူး။ ဒါပေမယ့် မောင်မြင့်ခိုင် သိထားနှင့်စေလိုတာက အခု ဦးတို့ဟာ တစ်နည်းအားဖြင့်တော့ မောင်မြင့်ခိုင်နဲ့ ဆွေးနွေးတာပေါ့လေ။ တစ်နည်းအားဖြင့်တော့ မေတ္တာရပ်ခံတာပေါ့'

'ဟုတ်ကဲ့. . . '

'မောင်မြင့်ခိုင်နဲ့ ဦးတူမ ထားတို့ရဲ့ အခြေအနေကို ဦးလည်း သိသင့်သမျှ သိပြီးပါပြီ။ မောင်မြင့်ခိုင်လို လူတစ်ယောက်နဲ့ ထားဟာ နေရာကျသွားမယ်ဆိုရင် ဦးဟာ ခါတိုင်းအနေနဲ့တော့ ဦးထက်ဝမ်းသာမယ့်လူ မရှိတော့ဘူးလို့ ထင်မိတယ်။ အခုတော့ ဦးလည်း စိတ်မချမ်းသာပါဘူး။ မောင်မြင့်ခိုင်သိတဲ့အတိုင်း မောင်ခင်မောင်အေးရဲ့ ဖြစ်ရပ်ပုံကလည်း အင်မတန်ကြေကွဲဖို့ ကောင်းနေတယ်'

'မှန်ပါတယ် ခင်ဗျာ'

'ဒီတော့ ကျန်တဲ့ အကျိုးအကြောင်းတော့ ကာယကံရှင်ဖြစ်တဲ့ ဦးမြမောင်ကပဲ ဆက်ပြောစေချင်တယ်'

ဦးမြမောင်က ခေတ္တခန့် စကားကိုကြိုးစားပြောရသည့်ဟန် အားယူ ချိန်ဆနေသေး၏။

'ပြောရမှာ တော်တော်ခက်ပါတယ် ဆရာ၊ ဒါပေမယ့် ဦးမှာလည်း တစ်ဦးတည်းသော ရင်သွေးရဲ့ အရေးမို့ ဆရာ့အသနားခံတာ ပဲဆိုပါစို့၊ ဆရာလည်း သိပြီးဖြစ်တဲ့အတိုင်း တစ်ချိန်ကတော့ ခင်မောင်



BURMESE CLASSIC .com

www.burmeseclassic.com



အေးဟာ ဒီလောက်ဖြစ်လိမ့်မယ်လည်း မထင်ခဲ့ဘူး။ ပြီးတော့ ထားဆိုတာရဲ့ အကျိုးအကြောင်းကိုလည်း ဘာမှမသိရလို့ ဦးတို့ မဆင်မခြင် တင်းတင်းမာမာ လုပ်မှုကြောင့် ခုလိုမဖြစ်တန်တာတွေ ဟာ ဖြစ်ခဲ့ရတယ်။ ကံကြီးလို့ အခုဦးရဲ့သားဟာ မသေမပျောက်ကျန် ရတာပါပဲ။ ဒါကြောင့်မို့ ဦးရဲ့သားကို နောက်ထပ် ဒါမျိုးထပ်မကြုံ စေချင်ဘူး။ ခင်မောင်အေးဟာ ဆရာရဲ့ တပည့်ဖြစ်တော့ သားလည်း မည်တာမို့ ဆရာဟာလည်း ဦးလိုပဲ စေတနာတန်းတူရှိလိမ့်မယ်လို့ ဦးယုံကြည်တယ်'

'ဟုတ်ကဲ့ပါဦး'

ဟုတ်ကဲ့သာနေလိုက်ရသည်၊ ကျွန်တော့်ရင်တွင်းမှ မချိတော့. . ။

'အခုတစ်ခါ ထားဟာလည်း တခြားလူမဟုတ်ဘဲ ဦးရဲ့မိတ်ဆွေ ရင်းရဲ့ တူမသားချင်းဖြစ်နေတာလည်း သိခဲ့ရပြန်တယ်။ တိုတိုပြော ရရင် လူမမာလည်းအားရှိလာအောင် သူ့ရှေ့ရေးလည်း နောင်ကောင်း စားအောင် သူ့ကိုနေကောင်းရင် ထားနဲ့ နေရာချထားဖို့ ဦးတို့စီစဉ်တယ်။ ဒါပေမယ့် ဦးသိသမျှ ထားဟာ ဆရာနဲ့လည်း. . အလိုဆရာ၊ ဘာဖြစ် တာလဲ'

'အို- မောင်မြင့်ခိုင်၊ ဘယ်လိုဖြစ်သွားတာလဲ'

ကျွန်တော့်မှာ အားတင်းနားထောင်နေလျက်က မျက်လုံးများမှာ ပြာလာကာ ခေါင်းမှာလည်း ရီဝေမူးနောက်၍ မိုက်ကနဲဖြစ်သွားသည်။ နောက်မှ မနည်းပြန် ကြွန္ဓေဆယ်ယူရသည်။

'မောင်မြင့်ခိုင်ကို စိတ်ထိခိုက်စရာ ဦးတို့လာပြောနေမိပြီ'

'ကိစ္စမရှိပါဘူး ဦးရယ်၊ ဒါကို တစ်နေ့ ရင်ဆိုင်ရမယ်ဆိုတာ ကျွန်တော်လည်း ကြိုတင်မြင်မိပါတယ်။ ဦးတို့ ဆိုလိုတာကိုလည်း



BURMESE CLASSIC .com

www.burmeseclassic.com



သဘောပေါက်ပြီး စေတနာထားနားလည်ပါတယ်။ ဒါပေမယ့်. . .'

ကျွန်တော်က တုန်ယင်နေသောအသံကိုထိန်းရန် ခေတ္တနား လိုက်ရ၏။

'ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာရှိတဲ့၊ ကျွန်တော်ဖြေချင်တဲ့ အင်မတန်မှလည်း ဖြေထိုက်ပြီး ဦးတို့လိုလားမယ့်အဖြေကို ပေးဖို့ဟာ မလွယ်ဘူး။ ကျွန်တော်ဖြေရမှာက ကျွန်တော့်တစ်သက်လုံးရဲ့ စိတ် ချမ်းသာမှုနဲ့ ဆိုင်နေတယ်။ ပြီးတော့ ကျွန်တော်ဟာလည်း ပုထုဇဉ် လူသားတစ်ဦးသာ ဖြစ်ပါတယ်'

'ဦးတို့ဒါကို ကိုယ်ချင်းစာမိပါတယ်'

'ကျေးဇူးတင်ပါတယ်ဦး၊ ဒီတော့ ခုနေလောလောဆယ်မှာ ကျွန် တော်မဖြေပါရစေနဲ့၊ ကျွန်တော်စဉ်းစားပါရစေဦး၊ ပြီးတော့ ကာယ ကံရှင် ထားနဲ့လည်း တိုင်ပင်ပါစေဦး။ ကဲ. . ကျွန်တော့်ကို ခွင့်ပြုပါ'

ကျွန်တော်သည် လူကြီးနှစ်ဦး ထပြန်သည်အထိ မစောင့်နိုင်ဘဲ အခန်းတွင်းသို့ဝင်ကာ အိပ်ယာထဲ၌ မှောက်လျက်လှဲချလိုက်မိသည်။ မျက်ရည်ကျနိုင်၍ ငိုတတ်လျှင်မူ ကောင်းလေစွတကား။

ညနေတွင် ထားနှင့်တွေ့သည်။ ထား၏မျက်လုံးများ နီရဲနေသည် ကိုထောက်၍ ထားငိုထားမှန်း ကျွန်တော်သိသည်။

'ကိုမြင့်ခိုင်တို့ ဘာလုပ်ကြမလဲထား'

ကျွန်တော်က တစ်ခါတုန်းက ကဲ့သို့ပင် မေးမိပြန်သည်။

ထားက စီးကျနေသော မျက်ရည်တို့အားမသုတ်ဘဲ အံကျိတ်ရင်း ခေါင်းကိုသာခါနေသည်။

'ကိုမြင့်ခိုင် အထပ်ထပ် စဉ်းစားကြည့်တယ်ထား၊ ဒါပေမယ့် ဘာအဖြေမှ မပေါ်လာဘူး. . .'



BURMESE CLASSIC .com

www.burmeseclassic.com



ထားက သက်ပြင်းရှိုက်လိုက်သည်။

'ကိုမြင့်ခိုင် တစ်ခု စဉ်းစားကြည့်စမ်းနော်၊ ကိုမြင့်ခိုင်နဲ့ ထား လက်ထပ်သွားပြီးတဲ့နောက် ခင်မောင်အေးဟာ တစ်ခုခုထပ်ဖြစ်သွားရင် ကိုမြင့်ခိုင် စိတ်ချမ်းသာနိုင်ပါတော့မလား ထားကိုဖြေစမ်းပါ. . .'

ကျွန်တော့်မှာ ရုတ်တရက်မဖြေနိုင်။

'ဟော. . . ကိုမြင့်ခိုင် မဖြေနိုင်ဘူးနော်၊ ကိုမြင့်ခိုင်တောင် မဖြေနိုင်ရင် ထားရင်ထဲဆိုဘယ်လိုနေမလဲ'

ကျွန်တော်က ထားအားထိတ်လန့်တကြား မော့်ကြည့်မိသည်။

'မငိုပါနဲ့ ဆရာမရယ်၊ ဆရာမစိတ်ကို ဆရာမ လှည့်စားနေတာ၊ ဆရာမ ကျွန်တော့်ကိုချစ်တယ်၊ ကျွန်တော်သိတယ်' ဟူသော ခင်မောင်အေး၏ စကားများကိုလည်း ကြားယောင်လာသည်။

'ထားကို ဒီလိုမကြည့်နဲ့မောင်၊ မောင့်ရင်ထဲ ဘာထင်နေတယ်ဆိုတာ ထားသိတယ်။ ကိုမြင့်ခိုင်ကို ထား ဘယ်တုန်းကမှ မလိမ်ခဲ့ဘူး။ ခင်မောင်အေးကို ထားမမုန်းဘူး၊ ပြီးတော့ သနားတယ်။ ပြီးတော့ မောင့်ကိုလည်း ထားချစ်တယ်၊ သိပ်ချစ်တယ်'

ကျွန်တော်က ကျွန်တော် ရှုမဆုံးမက်မဝသည့် ထား၏မျက်နှာလေးအား ငေးငေးကြည့်မိသည်။ ထိုခဏတွင်ပင် ကျွန်တော့်ရင်၌ နှမြောတွန့်တိုမှု၊ သဝန်ကြောင်မှုနှင့် တစ်ကိုယ်ကောင်းဆန်မှုတို့က ပြည့်ကျပ်လာသည်။ ထား၏ပခုံးလေးအား ဆွဲကိုင်မိသည်။

'အို- ထားရယ် မထူးပါဘူး၊ ကိုမြင့်ခိုင်တို့. . .'

ကျွန်တော့် ပါးစပ်မှစကားသည် တကယ်ဆိုတော့လည်း မထွက်ရဲ၊ ထားက ခေါင်းကိုဖြေးလေးစွာခါသည်။

'ထားတို့ ဒီလို လွယ်လွယ်ကူကူဆုံးဖြတ်လို့လည်း မဖြစ်ဘူး ကိုမြင့်



BURMESE CLASSIC .com

www.burmeseclassic.com



ခိုင်။ ထားတို့ အခုရင်ဆိုင်နေရတာက တစ်ဘက်မှာ အချစ် တစ်ဘက်မှာက ထားတို့အရွယ်၊ ထားတို့ပညာနဲ့ နှိုင်းချိန်အပ်တဲ့ တာဝန်။ အို. . . အားလုံးကိစ္စငြိမ်းအောင် ထား သေသွားရင်ကောင်းမှာပဲ'

ထားက ဖိုလှိုက်လာကာ တရှိုက်ရှိုက် ငိုကြွေးပြန်တော့သည်။

'တိတ်ပါထားရယ် တိတ်ပါ။ ကိုမြင့်ခိုင်တို့ စဉ်းစားစရာအချိန်တွေ အများကြီး ရှိပါသေးတယ်။ နောက်ဆုံးလေ. . . မောင်ခင်မောင်အေး ကျန်းမာလာတဲ့အထိ စောင့်ကြတာပေါ့။ ဟုတ်လား. . .'

ဤသို့ဖြင့် သောင်မတင်ရေမကျနှင့် ထားနှင့် ကျွန်တော်မှာ ခွဲခဲ့ရပြန်သည်။

ထိုညနေနောက်ပိုင်း ဆေးရုံတွင် ဒေါက်တာစံလှနှင့် တွေ့၍ ခင်မောင်အေး၏ အခြေအနေကို ဆွေးနွေးမိသည်။

'ခက်တယ်ကိုမြင့်ခိုင်၊ လူနာမှာက စိတ္တဇတစ်ပိုင်းလည်း ယှဉ်နေတယ်။ ပြီးတော့. . .'

ဒေါက်တာစံလှက တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေသည်။

'ပြီးတော့ ဘာဖြစ်သလဲ ကိုစံလှ'

'ပြီးတော့ ဒဏ်ရာပျောက်လို့ရှိတောင် သူ့ခြေတစ်ဖက်ဟာ လှုပ်နိုင်ပါ့မလား မသိဘူး'

'အလို- ဘုရား၊ ခြေတစ်ဖက်ဘာဖြစ်သွားလဲ'

'အင်း. . ဓာတ်မှန်အရကော ကျန်တဲ့ စစ်ဆေးနည်းတွေအရကော ဆိုရင်တော့ ခြေထောက်ဟာ အကောင်းပဲ ရီဖလက်(စ်)အက်ရှင် (စိတ်မှတ်မဲ့တုန့်ပြန်မှု) လည်းရှိနေသားပဲ။ သဘောစေစားမှုအရ လှုပ်ရှားခြင်းသာ မရှိဖြစ်နေတာ'

www.burmeseclassic.com

**တန်ချူးလေနှင့်လျောတော့သည်**

'ဘယ်လိုလဲကိုစံလှ၊ ဖုန်းရှင်းနဲ(လ်)ပါရာလစ်ဆစ်(စိတ္တဇကြောင့် ခြေလက်သေခြင်းသဘော) လား'

'ကျွန်တော်ဟာ အထွေထွေကုသရေး ဆရာဝန်မျှသာဖြစ်တော့ ဆိုင်ခိုက်ယားထရစ်(စ်) တစ်ယောက်လိုတော့ အတိအကျမပြောနိုင်ဘူး၊ ကျွန်တော်တို့ ဆက်လက်စစ်ဆေးဆဲပါ။ စောင့်ကြည့်ပါဦးလေ'

ထိုည၌ ကျွန်တော့်မှာ အိပ်မပျော်နိုင်။

ခင်မောင်အေး၏စိတ် မည်မျှထိခိုက်နေသနည်း။ ဤသည်ကို ကျွန်တော်ခန့်မှန်းကြည့်နိုင်သည်။ တစ်ဖန် မိန်းမသားတစ်ဦး၏ လျှို့ဝှက်လေးနက်သော စိတ်သန္တာန်ကို ကျွန်တော် မည်မျှနားလည်ပါသနည်း။ ဖြစ်ပျက်ခဲ့သမျှ၌ ကျွန်တော့်အပြစ်လည်း မည်မျှပါဝင်ခဲ့သနည်း။

ချစ်ခြင်းနှင့် သနားခြင်းဂရုဏာသည် မည်သည်ကပို၍ အင်အားကြီးပါသနည်း။ ဤနောက်ဆုံး ကြောက်မက်ဖွယ်မေးခွန်းက ကျွန်တော့်အား တုန်လှုပ်သွားစေသည်။

ကျွန်တော်က အထုပ်အပိုးကို အမြန်ပြင် သိမ်းဆည်းရသည်။ စာတစ်စောင်ကိုလည်း ရေးကြီးသုတ်ပျာရေးရ၏။ ဤစာကို ထားဖတ်ရချိန်၌ ကျွန်တော့်မှာ တော်တော်ဝေးဝေး၌ ရောက်နေပြီ ထင်သည်။ တိုပင် တိုသော်လည်း ကျွန်တော့်စာမှာ ကျွန်တော့်စေတနာအား ထားကို နားလည် စေလိမ့်မည်ဟု ယုံကြည့်ပါ၏။

'ထား'

မငိုစေလိုလို့ ထားကို ကိုမြင့်ခိုင် လွမ်းသံသရာချဲ့စေမယ့်

မျက်ရည်ဘွဲ့စာရှည်ရှည် မထားခဲ့ပါဘူး။

လိပ်ပြာမသန့်ပေမယ့် စိုးလန့်မှုနောင်တနဲ့ဘဝရှည်သမျှ မနေလိုလို့ မပြေတောင်ပြေစရာရှိလင့်မယ့် ဖြစ်သင့်တဲ့လမ်း တစ်သွယ်ကို ရွေးချယ်သွားရတဲ့ ကိုမြင့်ခိုင်ရဲ့ဘဝကို ထား နားလည်မယ်လို့ ကိုမြင့်ခိုင် မျှော်လင့်တယ်။

မေတ္တာအခြေခံက ပူပင်ခြင်း သောကဟာ ဘယ်တော့မှ မမွေးဖွားလာနိုင်ဆိုတဲ့ ကိုမြင့်ခိုင်ရဲ့စကားကို ထားမမေ့ရင် ဝေ့လာမယ့် မျက်ရည်ကြားက ထားအလှ ပြုံးနိုင်ပါစေလို့ . . ။ ။

**ထားရဲ့ မြင့်ခိုင်**

ပုန်းရှောင်သည်ဆိုရာ၌ ရှာမည့်သူမမျှော်လင့်ရာသည် အလုံခြုံဆုံးဖြစ်ပါ၏။ ရှာမည့်သူ မမျှော်လင့်ဆုံးနေရာမှာလည်း အနီးဆုံးအရပ်ပင် ဖြစ်ပါ၏။

ကျွန်တော်က ပြင်ဦးလွင်စစ်တက္ကသိုလ်မှ ငယ်သူငယ်ချင်း ဗိုလ်ကြီးသောင်းထိုက်တို့အိမ်တွင် တိတ်တဆိတ်ကုပ်၍ အေးအေးပင် နေခဲ့ရသည်။

ရက်သတ္တပတ်တွင်း၌ ထားနှင့် ခင်မောင်အေးတို့၏ စေ့စပ်ကြောင်းလမ်းခြင်းသတင်းကို ဖတ်ရသဖြင့် ကျွန်တော်မျှော်လင့်သည့်အတိုင်း အစ,စ အဆင်ပြေခဲ့ပြီဟု မှတ်ထင်ရ၏။

ရက် ၂၀ ခန့် ဆက်နေပြီးနောက် ကျောင်းတို့လည်းပြန်ဖွင့်ချိန်နီးသဖြင့် ကျွန်တော်က ဗိုလ်ကြီးသောင်းထိုက်မှတစ်ဆင့် ၂-ရက်ခန့်ကြိုတင်၍ မန္တလေးဘူတာကြီး၌ ပထမတန်းလက်မှတ်တစ်စောင် ရန်ကုန်

www.burmeseclassic.com



အရောက် ဝယ်ယူထားရ၏။ ရန်ကုန်မပြန်မီတစ်နေ့အလို ညနေမှကပ်ကာ မန္တလေးသို့ဆင်း၍ မီးရထားဟိုတယ်၌ တိတ်တဆိတ်ပင် ကျိတ်တည်းရသည်။

မန်းရွှေမြို့ကိုမူ လွမ်းရပါ၏။ မန်း၌ကြုံသမျှအား ဤဘဝဝယ်မေ့နိုင်ဖွယ်ရာလည်းမရှိတော့။

ကျွန်တော့်အတွေး၌ မိန်းမောနေစဉ် ကျွန်တော့်အခန်းအားလာခေါက်သည်။ ကျွန်တော်ကတံခါးကို ဖွင့်ကြည့်လိုက်ချိန်တွင်မူ ပါးစပ်အဟောင်းသားနှင့် ရပ်နေသူကို ငိုင်ကြည့်နေမိသည်။

'ခင်မောင်အေး'

ခင်မောင်အေးက ပြုံး၍ အခန်းတွင်းသို့ဝင်လာသည်။

'ဆရာ. . သိပ်အံ့သြသွားလား. . .'

'မင်း. . ဆရာဒီမှာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ'

'ကံအားလျော်စွာ ဆိုပါတော့ဆရာ'

ခင်မောင်အေးက ပေါ့ပေါ့ပင်ဖြေသည်။

'ဆရာ့ကို တွေ့ချင်တာနဲ့ ရန်ကုန်ဆင်းရှာဖို့ လက်မှတ်လာဘွတ်(ခ်)လုပ်တာမှာ စာရင်းစာအုပ်မှာ အခန့်သင့် ဆရာ့နာမည်နဲ့နက်ဖြန်ဆင်းမယ့် ရထားမှာ ရီဇာ့(ဗ်)လုပ်ထားတာ တွေ့ရတယ်။ ကျန်တဲ့အပိုင်းကတော့ မခက်တော့ပါဘူး'

ကျွန်တော်က သက်ပြင်းရှိုက်မိသည်။

'မင်းဘာလို့ ငါ့ကိုလာတွေ့ရသလဲ။ ပြီးခဲ့တဲ့အလျောက် ပြီးပြီးပျောက်ပျောက် နေကြရင် အားလုံးအတွက် ကောင်းမယ်'

'ဘယ်လိုလုပ် ပြီးပြီးပျောက်ပျောက် ဖြစ်မလဲဆရာ၊ ဇာတ်လမ်းကမှ မပြီးသေးဘဲ'

'မင်း ဘာဆိုလိုတာလဲ'

ခင်မောင်အေးက ပြုံးသည်။

'ဆရာက ကျွန်တော့်ကို အထင်သေးလွန်းတာကိုး'

'ဘာကွယ့်. . .'

'ဆရာ ကျွန်တော်မိုက်ခဲ့တယ်၊ ရူးခဲ့တယ်။ ဒါပေမယ့် ကျွန်တော် ဒီလောက်တော့ တစ်ကိုယ်ကောင်းမဆန်ဘူး'

ကျွန်တော်ကမူ သူငယ်အား နားမလည်။

'ကျွန်တော့်အတွက် စေတနာထားပြီး ဆရာနဲ့ မမထားဟာ အသည်းအနာခံ ကိုယ်ကျိုးစွန့်ခဲ့ကြတာ သိပြီးတဲ့နောက်မှာ ကျွန်တော် ကကော ဘယ့်နှယ်လူစင်စစ်က လိပ်လိုကိုယ့်ဘက်ကိုယ်ယက်ပြီး အရှက်နည်းနိုင်ပါ့မလဲ. . .'

ကျွန်တော်က ကျွန်တော့်နားကိုပင် ကျွန်တော်မယုံ။

'ပြီးတော့ဆရာ။ ကျွန်တော် ဆရာမကို ချစ်ခဲ့တာဟာ စစ်မှန်တဲ့ အချစ်လားလို့ သေသေချာချာ ပြန်ဆန်းစစ်မိတယ်။ တကယ်တော့ ကျွန်တော့်အချစ်ဟာ ကလေးချစ်၊ အရူးချစ်ပဲ။ ကလေးချစ် အရူးချစ် ဆိုတာဟာလည်း အညွန့်လူစနွယ်ပင်ဟာ မှီရာလှမ်းပတ်တွယ်တဲ့ သဘောပဲ'

ခင်မောင်အေး၏ ဝါကျများမှာ အဆင့်အတန်းမြင့်၍ ခံ့ညားနေ သည်။

'ပြီးတော့လည်း ဆရာ၊ မိန်းမတကယ် ယူရမယ်ဆိုတော့ ကျွန်တော် ကြောက်လာတယ်။ ကျွန်တော် ငယ်ငယ်လေးရှိသေးတယ်'

ကျွန်တော်က ခင်မောင်အေး တကယ်ပြောနေသည်လော။ ဟန် ဆောင်နေသည်လောဟု အကဲခတ်သည်။ သူငယ်၏ မျက်နှာမှာ ရိုး

www.burmeseclassic.com



သား စင်ကြယ်နေ၏။

'နောက် ဆရာစဉ်းစားကြည့်စမ်း။ တော်တော်ကြာ မမထားက အရွယ်ကျသွားမယ်၊ ကျွန်တော်က နုတုန်းပျိုတုန်းမို့ တခြားမိန်းကလေးတွေနဲ့ လျှောက်ပွေနေတာကြားရင် ဆရာ စိတ်ချမ်းသာပါဦးမလား'

ခက်ပါချေပြီ။ သို့ရာတွင် ကျွန်တော်က ခေါင်းသာခါရသည်။

'ခင်မောင်အေး. . . ဒီအရေးဟာ ကလေးကစားတာ မဟုတ်ဘူး။ လူကြီးတွေလည်း ရှိသေးတယ်. . . '

'အို- ဆရာ ရာ၊ . . . . . . . . . '

လုပ်ပြန်ချေပြီ။

'ဒီမှာ ခင်မောင်အေး၊ မင်း ဒီလိုလျှောက်ပေါ့တီးပေါ့ဆ လုပ်နေလို့ မဖြစ်ဘူးကွယ်. . . . '

'ရော. . ခက်ပါပြီ၊ အရင် ကျွန်တော် အကုန်ပေါ့တီးပေါ့ဆတွေ လျှောက်လုပ်တုန်းကတော့ ဆရာတို့က လေးလေးနက်နက်ယူတယ်။ အခု ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် ပထမဆုံး လေးလေးနက်နက် လုပ်တာကျတော့ ပေါ့တီးပေါ့ဆထင်တယ်'

ကျွန်တော်ဖက်ပြိုင်ငြင်းလျှင် ကျွန်တော်သာလျှင် ရှုံးပေတော့မည်။

'ကဲ. . . ခင်မောင်အေး၊ မင်းဘာသာမင်း လေးနက်ချင်လေးနက် မလေးနက်ချင်နေ။ ငါ့အနေနဲ့တော့ မင်းကို ပြန်သွားဖို့တောင်းပန်တယ်'

'ဟုတ်ကဲ့. . ကျွန်တော် ပြန်ပါ့မယ်။ ဆရာလည်း လိုက်ခဲ့လေ'

'ငါက ဘယ်လိုက်ရမှာလဲ'

'မမထားဆီလေ'

www.burmeseclassic.com



ကျွန်တော်က စိတ်မရှည်တော့၊ အခန်းတံခါးကို ထဖွင့်မိသည်။

'ကဲ. . . မောင်မင်းကြီးသား ကြွပေတော့၊ မင်းမကြွရင် ငါ မင်းဂုတ်က ဆွဲလွှင့်ပစ်လိမ့်မယ်. . .'

အားသန်နေသော ခင်မောင်အေး၏ မျက်နှာလေးမှာ ငယ်ကျသွားသည်။

'ဆရာ တကယ်ပြောနေတာလား. .'

'အေး. . . တကယ်ပြောနေတာ. . .'

ခင်မောင်အေးက နေရာမှ ထသည်။

'ကောင်းပါပြီဆရာ. . နောက်မှသာ ဆရာနောင်တမရပါစေနဲ့'

'ဘာပြောတယ်ကွယ့်. .'

'ကျွန်တော်ဟာ အရင်တုန်းကတောင် မဟုတ်တာအတွက် ထင်တာ စွတ်လုပ်ရဲရင် အခုမှန်တာအတွက် ပိုပြီး လုပ်ရဲတယ်'

ကျွန်တော့်မှာ အနည်းငယ် တုန်လှုပ်သွားသည်။

'ခင်မောင်အေး. . မင်း ဘာတွေလျှောက်လုပ်ဦးမလို့လဲ. .'

ခင်မောင်အေးက အိတ်တွင်းမှ စာတစ်ရွက်ကို ထုတ်ပြသည်။

'ဟောဒါ မမထားနဲ့ ကျွန်တော် စေ့စပ်ခြင်းကို ဖျက်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ ရေးထားတဲ့ မူကြမ်းပဲဆရာ။ ဆရာ့ဆီကို မလာခင် သတင်းစာတိုက်တွေလည်းပေးခဲ့ပြီးပြီ။ ရန်ကုန်အိမ်ကိုလည်း အကြောင်းကြားလိုက်ပြီးပြီ။ မမထားကိုလည်း ပြပြီးပြီ'

'ဘာ- မင်း ဒါတွေလျှောက်လုပ်တာ ထားသိတယ်'

'သိတယ်ဆရာ. .၊ ကျွန်တော့် ရည်ရွယ်ချက်တွေ အကုန်လုံး မမထားကို ကျွန်တော်ပြောပြီးပြီ။ ကျွန်တော်ဆရာ့ဆီ ထွက်လာတာလည်း မမထား သိတယ်. . .'

www.burmeseclassic.com



'ဘာ. . ထားသိတယ်။ ထားဘာပြောသလဲ'

'ပထမ တားတယ်ဆရာ။ ဒါပေမယ့် ကျွန်တော်ဇွတ်ထွက်လာတော့. . .'

'ဆိုစမ်း. . ဒီတော့. .'

'ငိုကျန်ရစ်တယ် ဆရာ. .'

ကျွန်တော့်ခေါင်းတွင်းသို့ အသိဉာဏ်တစ်ခုက ဒိုင်းကနဲ ဝင်ဆောင့်လာသည်။ လူမှာလည်း ပျာရီးပျာယာ ဖြစ်လာ၏။

'ခင်မောင်အေး ပြောစမ်း၊ မြန်မြန်ပြောစမ်း၊ မင်းထွက်လာတော့ ဘယ်အချိန် ရှိပြီလဲ'

'အင်း. . ၃ နာရီလောက်က။ ဆရာ ဘာဖြစ်လို့လဲ'

ကျွန်တော်က နာရီကိုကြည့်မိသည်။ ၅ နာရီခွဲ။ ဘုရား. ဘုရား။

ခင်မောင်အေးကအံ့အားသင့်နေခိုက် ကျွန်တော်က ဒရောသောပါး အဝတ်အစား လဲကာ ဟိုတယ်အောက်သို့ အပြေးအလွှားဆင်းခဲ့သဖြင့် ခင်မောင်အေးမှာလည်း ဘုမသိဘမသိနှင့် ရောလိုက်ခဲ့သည်။ အဆင်သင့်ပင် ဟိုတယ်ရှေ့၌ မေမန်းဂျစ်ကားအလွတ် တစ်စီးတွေ့၍ ဒရိုင်ဘာကို ဈေးမဆစ်နိုင်တော့ဘဲ အိမ်ဆီသို့ အလျင်အမြန် မောင်းခိုင်းရသည်။

'ဘာဖြစ်လို့ ဆရာ'

'မင်းထင်တာတွေ လုပ်တာကြောင့် ငါးပါးတော့မှောက်ကုန်ပြီ ထင်တယ် ခင်မောင်အေး'

ကျွန်တော်က ဒေါသဖြစ်မိသည်။

ကျွန်တော်တို့ ခြံတွင်းရောက်၍ အိမ်ထဲဝင်မိသည်နှင့် တစ်ပြိုင်နက် ဦးသိန်းဆိုင်တို့ လင်မယားတစ်သိုက်မှာလည်း ထွက်လာကာ ကျွန်တော့်

www.burmeseclassic.com



အား မြင်လျှင် အံ့အားသင့်နေကြသည်။

'အလို မောင်မြင့်ခိုင် ဘယ့်နှယ်'

'နောက်တော့မှ ရှင်းပါရစေ ဦး၊ ထားရော ဟင်'

မေးသာမေးရသည်။ ကျွန်တော်က အဖြေမစောင့်တော့ဘဲ ထား၏ အခန်းဆီသို့ ဝင်ပြေးခဲ့သည်။ ကျွန်တော့်အတွေးမှာ တက်တက်စင်မှန်နေပေပြီ။

အခန်းတွင်း၌ ထားမရှိတော့။ ကျွန်တော်ကောင်းကောင်းသိသော ထား သားရေအိတ်လည်း မရှိလေပြီ။

ကျွန်တော်က ဦးခေါင်းကျိုးလျက် အပြင်သို့ထွက်ခဲ့သည်။

'ထားမရှိတော့ဘူး'

'ဟင် နေပါဦး၊ ခုနင်က ကားသံ ကြားရတယ် ထင်တယ်။ မောင်စိုးနဲ့များ ထွက်သွားလား၊ ဦးလည်းအထဲမှာ စာဖတ်နေတာ'

ကျွန်တော်က ခေါင်းကိုသာ တွင်တွင်ခါနေရသည်။

ထိုစဉ် ချမ်းမြသာစည် လေယာဉ်ကွင်းဆီမှ ရန်ကုန်သို့ အထွက် နောက်ကျပျံတက်သော ယူဘီအေလေယာဉ်ပျံ၏ တဝီဝီပျံဝဲတက်သံကိုကြားရသည်။

မရှေးမနှောင်းပင် ခြံတွင်းသို့ အပြင်းမောင်းဝင်လာသော အိမ်မှ ဂျစ်ကားကို တွေ့ရသည်။ ကားပေါ်မှ မောင်စိုးဆင်းလာ၏။

မောင်စိုး၏ မျက်နှာဝယ် စီးကျနေသော မျက်ရည်ကြောင်းများကို တွေ့ရသည်။ ကျွန်တော့်အား ရင်ဆိုင်လိုက်ပုံမှာ ရှေးတစ်ခါကကဲ့သို့ပင် အေးစက်မာကျောနေသည်။

'ဩော်. . ခင်ဗျားပြန်လာပြန်ပြီ ဟုတ်လား'

မောင်စိုး၏အသံမှာ ငိုသံနှင့် ဒေါသသံနှောနေသည်။

www.burmeseclassic.com



'ကျုပ်မှာ ကြီးခါမှ ရှားရှားပါးပါး အစ်မတစ်ယောက် ရပါတယ်။ ခင်ဗျားတို့တွေ နှောင့်ရှက်လို့ အခုကျုပ်အစ်မ ပြေးရပြီ ပြေးရပြီ သိလား'

ကျွန်တော်က ဘာမျှ မပြောတော့။ မောင်စိုးသည် သူချစ်သော သူမအတွက် နောက်ဆုံး ဘာဆောင်ရွက် ပေးခဲ့သည်ကို ကျွန်တော် သိနိုင်ပါ၏။ ညရထားများ ပြန်ထွက်နေသော သမယကြောင့် ယူဘီအေလေယာဉ်များလည်း လူချောင်ကာ လက်မှတ်ကို အနားကပ်မှ ရယူနိုင်သည်ကိုလည်း သိပြီးဖြစ်ပါ၏။

'ရော့- ဟော့ဒီမှာ ခင်ဗျားအတွက် မမထားရဲ့စာ၊ ခင်ဗျားမျက်နှာကျုပ် မကြည့်ပါရစေနဲ့တော့'ဟု မောင်စိုးသည် ကျွန်တော့်အား စာကိုပစ်ပေးလိုက်ပြီး ခင်မောင်အေးဘက်သို့လည်း လှည့်ကာ 'မင်းကိုလည်း ငါမသတ်မိခင် ဒီအိမ်က မြန်မြန်ထွက်သွားပါ' ဟု နောက်ဆုံးဆိုလျက် မိဘများကိုပင် ပမာမပြုတော့ဘဲ အရှူးလေးပမာ အိမ်တွင်းသို့ ဝင်ပြေးသည်။

ကျွန်တော်က တုန်ယင်သော လက်များနှင့် ထား၏စာကို ဖောက်မိသည်။ အတုန့်အလှည့်ပေပင် တကား။

**'ထားချစ်တဲ့မောင်'**

'မိန်းမသားမို့ မောင့်လိုသမာဓိ မကြီးနိုင်ဘဲ မျက်ရည်ကိုသာ စာဖွဲ့လို့ မောင့်ကို ထား နှုတ်ဆက်ခဲ့တယ်' ထား၏စာက အသည်းနင့်စရာ ဤသို့ နိဒါန်းချီထားသည်။

'ဘယ်ရက်မှာ ဘယ်ဆီရောက်လို့ ဘယ်လောက်မှာ ဘယ်

www.burmeseclassic.com



ကိုဆိုက်မယ့် အမိုက်မရဲ့ ခရီးစဉ်ကိုလည်း မသိချင်ပါနဲ့တော့၊ ဒီခရီးစဉ်ရဲ့ အနက်အဓိပ္ပာယ်ကိုလည်း ထား ကိုယ်တိုင် မသိပါဘူးမောင်ရယ်။ ထားသိတာကတော့ ခုတစ်မျိုး ခုတစ်ဖုံနဲ့ ပြောင်းလဲပုံမြန်လွန်းတဲ့ ဘဝရဲ့ဒဏ်ကို ထား အသည်းနုနုနဲ့ တင်းပြုလို့ မခံနိုင်တာပါဘဲ'

ထားက မချိတင်ကဲနှင့် မိမိဘာလုပ်၍ ဘာလုပ် မိခြင်းကို မသိသည်အား သိသမျှ ရှင်းပြသွားသည်။

'သိုက်တစ်မြုံကောင်းကနေ သိုက်တစ်မြုံပြောင်းရတဲ့ငှက်ရဲ့ အသွင်၊ ဒီရင်ခွင်ကနေ ဟိုရင်ခွင်အစဉ် ပြောင်းနေရတဲ့ ထားရဲ့ ဘဝကိုယ်ခန္ဓာကိုလည်း ထားရွံရှာလှပါပြီ၊ လူ့ဘဝ ပဟေဠိနယ်မဟာက ချစ်ဝက်ပါမှာ ယောင်ချာချာ လှည့်ရတဲ့ ဒီသဘောကိုလည်း ထား မောပါပြီ'

ကျွန်တော်က နှုတ်ခမ်းကိုပြတ်မျှ အံခဲမိသည်။ ဖြစ်ရပလေထား ရယ်။

'ဆိုသရွေ့မူ၊ ဘယ်ဌေ့ညာကူး၊ ပုံမထူးသည်၊ တန်ခူးလေနှင့် လျောတော့သည် ဆိုတဲ့ စာလိုပဲ။ ချစ်ခဲ့သမျှ၊ ဖြစ်ခဲ့သမျှ တွေဟာ လေမှာမျောခဲ့ပြီပဲ ထင်တယ် မောင်။

မောင်ယုံတဲ့ မေတ္တာနယ်ပယ်မှာ ပြုံးရယ်မှုကို မောင့်ဘာသာပဲ ရှာရစ်လေတော့၊ ထားအနေနဲ့တော့ မယုံနိုင်ပြီ'

ထား၏စာမှာ ရုတ်တရက်ဆုံးသွားသည်။ နောက်ဆုံးပိတ် လက်မှတ်ထိုးသွားပုံကမူ ကျွန်တော့်အား သက်သက် မရွေထား နှိပ်စက်



BURMESE CLASSIC .com

www.burmeseclassic.com



သွားပုံရသည်။

'မောင့်ကို ပစ်ခွာထားခဲ့တဲ့ ထားမို့ ထားလို့ ခေါ်ရမယ့်. . ထား'

ကျွန်တော်က ပိတောက်ပင်အိုကို တစ်ချက် လှမ်းကြည့်မိသည်။ လေနှင့် ကြွေပြုန်း၍ မြေ၌ပင် ပျက်သုဉ်းပြီးလေချိန်မို့ ပန်းသိင်္ဂီရွှေစင်ကို အဘယ်သို့လျှင် ဖူးမြင်နိုင်ပါအံ့နည်း။

မြေပြင်ဝယ် စိန်ပန်းပွင့် နီနီစွေးတို့သာ ရင်မှသွေးပမာ ရဲပျံ့ကာနေ၏။

ဘဝ၏ သရုပ်၊ အချစ်၏ ပြယုဂ်ပေပင်လော။

မပြောတတ်ပါပြီ ထား။ ။

(၁၁)

မပြောတတ်ပါပြီ။

ပန်းသိင်္ဂီရွှေပိတောက်တို့ တစ်ချီပျောက်တစ်ချီလာနှင့် ၂ နှစ်တာဆိုသော အချိန်သည်သာ ကူးရောက်ခဲ့သည်။ ပုန်းပိုင်မြောက်လှစွာသော ထားသခင်လျှင် ဘယ်တွင်ရှိလေသည်ဟု ကျွန်တော်မသိ။

လူ့ဘဝပဟေဠိနယ်မဟာဝယ် ချစ်ဝက်ပါအား သက်ာယုံမှား၊ ဒွိဟပွားလေသူ ထားသက်ဝေ အတွက်သာ ဤစာကိုခွေရသည်။

ဤမြေဝယ် တန်ခူးလေ၌ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသည့်အသွင်၊ မေ့ကောင်းလေသော နှောင်းအတိတ် ဥပါဒါန်တို့ ကင်းစင်၍ မေတ္တာသစ်ကြိုင်လွင်လွင်နှင့် မောင့်ရင်ခွင်ဆီပြန်လာလေမည့်



BURMESE CLASSIC .com

www.burmeseclassic.com



အလှတစ်ပါးကို နှစ်သစ်နှင့်အတူ ကြိုပါလေသည် မောင့်သက်ထား။ ။

တက္ကသိုလ် ဘုန်းနိုင်

www.burmeseclassic.com

တန်ခူးလေနှင့်လျှောတော့သည်



BURMESE CLASSIC .com